# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၇၈)


၁၃၈၂ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်   ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာ ၂၁ ရက်၊ တနင်္လာနေ့   အတွဲ (၆၀)၊ အမှတ် (၀၈၂)


# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ (၂၉) ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေး ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ၏ (၂၉) ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီက UMFCCI မင်္ဂလာခန်းမတွင် Virtual Meeting စနစ်ဖြင့် ကျင်းပသည်။

ရှေးဦးစွာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဗီဒီယိုဖြင့် မိန့်ခွန်း ပြောကြားသည်။

**(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားသည့် ဗီဒီယိုမိန့်ခွန်းကို စာမျက်နှာ - ၃ တွင် သီးခြားဖော်ပြထားပါသည်။)**

ထို့နောက် အစည်းအဝေးသဘာပတိ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားရာတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ မိန့်ခွန်းသည် မိမိတို့၏ အနာဂတ်ကာလ၊ ပုဂ္ဂလိကကဏ္ဍတစ်ခုလုံး ဖွံ့ဖြိုးရေးအတွက် အလွန်အရေးပါပါကြောင်း၊ စီးပွားရေးလုပ်ငန်းများအားလုံး၊ အမျိုးသမီးဦးဆောင်သည့် လုပ်ငန်းများအပါအဝင် ပြည်တွင်းရှိ သေး၊ ငယ်၊ လတ် အရွယ်အစားအမျိုးမျိုး ဆက်လက်ရှင်သန်လုပ်ကိုင်နိုင်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းသစ်များ ဖော်ထုတ်နိုင်ရေးတို့အတွက် ကြီးမားသော ခွန်အားတစ်ရပ် ဖြစ်စေပါကြောင်း၊ ရှေ့ဆက်ပြီး နိုင်ငံတော်အစိုးရနှင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများအကြား (Public–Private Cooperation) အပြန်အလှန်ယုံကြည်လေးစားမှုဖြင့် ဆက်ဆံရေး ပိုမိုကောင်းမွန်ခိုင်မာအောင်တည်ဆောက်ပြီး တာဝန်ယူမှု၊ တာဝန်ခံမှုများနှင့်အတူ နိုင်ငံအကျိုး၊ ပြည်သူအကျိုး၊ မိမိတို့ စီးပွားရေးလုပ်ငန်းရှင်များအကျိုးကို ရှေးရှုလျက် မိမိတို့အသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များအနေဖြင့် လက်တွဲညီညီပူးပေါင်း၍ ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းနှိုးဆော်လိုပါကြောင်း၊ အထူးသဖြင့် ယခုကဲ့သို့ လူချင်းတွေ့ဆုံပြီး လုပ်ကိုင်သွားလာ ဆက်ဆံရေးအကန့်အသတ်ရှိနေသည့်ကာလတွင် ရှင်သန်မှုယန္တရား အဆက်မပြတ်လည်ပတ်နေရန် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် အမှာရှိသည့်အတိုင်း Digital ဆက်သွယ်မှု၊ ဆက်ဆံမှုတစ်ခု အသေအချာလိုအပ်နေသည့်အတွက် နိုင်ငံတော်ကဦးစီး၍ ပုဂ္ဂလိကစီးပွားရေး

*စာမျက်နှာ ၄ ကော်လံ ၁* ❍





နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ (၂၉)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးတွင် မိန့်ခွန်းပြောကြားစဉ်။

သတင်းစဉ်


**သမိုင်းဝင် ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်**

*ရန်ကုန်တက္ကသိုလ် နှစ်တစ်ရာပြည့်အထိမ်းအမှတ် ဆောင်းပါး* (စာ - ၆)

**ဥရောပမှာ ကိုဗစ်- ၁၉ တိုက်ပွဲနဲ့ ရင်ဆိုင်နေရသလို ခရစ္စမတ်ကာလမှာ ကန့်သတ်ပိတ်ဆို့မှုတွေ လုပ်လိုက်တဲ့ အင်္ဂလန်နဲ့ အီတလီ**

*နိုင်ငံတကာရေးရာ* (စာ - ၁၄)





# ဒစ်ဂျစ်တယ်နည်းပညာဗဟုသုတနှင့် သုံးစွဲမှု အလေ့အကျင့်တို့ မြှင့်တင်

ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်ပျံ့နှံ့သည့်ကာလက နည်းပညာမြင့်မားသည့်ခေတ်ဖြစ်နေခြင်းကြောင့် အခက်အခဲအကျပ်အတည်းတော်တော်များများကို ပြေလည်စေသည်။ အထူးသဖြင့် လူတိုင်းလိုလို၏ အိတ်ထဲတွင်ရှိနေသော လက်တစ်ဝါးသာသာ မိုဘိုင်းဖုန်းကလေးက အခရာကျသည်။ အင်တာနက်ကွန်ရက်နှင့်ချိတ်ဆက်ထားသော မိုဘိုင်းဖုန်းကလေးကိုအသုံးပြု၍ ကိစ္စအတော်များများကို လျင်လျင်မြန်မြန် အဆင်ပြေပြီးမြောက်အောင် ဆောင်ရွက်နိုင်သည်။

ကိုဗစ်ရောဂါကို အကြောင်းပြု၍ အသွားအလာတို့ကို တားဆီးကန့်သတ်ရခြင်း၊ လူစုလူဝေးမဖြစ်အောင် ရှောင်ကြဉ်ရခြင်း၊ တစ်ဦးနှင့်တစ်ဦး ခြောက်ပေထက်မနည်း ခပ်ခွာခွာနေရခြင်း စသည့်အကန့်အသတ်တို့ကို မဖြစ်မနေ ကျော်လွှားနိုင်ရန်အတွက် နည်းပညာကို မသုံးမဖြစ် သုံးစွဲလာရသည်။ လက်ထဲမှာရှိနေသည့် ဖုန်းကလေးကို သုံး၍ ကုန်ပစ္စည်းအရောင်းအဝယ်ပြုလုပ်ကြခြင်းဖြင့် ဈေးကွက်ကို အွန်လိုင်းပေါ်ရောက်အောင် ရွှေ့ပြောင်းလိုက်ကြရသည်။ အွန်လိုင်းမှပင် ငွေပေးချေကြရသည်။ မိမိတို့သားသမီးများ၏ပညာရေးနှောင့်နှေးမသွားစေဖို့လည်း အွန်လိုင်းမှာပင် ကျောင်းထားကြရသည်။ ဆွေးနွေးပွဲများ၊ အစည်းအဝေးများ၊ သင်တန်းများ စသည်တို့သာမက ခလေ့ထုံးတမ်းယဉ်ကျေးမှုဖြစ်သည့် အာစရိယပူဇော်ပွဲတို့ကိုပင် ဒစ်ဂျစ်တယ်နည်းပညာကိုသုံး၍ ကျင်းပကြရတော့သည်။ ကူးစက်မြန်ကပ်ရောဂါ၏ တွန်းအားကြောင့် ဒစ်ဂျစ်တယ် သိနားလည်မှုအားနည်းသည့် မိမိတို့နိုင်ငံအဖို့ အတိုင်းအတာတစ်ရပ်အထိ အရွေ့ဖြစ်ပေါ်ခဲ့သည်ဟုပင် ဆိုရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ဟန်းဖုန်းသုံးစွဲမှုအရေအတွက် သန်း ၅၀ ကျော်ရှိသော်လည်း မိုဘိုင်းအင်တာနက်သုံးစွဲမှုက ယင်း၏ထက်ဝက်ပင်မရှိ။ အွန်လိုင်းမှ အရောင်းအဝယ်လုပ်သူ၊ ငွေပေးချေသူ၊ အခွန်ဆောင်သူ စသည်ဖြင့် ပြုလုပ်သူမှာ နှစ်သန်းခန့်သာရှိသည်ဟုဆိုရာ မိမိတို့နိုင်ငံသားများ ဒစ်ဂျစ်တယ်ဆိုင်ရာ သိနားလည်မှုနှင့် သုံးစွဲမှုအလေ့အထတို့ တိုးတက်မြင့်မားလာစေရန် မြှင့်တင်ပေးဖို့ များစွာလိုအပ်နေသည်ကို ပြဆိုနေခြင်းပင်ဖြစ်သည်။ အနာဂတ်ဆယ်စုနှစ်များအတွင်း နိုင်ငံနှင့်လူမျိုးတို့ ခေတ်နောက်ကျ မကျန်ရစ်စေရန် နည်းပညာတို့နှင့် ရင်းနှီးကျွမ်းဝင်နေရမည်ဖြစ်သလို နေ့စဉ်လူမှုဘဝများတွင်လည်း တွင်တွင်ကျယ်ကျယ် သုံးစွဲနိုင်ရန် လိုအပ်နေပြီဖြစ်သည်။

"ကိုဗစ်-၁၉ ရောဂါဟာ ဒစ်ဂျစ်တယ်စနစ်အသွင်ကူးပြောင်းမှုကို အရှိန်အဟုန်မြင့် ဆောင်ရွက်နိုင်ဖို့လိုအပ်ချက်နဲ့ ဒစ်ဂျစ်တယ်စနစ်ရဲ့ အရေးပါမှုကို မီးမောင်းထိုးပြသနေပါတယ်။ ဒစ်ဂျစ်တယ်စနစ် အသွင်ကူးပြောင်းမှု ဆောင်ရွက်တဲ့အခါ ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်မှုနဲ့ စွမ်းဆောင်ရည်တွေဟာ ကျွန်မတို့နိုင်ငံရဲ့ ကာလရှည်ကြာ အောင်မြင်မှုအတိုင်းအတာကို အဆုံးအဖြတ်ပေးနိုင်မယ့် အချက်တစ်ခုလည်းဖြစ်ပါတယ်" ဟူ၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က UMFCCI (၂၉)ကြိမ်မြောက် နှစ်ပတ်လည်စုံညီအစည်းအဝေးမိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့သည်။ ထို့အပြင် ပိုမိုမြန်ဆန်သည့် ဒစ်ဂျစ်တယ်စနစ်အသွင်ကူးပြောင်းမှုကို အကောင်အထည်ဖော်နိုင်ရန်အတွက် တစ်ခုတည်းသော ဒစ်ဂျစ်တယ်ပလက်ဖောင်းစနစ်ကို နိုင်ငံတော်က ဦးစီးပြီး ပုဂ္ဂလိက စီးပွားရေးအဖွဲ့အစည်းများနှင့် ပေါင်းစပ်အကောင်အထည်ဖော်ရန် ဆောင်ရွက်နေကြောင်းကိုလည်း အသိပေးထုတ်ဖော်ပြောကြားခဲ့သည်။

ဒစ်ဂျစ်တယ်စီးပွားရေးစနစ်သည် ကမ္ဘာလုံးချီ စီးပွားရေးစနစ်ဖြစ်ပြီး မိမိတို့နိုင်ငံသည် နောက်ကျကျန်နေသော နိုင်ငံဖြစ်သည်။ လူတိုင်းလိုလို စမတ်ဖုန်းသုံးစွဲနေသော နိုင်ငံတစ်နိုင်ငံအနေဖြင့် ဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာ သိနားလည်မှုနှင့် အကျိုးရှိရှိထိရောက်စွာသုံးစွဲမှု အလေ့အကျင့်များဖြစ်ပေါ်လာအောင် မြှင့်တင်အားပေးခြင်းဖြင့် ကမ္ဘာနှင့် ရင်ပေါင်တန်းနိုင်ပါစေကြောင်း။ ။

# ၂၀၂၁ ခုနှစ်၊ (၇၃) နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး "စုပေါင်းအင်အား"ဖြင့် ကာကွယ်စောင့်ရှောက်ရေး၊

(၂) လူမှုဆက်ဆံရေးတရားမျှတမှု၊ စီးပွားရေးတရားမျှတမှု၊ နိုင်ငံရေးတရားမျှတမှု၊ အဆင့်အတန်းညီမျှမှု၊ အခွင့်အလမ်းညီမျှမှု၊ တရားဥပဒေရေးရာညီမျှမှုတို့ကို နိုင်ငံသားအားလုံး တန်းတူရည်တူ ရရှိခံစားရေး၊

(၃) စစ်မှန်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဖြစ်စေရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရေး၊

(၄) ပြည်ထောင်စုကြီး ထာဝရတည်တံ့ရေးအတွက် ပြည်ထောင်စုစိတ်ဓာတ်မွေးမြူ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး၊

(၅) နိုင်ငံဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်၍ ပြည်သူတစ်ရပ်လုံး ကြုံတွေ့နေရသည့် စိန်ခေါ်မှုများကို အစိုးရ၊ ပြည်သူလူထုအားလုံးပါဝင်ပြီး စုပေါင်းအားဖြင့် ရင်ဆိုင်ကျော်လွှားရေး၊

# ချောင်းဆုံမြို့နယ် သံလွင်မြစ်တွင် ငါးဖမ်းဆီးလုပ်ငန်းများ လိုက်လံစစ်ဆေး

ချောင်းဆုံ ဒီဇင်ဘာ ၂၀

မွန်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန၏ ညွှန်ကြားချက်အရ မော်လမြိုင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးလှမင်းဇော်၊ ချောင်းဆုံမြို့နယ် ဒုတိယဦးစီးမှူး ဒေါ်စုစုထွေးနှင့် ဝန်ထမ်းများသည် ယမန်နေ့က သံလွင်မြစ်အတွင်းရှိ တင်ဒါကျားပိုက်၊ တင်ဒါသောင်ဆွဲပိုက်လုပ်ငန်းများ၊ ငါးဖမ်းလှေများအား တရားဝင်ခွင့်ပြုချက်လိုင်စင်ဖြင့် ငါးဖမ်းဆီးဆောင်ရွက်မှုရှိ/မရှိ၊ သတ်မှတ်နေရာတွင် လုပ်ကိုင်မှု ရှိ/မရှိအခြေအနေများကို လည်းကောင်း၊ တရားဝင်ပိတ်သိမ်းထားသော တင်ဒါချက်နေရာများကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးသည်။

မော်လမြိုင်ခရိုင်တွင် မော်လမြိုင်မြို့နယ်အတွင်း တင်ဒါပိုက်ချက် ၄၇ ချက်၊ ချောင်းဆုံမြို့နယ်အတွင်း တင်ဒါချက် ၂၁ ချက် ရောင်းချနိုင်ခဲ့ကာ ပိတ်သိမ်းတင်ဒါချက် ၁၂ ချက်ရှိပြီး မြစ်တွင်းငါးဖမ်းလုပ်ကိုင်သူများအနေဖြင့် ငါးပုတ်သင်၊ ငါးပုဏ္ဏားငါးများကို အဓိကဖမ်းဆီးရမိကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

နေပြည်တော် ဒီဇင်ဘာ ၂၀

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်စဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ရှစ်ပေခန့်နှင့် မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ဖားကန့် ကျောက်စိမ်းတွင်းမှ အလုပ်သမားများ၏ နစ်နာမှုများအတွက် တရားဝင်တိုင်ကြားနိုင်သည့်ဌာန ရှိရန်လို

ဖားကန့် ဒီဇင်ဘာ ၂၀

ကျောက်စိမ်း တူးဖော်ထုတ်လုပ်ရာ မိုင်းတွင်းဒေသတစ်ခုဖြစ်သည့် ကချင်ပြည်နယ် ဖားကန့်မြို့နယ်မှ ကျောက်မျက်ကုမ္ပဏီ အလုပ်သမားများအတွက် လုပ်ငန်းခွင် ထိခိုက်နစ်နာမှုများရှိပါက မိမိအခွင့်အရေးကို တရားဝင်တောင်းဆိုရယူ တိုင်ကြားနိုင်သည့် ဌာနရှိရန် လိုအပ်ကြောင်း သယံဇာတများကို နိုင်ငံတကာ စံချိန်စံညွှန်းဖြင့် ကောင်းမွန်စွာ စီမံခန့်ခွဲသည့် EITI အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်ရေး တွေ့ရှိချက်၊ သုံးသပ်ချက်၊ အကြံပြုချက်များ ထုတ်ပြန်ပေးနေသည့် SNU အဖွဲ့၏ ကချင်ပြည်နယ်အခြေစိုက် အတွင်းရေးမှူး ဦးပီတာမျိုးအောင်က ပြောသည်။

"ဖားကန့်မှာရှိတဲ့ ကျောက်မျက်ကုမ္ပဏီတွေနဲ့ သူတို့အလုပ်သမားတွေ အဆင်မပြေဖြစ်ကြရင် ညှိနှိုင်းဖျန်ဖြေပေးရတဲ့ မြို့နယ်ဌာနဆိုင်ရာနဲ့ ရပ်မိ/ရပ်ဖတွေပါဝင်တဲ့ အလုပ်ရှင်၊ အလုပ်သမား ပြဿနာ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ဆိုတာ ယေဘုယျဆန်ပါတယ်။ တကယ်က အလုပ်သမားမှာ သူ့အခွင့်အရေးအတွက် တရားဝင်တိုင်ကြားနိုင်မယ့်ဌာန ရှိရမယ်။ ပြဿနာကို ညှိနှိုင်းဖျန်ဖြေပေးရုံနဲ့ မရဘူး။ နောက်ထပ် ဒီပြဿနာထပ်မဖြစ်အောင် မူဝါဒတွေချပေးရမယ်" ဟု ၎င်းက ပြောသည်။

### အာမခံချက်ထားရှိပေးရန် လိုအပ်

ဖားကန့်၌ ကျောက်မျက်ကုမ္ပဏီများတွင် အလုပ်သမားများ၏ လုပ်ငန်းခွင်ထိခိုက်မှုများအတွက် အာမခံချက်ထားရှိပေးရန် လိုအပ်လျက်ရှိပြီး ခြေ/လက်ဆုံးရှုံးမှုအတွက် သတ်မှတ်အာမခံကြေး၊ အသက်ဆုံးရှုံးရမှုအတွက် သတ်မှတ်အာမခံကြေး အလုပ်ဝင်စာချုပ်တွင် ထည့်သွင်းချုပ်ဆိုခြင်းမျိုးဆောင်ရွက်သင့်ကြောင်း ၎င်းက ပြောသည်။

လက်ရှိအချိန်ထိ ကုမ္ပဏီလုပ်ငန်းခွင်များအတွင်း အလုပ်သမားများ ထိခိုက်သေဆုံးပါက နှစ်ဦးနှစ်ဖက် အဆင်ပြေအောင်ညှိနှိုင်းကြသည့် အလွတ်သဘောမျိုးသာ ဆောင်ရွက်နေကြသည်ကို တွေ့ရသည်။

၂၀၁၉ ခုနှစ် ဧပြီလက ကျောက်မျက်တူးဖော်ရေးကုမ္ပဏီ လုပ်ကွက်အတွင်း လုပ်ငန်းလုပ်ကိုင်နေစဉ် အထက်ဘက်မှ နွံကန်ပေါက်ကျမှုကြောင့် ကျင်းထဲမှ ကုမ္ပဏီအလုပ်သမား ၅၀ ကျော် သေဆုံးခဲ့ရပြီး နစ်နာမှုအတွက် သေဆုံးသူ၏ ဆွေမျိုးများအား တစ်ဦးလျှင် ငွေကျပ် သိန်းနှစ်ရာကျော်စီဖြင့် ကျေအေးသဘောတူညီခဲ့ကြကြောင်း သိရသည်။

ဖားကန့်၌ နိုင်ငံတော်အစိုးရနှင့် အကျိုးတူကျောက်မျက်တူးဖော်ရေးလုပ်ကွက် သုံးကွက်၊ ပုဂ္ဂလိက ကျောက်မျက်တူးဖော်ရေးလုပ်ကွက် ၂၀၉ ကွက်ရှိပြီး ယခုနှစ်ကုန်တွင် သက်တမ်းကုန်ဆုံးမည့် ကုမ္ပဏီများရှိသကဲ့သို့ ၂၀၂၁ ခုနှစ် ဇွန်လတွင် အများအားဖြင့် သက်တမ်းကုန်ကြမည်ဖြစ်ကြောင်း ကချင်ပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးဒါရှီလဆိုင်းထံမှ သိရသည်။

### ရပ်နားထားစေခဲ့

လက်ရှိတွင် လုံးခင်း/ ဖားကန့်ရတနာနယ်မြေရှိ ကျောက်မျက်တူးဖော်ရေးကုမ္ပဏီများအားလုံးကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနမှ ၂၀၁၉ ခုနှစ် ဇူလိုင် ၁ ရက်မှ စက်တင်ဘာ ၃၀ ရက်အထိ မိုးတွင်းကာလ အန္တရာယ်ရှိသည့်အတွက် ကျောက်မျက်တူးဖော်ရေးလုပ်ငန်းများ ပထမအကြိမ် ရပ်နားထားစေခဲ့ကာ ဖားကန့်၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုများရှိလာသည့်အတွက် အောက်တိုဘာလနှင့် နိုဝင်ဘာနှစ်လ ထပ်မံရပ်နားထားစေခဲ့ပြီး ကိုဗစ်-၁၉ ရောဂါကူးစက်မှု ဆက်လက်မြင့်တက်နေသည့်အတွက် ဒီဇင်ဘာလနှင့် ၂၀၂၁ ခုနှစ် ဇန်နဝါရီ နှစ်လကို တတိယအကြိမ် ဆက်လက် ရပ်နားထားစေခဲ့ကြောင်း သိရသည်။

ယခင်က ကျောက်စိမ်းတူးဖော်ရေး ရပ်နားထားရသည့် ကာလကို လုပ်ငန်းလုပ်ကိုင်ကြသည့် ဆောင်းဦးပေါက် ရာသီချိန်တွင် ပြန်လည်အစားထိုးပေးမှုများ ရှိခဲ့သည်။

ကျောက်မျက်ကုမ္ပဏီ လုပ်ကွက်တစ်ခုတွင် အလုပ်သမားရာနှင့်ချီ အလုပ်လုပ်ကြပြီး ကျောက်မျက်တူးဖော်ရေးလုပ်ငန်းများ လုပ်ကိုင်သည့် ရာသီတစ်ခုတွင် အလုပ်သမား ၅၀၀၀၀ ဝန်းကျင်ခန့် အလုပ်ရကြသည်။

### အသက်အန္တရာယ် ထိခိုက်ရမှုများလည်းရှိ

ကျောက်မျက်ကုမ္ပဏီများ ပုံမှန်တူးဖော်သည့် ဆောင်းဦးပေါက်မှ မိုးဝင်ကာလအထိ ဒေသရေမဆေးသမားများအနေဖြင့် ညနေ ၄ နာရီမှ ၆ နာရီအထိ ဝင်ရောက်ရှာဖွေခွင့်ပြုသည့် ကုမ္ပဏီလုပ်ကွက်များအတွင်း စက်ယန္တရားဖြင့် တူးဆွထားသည့်မြေပေါ်တွင် ရှာဖွေခွင့်ရကြပြီး ယခုကုမ္ပဏီများရပ်နားထားချိန်တွင် လုပ်ကွက်ဟောင်း မြေစာပုံများ၊ ကျင်းများထဲတွင် တစ်နိုင်မြေတူးသည့် ဂန်းစက်များ၊ သံဒိုင်၊ ပေါက်တူးများ၊ မြေတွန်းလှည်းများဖြင့် ဝင်ရောက်တူးဖော်ကြကာ မြေပြိုကျမှု၊ ကမ်းပါးပြိုကျမှုများကြောင့် အသက်အန္တရာယ် ထိခိုက်ရမှုများလည်းရှိကြောင်း သိရသည်။

**တာလင်းမောင်(ပြန်/ဆက်)**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (၂၉)ကြိမ်မြောက်၊ နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ပြောကြားသည့် ဗီဒီယိုမိန့်ခွန်း

(၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၀ ရက်)

ဒီကနေ့ အခမ်းအနားကို တက်ရောက်လာတဲ့ ဧည့်သည်တော်များ အားလုံးကို နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေလို့ ဆုတောင်းမေတ္တာပို့ပါတယ်။

ဒီကနေ့ကတော့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များ နှင့်စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)ရဲ့ (၂၉)ကြိမ်မြောက်၊ နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးပဲ ဖြစ်ပါတယ်။

အားလုံးသိထားပြီးဖြစ်တဲ့အတိုင်း ပုဂ္ဂလိကကဏ္ဍဟာ နိုင်ငံတော် စီးပွားရေးရဲ့ အဓိကကျတဲ့ မောင်းနှင်မှုတစ်ရပ်ပဲ ဖြစ်ပါတယ်။ UMFCCI အနေနဲ့ ပုဂ္ဂလိကကဏ္ဍကိုဦးဆောင်ပြီး နိုင်ငံတော်နဲ့ ပြည်သူလူထုအတွက် တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက် ပါဝင်ကြတဲ့အတွက် အထူးတန်ဖိုးထား ပါကြောင်း ပဏာမအနေနဲ့ ပြောချင်ပါတယ်။

ဒီကနေ့ နိုင်ငံတော်က ကြိုးပမ်းဆောင်ရွက်နေတဲ့ အသေးစား၊ အငယ်စားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ဖို့၊ မြန်မာ့စီးပွားရေး လုပ်ငန်းတွေကို ပြည်တွင်းမှာသာမက နိုင်ငံတကာဈေးကွက်တွေအထိပါ ဖြန့်ကြက်ထိုးဖောက်နိုင်ဖို့၊ ဒီဂျစ်တယ်စီးပွားရေးစနစ် ဖွံ့ဖြိုးတိုးတက်စေဖို့၊ အဂတိလိုက်စားမှု တိုက်ဖျက်နိုင်ဖို့ စတဲ့ လုပ်ငန်းတွေမှာ တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ခဲ့တာတွေကို မှတ်တမ်းတင်အပ်ပါတယ်။

အခုလို COVID–19 ကပ်ရောဂါကာလမှာ ကပ်ရောဂါ ကာကွယ် ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်တွေအပြင် စားနပ်ရိက္ခာလျှုဒါန်းခြင်း၊ ကုန်ဈေးနှုန်း ထိန်းချုပ်ခြင်း၊ ကုန်ပစ္စည်းများ မပြတ်လပ်အောင် ဆောင်ရွက်ပေးခြင်း စတဲ့ လုပ်ငန်းတွေကိုလည်း UMFCCI နဲ့ ညီနောင်အသင်းအဖွဲ့တွေက သက်ဆိုင်ရာ ကဏ္ဍအသီးသီးက ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့တာတွေကလည်း ကျွန်မတို့ရဲ့ ပြည်သူလူထုအတွက် အထောက်အကူ ဖြစ်စေခဲ့ပါတယ်။ ဒီလို ကောင်းမြတ်တဲ့ အစဉ်အလာတွေကို ဆက်လက်ထိန်းသိမ်းထားပြီး နိုင်ငံတော်ရဲ့ အရေးကိစ္စ မှန်သမျှကို အစိုးရ–ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုတွေ ပိုမိုမြှင့်တင် ကြိုးပမ်း သွားကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။

ကျွန်မတို့ နိုင်ငံအနေနဲ့ COVID–19 ကပ်ရောဂါကြောင့် စိန်ခေါ်မှုတွေ ကြုံတွေ့နေရပေမယ့်လည်း စီးပွားရေးနဲ့ ဖွံ့ဖြိုးရေးအတွက် အလားအလာ ကောင်းတွေ ရှိနေတုန်းပါပဲ။ ကျွန်မတို့နိုင်ငံတည်ရှိနေတဲ့ အာရှဒေသဟာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အမြန်ဆုံးဒေသတွေထဲမှာ ပါဝင်နေခဲ့ပါတယ်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတွေလို့ဆိုရာမှာ ဖွံ့ဖြိုးပြီး အနောက်နိုင်ငံ တွေကိုပဲ အများစု ညွှန်းဆိုလေ့ရှိခဲ့ကြပေမယ့် အာရှဒေသအတွင်းမှာလည်း ဖွံ့ဖြိုးတိုးတက်မှုတွေ အမှန်တကယ် ဖြစ်ပေါ်နေပါပြီ။ အာရှဒေသထဲက မြန်မာနိုင်ငံအနေနဲ့လည်း တိုးတက်မှုတွေ ဖြစ်ပေါ်ရရှိလာခဲ့ပါတယ်။

ဒီလိုမျိုး တိုးတက်မှုတွေ ရရှိလာခဲ့တာကို ပြန်ကြည့်ရင် အဝတ်အထည်နဲ့ ချည်ထည်လိုမျိုး လုပ်သားအခြေပြု ကုန်ထုတ်လုပ်ငန်းတွေ၊ ပို့ကုန်အခြေပြု ကုန်ထုတ်လုပ်ငန်းတွေကြောင့်ဖြစ်တာကို တွေ့ရှိရပါတယ်။ ဒေသတွင်းနိုင်ငံ တွေမှာ ကုန်ထုတ်လုပ်ငန်းတွေ ဆောင်ရွက်ကြရာမှာ ကုန်ကျစရိတ် မြင့်တက် လာမှုကြောင့် ရင်းနှီးမြှုပ်နှံသူတွေဟာ ကုန်ပစ္စည်းတွေ ထုတ်လုပ်နိုင်ဖို့ ပိုပြီး ကောင်းမွန်တဲ့ နေရာဒေသတွေကို ရွေးချယ်လာကြပါတယ်။ ကျွန်မတို့ နိုင်ငံရဲ့ မဟာဗျူဟာကျကျ တည်ရှိမှုနဲ့ အာရှဒေသအတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက် လျက်ရှိတဲ့ နိုင်ငံတစ်နိုင်ငံအဖြစ်ရပ်တည်နေမှု စတဲ့ ကောင်းမွန်တဲ့ လက္ခဏာရပ် တွေကြောင့် မလွဲမသွေ ရွေးချယ်ရင်းနှီးမြှုပ်နှံရမယ့် နေရာဒေသတစ်ခုအဖြစ် ထည့်သွင်း စဉ်းစားလာကြမှာ ဖြစ်ပါတယ်။ ဒါပေမယ့် ကျွန်မတို့နိုင်ငံဘက်က လည်း ရင်းနှီးမြှုပ်နှံမှုတွေ စီးဝင်လာအောင် အခြေအနေကောင်းတွေ ဖန်တီးပေး နိုင်ဖို့ အရေးကြီးပါတယ်။

ဒါ့ကြောင့်လည်း နိုင်ငံတော်အစိုးရအနေနဲ့ တာဝန်ယူမှုရှိပြီး အရည်အသွေး ပြည့်ဝရုံသာမက စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေမယ့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုတွေကို ဆွဲဆောင်နိုင်ဖို့ ပွင့်လင်းမြင်သာ၊ ရိုးရှင်းလွယ်ကူ၊ ကြိုတင်ခန့်မှန်းနိုင်ပြီး ယှဉ်ပြိုင်နိုင်စွမ်းရှိတဲ့ ရင်းနှီးမြှုပ်နှံမှု ပတ်ဝန်းကျင်ကောင်းတစ်ရပ်ကို ဖော်ဆောင်ပေးနိုင်ဖို့ ကြိုးပမ်းဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ ဒီလို ကြိုးပမ်းဆောင်ရွက်ခဲ့တာတွေရဲ့ ရလဒ်ကောင်းအဖြစ် ကမ္ဘာ့ဘဏ်ကထုတ်ပြန်ခဲ့တဲ့ စီးပွားရေးလုပ်ကိုင်ရာမှာ လွယ်ကူချောမွေ့မှု ဆောင်ရွက်နိုင်မှုအစီရင်ခံစာ (၂၀၂၀) မှာ မြန်မာနိုင်ငံရဲ့ "စီးပွားရေး လုပ်ဆောင် ရာတွင် လွယ်ကူချောမွေ့မှု ဆောင်ရွက်နိုင်မှုအဆင့်" ကို အရင်နှစ်က အဆင့် (၁၇၁) သတ်မှတ်ခဲ့ရာကနေ ဒီမှာတော့ (၁၆၅) အဖြစ် သတ်မှတ်ခံခဲ့ရပါတယ်။ အဆင့် (၆) ဆင့် တိုးတက်လာခဲ့တဲ့အပြင် တိုးတက်မှုအရှိဆုံး နိုင်ငံ(၂၀) စာရင်း မှာလည်း ပါဝင်လာခဲ့ပါတယ်။

အခု ဘဏ္ဍာရေးနှစ်အတွင်း ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု စီးဝင်မှုမှာ အမေရိကန်ဒေါ်လာ ၅ ဒသမ ၇ ဘီလီယံနီးပါး ရှိတဲ့အတွက် မြန်မာ့ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးစီမံကိန်း (MIPP)အရ ဒီနှစ် မျှော်မှန်းချက်ရဲ့ ၉၈ ရာခိုင်နှုန်းနီးပါး ရရှိပြီးဖြစ်ပါတယ်။ လက်ရှိအချိန်မှာလည်း ဒေသတွင်းက ဂျပန်၊ ထိုင်း၊ တောင်ကိုရီးယားနဲ့ စင်ကာပူလိုမျိုး မိတ်ဖက်နိုင်ငံတွေကနေ ရင်းနှီးမြှုပ်နှံမှုတွေ ပိုမိုစီးဝင်နေပြီး အမေရိကန်နဲ့ ဥရောပနိုင်ငံတွေရဲ့ရင်းနှီးမြှုပ်နှံမှုတွေလည်း ဆက်လက်ဝင်ရောက်နေဆဲ ဖြစ်ပါတယ်။

> **"အစိုးရ-ပုဂ္ဂလိက ကဏ္ဍနှစ်ရပ် ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုနက်ရှိုင်းခိုင်မာစွာ တည်ဆောက် နိုင်မယ်ဆိုရင် အလုပ်အကိုင် အခွင့်အလမ်းသစ်တွေ၊ စီးပွားရေးဆိုင်ရာ အခွင့်အလမ်းသစ်တွေ ဖော်ထုတ်ပေးနိုင်မှာဖြစ်ပြီး ရေရှည်တည်တံ့တဲ့ ဖွံ့ဖြိုးတိုးတက်မှု၊ သာယာဝပြောမှုတွေကို ကျွန်မတို့ ပြည်သူတွေအတွက် ဖော်ဆောင်ပေးနိုင်မယ်လို့လည်း ယုံကြည်ထား"**

**COVID–19 အလွန် အစိုးရ– ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု ခိုင်မာအားကောင်းရေး**

ကျွန်မတို့နိုင်ငံအနေနဲ့ စိန်ခေါ်မှုတွေ၊ အခက်အခဲတွေနဲ့ ကြုံတွေ့နေရတဲ့ အခုလို ကပ်ရောဂါကာလမှာ အစိုးရ– ပုဂ္ဂလိက ကဏ္ဍနှစ်ရပ်ရဲ့ စစ်မှန် ခိုင်မာတဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ ဒီထက်ပိုပြီး မြှင့်တင်ဖို့လိုအပ်ပါတယ်။ COVID–19 ကပ်ရောဂါဟာ ကျွန်မတို့အားလုံးရဲ့ ရောင်းဝယ်မှုပုံစံတွေ၊ ကုန်ပစ္စည်း ထုတ်လုပ်မှုပုံစံတွေကို ပြောင်းလဲသွားစေခဲ့ပါတယ်။ ဒါ့ကြောင့် COVID–19 အလွန် အနာဂတ်ကာလမှာ ကျွန်မတို့ ပုံဖော်တည်ဆောက်ချင်တဲ့ စီးပွားရေး ဝန်းကျင်တစ်ရပ်ကို ဖော်ဆောင်နိုင်ဖို့အတွက် လိုအပ်တဲ့အစီအမံတွေကို အလေးပေး ဦးတည်ဆောင်ရွက်ကြဖို့ ပိုပြီးအရေးကြီးလာပြီဆိုတာကို ပြောချင် ပါတယ်။

**အမျိုးသမီးများ ဦးဆောင်သော အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး**

အမျိုးသမီး စီးပွားရေးလုပ်ငန်းရှင်တွေအတွက် လုပ်သာကိုင်သာရှိတဲ့ စီးပွားရေးဝန်းကျင်ကောင်းတစ်ရပ် ဖန်တီးပေးနိုင်ရေးဟာ COVID–19 အလွန်မှာ ပိုပြီးအရေးပါလာ၊ ရှေ့တန်းရောက်လာတော့မှာ ဖြစ်ပါတယ်။

ကမ္ဘာ့တစ်ဝန်းမှာ နှစ်စဉ်ကျင်းပလေ့ရှိတဲ့ **"အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာကာလလှုပ်ရှားမှု"** ကို အသိအမှတ်ပြု ဂုဏ်ပြုတဲ့အနေနဲ့ အခုလို COVID–19 ကာလအတွင်းမှာ အမျိုးသမီးတွေ ဦးဆောင်ပါဝင်တဲ့ အသေးစား၊ အငယ်စားနဲ့ အလတ်စား စီးပွားရေး လုပ်ငန်းတွေ တည်ထောင်နိုင်ဖို့၊ လုပ်ငန်းတွေ ချဲ့ထွင်ဆောင်ရွက်နိုင်ဖို့ အတွက် လိုအပ်တဲ့ ပံ့ပိုးကူညီမှုတွေ ဆောင်ရွက်ပေးကြဖို့ အလေးထားပြောကြားလို ပါတယ်။ ဒီလိုမျိုး အရေးပါတဲ့ ပံ့ပိုးကူညီမှုတွေကို လက်ရှိအခြေအနေမှာ မြန်မာစီးပွားရေးလုပ်ငန်းရှင် အမျိုးသမီးများကွန်ရက်က ဆောင်ရွက်ပေး နေတာတွေကိုလည်း အားရမိပါတယ်။

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန် ခဲ့တဲ့ ဒုတိယအကြိမ် မြန်မာ့ရင်းနှီးမြှုပ်နှံမှုမူဝါဒ သုံးသပ်ချက်မှာ ကမ္ဘာ့ဘဏ်ရဲ့ စီးပွားရေးလုပ်ငန်းတွေများစွာ ဆောင်ရွက်ရာမှာ လွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်မှု အဆင့်သတ်မှတ်ချက်တွေအနက် "စီးပွားရေး လုပ်ငန်းတစ်ခု စတင်နိုင်မှု အဆင့်သတ်မှတ်ချက်" ကို မြန်မာနိုင်ငံအနေနဲ့ အဆင့် (၁၇၀) ကနေပြီးတော့ အဆင့် (၇၀) အထိ တိုးတက်ရရှိအောင် ၄ နှစ်အတွင်း ဆောင်ရွက်နိုင်ခဲ့ပြီး အရှိန်အဟုန်မြင့် တိုးတက်မှုများရရှိခဲ့ကြောင်း ဖော်ပြထား ပါတယ်။

မကြာခင်ထွက်ပေါ်လာတော့မယ့် "မြန်မာ့စီးပွားရေး ထိခိုက်မှုဒဏ် ခံနိုင်ရေး ပြုပြင်ပြောင်းလဲမှုစီမံချက်" (MERRP)မှာလည်း ကျား၊ မ တန်းတူ ညီမျှမှုရှိစေရေးနဲ့ နိုင်ငံစီးပွားရေး ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွေ ဖော်ဆောင်ရာမှာ အမျိုးသမီးတွေရဲ့ အရေးပါတဲ့ ပူးပေါင်းပါဝင်မှု အခန်းကဏ္ဍ ကို အလေးထားပြီး ထည့်သွင်းချမှတ်သွားမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။

**ဒီဂျစ်တယ်စနစ် အသွင်ကူးပြောင်းမှုနှင့် ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (RCEP)**

COVID–19 ရောဂါဟာ ဒီဂျစ်တယ်စနစ် အသွင်ကူးပြောင်းမှုကို အရှိန်အဟုန်မြင့် ဆောင်ရွက်နိုင်ဖို့ လိုအပ်ချက်နဲ့ ဒီဂျစ်တယ်စနစ်ရဲ့ အရေးပါမှု ကို မီးမောင်းထိုး ပြသနေပါတယ်။ ဒီဂျစ်တယ်စနစ် အသွင်ကူးပြောင်းမှု ဆောင်ရွက်တဲ့အခါ ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်မှုနဲ့ စွမ်းဆောင်ရည်တွေဟာ ကျွန်မတို့နိုင်ငံရဲ့ ကာလရှည်ကြာ အောင်မြင်မှုအတိုင်းအတာကို အဆုံးအဖြတ် ပေးနိုင်မယ့် အချက်တစ်ခုလည်း ဖြစ်ပါတယ်။

အခုလိုဆိုရင် ပိုမိုမြန်ဆန်တဲ့ ဒီဂျစ်တယ်စနစ်အသွင်ကူးပြောင်းမှုကို အကောင်အထည်ဖော်နိုင်ဖို့အတွက် အစိုးရနဲ့ ပြည်သူတွေအကြား၊ အစိုးရနဲ့ စီးပွားရေးလုပ်ငန်းတွေအကြား၊ စီးပွားရေးလုပ်ငန်းတစ်ခုနဲ့ တစ်ခုအကြား၊ ပြည်သူတစ်ဦးနဲ့တစ်ဦးအကြား ကုန်ပစ္စည်းနဲ့ ဝန်ဆောင်မှုတွေကို ဝယ်လိုအား နဲ့ ရောင်းလိုအားနဲ့အညီ ဒီဂျစ်တယ်နည်းပညာတွေသုံးပြီး ရောင်းဝယ်၊ ငွေးရမ်း၊ ဖလှယ်နိုင်ရေးအတွက် တစ်ခုတည်းသော ဒီဂျစ်တယ်ပလက်ဖောင်းစနစ်ကို နိုင်ငံတော်ကဦးစီးပြီး ပုဂ္ဂလိကစီးပွားရေးအဖွဲ့အစည်းများနဲ့ ပေါင်းစပ် အကောင်အထည်ဖော်ဖို့ ဆောင်ရွက်နေပါတယ်။

ဒေသတွင်းနိုင်ငံအများစုအနေနဲ့ ဒီဂျစ်တယ်စီးပွားရေးစနစ်ကို ကူးပြောင်း နေကြပြီဖြစ်ပေမယ့် ကျွန်မတို့ရဲ့ အသေးစား၊ အငယ်စားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းအများစုကတော့ နောက်ကျကျန်ရစ်ခဲ့နေဆဲပဲ ဖြစ်ပါတယ်။ ဒါ့ကြောင့် မြန်မာ့အသေးစား၊ အငယ်စားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်း တွေအနေနဲ့ ဒီဂျစ်တယ်နည်းပညာတွေအသုံးပြုပြီး နိုင်ငံတကာကို လုပ်ငန်းတွေ ချဲ့ထွင်သွားကြဖို့လည်း တိုက်တွန်းပြောကြားလိုပါတယ်။

ထိရောက်မှုရှိပြီး မှန်ကန်ကောင်းမွန်တဲ့ ပံ့ပိုးမှုတွေ၊ ပူးပေါင်းဆောင်ရွက်မှု တွေနဲ့ မြန်မာ့အသေးစား၊ အငယ်စားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းတွေဟာ ၂၁ ရာစု ဒီဂျစ်တယ်နည်းပညာအသစ်တွေကိုအသုံးပြုပြီး နိုင်ငံတကာကို ဖြန့်ကြက်ထိုးဖောက်နိုင်ဖို့လည်း ကျွန်မအနေနဲ့ မျှော်လင့်ပါတယ်။ ပုဂ္ဂလိက လုပ်ငန်းရှင်တွေအနေနဲ့ ဈေးကွက်ဖြန့်ချိရာမှာ ကြုံတွေ့နေရတဲ့ အခက်အခဲ တွေကို ကျော်လွှားနိုင်ဖို့ နိုင်ငံတော်အစိုးရအပိုင်းက တတ်စွမ်းသမျှ ကူညီ ဆောင်ရွက်ပေးသွားမှာလည်း ဖြစ်ပါတယ်။

ပြီးခဲ့တဲ့ နိုဝင်ဘာလ ၁၅ ရက်နေ့က RCEP လို့ အများသိတဲ့ ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုစာချုပ်ကို ကျွန်မတို့နိုင်ငံ ပါဝင် လက်မှတ်ရေးထိုးခဲ့ပါတယ်။ ဒီစာချုပ်က ကမ္ဘာ့လူဦးရေရဲ့ ၃၀ ရာခိုင်နှုန်း ကျော်နဲ့ ကမ္ဘာ့စီးပွားရေးပမာဏရဲ့ ၃၀ ရာခိုင်နှုန်း ၊ ကမ္ဘာ့ကုန်သွယ်မှုပမာဏရဲ့ ၂၉ ရာခိုင်နှုန်းကို ကိုယ်စားပြုတာကြောင့် ကမ္ဘာ့အကြီးဆုံး ကုန်သွယ်ရေး နယ်မြေတစ်ခုအဖြစ် တင်စားခေါ်ဝေါ်ကြပါတယ်။ ဒီနေ့ခေတ် ပထဝီနိုင်ငံရေး အခြေအနေနဲ့၊ ကမ္ဘာ့ကုန်သွယ်မှု အခင်းအကျင်းတွေကို လေ့လာကြည့်မယ် ဆိုရင်၊ စီးပွားရေးအင်အားကြီးနိုင်ငံတွေအကြား ကုန်သွယ်ရေးတင်းမာမှုတွေ ရှိနေသလို ကိုယ်ကျိုးစီးပွားကာကွယ်တဲ့အစီအစဉ်တွေကို ချမှတ်လုပ်ဆောင် နေတာကိုလည်း တွေ့မြင်ရမှာဖြစ်ပါတယ်။ ဒါ့ကြောင့် စည်းမျဉ်းအခြေခံတဲ့ နိုင်ငံစုံကုန်သွယ်မှုစနစ် ပြန်လည်အားကောင်းအောင် ဆောင်ရွက်ဖို့ အရေးတကြီး လိုအပ်နေတာဖြစ်ပါတယ်။ ဒီလို ကမ္ဘာ့စီးပွားရေးရဲ့ နောက်ခံ အနေအထားမှာ ကျွန်မတို့နိုင်ငံလို စီးပွားရေးအင်အားသေးငယ်တဲ့ နိုင်ငံတစ်ခု အနေနဲ့ သီးခြားရပ်တည်ပြီး နိုင်ငံတကာနဲ့ စီးပွားရေးဆက်ဆံလုပ်ကိုင်ဖို့ အခက်အခဲတွေ အများကြီးရှိပါတယ်။ RCEP ကို ဝင်ရောက်ခဲ့တဲ့အတွက် နိုင်ငံ့စီးပွားရေးရဲ့ အဓိကမောင်းနှင်အားဖြစ်တဲ့ ပုဂ္ဂလိကကဏ္ဍ အကျိုးစီးပွားကို မြှင့်တင်ပေးနိုင်မယ်လို့ ယုံကြည်ထားပါတယ်။ စာချုပ်ကပေးတဲ့ အခွင့်အရေး တွေကို ပြည်သူတွေ လက်တွေ့ခံစားရရှိလာအောင် အစိုးရနဲ့ ပုဂ္ဂလိက ကဏ္ဍ နှစ်ရပ် ဟန်ချက်ညီညီ၊ အင်အားကောင်းကောင်းနဲ့ ပူးပေါင်းဆောင်ရွက် သွားကြဖို့ ပြောကြားလိုပါတယ်။

**နိဂုံး**

ကျွန်မတို့ ပြည်သူတွေရဲ့ လူမှု–စီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရနဲ့ ပုဂ္ဂလိက အတူတကွ လက်တွဲပူးပေါင်းဆောင်ရွက်သွားကြဖို့ အလေးအနက်ထား ထပ်လောင်းပြောကြားလိုပါတယ်။ အခုလို အစိုးရ– ပုဂ္ဂလိက ကဏ္ဍနှစ်ရပ် ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုနက်ရှိုင်းခိုင်မာစွာ တည်ဆောက်နိုင်မယ်ဆိုရင် အလုပ်အကိုင် အခွင့်အလမ်းသစ်တွေ၊ စီးပွားရေး ဆိုင်ရာ အခွင့်အလမ်းသစ်တွေ ဖော်ထုတ်ပေးနိုင်မှာဖြစ်ပြီး ရေရှည်တည်တံ့တဲ့ ဖွံ့ဖြိုးတိုးတက်မှု၊ သာယာဝပြောမှုတွေကို ကျွန်မတို့ ပြည်သူတွေအတွက် ဖော်ဆောင်ပေးနိုင်မယ်လို့လည်း ယုံကြည်ထားပါတယ်။


ဒီလို ဖော်ဆောင်ပေးဖို့အတွက်လည်း UMFCCI အနေနဲ့ ပုဂ္ဂလိက ကဏ္ဍ တိုးတက်ရေးအတွက် အသိပညာနဲ့ ကျွမ်းကျင်မှုတွေ ဖြန့်ဝေပေးတာတွေ၊ ဈေးကွက်ချိတ်ဆက်ဆောင်ရွက်ပေးတာတွေ၊ ဘဏ္ဍာငွေအရင်းအမြစ် ပံ့ပိုးပေးတာတွေစတဲ့ လုပ်ငန်းစဉ်တွေကို ဆက်လက်ပြီး ဆောင်ရွက်ပေးကြဖို့ မေတ္တာရပ်ခံချင်ပါတယ်။

နိဂုံးချုပ်အနေနဲ့ ပြောလိုတာကတော့ "ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနဲ့ စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်" နဲ့ ညီနောင် အသင်းတွေက အသင်းဝင်တွေအားလုံး ကျန်းမာကြပါစေ၊ အသင်းသားစုံညီ အစည်းအဝေးတွေမှာ မိမိတို့စီးပွားရေးလုပ်ငန်းတွေအတွက်သာမက နိုင်ငံနဲ့ ပြည်သူတွေအတွက်ပါ လက်တွေ့ကျပြီး ထိရောက်တဲ့ ရှေ့လုပ်ငန်းစဉ်တွေ ချမှတ်နိုင်ကြပါစေ၊ အသင်းကြီးရဲ့ ရှေ့ဆက်ဆောင်ရွက်မယ့် လုပ်ငန်းစဉ် တွေမှာလည်း အောင်မြင်မှုရလဒ်ကောင်းတွေ ရရှိပိုင်ဆိုင်နိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်လိုက်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

၂၀၂၁ အတွက်လည်း ဆုမွန်ကောင်းတွေ အများကြီးတောင်းပြီးတော့ မေတ္တာပို့သလိုက်ပါတယ်။

# ပြည်သူသာလျှင် အဓိက



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် နာယကက ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း အမှာစကား ပြောကြားစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် နာယကက ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် အမှာစကား ပြောကြားစဉ်။



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း အမှာစကား ပြောကြားစဉ်။

သတင်းစဉ်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဇော်မင်းဝင်း နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။

❍ *ရှေ့ဖုံးမှ*

အဖွဲ့အစည်းများနှင့် ပေါင်းစပ်အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို အောင်မြင်အောင် မိမိတို့ဘက်မှ စွမ်းစွမ်းတမံ ပူးပေါင်းဆောင်ရွက်သွားမည်ကိုလည်း အသိပေးလိုပါကြောင်း။

ထို့ပြင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က မိမိတို့နိုင်ငံ RCEP ဝင်ရောက်မှုအတွက် နိုင်ငံ့စီးပွားရေး အဓိကမောင်းနှင်အားဖြစ်သည့် ပုဂ္ဂလိကကဏ္ဍ အကျိုးစီးပွားကို မြှင့်တင်ပေးနိုင်မည်ဆိုသည့် ယုံကြည်မှုကို အလေးထားသည့်အနေဖြင့် စာချုပ်ပါအခွင့်အရေးကို ပြည်သူအများလက်တွေ့ခံစားရအောင် မိမိတို့ ပူးပေါင်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

### တက်ကြွစွာလက်တွဲပူးပေါင်း

အသင်းချုပ်နှင့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ယခုကဲ့သို့ ကမ္ဘာတစ်ဝန်း COVID-19 ရောဂါဖြစ်ပွားနေသည့်အတွက် အခက်အခဲများစွာ၊ စိန်ခေါ်မှုများစွာ ကြုံတွေ့နေရသည့် အချိန်ကာလတွင် စီးပွားရေးလုပ်ငန်းများ ပြန်လည်နိုးကြွရှင်သန် ရပ်တည်နိုင်ရန် နိုင်ငံတော်အစိုးရ၊ COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ် တားဆီးရေး ကုသရေးလုပ်ငန်းကော်မတီ၊ စီးပွားရေးသက်ရောက်မှု ကုစားရေးကော်မတီတို့နှင့်အတူ တက်ကြွစွာလက်တွဲပူးပေါင်း ဆောင်ရွက်ခဲ့ပါကြောင်း။

နိုင်ငံတော်အနေဖြင့် COVID-19 ကပ်ရောဂါကြောင့် ဖြစ်ပေါ်လာသည့် စီးပွားရေးအပေါ် ကုစားရေးကော်မတီဖွဲ့စည်းပြီး ထိခိုက်မှုများ ကာကွယ်ဖြေလျှော့သက်သာစေရန် ငွေကျပ် ဘီလီယံ ၃၀၀၀ နီးပါး စုစုပေါင်း GDP ၄ ရာခိုင်နှုန်းခန့် ကျခံသုံးစွဲပေးခြင်း၊ စီးပွားရေးမူဝါဒ လုပ်ထုံးလုပ်နည်း ဖြေလျှော့ပေးခြင်း၊ ဘဏ်အတိုးနှုန်းလျှော့ချပေးခြင်း၊ အခွန်အခများ လျှော့ပေးခြင်းနှင့် ဆိုင်းငံ့ကာလခွင့်ပြုခြင်း စသည့် ကူညီပံ့ပိုးမှုများကြောင့် စီးပွားရေးလုပ်ငန်းအချို့ အထိုက်အလျောက် ပြေလည်ခဲ့ကြပါကြောင်း။

### ဆက်လက်ညှိနှိုင်းကူညီပေး

ထို့ပြင် COVID ကာလနှင့် COVID အလွန်ကာလများအတွက် စီးပွားရေးလုပ်ငန်းများ ပြန်လည်ဦးမော့လုပ်ကိုင်လာစေရန်နှင့် လုပ်ငန်းသစ်များ ဖန်တီးဖော်ဆောင်နိုင်ရန် CERP နှင့် MERRP အစီအမံများ ချမှတ်အကောင်အထည်ဖော်ပေးမည့် အစီအစဉ်များကို အသင်းချုပ်နှင့် စီးပွားရေးလုပ်ငန်းရှင်များက ကျေးဇူးတင်ကြိုဆိုပါကြောင်း၊ လိုအပ်သည့် ပံ့ပိုးကူညီမှုများကို ဆက်လက်ညှိနှိုင်းကူညီပေးရန် တိုက်တွန်းမေတ္တာရပ်ခံလိုပါကြောင်း ပြောကြားသည်။

### အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေး

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် နာယကက ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း က အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ၌ ကပ်ရောဂါကြောင့် စီးပွားရေးလုပ်ငန်းများ ရပ်တန့်သွားခြင်းမရှိအောင်




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်၏ (၂၉) ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေးကို Virtual စနစ်ဖြင့် ကျင်းပရာ Online မှ တက်ရောက်သူများအား တွေ့ရစဉ်။

သတင်းစဉ်

နိုင်ငံတော်အနေဖြင့် ကုစားရေးလုပ်ငန်း အစီအစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကပ်ရောဂါကြောင့် စီးပွားရေးထိခိုက်ခံရသော လုပ်ငန်းများ လည်ပတ်နိုင်ရေးအတွက် နိုင်ငံတော်က ချေးငွေ ငွေကျပ် ဘီလီယံ ၂၀၀ မတည်၍ အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးလျက် ရှိပါကြောင်း၊ ယနေ့အချိန်အထိ လုပ်ငန်းပေါင်း ၆,၃၃၃ ခုသို့ ချေးငွေ ငွေကျပ် ၁၆၆ ဒသမ ၅၉၆၃ ဘီလီယံ ထုတ်ချေးပေးပြီး ဖြစ်ပါကြောင်း၊ ထိုသို့ ချေးငွေထုတ်ပေးရေးကို စိစစ်ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များတွင် UMFCCI က တစ်တပ်တစ်အား ပါဝင် ဆောင်ရွက်ပေးနေသည့်အတွက် မိမိအနေဖြင့် ကျေးဇူးတင်ရှိပါကြောင်း။

### အခွင့်အလမ်းကောင်းများ ပိုမိုရရှိလာ

ယနေ့အစည်းအဝေးတွင် အချက် ၂ ချက်ကို အဓိကထား ပြောကြားလိုပါကြောင်း၊ COVID-19 ကပ်ရောဂါကာလနှင့် နောက်ပိုင်းကာလများတွင် မြန်မာ့စီးပွားရေး နာလန်ထူနိုင်ရုံသာမက ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်နှင့် အစိုးရနှင့် ပုဂ္ဂလိက တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ရန်ဆိုသည့် အချက်တို့ ဖြစ်ပါကြောင်း၊ COVID-19 ကပ်ရောဂါကြောင့် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်း စီးပွားရေးနှင့်ပတ်သက်၍ စိန်ခေါ်မှုများရှိခဲ့သော်လည်း မိမိတို့နိုင်ငံအနေဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပမာဏ အမေရိကန်ဒေါ်လာ ၅ ဒသမ ၇ ဘီလီယံနီးပါး ရရှိခဲ့ပါကြောင်း၊ လာမည့်နှစ်တွင်လည်း စိုက်ပျိုးရေး၊ လျှပ်စစ်နှင့် စက်မှုဇုန် စသည့်ကဏ္ဍများတွင် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများ ဆက်လက်ဝင်ရောက်မည့် အလားအလာကောင်းများရှိနေသည်ကို အသိပေးပြောကြားလိုပါကြောင်း၊ ထိုသို့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးတက်လာသည်နှင့်အမျှ ရေမြင့်လျှင် ကြာတင့် ဆိုသကဲ့သို့ ပြည်တွင်းစီးပွားရေးလုပ်ငန်းများအတွက်လည်း အခွင့်အလမ်းကောင်းများ ပိုမိုရရှိလာမည်ဖြစ်ပါကြောင်း။

### စီးပွားရေးဝန်းကျင်ကောင်းများ ဖန်တီးပေး

ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်လာစေရန်အတွက် လုပ်သာကိုင်သာရှိသော စီးပွားရေးဝန်းကျင်ကောင်းများ ဖန်တီးပေးနိုင်ရန် အရေးကြီးပါကြောင်း၊ ထိုသို့ ဖန်တီးပေးရာတွင် စက်မှုဇုန်၊ ဆိပ်ကမ်း၊ လမ်းနှင့် တံတား စသည်တို့ လိုအပ်မည်ဖြစ်ပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးရှိ သီလဝါအထူးစီးပွားရေးဇုန်သည် အောင်မြင်မှုရရှိနေပြီး သာဓကကောင်းအနေဖြင့် တွေ့မြင်နိုင်ပါကြောင်း၊ အလားတူ စီမံကိန်းများကိုလည်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ပထမဆုံးစီမံကိန်းအဖြစ် Korea-Myanmar Industrial Complex (KMIC) ကို ဒီဇင်ဘာ ၂၄ ရက်တွင် စတင်တည်ဆောက်နိုင်တော့မည် ဖြစ်ပါကြောင်း၊ ထို့နောက် ထိုင်းနိုင်ငံမှ AMATA Smart and Eco City ၊ မြန်မာနှင့် စင်ကာပူတို့ ဖက်စပ်ဆောင်ရွက်မည့် Myanmar Singapore Industrial Park ကို ဆက်လက်အကောင်အထည်ဖော်သွားမည် ဖြစ်ပါကြောင်း။

### ကုန်ကျစရိတ်သက်သာစေရန် ရည်ရွယ်

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် ပြည်တွင်းပြည်ပ စီးပွားရေးလုပ်ငန်းများ ကုန်ကျစရိတ်သက်သာစေရန် ရည်ရွယ်၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့် လျှောက်ထားသူများအတွက် ဝန်ဆောင်စရိတ်ကို ၂၀၂၀ ပြည့်နှစ် ဧပြီလမှ စတင်၍ ၅၀ ရာခိုင်နှုန်း လျှော့ချပေးခဲ့ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံပေါင်း (၁၅) နိုင်ငံ ပါဝင်သော ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုစာချုပ် (RCEP) တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့ပါကြောင်း၊ RCEP သည် ကမ္ဘာ့လူဦးရေ၏ ၃၀ ရာခိုင်နှုန်းကျော်နှင့် ကမ္ဘာ့ကုန်သွယ်မှု ပမာဏ၏ ၂၉ ရာခိုင်နှုန်းကို ကိုယ်စားပြုခြင်းကြောင့် ကမ္ဘာ့အကြီးဆုံးကုန်သွယ်ရေးသဘောတူ စာချုပ်ဖြစ်ပါကြောင်း၊ စာချုပ်ဝင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ရေရှည်တွင် မိမိတို့နိုင်ငံအတွက် အခွင့်အလမ်းကောင်းများကို ဆောင်ကြဉ်းပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ မိမိတို့နိုင်ငံရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ မထိခိုက်စေရေးအတွက်လည်း RCEP သဘောတူစာချုပ်ကို ညှိနှိုင်းဆွေးနွေးရာတွင် မြန်မာကိုယ်စားလှယ်အဖွဲ့က အထူးဂရုပြုဆောင်ရွက်ခဲ့ပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံအတွက် အသွင်ကူးပြောင်းရေး ကာလကို ၃ နှစ်မှ ၁၅ နှစ်အထိ အထူးအခွင့်အရေး Special and Differential Treatment ကို ခံစားခွင့်ရရှိမည်ဖြစ်ပါကြောင်း၊ နိုင်ငံအတွင်း ပြုပြင်ပြောင်းလဲမှုများနှင့် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် ပုဂ္ဂလိက ကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာပြီး ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးမြင့်လာစေမည် ဖြစ်ပါကြောင်း။

### တဖြည်းဖြည်း ပြန်လည်နာလန်ထူနိုင်မည်

ကမ္ဘာ့ဘဏ်က ယခင်အပတ် သတင်းထုတ်ပြန်ချက်တွင် COVID-19 ကပ်ရောဂါကြောင့် နိုင်ငံအသီးသီး၌ စီးပွားရေးထိခိုက်မှုရှိနေသော်လည်း အခြားနိုင်ငံများနှင့် နှိုင်းယှဉ်ကြည့်ပါက မြန်မာနိုင်ငံသည် အခြေအနေကောင်းတစ်ခုကို ထိန်းထားနိုင်ကြောင်း၊ ၂၀၂၁ ခုနှစ်တွင် စီးပွားရေး တဖြည်းဖြည်း ပြန်လည်နာလန်ထူနိုင်မည်ဖြစ်ကြောင်းကို ဖော်ပြထားပါကြောင်း၊

*စာမျက်နှာ ၅ သို့*

# စုပေါင်းပြီး ထူထောင်ထားတဲ့ ပြည်ထောင်စုကြီး

**ပြည်ထောင်စုဆိုတဲ့ ဝေါဟာရဟာ အင်မတန်မှ လှပပါတယ်။ အင်မတန်မှ တင့်တယ်ပါတယ်။ ကျွန်မတို့ ဒီဝေါဟာရကို ချစ်ခင်မြတ်နိုးတန်ဖိုးထားဖို့ အင်မတန်မှ အရေးကြီးပါတယ်။ ပြည်ထောင်စုဟာ စုပေါင်းပြီးတော့ ထူထောင်ထားတဲ့ ပြည်ထောင်စုကြီးလို့ အဓိပ္ပာယ် ဖြစ်ပါတယ်။ စုပေါင်းပြီးတော့ ထူထောင်ထားတဲ့ နိုင်ငံဆိုတာဟာ စုပေါင်းပြီးတော့ ထူထောင်ထားတဲ့ တိုင်းပြည်ကြီးတစ်ခု ဆိုတာဟာ စုပေါင်းထူထောင်ထားခြင်းမရှိတဲ့ တိုင်းပြည်တွေနဲ့ မတူပါဘူး။ ကျွန်မတို့ မတူကွဲပြားမှုတွေကို အင်အားဖြစ်အောင်လို့ စုစည်းပြီးမှ ပြည်ထောင်စုတစ်ခုကို ထူထောင်နိုင်မှာ ဖြစ်ပါတယ်။**

**[ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ (၁၅-၁-၂၀၂၀) ရက်နေ့တွင် ကယားပြည်နယ်နေ့အခမ်းအနားသို့ ပြောကြားသည့်နှုတ်ခွန်းဆက်စကားမှကောက်နုတ်ချက် ]**



မြန်မာ့ရိုးရာ ဦးရွှေရိုး ဒေါ်မိုးအက ဓာတ်ပုံ – ဇော်မောင်မောင်ဦး (စန္ဒကူး)

*စာမျက်နှာ ၄ မှ*

ADB ၏ အစီရင်ခံစာတွင်လည်း မြန်မာနိုင်ငံ၌ ယခုနှစ်တွင် စီးပွားရေးတိုးတက်မှုနှုန်း ၁ ဒသမ ၈ ရာခိုင်နှုန်းသာ ရှိသော်လည်း ၂၀၂၁ ခုနှစ်တွင် ၆ ရာခိုင်နှုန်းရရှိမည်ဟု ထုတ်ပြန်ထားပါကြောင်း။

COVID–19 ကပ်ရောဂါအလွန်ကာလတွင် စီးပွားရေးလုပ်ငန်းများ ပြန်လည်ဦးမော့လာပြီး ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးကို အထောက်အကူပြုနိုင်မည့် စီးပွားရေးဝန်းကျင်ကောင်း ဖန်တီးရာတွင် အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မိမိတို့နိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မည်ဟု ယုံကြည်ပါကြောင်း၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၏ (၁၉) နှစ်မြောက် နှစ်ပတ်လည်မှသည် နောင်နှစ်ပေါင်းများစွာအထိ ပြည်သူလူထု၏ လူမှုစီးပွားအကျိုးနှစ်ဖြာ ဖွံ့ဖြိုးတိုးတက်ရေးကို ဆတက်ထမ်းပိုး ဆက်လက်ပံ့ပိုးနိုင်စေရန် ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း ပြောကြားသည်။

### ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်

ဆက်လက်၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နာယက စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်အနေဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ UMFCCI အပါအဝင် စီးပွားရေးဆိုင်ရာ အဖွဲ့အစည်းများ၊ အသင်းအဖွဲ့များနှင့် တွေ့ဆုံ၍ တင်ပြချက်များ၊ အကြံပြုချက်များကို အလေးထားထည့်သွင်းစဉ်းစားပြီး ဆောင်ရွက်သင့်သည်များကို အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်တွင်းမှ ထွက်ရှိသည့် ကုန်ပစ္စည်းများ ပြည်တွင်း၊ ပြည်ပ ဈေးကွက်များတွင် ယှဉ်ပြိုင်ရောင်းချနိုင်ရေးအတွက် နိုင်ငံတော်အစိုးရနှင့် အတူ အသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များအားလုံး တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

ပုဂ္ဂလိကကဏ္ဍဖွံ့ ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် Focal Ministry ဖြစ်သကဲ့သို့ UMFCCI သည် Private Sector ကို ကိုယ်စားပြု အဖွဲ့အစည်းဖြစ်သည့်အတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။ ပုဂ္ဂလိက ကဏ္ဍ၏ အခက်အခဲများ၊ စိန်ခေါ်မှုများကို စဉ်ဆက်မပြတ် တွေ့ဆုံဆွေးနွေးပြီး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

### ရလဒ်ကောင်းတစ်ခု ရရှိခဲ့

Ease of Doing Business အနေဖြင့် Private Sector နှင့် ပူးပေါင်းဆောင်ရွက်ရာတွင် ရလဒ်ကောင်းတစ်ခု ရရှိခဲ့ပါကြောင်း၊ Ranking ကောင်းရန်တစ်ခုတည်း ဦးတည်ဆောင်ရွက်ခဲ့ရခြင်းမျိုးမဟုတ်ဘဲ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်လုပ်ကိုင်ရာတွင် လွယ်ကူချောမွေ့စေရန် ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါကြောင်း။




သဘာပတိ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းနှင့် တာဝန်ရှိသူများ (၂၉) ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေးအပြီးတွင် စုပေါင်းဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

e–Commerce Guideline အမြန်ဆုံးထွက်ရှိရန် ဝန်ကြီးဌာနအနေဖြင့် ကြိုးစားဆောင်ရွက်လျက် ရှိပါကြောင်း။

COVID–19 ကာလအတွင်း ပြည်တွင်းကုန်စည်စီးဆင်းမှု မှန်ကန်ရေး၊ ကုန်ဈေးနှုန်း တည်ငြိမ်ရေးအတွက် UMFCCI အပါအဝင် ညီနောင်အသင်းအဖွဲ့များနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အခြေခံလူတန်းစားမိသားစုများအား အခြေခံရိက္ခာ ဖြန့်ချိရာတွင် အသင်းချုပ်နှင့် ညီနောင်အသင်းအဖွဲ့များ ပူးပေါင်းကူညီမှုကြောင့် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

### Online စနစ်များ အသုံးပြု

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့် Online စနစ်များ အသုံးပြု၍ ဝန်ဆောင်မှုပေးခြင်းကို ၂၀၀၄ ခုနှစ်ကတည်းက စတင်ဆောင်ရွက်ပေးခဲ့ပြီး ကုန်သည်လုပ်ငန်းရှင်များ လုပ်ငန်းများ ပိုမိုလွယ်ကူစွာ ဆောင်ရွက်နိုင်ရေးအတွက် Tradenet 2.0 စနစ်ဖြင့် ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်ခြင်း၊ ပို့ကုန်လိုင်စင် လျှောက်ထားခြင်းနှင့် သွင်းကုန်လိုင်စင် လျှောက်ထားခြင်းတို့ကို Online မှတစ်ဆင့် ဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးကဏ္ဍတွင် ဒီမိုကရေစီစနစ်ကို ထူထောင်နေသကဲ့သို့ တစ်ဖက်တွင်လည်း ဈေးကွက်စီးပွားရေးစနစ်ကို ထူထောင်နေပါကြောင်း၊ ဈေးကွက်စီးပွားရေးစနစ်တွင် ပုဂ္ဂလိကကဏ္ဍသည် အလွန်အရေးကြီးပါကြောင်း၊ ပုဂ္ဂလိကကဏ္ဍ အောင်မြင်ရှင်သန်လာနိုင်ရန်နှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသင်းချုပ်ကြီးသည် မြန်မာနိုင်ငံ၏ စီးပွားရေးကို မောင်းနှင်အားသဖွယ် ဆောင်ရွက်နေသည့်အတွက် အသင်းချုပ်ကြီးကို ကျေးဇူးတင်ပါကြောင်း၊ ယခု ၂၀၂၀ ပြည့်နှစ်သည် မြန်မာနိုင်ငံအတွက် အရေးကြီးသည့် နှစ်တစ်နှစ်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံသည် ကမ္ဘာတစ်လွှား ဖြစ်ပွားနေသည့် ကိုဗစ်–၁၉ ကပ်ရောဂါနှင့်အတူ စီးပွားရေးအခက်အခဲနှင့် စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားဖြတ်သန်းနိုင်ရန် ဖြတ်သန်းနေရသည့် အချိန်ကာလတစ်ခု ဖြစ်ပါကြောင်း။

### ကိုဗစ်–၁၉ ကပ်ဘေး မကူးစက်ရန် ကြိုးပမ်း

ယခုလိုကြိုးပမ်းရာတွင် အစိုးရကဏ္ဍ၊ ပုဂ္ဂလိက ကဏ္ဍနှင့် ပြည်သူလူထုတစ်ရပ်လုံးကပါ ပူးပေါင်းဆောင်ရွက်မှသာလျှင် အောင်မြင်မှုကို ရရှိမည်ဖြစ်ပါကြောင်း၊ မိမိအနေဖြင့် ကုန်သည်ကြီးများ အသင်းချုပ်နှင့် ကိုဗစ်–၁၉ ကပ်ဘေးကြီး ဆိုက်ရောက်သည့် အချိန်ကာလအတွင်း ပိုမိုသည့် ပူးပေါင်းဆောင်ရွက်မှုများကို ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ကိုဗစ်–၁၉ ၏ ကန့်သက်ချက်များ၊ ကွင်းဆက်များကို ဖြတ်တောက်နိုင်ရန်၊ ရပ်တန့်ရန် ဆောင်ရွက်ရပါကြောင်း၊ ကိုဗစ်–၁၉ ကပ်ဘေး မကူးစက်ရန် ကြိုးပမ်းမှုများ လုပ်ဆောင်ခဲ့ရပါကြောင်း၊ ယခုလိုကြိုးပမ်းဆောင်ရွက်ခဲ့သည့် ဆောင်ရွက်ချက်များသည် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ထည့်သွင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) အထွေထွေအတွင်းရေးမှူးချုပ် ဦးအေးဝင်းက နှစ်ပတ်လည် အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းကို လည်းကောင်း၊ ဦးဝင်းဗလမင်းက ပြင်ပစာရင်းစစ်ဖြစ်သည့် ဝင်းသင်နှင့် အဖွဲ့စာရင်းစစ်များ၏ စာရင်းစစ်အစီရင်ခံစာကို လည်းကောင်း ဖတ်ကြားတင်ပြကြသည်။

ထို့နောက် ကြိုတင်ပေးပို့ထားသည့် မေးခွန်းနှင့် အကြံပြုချက်များကို ဖြေကြားခြင်း၊ UMFCCI အလုပ်အမှုဆောင်များက နှစ်ပတ်လည်အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းကို အတည်ပြုခြင်း၊ ၂၀၂၀–၂၀၂၁ ဘဏ္ဍာနှစ်အတွက် ပြင်ပစာရင်းစစ်ခန့်အပ်ခြင်းတို့ကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပသည်။

ယင်းနောက် သဘာပတိ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဇော်မင်းဝင်း က နိဂုံးချုပ်အမှာစကား ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီးများနှင့် စီးပွားရေးသံမှူးများ၊ ပြည်တွင်းပြည်ပရှိ စီးပွားရေးအသင်းအဖွဲ့များနှင့် စီးပွားရေးလုပ်ငန်းရှင်များ၊ အသင်းချုပ် နာယကများ၊ အကြံပေးပုဂ္ဂိုလ်များနှင့် အမှုဆောင်များ၊ ညီနောင်အသင်းအဖွဲ့များမှ ဥက္ကဋ္ဌနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ အသင်းသူ အသင်းသားများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

### အကောင်အထည်ဖော်ဆောင်ရွက်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၏ အမှုဆောင်အဖွဲ့သစ်သည် ၂၀၁၉–၂၀၂၀ ခုနှစ် ပထမနှစ် သက်တမ်းကာလ COVID–19 ကပ်ရောဂါ အခက်အခဲကာလများတွင် လုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ပြီး အသင်းချုပ်အနေဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလတွင် စီးပွားရေးလုပ်ငန်းရှင်များအတွက် Strategic Action Plan နှင့် Business Agenda (၁၂) ရပ်ကို ချမှတ်နိုင်ခဲ့ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# သမိုင်းဝင် ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်

## ဒေါက်တာလှိုင်လှိုင်ကြီး ဌာနမှူး(စာကြည့်တိုက်) တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်




### စာရေးသူ၏ ကိုယ်ရေးအကျဉ်း

| | | |
|---|---|---|
| အမည်ရင်း | - | ဒေါက်တာ လှိုင်လှိုင်ကြီး |
| ဇာတိ | - | ရန်ကုန်မြို့ |
| ပညာ | - | သိပ္ပံဘွဲ့ (၁၉၈၇) |
| အရည်အချင်း | | မဟာသိပ္ပံဘွဲ့ (၁၉၉၆)<br>စာကြည့်တိုက်နှင့်သုတပညာဒီပလိုမာဘွဲ့ (၁၉၉၉)<br>မဟာဘွဲ့ (၂၀၀၁)<br>မဟာသုတေသနဘွဲ့ (၂၀၀၂)<br>ပါရဂူဘွဲ့ (၂၀၁၄) |
| အခြား | - | ထူးချွန်အာဆီယံ စာကြည့်တိုက်မှူးဆု (၂၀၁၈) တွင် ချီးမြှင့်ခံခဲ့ရပါသည်။ |
| တာဝန်ထမ်းဆောင်ခဲ့မှုများ | - | ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်တွင် ၁၉၉၆ မှ စတင်၍ စာကြည့်တိုက် တာဝန်များကို အဆင့်ဆင့် ထမ်းဆောင်ခဲ့ပါသည်။ စာကြည့်တိုက်မှူး (၂၀၁၂ မှ ၂၀၁၉ အထိ) |
| ယခုလက်ရှိတာဝန် | - | ဌာနမှူး (စာကြည့်တိုက်) တက္ကသိုလ်များ ဗဟိုစာကြည့်တိုက် |

ရန်ကုန်တက္ကသိုလ်စာကြည့်တိုက် အဆောက်အဦကို မြန်မာပြည်ဘုရင်ခံနှင့် ရန်ကုန်တက္ကသိုလ် အဓိပတိလည်းဖြစ်သည့် ဆာဟာကုတ်ဘတ္တလာ (Sir Hercourt Butler) က ၁၉၂၇ ခု ဒီဇင်ဘာလ(၈) ရက်နေ့တွင် အုတ်မြစ်ချပေးခဲ့ပါသည်။ စာကြည့်တိုက်အဆောက်အဦအတွက် ရူပီးငွေ (၂) သိန်းကို စေတနာရှင် ရေးဗဟာဒူးအက်စ် ရာမာနသာရေဒီယာ (Rao Bahudur S. Ramanatha Reddier) က လှူဒါန်းခဲ့ပါသည်။ ၁၉၃၁ ခုနှစ်တွင် အပြီးသတ်ခဲ့ပြီး ထိုစဉ်က မြန်မာပြည်ဘုရင်ခံဖြစ်ပြီး ရန်ကုန်တက္ကသိုလ်အဓိပတိလည်းဖြစ်သည့် ဆာချားအလက်ဇင်းဒါးအင်းနစ် (Sir Charles Alexander Innes) က ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်ကို ဖွင့်လှစ်ပေးခဲ့ပါသည်။ ရန်ကုန်တက္ကသိုလ်ယူနီဗာစီတီကောလိပ် ကျောင်းအုပ်ကြီး မစ္စတာဒီဂျေစလော့စ် (Mr. D.J.Sloss) က ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်၏ စာကြည့်တိုက် ကော်မတီဝင်တစ်ဦးအဖြစ် ပါဝင်ဆောင်ရွက်ပေးခဲ့ပါသည်။




စစ်မဖြစ်မီ ရန်ကုန်တက္ကသိုလ် စာကြည့်တိုက် (၁၉၂၇)

### ခံ့ခံ့ညားညား တည်ရှိခဲ့သော ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်

ယနေ့ ခံ့ခံ့ညားညား တည်ရှိနေသော သမိုင်းဝင် ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်ကို ဗိသုကာပညာရှင် T.O Foster က ဒီဇိုင်းရေးဆွဲခဲ့ပြီး အဆောက်အဦကြီး၏ ပုံစံမှာ အင်္ဂလိပ်စာလုံး "L" ပုံစံ (၂) ထပ်ဖြစ်ပြီး စာအုပ်ထားသိုခန်း (Book Stack Room) ကို အထပ်(၄) ထပ်ဖြင့် ဖွဲ့စည်းထားခဲ့ပါသည်။ အဆောက်အအုံအကျယ်အဝန်းမှာ (၁၂၀ x ၃၆) ပေနှင့် အမြင့် (၇၂) ပေရှိပြီး မြေအောက်ခန်း ပါရှိပါသည်။ ဒေါင်လိုက်ပြတင်းပေါက် (Vertical Windows) များ လုံလောက်စွာ ဖောက်ထားသဖြင့် လေဝင်လေထွက်နှင့် အလင်းရောင်ကို ကောင်းမွန်စွာရရှိပါသည်။ စာအုပ်ထားသိုခန်း (Book Stack Room) မှာ(၄)ထပ်ဖြစ်ပြီး စာအုပ်စင်များ၏ ကြမ်းခင်းများမှာ မြေညီထပ်မှလွဲ၍ ကွန်ကရစ်ကြမ်းခင်းမဟုတ်ဘဲ ခိုင်မာသော သံဆန်ခါပေါက် ကြမ်းခင်း (Perforated Floor) ဖြစ်ပါသည်။



ခိုင်မာသော သံဆန်ခါ ကြမ်းခင်း။

### စစ်ဘေးဒဏ်ခံခဲ့ရမှု

ဒုတိယကမ္ဘာစစ်ပြီးခါနီး ၁၉၄၅ ခုနှစ် ဧပြီလတွင် ဂျပန်စစ်တပ်သည် ရန်ကုန်မြို့မှ ဆုတ်ခွာသောအခါ စာကြည့်တိုက်အဆောက်အဦကို ဒိုင်းနမိုက်ဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့ရာ ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်အဆောက်အဦ၏ အမိုးပျက်စီးကာ စာအုပ်ထားသိုခန်း၊ စာအုပ်စင်များ မီးဒဏ်ကြောင့် ပျက်စီးခဲ့ပါသည်။

စစ်ကြီး၏ရလဒ်အဖြစ် ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်အဆောက်အဦ ပျက်စီးသွားသည် သာမက စုဆောင်းထားသမျှ အားလုံးနီးပါး ဆုံးရှုံးသွားရလေသည်။

ထို့ပြင် ရန်ကုန်တက္ကသိုလ်စာကြည့်တိုက် အတွင်း အဝင်ဝတွင် စစ်ဘေးဒဏ်ခံခဲ့ရသည့် အင်္ဂတေကိုင်၍ စိုက်ထူထားသော အမြင့် ၇ ပေကျော်နှင့် အနံ ၃ ပေ ကျော်ရှိသည့် သမိုင်းဝင် ရှေးဟောင်း ကျောက်စာတိုင်ကြီးတစ်တိုင် ရှိပါသည်။ ယင်းကျောက်စာတိုင်သည် ၁၉၃၀ ပြည့်နှစ် မတိုင်မီက ရန်ကုန်ဆေးရုံကြီး နေရာတွင် တိရစ္ဆာန်ရုံနှင့်အတူ ဖယ်ယာပြတိုက် (Phayre Museum) ရှိခဲ့ပါသည်။ တိရစ္ဆာန်ရုံကို ယခုလက်ရှိနေရာသို့ ပြောင်းရွှေ့ခဲ့ပြီး ဖယ်ယာပြတိုက်(Phayre Museum) တွင် ထားရှိခဲ့သော ကျောက်စာတိုင်ကြီးကို အတွင်းဝန်များရုံးတွင် ခေတ္တထားရှိခဲ့ကြောင်း၊ ၁၉၃၃ ခန့်တွင် ရန်ကုန်တက္ကသိုလ် အာဏာပိုင်များက ရန်ကုန်တက္ကသိုလ်စာကြည့်တိုက် အဆောက်အဦသို့ ပြောင်းရွှေ့ သယ်ယူထားရှိခဲ့ကြောင်း သိရပါသည်။

ထိုကျောက်စာတိုင်ကြီးသည် စစ်ဒဏ်ကို ခံခဲ့ရသော်လည်း အလွန်ရှေးကျသော ရှေးမွန်ဘာသာဖြင့် ရေးထိုးထားသော ပုဂံခေတ် ကျောက်စာတိုင်ကြီး တစ်တိုင်ဖြစ်ပြီး စာသားအများစုမှာ အကောင်းပကတိ ရှိနေပါသည်။[၁] ယခုအခါတွင် လေ့လာသူ သုတေသီများအားထား လေ့လာနိုင်သော ကျောက်စာတိုင်ကြီးမှာ ရန်ကုန်တက္ကသိုလ်စာကြည့်တိုက် အဆောက်အဦအတွင်းရှိ စာငှားကောင်တာဘေးတွင် တည်ရှိလျက်နေပါသည်။ *(၁။ ဒေါက်တာအောင်မြင့်ဦး၊ ကျိုက်တလန်းမွန် ကျောက်စာလေ့လာချက်၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်၊ ၂၀၁၆၊ စာ ၁။*


### အဆင့်ဆင့်ထူထောင်လာခဲ့သော ယနေ့အခြေအနေ


စစ်ပြီးကာလမှ ယနေ့ခေတ် ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်သည် ပြာပုံဘဝအဖြစ်မှနေ၍ အဆင့်ဆင့် ပြန်လည်ထူထောင်လာသော စာကြည့်တိုက်ဖြစ်လေသည်။ စစ်ပြီးခေတ်တွင် ထူးခြားချက်တစ်ချက်မှာ ပြည်ထောင်စု ပါလီမန်က ပြဋ္ဌာန်းပေးခဲ့သော ပုံနှိပ်တိုက် အက်ဥပဒေ (ပြင်ဆင်ချက်) အရ မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ပုံနှိပ်ထုတ်ဝေသော စာအုပ်စာတမ်းများကို ရန်ကုန် တက္ကသိုလ်စာကြည့်တိုက်က ထိန်းသိမ်းပေးနိုင်ခွင့် ရှိလာခြင်းပင်ဖြစ်ပါသည်။ စစ်မဖြစ်မီကအရှေ့တောင် အာရှတွင် ခေတ်မီသော စာကြည့်တိုက်တစ်ခုဖြစ်သည့် ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်ရှိ စာအုပ်များ စုဆောင်းထားရှိသော (၄) ထပ်စာအုပ်ထားသိုခန်းတွင် စစ်မဖြစ်မီကာလက လေအေးပေးစက်ကို ပိုက်လိုင်းဖြင့် အထပ်တိုင်း ချိတ်ဆက်ထားရှိခဲ့ပါသည်။ ထိုလေအေးပေးစက်သည် စစ်အတွင်းတွင် ပျက်စီးခဲ့ပြီးနောက် စစ်ပြီးကာလတွင် ပြန်လည် ပြုပြင်အသုံးပြုနိုင်ခဲ့သည်ဟု သိရှိခဲ့ပါသည်။ သို့သော် နောက်ပိုင်း ကာလများတွင် လေအေးပေးစက်ကို အကြိမ်ကြိမ် ပြုပြင်ခဲ့သော်လည်း အသုံးပြု၍ မရတော့ပါ။ ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၆ ရက်နေ့မှ စတင်ကာ ရန်ကုန်တက္ကသိုလ်၏ ပံ့ပိုးမှုနှင့်အတူ MARGA LANDMARK DEVELOPMENT CO., LTD နှင့် MARGA YOUTH FOUNDATION တို့က စာအုပ်ထားသိုခန်းဖြစ်သည့် (၄)ထပ် စာအုပ်စင်ရှိ စာအုပ်များ၊ ဘွဲ့အတွက် တင်သွင်းသော ကျမ်းစာအုပ်တို့ကို ကြာရှည်ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်အတွက် လေအေးပေးစက်နှင့် အစိုဓာတ်ထိန်းစက် (Dehumidifier) တို့ကို တပ်ဆင်လှူဒါန်းပေးခဲ့ပါသည်။

### စာကြည့်တိုက်မှူးများ

တစ်ခေတ်ပြီး တစ်ခေတ် ဦးဆောင်စာကြည့်တိုက်မှူးများအဖြစ် ဆောင်ရွက်ခဲ့သူများမှာ ၁၉၃၀ ပြည့်နှစ်မှ ၁၉၄၅ ခုနှစ်ထိ မြန်မာအမျိုးသားထဲမှ ပထမဆုံး စာကြည့်တိုက်ဘွဲ့ရ ဆရာဦးခင်ဇော် (pen-name K) သည် ရန်ကုန်တက္ကသိုလ်၏ ပထမဆုံး အမြဲတမ်းစာကြည့်တိုက်မှူး ဖြစ်ခဲ့ပါသည်။ ဆရာ ဦးခင်ဇော် စုဆောင်းထားရှိသော စာပေရတနာသိုက်ကြီးသည် စစ်ကြီးအတွင်း ဖျက်ဆီးခံလိုက်ရပါသည်။ ဒုတိယကမ္ဘာစစ်ကြီးပြီးသောအခါ ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်ကြီးကို ပြန်လည် တည်ထောင်ခဲ့သူမှာ ဆရာ ဦးသိန်းဟန် (ဆရာဇော်ဂျီ) ဖြစ်ပြီး ၁၉၄၆ ခုနှစ်မှ စတင်၍ စာကြည့်တိုက်မှူး တာဝန်ကို ထမ်းဆောင်ခဲ့ပါသည်။ ဆရာဦးသိန်းဟန်(ဆရာဇော်ဂျီ)သည် လက်ထောက်စာကြည့်တိုက်မှူး ဆရာ ဦးသန်းထွတ် (ဆရာတိုက်စိုး) အကူအညီဖြင့် စာအုပ်စာတမ်းများကို ပြန်လည် စုဆောင်းထားရှိခဲ့ပါသည်။ ၁၉၆၄ ခုနှစ်တွင် မြန်မာနိုင်ငံ၏ စနစ်သစ်ပညာရေးမူဝါဒအရ ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခဲ့ရာ စာကြည့်တိုက် ကဏ္ဍတွင် ဆရာဦးသိန်းဟန် (ဆရာဇော်ဂျီ) လက်ထက် ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်ကို မြန်မာနိုင်ငံရှိ တက္ကသိုလ်ကောလိပ်များ အားလုံးအတွက် ကိုယ်စား

*စာမျက်နှာ ၇ သို့*





စစ်မီးလျှံအတွင်း ရန်ကုန်တက္ကသိုလ်စာကြည့်တိုက် အဆောက်အဦနှင့် စာအုပ်စင်များ မြင်မကောင်းအောင် ပျက်စီးခဲ့ရစဉ်။

# ရန်ကုန်တက္ကသိုလ် နှစ်တစ်ရာပြည့်အထိမ်းအမှတ်ဆောင်းပါး



*စာမျက်နှာ ၆ မှ*

ပြသော စာကြည့်တိုက်ကြီးတစ်ခုအဖြစ် ပြင်ဆင်ဖွဲ့စည်း တည်ထောင်လျက် တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်ဟု အမည်ပြောင်းလဲခေါ်ဝေါ်ခဲ့ပါသည်။ ၁၉၄၆ ခုနှစ်မှ စတင်၍ ရန်ကုန်တက္ကသိုလ်စာကြည့်တိုက် မှူးတာဝန်ကို ထမ်းဆောင်လာခဲ့သော ဆရာဦးသိန်းဟန် (ဆရာဇော်ဂျီ) သည် ၁၉၆၄ ခုနှစ်တွင် ပေါ်ထွန်းလာသော တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်မှူးတာဝန်ကိုရယူ၍ ၁၉၆၈ ခုနှစ်ထိ ဆက်လက်ထမ်းဆောင်ခဲ့ပါသည်။ ဆရာ ဦးသိန်းဟန်(ဆရာဇော်ဂျီ) အငြိမ်းစားယူပြီးနောက်တွင် ဆရာကြီး စည်သူ ဒေါက်တာ ဦးသော်ကောင်းသည် တက္ကသိုလ်များ ဗဟိုစာကြည့်တိုက် စာကြည့်တိုက်မှူးကြီး တာဝန်ကို ၁၉၆၉ ခုနှစ်မှ ၁၉၉၇ ခုနှစ်ထိ ထမ်းဆောင်ခဲ့ပါသည်။ ဆရာကြီးသည် ခေတ်မီစာကြည့်တိုက် လုပ်ငန်းများကို နည်းမျိုးစုံဖြင့် တိုးချဲ့လုပ်ကိုင်ဆောင်ရွက်ပေးခဲ့ပါသည်။ ဆရာကြီးသည် စာအုပ်စာတမ်းများ စုဆောင်းမှုတွင် အထူးပင် ပြည့်စုံတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့သည့် နည်းတူ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်၏ စာကြည့်တိုက်မှူးကြီး တာဝန်မှ အငြိမ်းစားယူပြီး ဖြစ်ပါသော်လည်း စာကြည့်တိုက်များ၊ စာကြည့်တိုက်မှူးများနှင့် စာကြည့်တိုက်ပညာ တိုးတက်မှုတို့အတွက် ယနေ့တိုင် မနားမနေ ဆောင်ရွက် ပံ့ပိုးပေးလျက်ရှိပါသည်။ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်အဖြစ်ဖြင့် ၁၉၆၄ ခုနှစ်မှစ၍ ၃၃ နှစ်ကြာ ရပ်တည်လာခဲ့ပြီးနောက် ၁၉၉၇ ခုနှစ်တွင် တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်နှင့် ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်ဟူ၍ စာကြည့်တိုက် နှစ်ခုအဖြစ် ပြုပြင်ဖွဲ့စည်းမှုအရ သီးခြားယှဉ်တွဲလျက် ပေါ်ပေါက်လာခဲ့ပါသည်။ ဆရာကြီး ဦးသော်ကောင်းသည် တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်၏ စာကြည့်တိုက်မှူးကြီး တာဝန်ကို ဆက်လက်ထမ်းဆောင်ခဲ့ပါသည်။

၁၉၉၇ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်အတွက် အသစ်တစ်ဖန်ပြန်လည်၍ သီးခြားဖွင့်လှစ်ပေးလိုက်သော ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်တွင် ဦးစွာပထမ ဒေါ်မြင့်မြင့်ခင်က စာကြည့်တိုက်မှူးအဖြစ် ၁၉၉၄ ခုနှစ်ထိ ဆောင်ရွက်ခဲ့ပါသည်။ ဆက်လက်၍ ဦးမြတ်စိုးသည် ၁၉၉၅ ခုနှစ်မှ ၂၀၀၂ အထိ တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။ ဦးကျော်ဝင်းသည် ၂၀၀၂ မှ ၂၀၀၃ အထိ လည်းကောင်း၊ ဒေါ်ခင်နှင်းဦးသည် ၂၀၀၃ မှ ၂၀၁၁ အထိနှင့် ဒေါက်တာ လှိုင်လှိုင်ကြီးသည် ၂၀၁၂ မှ ၂၀၁၉ အထိ စာကြည့်တိုက်မှူးတာဝန်ကို အသီးသီး ထမ်းဆောင်ခဲ့ရာ လက်ရှိ ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်၏ စာကြည့်တိုက်မှူးမှာ ဒေါ်သင်းသင်းစိုး ဖြစ်ပါသည်။

### စာကြည့်တိုက်၏ ဝန်ဆောင်မှု

ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်၏ ဝန်ဆောင်မှုသည် ယခင်က သမားရိုးကျ ဝန်ဆောင်မှုများအနေဖြင့် စုဆောင်းထားရှိသော ပြည့်စုံလုံလောက်သည့် စာအုပ်စာတမ်းများ၊ ရှားပါးရည်ညွှန်း စာအုပ်များဖြင့် ဝန်ဆောင်မှုပေးခဲ့ပါသည်။ ယခုအခါတွင် ခေတ်မီဝန်ဆောင်မှုများဖြင့် တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ လက်ရှိအချိန်တွင် အပိုင်း (၄) ပိုင်းခွဲ၍ ဝန်ဆောင်မှုပေးလျက်ရှိပါသည်။ ယင်းတို့မှာ-

(၁) စာအုပ်စာတမ်းများ စုဆောင်းပေးမှု (Library Collections)

( ၂ ) နည်းပညာဆိုင်ရာ အခြေခံ အဆောက်အဦများ ဖြည့်ဆည်းပေးမှု (ICT Infrastructure)

( ၃ ) သုတေသန အထောက်အကူပြု ဝန်ဆောင်မှု (Research Support Service)

( ၄ ) စာကြည့်တိုက် ဝန်ဆောင်မှုလုပ်ငန်း (Library Services) တို့ ဖြစ်ပါသည်။

### (၁) စာအုပ်စာတမ်းများ စုဆောင်းပေးမှု (Library Collections)

စာအုပ်စာတမ်း စုဆောင်းရာတွင် သင်ကြားသင်ယူမှုကို အထောက်အကူပြုစေမည့် Printed Sources ဖြစ်သည့် ပညာရပ်ဆိုင်ရာ စာအုပ်များ၊ ရည်ညွှန်းစာအုပ်များနှင့် သုတ၊ ရသ စာအုပ်များ အပြင်လစဉ်၊ အပတ်စဉ် မဂ္ဂဇင်း၊ ဂျာနယ်များ၊နေ့စဉ်ထုတ်သတင်းစာများ၊ ပညာရပ်ဆိုင်ရာ သုတေသနဂျာနယ်များကို စုဆောင်းထားရှိပါသည်။ စာအုပ်စာတမ်းများကို စုဆောင်းရာတွင် (Printed Sources) များ သာမက Non Printed Sources ဖြစ်သည့် Academic Online eRecources များဖြစ်သည့် ပညာရပ်ပေါင်းစုံ ပါဝင်သော Online Database ကိုလည်း Online Library ကဲ့သို့ လေ့လာအသုံးပြုနိုင်ပါသည်။

### (၂) နည်းပညာဆိုင်ရာ အခြေခံအဆောက်အအုံများ ဖြည့်ဆည်းပေးမှု (ICT Infrastructure)

ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်သည် ICT Infrastructure များ တတ်နိုင်သမျှ ပြည့်စုံစွာ တပ်ဆင်ဖြည့်ဆည်းထားခြင်းနှင့် e-Library, Online Library နှင့် Website များ ထူထောင်မှုတို့ကို ဆောင်ရွက်လျက်ရှိပါသည်။ စာဖတ်သူတို့ကို ကွန်ပျူတာများ၊ Laptop များ၊ Scanner များ၊ Printer များနှင့် မိတ္တူကူးစက်များ အသုံးပြုနိုင်ရန် ပံ့ပိုးပေးထားသည့်ပြင် မြန်နှုန်းမြင့် အင်တာနက်လိုင်းများနှင့် Wifi Access Points များကို စာကြည့်တိုက်ဝန်းကျင်အတွင်း အသုံးပြုနိုင်ရန် ချိတ်ဆက်ထားရှိပါသည်။

ခေတ်နှင့်အညီ ပြောင်းလဲလာသော ICT အခြေပြု ဝန်ဆောင်မှုဖြစ်သည့် Online Public Access Catalogue (OPAC) က စာကြည့်တိုက်ရှိ အင်္ဂလိပ်၊ မြန်မာစာအုပ်များနှင့် ဘွဲ့အတွက် တင်သွင်းသော ကျမ်းစာအုပ်များ၏ ကက်တလောက်တို့ကို စာကြည့်တိုက်အတွင်း မည်သည့်နေရာမှမဆို အချိန်တိုအတွင်း ရှာဖွေနိုင်ရန်network ချိတ်ဆက်ထားရှိသည့်အပြင် ရန်ကုန်တက္ကသိုလ် website ၏ online catalogue (https://www. uy.edu.mm/ e-library/) မှလည်း အချိန်မရွေး ရှာဖွေအသုံးပြုနိုင်ပါသည်။ ရှားပါးစာအုပ်စာတမ်း (Printed Format) များမှ Digital Format အဖြစ်သို့ ပြောင်းလဲလုပ်ဆောင်ပေးခြင်းနှင့် ထို Digital Format တို့ကို စာဖတ်သူများ အလွယ်တကူ ရှာဖွေအသုံးပြုနိုင်ရန် email တို့မှ လိုအပ်သလို ဝန်ဆောင်မှု ပေးလျက်ရှိပါသည်။

### (၃) သုတေသနအထောက်အကူပြု ဝန်ဆောင်မှု (Research Support Service)

သုတေသီတို့အတွက် သုတေသနစာတမ်းများ ရေးသားရာတွင် ရည်ညွှန်းကိုးကားချက်များဖော်ပြရာ၌ Citation Manager အသုံးပြုပုံများကို သင်တန်းပေးခြင်း၊ ထို့ပြင် နိုင်ငံတကာအဆင့်မီသုတေသနစာတမ်းများ ပေါ်ထွက်နိုင်ရန် Plagiarism Checker- “URKUND” ကို အသုံးပြုပြီး သုတေသနစာတမ်းများ စစ်ဆေးပေးခြင်းစသည့် ဝန်ဆောင်မှုများကို ဖြည့်ဆည်းပေးပါသည်။ ကျောင်းသား၊ ကျောင်းသူ၊ နိုင်ငံတကာ သုတေသီများ လေ့လာနိုင်ရန်အတွက် Open Access Repository (အခမဲ့ အသုံးပြုနိုင်သော

*စာမျက်နှာ ၁၀ သို့*




ယနေ့ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်။



အမြင့် ၇ ပေ ကျော်၊ အနံ ၃ ပေကျော်ရှိ ရှေးဟောင်းသမိုင်းဝင်ကျောက်စာတိုင်ကြီး။



နည်းပညာဆိုင်ရာ အခြေခံအဆောက်အဦများ ဖြည့်ဆည်းပေးထားမှု။




Website မှတစ်ဆင့်လည်း အသုံးပြုနိုင်ရန် ဝန်ဆောင်မှုပေးထားစဉ်။

# အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၂၁-၂၀၃၀) ရေးဆွဲခြင်းအတွက် ဝန်ကြီးရုံးနှင့် ဦးစီးဌာနအသီးသီးမှ ပညာရေးဝန်ထမ်းများနှင့် ရှင်းလင်းဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၀

**အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၂၁-၂၀၃၀) (National Education Strategic Plan-NESP 2021-2030) ရေးဆွဲခြင်းအတွက် ပညာရေးဝန်ကြီးဌာန ဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ အရာထမ်းများ၊ စိတ်ပါဝင်စားသူ အမှုထမ်းများနှင့် NESP 2 ရေးဆွဲရေးအဖွဲ့များ (Drafting Teams)နှင့် ရှင်းလင်းဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာနမှ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။**



ရှင်းလင်းဆွေးနွေးပွဲသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့် ဝန်ကြီးဌာနနှင့် ဦးစီးဌာနအသီးသီးမှ ပညာရေးဝန်ထမ်းများ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ပါဝင်ဆွေးနွေးကြသည်။ **(ယာပုံ)**

## စုပေါင်းဆောင်ရွက်ရမည်

ရှင်းလင်းဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက ၂၀၁၆ ခုနှစ်မှ ယနေ့အထိ ဆောင်ရွက်လျက်ရှိသော အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၁) အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုအပေါ် ပညာရေးကဏ္ဍလေ့လာသုံးသပ်မှု (Education Sector Analysis-ESA) မှ လေ့လာတွေ့ရှိချက်များအရ မည်မျှအောင်မြင်သည်၊ မည်မျှ အကောင်အထည်ဖော်နိုင်သည်၊ မည်သည့်လုပ်ငန်းများတွင် အခက်အခဲများ၊ စိန်ခေါ်မှုများကို ဖြေရှင်းကာ ဖြည့်ဆည်းပေးရမည်ကို ပြန်လည်သုံးသပ်၍ ပညာရေးဝန်ကြီးဌာနအပါအဝင် ဦးစီးဌာနများ၊ တက္ကသိုလ်များ၊ ကျောင်းများနှင့် သိပ္ပံများသည် မိသားစုဝင်များအဖြစ် တစ်ဦးနှင့်တစ်ဦးကူညီကာ ပူးပေါင်းဆောင်ရွက်တတ်သည့် စိတ်ဓာတ်သည် အရေးကြီးပါကြောင်း၊ အဆိုပါစိတ်ဓာတ်များကိုအခြေခံပြီး ပူးပေါင်းဆောင်ရွက်မှုနှင့် စုပေါင်းအင်အားဖြင့်သာ ပညာရေးပြုပြင်ပြောင်းလဲမှုကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း၊ ပညာရေးသည် နှစ်ပေါင်းများစွာ အားနည်းခဲ့သည့်အတွက် အရည်အသွေးရှိသည့်ပညာရေးကို ဦးတည်အကောင်အထည်ဖော် ဆောင်ရွက်နေရပါကြောင်း၊ ထို့ကြောင့် မိသားစုစိတ်ဓာတ်ဖြင့် စုပေါင်း၍ ပူးပေါင်းပါဝင်ဆောင်ရွက်မည်ဆိုပါက အောင်မြင်နေသည့်လုပ်ငန်းများကို ဆက်လက်အရှိန်အဟုန်မြှင့်ကာ ပိုမိုအောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဖြစ်သကဲ့သို့ အခက်အခဲများ၊ စိန်ခေါ်မှုများရှိသည့်၊ ဖြည့်ဆည်းပေးရန်ရှိသည့် လုပ်ငန်းများကို ပြန်လည်စိစစ်ပြီး တစ်ဦးနှင့်တစ်ဦးကူညီပြီး စုပေါင်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊

အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း(၂၀၁၆-၂၀၂၁)အရ ပညာရေးပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ရာတွင် မည်သည့်ခွဲခြားမှုမျှမရှိရေး၊ မည်သူတစ်ဦးတစ်ယောက်မျှမကျန်စေရေး၊ ကျောင်းထွက်သူမရှိရေး၊ သင်ယူမှုမဆုံးရှုံးစေရေးဟူသော မူဝါဒများအပေါ် အခြေခံကာ ကျောင်းသားလူငယ်များ ကမ္ဘာ့လူသားကောင်းဖြစ်လာစေရေး၊ ပူးပေါင်းဆောင်ရွက်တတ်ရေး၊ တာဝန်ယူမှု တာဝန်ခံမှု၊ ဆန်းသစ်တီထွင်မှုနှင့် ဖန်တီးမှု စသည့် Core Values of Objectives များရရှိစေရန် ဦးတည်အကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ နိုင်ငံတော်အနေဖြင့် ပညာရေးတွင်ရင်းနှီးမြှုပ်နှံခြင်းကို အားပေးလျက် ဘဏ္ဍာရေးအသုံးစရိတ်များကို နှစ်စဉ်တိုးမြှင့် ခွင့်ပြုပေးလျက်ရှိပါကြောင်း၊ သူငယ်တန်း+၁၂ တန်း အခြေခံပညာရေးသင်ရိုးသစ် ကျောင်းသုံးဖတ်စာအုပ်များပြုစုပြီး အခမဲ့ဖြန့်ဝေခဲ့ပါကြောင်း၊ ဆရာများအတွက် တတ်ကျွမ်းမှုစံသတ်မှတ်ချက်အညွှန်းဘောင်(Teacher Compentency Standard Framework - TCSF) အပေါ် အခြေခံ၍ သင်ကြားသင်ယူမှု နည်းစနစ်သစ်များဖြင့် သင်ကြားသင်ယူကြရမည် ဖြစ်ပါကြောင်း၊ ဆရာ ဆရာမများ ခန့်ထားခြင်း၊ ပြောင်းရွှေ့ခြင်း၊ ရာထူးတိုးခြင်း၊ လုပ်ငန်းသစ်အတွက် ကျွမ်းကျင်မှုဖြည့်ဆည်းခြင်း ၊ ကျွမ်းကျင်မှုမြှင့်တင်ခြင်း၊စဉ်ဆက်မပြတ် အတတ်ပညာဖွံ့ဖြိုးတိုးတက်မှုအခွင့်အလမ်းများရရှိရန် သင်တန်းပေးခြင်း၊ စစ်ဆေးအကဲဖြတ်မှုပြောင်းလဲခြင်း၊ ပညာသင်စရိတ်ချီးမြှင့်ခြင်း၊ စီမံခန့်ခွဲမှု လေ့ကျင့်ပျိုးထောင်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပြီး တိုင်းရင်းသားဒေသများကို ဦးစားပေး၍ လိုအပ်ချက်များ ပံ့ပိုးဖြည့်ဆည်းခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း။

မူလတန်း၊ အလယ်တန်း၊ အထက်တန်းပြီးမြောက်သူ ကျောင်းသားဦးရေ တိုးတက်လာပါကြောင်း၊ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် ပထမဆုံးအကြိမ် အထက်တန်းကျောင်းသားဦးရေ စုစုပေါင်း တစ်သန်းကျော် ရှိလာပါကြောင်း၊ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းသားဦးရေစုစုပေါင်း ၉ ဒသမ ၇၁၆ သန်းအထိ ရှိလာပါကြောင်း၊ စစ်ဆေးအကဲဖြတ်မှုအပိုင်းတွင်လည်း စဉ်းစားတွေးခေါ်မှု၊ ပြဿနာဖြေရှင်းနိုင်မှုတို့ကို အားပေးသော စစ်ဆေးအကဲဖြတ်ခြင်းများကို စတင်အသုံးပြုလာပါကြောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် သတ်မှတ်ချက် ခုနစ်ချက်ကို ပြည့်မီသဖြင့် အထက်တန်းသင်ယူပြီးမြောက်သည့် လက်မှတ်ရရှိသူ ဦးရေ ၅၆၆၂၇၄ ရှိပါကြောင်း။

## ဘက်လိုက်ခြင်းများကို ခွင့်မပြု

အရှေ့တောင်အာရှ မူလတန်းသင်ယူတတ်မြောက်မှုဆန်းစစ်ချက်၊ မူလတန်းအဆင့် စာဖတ်စွမ်းရည်အကဲဖြတ်မှု၊ မူလတန်းအဆင့် သင်္ချာစွမ်းရည်အကဲဖြတ်မှုအစီရင်ခံစာများအရ မြန်မာနိုင်ငံ မူလတန်းကလေးငယ်များသည် စာဖတ်ခြင်း၊ ရေးသားခြင်းနှင့် သင်္ချာစွမ်းရည်များ အားကောင်းသည်ဟု တွေ့ရှိရပါကြောင်း၊ ၂၀၁၆ မှ ၂၀၂၀ အထိ နိုင်ငံတကာ သင်္ချာအိုလံပီယာ့တွင် အထက်တန်းကျောင်းသားများ ဝင်ရောက်ယှဉ်ပြိုင်ရာတွင် Honorary Mention ခြောက်ခု ရရှိရန် စွမ်းဆောင်နိုင်ခဲ့ပါကြောင်း၊ ကျောင်းသားလူငယ်များ ကမ္ဘာ့လူသားကောင်းဖြစ်မှု၊ ကောင်းမွန်သော သဘောထားအမြင်နှင့် တန်ဖိုးများအားကောင်းရန် လိုအပ်ပါကြောင်း၊ မိဘများက ကျောင်းသား ကျောင်းသူများ၏ သင်ယူတတ်မြောက်မှု အရည်အသွေးကောင်းမွန်လာစေရေး မိဘဆရာအသင်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနသည် လက်ဆောင်ပေးခြင်း၊ ယူခြင်း၊ အုပ်စုဖွဲ့၍ ဆောင်ရွက်ခြင်းနှင့် ဘက်လိုက်ခြင်းများကို ခွင့်မပြုပါကြောင်း။

အမျိုးသားပညာအရည်အချင်း မူဘောင်သတ်မှတ်ချက်အရ အခြေခံပညာ သင်ယူပြီးမြောက်ကြောင်း လက်မှတ်ရရှိသူများအနေဖြင့် Level 4 အသက်မွေးဝမ်းကျောင်းသင်တန်းများနှင့် Level 5 အသက်မွေးဝမ်းကျောင်း Diploma နှင့် Advanced Diploma သင်တန်းများအပြင် Open University တို့ကို အဆင့်ဆင့်တက်ရောက်နိုင်မည်ဖြစ်သည့်အတွက် စဉ်ဆက်မပြတ် အတတ်ပညာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေပါကြောင်း။

အရည်အသွေးရှိသောပညာရေးအတွက် ဆရာများ၏ ပညာရပ်ဆိုင်ရာစွမ်းဆောင်မှုနှင့် စိတ်ဓာတ်ရင့်ကျက်တည်ငြိမ်မှု၊ တစ်ပါးသူကို စာနာပေးနိုင်မှုအတွက် အရေးကြီးသကဲ့သို့ စီမံဝန်ထမ်းများ၏ စွမ်းဆောင်ရည်ရှိစေရန်နှင့် အင်္ဂလိပ်စာစွမ်းရည်၊ အိုင်စီတီနည်းပညာစွမ်းရည်နှင့် ရုံးစီမံခန့်ခွဲမှု စွမ်းဆောင်ရည်တို့သည် အရေးကြီးပါကြောင်း၊ တိုင်းရင်းသားဒေသများ၏လိုအပ်ချက်နှင့် စိန်ခေါ်မှုများကို ဦးစားပေး၍ ထောက်ပံ့သွားရန်လည်း လိုအပ်သကဲ့သို့ အခြားဒေသများ၏ လိုအပ်ချက်နှင့် ဦးစားပေးလုပ်ငန်းများကို ထိထိရောက်ရောက် ပွင့်လင်းမြင်သာစွာ ထောက်ပံ့ပေးရန် လိုအပ်ပါကြောင်း၊ တိုင်းရင်းသားများ၊ ဆရာများ၊ ကျောင်းသားများ၏ လိုအပ်ချက်ကို ဦးစားပေးအစီအစဉ်ဖြင့် ဘဏ္ဍာရေးဆိုင်ရာနှင့် စာရင်းစစ်ဆေးခြင်းဆိုင်ရာ ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဘဏ္ဍာငွေသုံးစွဲထောက်ပံ့သွားရန် အရေးကြီးပါကြောင်း၊ အမျိုးသားပညာအရည်အချင်းအညွှန်းဘောင်၊ ခရက်ဒစ်လွှဲပြောင်းမှု၊ အရည်အသွေးအာမခံမှုများကို မူဝါဒလုပ်ငန်းစဉ်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အားပေးဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ တိုင်းရင်းသားဒေသများကို ဦးစားပေး၍ တစ်သက်တာပေါင်းစပ်သင်ယူမှု အခွင့်အလမ်းများ ဖြည့်ဆည်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနတွင် အင်္ဂလိပ်ဘာသာစကားကျွမ်းကျင်မှုမြှင့်တင်ရေးသင်တန်း ကိုးကြိမ်၊ အိုင်စီတီနည်းပညာဆိုင်ရာသင်တန်း ခုနစ်ကြိမ်နှင့် စီမံခန့်ခွဲမှု၊ ဘဏ္ဍာငွေစီမံခန့်ခွဲမှု သင်တန်းများကို ပို့ချလေ့ကျင့်ခဲ့ပါကြောင်း။

## အရည်အသွေးမြှင့်တင်ပေးရမည်

အရည်အချင်းပြည့်ဝသည့် ဆရာ ဆရာမများ ဖြစ်ထွန်းစေရေးအတွက် အရည်အသွေးမြှင့်တင်ပေးရမည် ဖြစ်သကဲ့သို့ စီမံခန့်ခွဲရေးဝန်ထမ်းများကိုလည်း အရည်အသွေးမြှင့်တင်ပေးရမည် ဖြစ်ပါကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် ခေတ်နှင့်အညီ သင်ကြားသင်ယူမှုစနစ် မြှင့်တင်ရန်နှင့် စီမံခန့်ခွဲမှုစနစ်မြှင့်တင်နိုင်ရန်အတွက် လိုအပ်သော နည်းပညာနှင့် အခြေခံအဆောက်အအုံများကို ပံ့ပိုးဖြည့်ဆည်းပေးရမည်ဖြစ်ပါကြောင်း၊ တက္ကသိုလ်နှင့် ကျောင်းများတွင် မှတ်ပုံတင်ခြင်း၊ ငွေသွင်းခြင်း၊ အောင်လက်မှတ်ထုတ်ခြင်းတို့အတွက် ဒစ်ဂျစ်တယ်/ အွန်လိုင်း စနစ်နှင့် ဒစ်ဂျစ်တယ်ဘဏ်စနစ်တို့ကို အားပေးဖြည့်ဆည်းရန် လိုအပ် ပါကြောင်း။

နည်းပညာ၊ သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးကဏ္ဍတွင် ဒေသလိုအပ်ချက်နှင့် ကိုက်ညီသည့် ကာလတိုသင်တန်း၊ ဒီပလိုမာသင်တန်းများ တိုးချဲ့ဖွင့်လှစ်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသကဲ့သို့ သင်ရိုးညွှန်းတမ်းများအဆင့်မြှင့်တင်ခြင်းနှင့် ပေါင်းစပ်သင်ယူမှု အားပေးခြင်းတို့ကို ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

တက္ကသိုလ်များတွင် မဟာစီမံကိန်းနှင့် တက္ကသိုလ်ပဋိညာဉ်စာတမ်းနှင့်အညီ တက္ကသိုလ်များ လွတ်လပ်စွာစီမံခန့်ခွဲမှုကို အားပေးရမည်ဖြစ်သကဲ့သို့ တက္ကသိုလ်ကောင်စီ၊ တက္ကသိုလ်ပညာရေးအဖွဲ့၊ တက္ကသိုလ်စီမံခန့်ခွဲမှုအဖွဲ့တို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် သုတေသန၊ သင်ရိုးညွှန်းတမ်း၊ သင်ကြားသင်ယူမှု၊ သီအိုရီ၊ လက်တွေ့တို့ကို အားပေးဆောင်ရွက်ကာ အလုပ်အကိုင်ရရှိရေးကို ဦးတည်ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ မူဝါဒ လမ်းညွှန်စံသတ်မှတ်ချက်များနှင့်အညီ ဒေသလိုအပ်ချက်နှင့် ကိုက်ညီသည့် ဒီပလိုမာသင်တန်းများ၊ ရိုးရိုးဘွဲ့သင်တန်းများ၊ မဟာဘွဲ့သင်တန်းများ၊ ပါရဂူဘွဲ့သင်တန်းများ တိုးချဲ့ဖွင့်လှစ်နိုင်ရေးပံ့ပိုးဖြည့်ဆည်းခြင်း၊ သင်ရိုးညွှန်းတမ်းများ အဆင့်မြှင့်တင်ခြင်းတို့ကို ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ အဆင့်မြင့်နည်းပညာဖြင့်သင်ယူမှုနှင့် ထိတွေ့သင်ယူမှုတို့ကို ပေါင်းစပ်ထားသည့် ပေါင်းစပ်သင်ယူမှုကို ကျင့်သုံးဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ Credit Transfer System ဆောင်ရွက်မှုကို အားပေးရမည် ဖြစ်သကဲ့သို့ သုတေသနဆောင်ရွက်မှုကိုလည်း အားပေးရမည်ဖြစ်ပါကြောင်း၊ အရည်အသွေးအာမခံမှုနှင့် အရည်အသွေး အသိအမှတ်ပြုမှုစနစ်တို့ကို ထူထောင်ရမည် ဖြစ်သကဲ့သို့ ပညာသင်ထောက်ပံ့မှုကိုလည်း အားပေးရမည်ဖြစ်ပါကြောင်း၊ စွမ်းဆောင်ရည်နှင့် ပူးပေါင်းဆောင်ရွက်မှု အရည်အချင်းတို့ကို အခြေခံ၍ ဆရာ၊ ဝန်ထမ်း ခန့်/ပြောင်း/တိုး အားပေးခြင်း၊ ဆရာ၊ ဝန်ထမ်း၊ ကျောင်းသားများနှင့် ပူးပေါင်း၍ တက္ကသိုလ်အရည်အသွေးမြင့်မားရေး အားပေးဆောင်ရွက်ခြင်း၊ ကျောင်းသားဟောင်းများ၊ ကုန်သည်များ၊ စက်မှုလက်မှုလုပ်ငန်းရှင်များ၊ ပြည်တွင်းအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ စီမံခန့်ခွဲရေး၊ ဘဏ္ဍာရေးဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်မှု အားပေးခြင်း၊ နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ပညာဗဟုသုတ၊ ကျွမ်းကျင်မှု၊ သဘောထားအမြင်၊ တန်ဖိုးထားမှုကဲ့သို့သော ၂၁ ရာစု ကျွမ်းကျင်မှုနှင့် စွမ်းဆောင်ရည်များ မြှင့်တင်သွားရန်နှင့် ကျိုးကြောင်းဆင်ခြင်မှုနှင့် ပြဿနာကိုဖြေရှင်းမှုကဲ့သို့သော Higher-order Thinking Skills များရရှိရန် သဘောပေါက်နားလည်ခြင်း၊ မှတ်မိခြင်း၊ အသုံးချခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်း၊ ပြန်လည်သုံးသပ်ခြင်း ၊ ဖန်တီးခြင်း၊ ဆန်းသစ်တီထွင်ခြင်းအလေ့အထများကို အားပေးဆောင်ရွက်ရမည် ဖြစ်ပါကြောင်း။

အရည်အသွေးရှိသည့် အခြေခံပညာအထက်တန်းအဆင့်ကို လူတိုင်းပြီးမြောက်ရေးဆီသို့ ဦးတည်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အကျိုးရှိသည့် ဘာသာရပ်များကို တစ်သက်တာ ပေါင်းစပ်သင်ယူမှု အခွင့်အလမ်းရှိရေးအတွက် စုပေါင်းအင်အားဖြင့် ညီညီညွတ်ညွတ် အကောင်အထည်ဖော် ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါကြောင်း စသည်ဖြင့် အဖွင့်အမှာစကားပြောကြားသည်။

## ရှင်းလင်းဆွေးနွေး

ထို့နောက် ပညာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာဇော်မြင့်က အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၂၁-၂၀၃၀) ရေးဆွဲခြင်းလုပ်ငန်းကို မိတ်ဆက်ရှင်းလင်းကာ UNESCO IIEP က ဆောင်ရွက်ထားသော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ချက် (Education Sector Analysis - ESA) အစီရင်ခံစာကို ဆက်လက်ရှင်းလင်းဆွေးနွေးသည်။ ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်းက အခြေခံပညာကဏ္ဍ၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုင်းကျော်နိုင်ဦးက နည်းပညာနှင့် သက်မွေးပညာကဏ္ဍ၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းဝင်းက အဆင့်မြင့် ပညာကဏ္ဍ၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းထွန်းက စီမံခန့်ခွဲမှု၊ ပူးပေါင်းဆောင်ရွက်မှု၊ အရည်အသွေးမြှင့်တင်မှုနှင့် အရည်အသွေးအာမခံမှုကဏ္ဍတို့ကို ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် တက်ရောက်လာသူများက အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း(၂၀၂၁-၂၀၃၀) ရေးဆွဲရေးနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ မေးမြန်းအကြံပြုဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ရာပြည့်တက္ကသိုလ်ကို ဂုဏ်ပြုကြိုဆိုသည် အငြိမ့်ဒဂုံကေရီ

ကိုနေ(မြန်မာစာ)

**(ခြေဆင်း)** နေဝန်းရယ်နီ .... ရွှေရည်ထွန်းလေပြီ ... နေခြည်ဖြာကျ ရွှေညီလာခ ကျွန်မအလှ

ပန်းကခြေသည် ရွှေမင်းသမီးလေး ထက်ရတီ

သွန်းညောင်ရေ လောင်းကာလေ တောင်းဆုမေတ္တာဝေ . ကမ္ဘာသူ ကမ္ဘာသားတွေ ကျန်းမာ ချမ်းသာကြပါစေ ... တစ်ပါးအလှ ကညာမေ . အနားက မခွာမသွေ လှပကာ သာယာပါစေ ပို့သကာ

အေးမြကြပါစေ ... ဆင်းသိင်္ဂီ ဘရဏီ တစ်နှီးလေ မပျက်အခြေတည် ... မတဆန်းဝေ ... ထက်ရတီတို့ရဲ့လှပအငြိမ့်ခန်းပေ ....

(သမီးတို့ငယ်ငယ် ကလေးဘဝအရွယ်
... ဆိုင်းသံဗုံသံကြားရင်
ကချင်ခုန်ချင်စိတ်တွေ ...ဖြစ်ပေါ်ခဲ့တယ်
...)၂

ဖေဖေမေမေ ပေးခဲ့တဲ့ နာမည်လေးရယ်
အနုပညာဝါသနာထုံတဲ့
ထက်ရတီမင်းသမီးလေးတဲ့ကွယ်...
(CHO) (ထက်ရတီ ကလေးနမ
ဒို့မေးပါရစေ ...ကျောင်းသူလေလား
သဘင်သည်လေလားကွယ် ..)
ကျောင်းသူဆိုလည်း ကျောင်းသူပဲပေါ့
သဘင်သည်ဆိုလည်း သဘင်သည်ပဲပေါ့
စာပေဂီတအနုပညာ ပန်းပေါင်းစုံညီ
ပွင့်လန်းရာ ဒဂုံတက္ကသိုလ်မှာ..
ဒဂုံကေရီအငြိမ့်သဘင်ပါ...

သီချင်းလေးသည်ကား ရန်ကုန်တက္ကသိုလ်၏ ရာပြည့်သဘင်တက္ကသိုလ်အငြိမ့်အဖွဲ့များ ဂုဏ်ပြုဖျော်ဖြေပွဲတွင် တင်ဆက်ကပြ ဖျော်ဖြေသည့် ဒဂုံတက္ကသိုလ် အနုပညာအသင်းကြီး၏ ဒဂုံကေရီ အငြိမ့်အဖွဲ့ မင်းသမီး ကပြခဲ့သည့် ကေရီအငြိမ့် သီချင်းပင်ဖြစ်သည်။ ဒဂုံတက္ကသိုလ် ဒုတိယ ပါမောက္ခချုပ် ဒေါက်တာနုနုရီနှင့် ဒုတိယပါမောက္ခချုပ် ဒေါက်တာနေသွယ်ကြည်တို့က စီစဉ်ခဲ့ခြင်းဖြစ်သည်။ ဒဂုံတက္ကသိုလ် အနုပညာအသင်း ဥက္ကဋ္ဌ မြန်မာစာဌာန ပါမောက္ခဌာနမှူး ဒေါက်တာထိပ်တင်ဟန်က ကြီးကြပ်စီစဉ်ညွှန်ကြားခဲ့ခြင်းဖြစ်သည်။ ထိုအငြိမ့်တွင် မင်းသမီးထက်ရတီလွင် (ဒုတိယနှစ်၊ မြန်မာစာ)၊ လူရွှင်တော်များအဖြစ် ချစ်ယုံ (စတုတ္ထနှစ်၊ သင်္ချာ)၊ ပါကျဲ(စတုတ္ထနှစ်၊ မြန်မာမှုပညာ)၊ ဝမ်းဝမ်း (စတုတ္ထနှစ်၊ ကုန်ထုတ်ဓာတုဗေဒ) နှင့် ခတ်ဘူး(တတိယနှစ်၊ မြန်မာစာ) တို့ပါဝင်ကပြခြင်း ဖြစ်သည်။ ဒဂုံကေရီ အငြိမ့်အဖွဲ့နှင့် မေးမြန်းထားသည်များကို အခုလို ရေးသားတင်ပြ လိုက်ရပါသည်။

### ဒဂုံကေရီအငြိမ့်၏ ကြိုးစားအားထုတ်မှု

ဒဂုံကေရီအငြိမ့်အဖွဲ့မှာ အငြိမ့်သီချင်းတွေနဲ့ လိုက်ဖက်အောင် ကကြိုးကကွက်တွေကို ဖန်တီးပုံဖော်ခဲ့ပုံကို မင်းသမီးထက်ရတီလွင်က "သမီးတို့ရဲ့ဆရာမကြီး ဒေါက်တာထိပ်တင်ဟန်က အဖွင့်သီချင်း၊ အပိတ်သီချင်းနဲ့ ချစ်သက်လျှာ သီချင်းတွေကို သမီးအတွက် ရေးစပ်ပေးပါတယ်။ ဆရာမကြီးရဲ့ စာသားတွေက သမီးကဖို့အတွက် ပြီးပြည့်စုံခဲ့ပါတယ်။ မင်းသမီးပညာသီချင်းလေးကတော့ ဆရာ ရွာစားကြီးဦးအောင်ဝမ်းတူးက ရေးစပ်ပေးခဲ့တာပါ။ ဆရာဦးအောင်ဝမ်းတူးကတော့ အဆစ်ကြီး ဝါးလတ်အစရှိတဲ့ ကကွက်များအတွက် မြူးကြွတဲ့ သံစဉ်များကို ဖန်တီးပေးပြီးတော့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဆိုင်းဝိုင်းကြီး ရွာစားစတား ဗိုလ်လှိုင်းနှင့် အဖွဲ့ကတော့ အကောင်းဆုံးဖြစ်အောင် ပံ့ပိုးပေးခဲ့ပါတယ်"ဟု ပြန်ပြောပြခဲ့သည်။

အငြိမ့်ပြက်လုံးများနှင့် လိုက်ဖက်အောင် မည်ကဲ့သို့ ပြင်ဆင်ပံ့ပိုးပေးခဲ့သည်၊ လူရွှင်တော်များနှင့် မည်ကဲ့သို့ပူးပေါင်းဆောင်ရွက်ခဲ့သည်ဆိုသည်ကို ထက်ရတီလွင်က "ဆရာမကြီးရဲ့ ဦးဆောင်ပံ့ပိုးမှုနဲ့ သမီးရယ်၊ လူရွှင်တော်အစ်ကို လေးယောက်ရယ် အဖွဲ့အစည်းစိတ်အပြည့်နဲ့ အားလုံးတိုင်တိုင်ပင်ပင် ကြိုးစားခဲ့ကြပါတယ်။ ဆရာမကြီးကလည်း လိုလေသေးမရှိအောင် ပံ့ပိုးမှုကောင်းကောင်းနဲ့ စီစဉ်ပေးခဲ့ပါတယ်"ဟု ပြောပြခဲ့သည်။

အငြိမ့် ခွန်းထောက်တွေနဲ့ အပြန်အလှန်မိတ်ဆက်ခဲ့ရာတွင် ဥပမာ လူရွှင်တော်များက မင်းသမီးကို ပီယဝါစာချစ်ဖွယ်သော စကားတွေနဲ့ နှုတ်ဆက်စကားပြောကြားခဲ့ရာတွင် အဆင်ပြေခဲ့သည် ဆိုသည်ကို "အငြိမ့်ခွန်းထောက်နဲ့ ပရိကံစကားကတော့ ဆရာမကြီး ဒေါက်တာထိပ်တင်ဟန်နဲ့ လူရွှင်တော် အဖေ ရွှေဖလားဦးချစ်ချောတို့ရဲ့ အစီအစဉ်နဲ့ပဲ အဆင်ပြေချောမွေ့ခဲ့ပါတယ်။ လူရွှင်တော်က မင်းသမီး အခေါ်လေးတွေမှာလည်း လူရွှင်တော်ကြီးသင်ပြမှုနဲ့ သေသပ်လှပစွာ လုပ်ဆောင်နိုင်ခဲ့ပါတယ်။ လူရွှင်တော် အစ်ကိုတွေနဲ့လည်း အဖွဲ့အစည်းစိတ်အပြည့်နဲ့ စည်းစည်းလုံးလုံးညှိနှိုင်းပြီး အမြဲတိုင်ပင်ခဲ့တဲ့ အကျိုးကျေးဇူးများကိုလည်း အပြည့်အဝခံစားခဲ့ရပါတယ်"ဟု ထက်ရတီလွင်က ပြောပြခဲ့သည်။

ဒဂုံကေရီအငြိမ့်အဖွဲ့ရဲ့ ခွန်းထောက်ကိုတော့ အခုလို ကြားသိခဲ့ရပါတယ်။

- မပျက် အညီသာ ရှုမြင်စမ်းလိုက်ပါတော့ ရက်ရှည်ကြာ ယခုပင်လွမ်းလိုက်ပါဘိ တက္ကသီလာ ဥယျာဉ်နန်းရယ်က နှစ်တစ်ရာ။
- သမိုင်းတင်စရာ ကဗျာမော်ကွန်းတွေနဲ့ နှိုင်းယှဉ်ကာ စာဖော်လို့ ညွှန်းရရင်ကွယ် ကွန်းထောက်ခိုရာ။
- အသိနဲ့ပညာ၊ စုံပါလို့ယှဉ်တွဲ တို့နိုင်ငံကိုတည်ဆောက်ကြမယ် ထွန်းတောက်အောင်ပွဲ။

ဒဂုံကေရီအငြိမ့်ရဲ့ ပရိကံစကားကိုလည်း ဤသို့ ရေးဖွဲ့ထားသည်။

"သဘင်သဘင် အမြင်လွယ်သလောက် တကယ်လုပ်တော့အဟုတ်ခက် ရုတ်တရက်နှင့် မရှက်လျှင်ပြီးရောဆိုပြီး ဒါမျိုးဆိုတာ တစ်စိတ်တင်မှတ်တတ်တာ ကိုးဗျ။

ဟိုး အထက်ဥက္ကဋ္ဌာက ကျွန်တော်တို့ အာစရာများက သဒ္ဒါအားဖြင့် ကြိယာကြွယ်လေတော့ သိသာဖွယ် အများအားဖြင့် ခြားနားစွာပြခဲ့တာက "သိင်္ဂါရော ကရုဏာ၊ ဝီရာ၊ ဟဿာ၊ အဗ္ဘုတာ၊ ဝိဘစ္ဆာ၊ သန္တာ၊ ဘယာနကာ၊ ရုဒ္ဒါနိက္ခမေနာ" လို့ ကိုးပါးသောသဘင်ကို ထင်ရှားစွာ ပြခဲ့တာက သဘင်စလွယ်ကိုးပါးတဲ့ လားဗျာ။"

"အကာ၊ ကမိုင်း၊ အပိုင်း။ အဖြတ်၊ အရပ်၊ အနား၊ အထား၊ အသို၊ ဂရု၊ လဟု၊ အဖု၊ အထစ်" မပြေပြစ်ရင် သဘင်ဆိုတာ အခြေအမြစ် မရှိနိုင်ပါဘူးဗျာ။

"ရန်ကုန်တက္ကသိုလ် ရာပြည့်အငြိမ့်ပြိုင်ပွဲပြုလုပ်မယ်လို့ စတင်သိရတဲ့ ဩဂုတ်လ တတိယပတ်မှာကတည်းက ပြိုင်ပွဲဝင်ဖို့ ပြင်ဆင်ခဲ့ပါတယ်။ လူရွှင်တော်တွေနဲ့ မင်းသမီးကိုတော့ ဆရာမကြီး ဒေါက်တာထိပ်တင်ဟန်က စိစစ်ရွေးချယ်ပြီး ဖွဲ့စည်းခဲ့တာ ဖြစ်ပါတယ်" ဟု လူရွှင်တော်တစ်ဦးဖြစ်သူ ပါကျဲက ပြောပြခဲ့သည်။

### အငြိမ့်ပြက်လုံးများ ဖန်တီးမှု

အငြိမ့်ပြက်လုံးတွေကို ဖန်တီးဖြစ်ခဲ့ပုံကို "အငြိမ့်ပြက်လုံးတွေကိုတော့ လူရွှင်တော်ကြီး ရွှေဖလား ဦးချစ်ချောက စီမံပေးခဲ့တာဖြစ်ပါတယ်။ ကျွန်တော်တို့ စီနီယာအစ်ကိုများကလည်း ပံ့ပိုးပေးခဲ့ပါတယ်။ ကျောင်းသားပီပီ ပါဝင်ရတာဖြစ်တဲ့အတွက် တတ်နိုင်သမျှ ယဉ်ကျေးတဲ့ပြက်လုံးတွေကို သုံးခဲ့ပါတယ်။ တက္ကသိုလ်ရဲ့ ပုံရိပ်ပါဝင်အောင်လည်း ကြိုးစားခဲ့ပါတယ်" ဟု ပါကျဲက ဖွင့်ဟပြောဆိုခဲ့သည်။

"ပန်းပေါင်းစုံညီ ပွင့်လန်းတင့်ဆန်းပေတော့သည် ... အားကစားနဲ့ အနုပညာ
ကြက်ခြေနီ ကင်းထောက်ပါအတည် ...
ဝါသနာပါရာ ကိုယ်တိုင်ဘဲ ဆင်နွဲနိုင်ကြသည်
အရှေ့တောင်အာရှမှာ အကြီးဆုံးတက္ကသိုလ်ဖြစ်သည် ... ထူးချွန်ထက်မြက်တဲ့
ပညာရှင်များ မွေးခဲ့ပြီ .....
ကမ္ဘာ့တက္ကသိုလ်များနဲ့ ချိတ်ဆက်သင်ယူနိုင်ပြီ ပွင့်သောပန်းတိုင်း လန်းရမည်လို့
ရဲမာန်ဝင့်ချီ ကမ်းလင့်နေမည်

အို ... ကြိုဆိုလျက်အတည် လှဒဂုံကေရီ" ဆိုသည့် ဆရာမကြီး ဒေါက်တာထိပ်တင်ဟန် ရေးစပ်သီကုံးထားသည့် ဒဂုံကေရီအငြိမ့် အပိတ်သီချင်းလေးနှင့်အတူ ဒဂုံကေရီအငြိမ့်၏ အနာဂတ်မျှော်မှန်းချက်ကို မေးမြန်းဖြစ်ခဲ့သည်။

အငြိမ့်အပေါ်ထားရှိတဲ့ အနာဂတ်မျှော်မှန်းချက်ကို လူရွှင်တော်ခတ်ဘူးက "အငြိမ့်ဆိုတာ သာယာငြိမ့်ညောင်းသော အတီး၊ အဆို၊ အကကို အခြေခံပြီး ဇာတ်လမ်းဇာတ်ကွက်မပါ၊ မင်းသမီးနှင့် လူပြက်သာ ကပြသောပွဲသဘင်လို့ မြန်မာအဘိဓာန်မှာ ဖွင့်ဆိုထားပါတယ်။ အငြိမ့်ဆိုတာ လူနည်းနည်းနဲ့ လုပ်အားများများ ပြသလို့ရတဲ့ မြန်မာ့ရိုးရာ ဖြစ်ပါတယ်လို့ လူရွှင်တော်ကြီး ဦးမိုးဒီက မိန့်ကြားဖူးပါတယ်။ ဒါကြောင့် အငြိမ့်ဆိုတာ အင်မတန် တန်ဖိုးထားစရာကောင်းတဲ့ မြန်မာ့ရိုးရာ ယဉ်ကျေးမှု တစ်ခုပဲ ဖြစ်ပါတယ် ခင်ဗျာ။ တစ်ချိန်တစ်ခါကလည်း တက္ကသိုလ်ကျောင်းများမှာ တက္ကသိုလ်အငြိမ့်ဆိုတာ တစ်ခေတ်ဆန်းခဲ့ပါတယ်။ ဒါကြောင့်မို့ မျိုးဆက်သစ်များဖြစ်တဲ့ ကျွန်တော်တို့ တက္ကသိုလ်ကျောင်းသား ကျောင်းသူများဟာ အငြိမ့်ပညာကို တန်ဖိုးထားကြောင်း ဒီပွဲလေးမှာ ပြသနိုင်ခွင့်ရသလို တက္ကသိုလ်အငြိမ့်ကိုလည်း တစ်ခန်းဖွင့်လှစ်ခွင့်ရခဲ့တဲ့အတွက် အင်မတန် ကျေးဇူးတင်မိပါတယ်။ အနာဂတ်မျှော်မှန်းချက်ကတော့ အငြိမ့်ဆိုတာ မြန်မာ့ရိုးရာ ယဉ်ကျေးမှုတစ်ခု ဖြစ်ပါတယ်။ ဒီရိုးရာယဉ်ကျေးမှုကို ဆက်လက်ထိန်းသိမ်းသင့်တာ ကျွန်တော်တို့ မြန်မာလူမျိုးများရဲ့တာဝန်ပဲ ဖြစ်ပါတယ် ခင်ဗျာ။ ဒီလိုရိုးရာယဉ်ကျေးမှုကို ခေတ်အဆက်ဆက် အနာဂတ်မှာလည်း ထိန်းသိမ်းနိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းမိပါတယ်။" ဟု ပြောကြားခဲ့ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။



ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀) ပြည့် ရာပြည့်သဘင်ပွဲ၌ ဒဂုံကေရီ တက္ကသိုလ်အငြိမ့်အဖွဲ့။



### ဆောင်းပါးရှင်၏ ကိုယ်ရေးအကျဉ်း

- အမည်ရင်းမှာ လက်ထောက်ကထိက ဒေါက်တာနေလင်းဝေ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန ဖြစ်သည်။
- ၁၉၇၉ ခုနှစ် မေလ ၂၆ ရက်နေ့တွင် ရန်ကုန်မြို့ ဒဂုံမြို့နယ်တွင် မွေးဖွားသည်။
- ရန်ကုန်အဝေးသင်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ (မြန်မာစာ) ရရှိခဲ့ပြီး မဟာဝိဇ္ဇာဘွဲ့နှင့် မဟာသုတေသနဘွဲ့ (မြန်မာစာ)ကို ၂၀၀၇ ခုနှစ်နှင့် ၂၀၀၈ ခုနှစ်များတွင် ရရှိခဲ့သည်။
- ၂၀၀၈ ခုနှစ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် စတင် တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၁၅ ခုနှစ်၌ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနသို့ နည်းပြအဖြစ် ပြောင်းရွှေ့ တာဝန်ထမ်းဆောင်ခဲ့သည်။
- ၂၀၁၉ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန၌ လက်ထောက်ကထိကရာထူးသို့ တိုးမြှင့်ခြင်းခံရသည်။
- ၂၀၁၉ ခုနှစ် အောက်တိုဘာလတွင် ရန်ကုန်တက္ကသိုလ်မှ ပါရဂူဘွဲ့ကို မြန်မာစာအထူးပြုဖြင့် ရရှိခဲ့သည်။



# ချင်းပြည်နယ် ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ် ဖလမ်းမြို့ မြို့ပြစီမံကိန်းလုပ်ငန်း ညှိနှိုင်းအစည်းအဝေး တက်ရောက်

**ဖလမ်း ဒီဇင်ဘာ ၂၀**

ဖလမ်းမြို့ မြို့ပြစီမံကိန်းလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၂၀ ရက် နံနက် ၁၀ နာရီက ဖလမ်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ချင်းပြည်နယ် ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်နှင့် ပြည်နယ် စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးစိုးထက်တို့က အမှာစကားပြောကြားကြသည်။ ထို့နောက် မြို့ပြစီမံကိန်းလုပ်ငန်းဆောင်ရွက်မှုကို ဖလမ်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးကြားအွယ်က ပါဝါပွိုင့်ဖြင့် ရှင်းလင်းသည်။ ထို့နောက် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တက်ရောက်လာကြသူများက မြို့ပြ စီမံကိန်းနှင့်ပတ်သက်ပြီး ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဖလမ်းမြို့ မြို့ပြစီမံကိန်းကို ပထမသုတ်အဖြစ် တလန်လိုရပ်ကွက်နှင့် ကျင်မွာလ်ရပ်ကွက်အတွင်းတွင် မြေကွက် ၂၄၇ ကွက်ကို ဖော်ဆောင်နိုင်ခဲ့ပြီး ပြည်သူများကို မြေကွက်များ ချထားနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

# မြိတ်မြို့နယ်သမုတ်ကျေးရွာအုပ်စုရှိ သမုတ်– လွတ်လွတ်တံတားသစ်ဖွင့်လှစ်

**မြိတ် ဒီဇင်ဘာ ၂၀**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် သမုတ်ကျေးရွာအုပ်စု မြိတ် – ထားဝယ်– ရန်ကုန် ပြည်ထောင်စုလမ်းမကြီးပေါ်ရှိသမုတ်–လွတ်လွတ် တံတားသစ်ကြီးကို ဒီဇင်ဘာ၂၀ ရက် နံနက် ၇ နာရီ ၁၀ မိနစ်က ဖွင့်လှစ်ခဲ့သည်။

တံတားသစ်ဖွင့်ပွဲတွင် သမုတ်ကျေးရွာ သမုတ်ကျောင်းသစ်မှ ဆရာတော် ဦးကောဝိဒ အပါအဝင် ဆရာတော်ကြီးငါးပါးတို့က ပရိတ်တရားတော်များ ရွတ်ပွားပူဇော်ပြီး သမုတ်–လွတ်လွတ်တံတားကမ္ပည်းမော်ကွန်းကျောက်စာကို အမွှေးနံ့သာရည်များပက်ဖျန်း၍ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်မောင်နှင့် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တံတားဦးစီးဌာနမှ တာဝန်ရှိသူများက ကမ္ပည်းမော်ကွန်းကျောက်စာ တိုင်ကို အမွှေးနံ့သာရည်များ ပက်ဖျန်းကာ သမုတ်–လွတ်လွတ် တံတားသစ်ကို ဖွင့်လှစ်ဖြတ်သန်းခွင့်ပြုပေးခဲ့ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်မောင်နှင့် တာဝန်ရှိသူများက တံတားသစ်ကြီးအား ကြည့်ရှုစစ်ဆေးကာ မော်တော်ယာဉ်များ၊ ဆိုင်ကယ်များ ဖြတ်သန်းသွားလာနေမှုကို ကြည့်ရှုအားပေးသည်။

အဆိုပါတံတားကို ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့ (၄) မှ တာဝန်ယူ၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ခွင့်ပြုရန်ပုံငွေနှင့် တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့မှ တံတားနှင့် ချဉ်းကပ်လမ်းအပါအဝင် ခွင့်ပြုရန်ပုံငွေ စုစုပေါင်း ရန်ပုံငွေကျပ်သန်း ၁၁၈၀၀ ဖြင့် ၂၀၁၇ ခုနှစ် ဩဂုတ် ၁ ရက်မှ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလအထိတာဝန်ယူ တည်ဆောက်ပြီးစီးခဲ့ပြီး တံတား၏ အရှည် ၁၂၈၇ ပေ၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်းတစ်ဖက် သုံးပေစီပါရှိသည့် နှစ်လမ်းသွား တံတားဖြစ်ကြောင်း၊ တံတား၏ ခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်းခွင့်ပြုတန်ချိန် ၇၅ တန် ခံနိုင်ဝန်ရှိကာ ရေလမ်းကင်းလွတ်အကျယ် ၁၆၄ ပေနှင့် ရေလမ်းကင်းလွတ်အမြင့် ၁၅ ပေရှိပြီး တံတားအမျိုးအစားမှာ ဘိုးပိုင်အုတ်မြစ်၊ တံတားကိုယ်ထည်၊ တံတားတိုင်များမှာ သံကူကွန်ကရစ်များဖြစ်ပြီး တံတားအပေါ်ထည်မှာ ကြိုတင် သေတ္တာပုံသံမဏိရက်မနှင့် သံကူကွန်ကရစ် ရက်မ၊ ကရစ်ကြမ်းခင်းများဖြင့် တည်ဆောက်ထားကြောင်း သိရသည်။

မြင့်ဦး(မြိတ်)



တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်မောင်နှင့် တာဝန်ရှိသူများ တံတားပေါ်သို့ မော်တော်ယာဉ်များ ဖြတ်သန်းသွားလာမှုအား ကြည့်ရှုအားပေးစဉ်။

# ဒုတိယဝန်ကြီးဒေါက်တာကျော်လင်း ရန်ကုန် – ပြည် – မကွေး – မန္တလေးလမ်းပေါ်ရှိ ပရပ်ကျယ်တံတားနှင့် ရောဝတီတံတား (သရက်–အောင်လံ) တည်ဆောက်ရေး စီမံကိန်းတို့အား ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၂၀**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ကျော်လင်းသည် ယမန်နေ့က တောင်တွင်းကြီး မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းသိန်းနှင့် ဌာနမှ တာဝန်ရှိသူများနှင့်အတူ ရန်ကုန် – ပြည် – မကွေး – မန္တလေးလမ်းမိုင် (၂၆၁/၅ – ၂၆၁/၆) အကြားတွင် တံတားအထူးအဖွဲ့ (၃)မှ တာဝန်ယူ တည်ဆောက်နေသော တံတားအမှတ် (၂/၂၆၂) ပရပ်ကျယ်တံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိရာ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) ဦးတင်နိုင်ကိုကိုက ယာယီလမ်းလွှဲတံတားနှင့်တံတားတည်ဆောက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ် ဦးမင်းသိန်းက ပြန်လည်ဖြုတ်သိမ်းနေသည့် တံတား RPT သံပေါင်များကို တိုင်းဒေသကြီးအတွင်းရှိ ကျေးလက်လမ်းများတွင် ပြန်လည် အသုံးပြုခွင့်ပြုရန် ညှိနှိုင်းခဲ့ရာ ဒုတိယဝန်ကြီးက တံတားလုပ်ငန်းခွင်အား ကြည့်ရှုစစ်ဆေးခဲ့ပြီး RPT သံပေါင်များကို ပြန်လည်ပြုပြင်ရန် နည်းလမ်းများနှင့် တိုင်းဒေသကြီးအတွင်း အသုံးပြုခွင့်ပြုရန် တံတားဦးစီးဌာနနှင့် ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

ပရပ်ကျယ်တံတားသည် အရှည် ပေ ၁၈၀၊ အကျယ် ၂၄ ပေရှိ နှစ်လမ်းသွားတံတားဖြစ်ပြီး တံတားအုတ်မြစ်မှာ သံကူကွန်ကရစ် တံတားအမျိုးအစားဖြစ်သည်။ ယခုအခါ ယာယီလမ်းလွှဲဘေလီတံတား ထိုးပြီး၍ ဘိုးပိုင်အုတ်မြစ်များ တူးဆဲဖြစ်ရာ တံတားတစ်စင်းလုံး၏ ၁၂ ရာခိုင်နှုန်း ပြီးစီးကြောင်း သိရသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် အောင်လံမြို့ရှိရောဝတီတံတား (သရက်–အောင်လံ) တည်ဆောက်ရေး စီမံကိန်းသို့ ရောက်ရှိရာ စီမံကိန်း တံတားရှင်းလင်းဆောင်တွင် စီမံကိန်း တာဝန်ခံညွှန်ကြားရေးမှူး (မြို့ပြ) ဦးဌေးအောင်က စီမံကိန်းလုပ်ငန်းခွင်တွင် ကိုဗစ်–၁၉ ရောဂါဖြစ်ပွားမှုမရှိစေရေးဆောင်ရွက်မှုအစီအစဉ်၊ တံတား စီမံကိန်းလုပ်ငန်း စီမံချက်ပြီးစီးမှုနှင့် ရန်ပုံငွေရရှိမှုတို့ကို ရှင်းလင်းတင်ပြရာ တံတားဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးနေအောင်ရဲမြင့်က တံတား၏ Technical ပိုင်းဆိုင်ရာများနှင့် တံတားသံပေါင်မှာယူမည့် အစီအစဉ်များကို ဖြည့်စွက်ရှင်းလင်း တင်ပြသည်။ ရှင်းလင်းတင်ပြမှုနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက တံတားသံပေါင်မှာယူရမည့် သံမဏိအမျိုးအစား၊ စံချိန်စံညွှန်းနှင့် တပ်ဆင်ရမည့် နည်းလမ်းများကို ရှင်းလင်းပြောကြားခဲ့ပြီး တံတားလုပ်ငန်းခွင်တွင် ကိုဗစ် – ၁၉ ရောဂါ အန္တရာယ်မဖြစ်ပွားစေရေး ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်သွားရန် မှာကြားပြီး တံတားတည်ဆောက်ရေး လုပ်ငန်းခွင်အား ကြည့်ရှုစစ်ဆေးသည်။

ရောဝတီတံတား (သရက် – အောင်လံ) သည် အရှည် ၂၂၇၂ ဒသမ ၅ မီတာ၊ အကျယ် ၁၀ ဒသမ ၅ မီတာရှိ နှစ်လမ်းသွားတံတားဖြစ်ပြီး တံတားအုတ်မြစ်မှာ ဘိုးပိုင်အမျိုးအစားနှင့် တံတားကိုယ်ထည်မှာ သံကူကွန်ကရစ်ဖြစ်ကာ တံတားအပေါ်ထည်မှာ သံမဏိသံပေါင်တံတား အမျိုးအစားဖြစ်သည်။ ယခုအချိန်ထိ တံတားစီမံကိန်းတစ်ခုလုံး၏ ၅ ဒသမ ၆ ရာခိုင်နှုန်း ပြီးစီးနေကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၇ မှ*

e-resources များ စုဆောင်းထားခြင်း)ကို ဝန်ဆောင်မှုပေးလျက်ရှိပါသည်။ ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်ကြီးအနေဖြင့် သုတေသီတို့အတွက် သုတေသနရေးသားမှု စွမ်းရည်၊ တီထွင်ဖန်တီးနိုင်မှု စွမ်းရည်တို့ကို နိုင်ငံတကာအဆင့်မီ ရင်ပေါင်တန်းနိုင်ရန် ပံ့ပိုးဝန်ဆောင်မှုပေးလျက်ရှိပါသည်။

**(၄) စာကြည့်တိုက် ဝန်ဆောင်မှုလုပ်ငန်း (Library Services)**

ရန်ကုန် တက္ကသိုလ်စာကြည့်တိုက်၏ စာဖတ်ရှိန် မြင့်မားလာစေရေးအတွက် ဝန်ဆောင်မှုအနေဖြင့် အပတ်စဉ်၊ လစဉ် ကျောင်းသား ကျောင်းသူနှင့် စာပေလေ့လာသူများအတွက် အထောက်အကူဖြစ်စေမည့် သတင်းစာ၊ မဂ္ဂဇင်း၊ ဂျာနယ်များ၊ ပညာရပ်ဆိုင်ရာ စာအုပ်များ၊ သုတ၊ ရသစာအုပ်များကို ဖြည့်ဆည်းပေးခဲ့ပြီး အသစ်ထွက်ရှိသော စာအုပ်များကို Social media ဖြစ်သည့် Facebook နှင့် website တို့တွင် ကြော်ငြာပေးခြင်းတို့ဖြင့် စာဖတ်သူများ အလွယ်တကူ ဖတ်ရှုလေ့လာနိုင်ရန် ဆောင်ရွက်ပေးခြင်း၊ အချိန်မရွေး လေ့လာဖတ်ရှုနိုင်ပြီး ခေတ်မီ သင်ရိုးညွှန်းတမ်းတို့ကို အထောက်အကူပေးသည့် Online Library ကဲ့သို့သော Electronic Database တို့ဖြင့် ပံ့ပိုးပေးခြင်းများ၊ ပုံမှန် Library Orientation Programme များ ပြုလုပ်ခြင်း၊ ကျောင်းသား ကျောင်းသူများ တောင်းဆိုသည့် ဖတ်လိုသော (စာကြည့်တိုက်တွင် မရှိသော) စာအုပ်များကို အဆိုပြုစေပြီး ဝယ်ယူ ဖြည့်ဆည်းပေးခြင်းနှင့် စာဖတ်သူတို့ (လိုအပ်သည့်) အချက်အလက်များကို သက်ဆိုင်ရာ ပညာရှင်များနှင့် တွေ့ဆုံမေးမြန်းပေးခြင်း၊ စာကြည့်တိုက်၏ ဝန်ဆောင်မှုများ အဆင့်မြှင့်တင် ပြောင်းလဲနိုင်ရေးအတွက် စာကြည့်တိုက်အချင်းချင်း စာပေပစ္စည်းခွဲဝေသုံးစွဲမှုစနစ် (Resource Sharing System) အရ ငှားရမ်းဝန်ဆောင်မှုပေးခြင်းနှင့် စာကြည့်တိုက်၏ ဝန်ဆောင်မှုအချိန်ကို တိုးမြှင့်ဖွင့်လှစ်ပေးခြင်း ၊ စာဖတ်သူများ မေးမြန်းချက်များကို တယ်လီဖုန်း၊ e-mail၊ facebook နှင့် website တို့မှ ပြန်လည်ဖြေကြားပေးခြင်း စသည်ဖြင့် ဝန်ဆောင်မှုပေးလျက်ရှိပါသည်။

သမိုင်းအစဉ်အလာကြီးမားသော ရန်ကုန်တက္ကသိုလ် စတင်ဖွင့်လှစ်ချိန်မှစ၍ ရန်ကုန်တက္ကသိုလ် နှစ် (၁၀၀) ပြည့် ရာပြည့်အထိမ်းအမှတ်ထိ သမိုင်းဝင်ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်ကြီး၏ ဘက်ပေါင်းစုံမှ ဝန်ဆောင်မှုများကို ကောင်းမွန်သည်ထက် ကောင်းမွန်အောင် အစဉ်အမြဲကြိုးပမ်းဆောင်ရွက်ထားရှိခဲ့ကြပါသည်။ ရန်ကုန်တက္ကသိုလ်သည် နိုင်ငံတကာစံချိန်မီအောင် ဦးတည်ချီတက်လျက်ရှိရာ ပထမရာပြည့်သဘင်မှ ရာပြည့်ပေါင်းများစွာကို ဖြတ်သန်းရောက်ရှိကာ နှစ်ပေါင်းထောင်ချီ တည်တံ့လျက် အမိနိုင်ငံတော်အတွက် တာဝန်ထမ်းဆောင်ကြမည့် သားကောင်း သမီးမွန် ရတနာများ မွေးထုတ်ပေးခြင်းကို ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်အနေဖြင့် တစ်တပ်တစ်အား ပါဝင်၍ အဓိကကျသော ဝန်ဆောင်မှုပေးမည်မှာ မလွဲကေန်ပင်ဖြစ်ပါတော့သည်။ ။

**ရည်ညွှန်း**


၁။ မင်းသုဝဏ်၊ "တက္ကသိုလ်စစ်ဒဏ်၊ ရန်ကုန်တက္ကသိုလ် နှစ်ငါးဆယ်ပြည့် စာစောင် အပိုင်း (၂)၊ ၁၉၇၀၊ စာ ၉–၁၁။

၂။ မြတ်စိုး၊ "တက္ကသိုလ်များ၏ ဗဟိုရတနာသိုက်ကြီး"၊ ရန်ကုန်တက္ကသိုလ် စိန်ရတုအထိမ်းအမှတ်စာစောင်(၁၉၂၀–၁၉၉၅)၊ အပိုင်း(၁)၊ ရန်ကုန်၊ ရန်ကုန်တက္ကသိုလ်၊ စာ ၁၈၃–၁၉၂။

၃။ အောင်မြင့်ဦး၊ ဒေါက်တာ။ ကျိုက်တလန်း မွန်ကျောက်စာလေ့လာချက်၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်၊ ၂၀၁၆၊

# ကြာအင်းဆိပ်ကြီးနှင့် ကွမ်းလုံမြို့နယ်တို့အတွင်းမှ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ



**နေပြည်တော် ဒီဇင်ဘာ ၂၀**

ကြာအင်းဆိပ်ကြီး မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ယနေ့ မွန်းလွဲပိုင်းက သတင်းအရ သံပုရာကျေးရွာ မြစ်ဆိပ်သွားလမ်းပေါ်၌ မော်လမြိုင်မြို့နေ ရှိန်းခန့်အောင် (၂၁ နှစ်) မောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၅၀ နှင့် ငွေစက္ကူရောရာ ငွေကျပ်ကိုးသိန်းတို့အား သိမ်းဆည်းရမိသည်။

အလားတူ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၁၉ ရက် မွန်းလွဲပိုင်းက ကွမ်းလုံမြို့နယ် ကန်မိန်းကျေးရွာနေ မနန်းလူ၏ နေအိမ်ကို ရှာဖွေရာ ဘိန်းစိမ်း သုည ဒသမ ၂၅ ကီလို၊ ဘိန်းဖြူ သုည ဒသမ ၁၁ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၄၀၀၀ သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# လှည်းကူးမြို့နယ်၌ အမျိုးသမီးတစ်ဦး ဓားခုတ်အသတ်ခံရမှုမှ ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိ



**ရန်ကုန် ဒီဇင်ဘာ ၂၀**

လှည်းကူးမြို့နယ် မြို့မရပ်ကွက် မဥ္ဇူသကလမ်းနေသူ ဦးကျော်ဆန်းသည် ဒီဇင်ဘာ ၁၈ ရက်က လှည်းကူးမြို့နယ် ပေါက်ကုန်းကျေးရွာအနောက်ဘက်ရှိ လယ်ကွင်းအတွင်းနေ ညီမဖြစ်သူ ဒေါ်တင်တင်အေးမှာ ဒဏ်ရာများဖြင့် သေဆုံးနေသည်ကိုတွေ့ရှိရ၍ ပြစ်မှုကျူးလွန်သူအား အရေးယူပေးပါရန် လှည်းကူးမြို့မရဲစခန်းသို့ အမှုဖွင့်တိုင်ကြားခဲ့သည်။

အမှုနှင့် ပတ်သက်၍ လှည်းကူးမြို့နယ်ရဲတပ်ဖွဲ့မှူး ဦးဆောင်၍ မြောက်ပိုင်းခရိုင် မှုခင်းနှိမ်နင်းရေးဌာနစုနှင့် လှည်းကူးမြို့မရဲစခန်းမှူးတို့ဦးစီးသည့် တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းကာ စုံစမ်းခဲ့ရာ သေဆုံးသူနှင့် ဇင်ဘို (ခ) ကုလား (ဝဲပုံ) တို့ စကားများခဲ့ဖူးကြောင်း စုံစမ်းသိရသည်။

လှည်းကူးမြို့နယ် မြို့မရပ်ကွက် ပုလဲရတနာလမ်းနေ မသက်သူ ဇင်ဘို(ခ)ကုလားကို ဒီဇင်ဘာ ၁၉ ရက် ညနေပိုင်းက ၎င်း၏ နေအိမ်တွင် ဖမ်းဆီးရမိ၍ စစ်ဆေးရာ ပြစ်မှုကျူးလွန်ခဲ့ကြောင်း ဝန်ခံထွက်ဆိုသဖြင့် သက်သေခံပစ္စည်းများ သိမ်းဆည်းပြီး ဥပဒေနှင့်အညီ အမြန်တရားစွဲတင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရဲပြန်ကြား**

# မကွေးမြို့ ကန်သာကန်ပေါင်တွင် စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်ပါက ဒဏ်ငွေရိုက်မည်

**မကွေး ဒီဇင်ဘာ ၂၀**

မကွေးမြို့ ကန်သာကန်ပေါင်တွင် စည်းကမ်းမဲ့စွာ အမှိုက်များစွန့်ပစ်ပါက လူကြီးဖြစ်လျှင် ငွေကျပ် ၅၀၀၀၊ ကလေးဖြစ်လျှင် ငွေကျပ် ၂၀၀၀ ဒဏ်ငွေပေးဆောင်ရမည်ဖြစ်ကြောင်း မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ကော်မတီမှ သိရသည်။

"ကန်သာကန်ကို အမှိုက်ကင်းစင်နယ်မြေအဖြစ် ဆောင်ရွက်မှာပါ။ စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်သူတွေကြောင့် စည်းကမ်းလိုက်နာသူတွေ စိတ်အနှောင့်အယှက်ဖြစ်ကြရပါတယ်။ ဒဏ်ငွေထက် လူတိုင်းစည်းကမ်းရှိစေရေးအတွက်ရည်ရွယ်ပြီး ဒဏ်ငွေ ရိုက်ဖို့သတ်မှတ်လိုက်တာပါ" ဟု မြို့နယ်စည်ပင်သာယာရေးအဖွဲ့ကော်မတီဥက္ကဋ္ဌ ဦးဖိုးနီက ပြောသည်။

ကန်သာကန်ကို အမှိုက်ကင်းစင်နယ်မြေအဖြစ် စတင်ဆောင်ရွက်ပြီးလျှင် မကွေးတစ်မြို့လုံးကို အမှိုက်ကင်းစင်နယ်မြေဖြစ်စေရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။ ကန်သာကန်ပေါင်တွင် အလွယ်တကူ အမှိုက်စွန့်ပစ်နိုင်ရေးအတွက် စတီးအမှိုက်ခြင်း ၅၀ ကျော်ချထားကြောင်း အမြင်မတော်၍ အမှိုက်ကောက်သူများ အဆင်ပြေရန်အတွက်လည်း လက်အိတ်များ စီစဉ်ပေးထားကြောင်း သိရသည်။

**ဇေယျာတု (မကွေး)**

# အာရှဘောလုံးအဖွဲ့ချုပ်က သတ်မှတ်သည့် ကလပ်လိုင်စင်အောင်မြင်သည့် မြန်မာကလပ် ၁၅ သင်းအထိရှိ

**ရန်ကုန် ဒီဇင်ဘာ ၂၀**

အာရှဘောလုံးအဖွဲ့ချုပ်သည် အဖွဲ့ဝင်နိုင်ငံများမှ ကလပ်အသင်းများအား နှစ်စဉ် ကလပ်လိုင်စင်များ ပြုလုပ်စေလျက်ရှိပြီး ၂၀၂၁ ခုနှစ်အတွက် ကလပ်လိုင်စင်အောင်မြင်သည့် မြန်မာကလပ်အသင်း ၁၅ သင်းအထိ ရှိခဲ့သည်။

မြန်မာနေရှင်နယ်လိဂ်သည် ၂၀၂၀ ရာသီတွင် ရာသီကုန်အထိ ယှဉ်ပြိုင်ခဲ့သည့် MNL ကလပ်အသင်း ၁၀ သင်း၊ MNL-၂ (ပထမတန်း) ပြိုင်ပွဲတွင် ယှဉ်ပြိုင်ခဲ့သည့် အသင်းရှစ်သင်းအနက် ပြိုင်ပွဲအတွေ့အကြုံရစေရန် ဝင်ရောက်ယှဉ်ပြိုင်သည့် မြန်မာ ယူ-၁၉ (ခ) Junior Lions အသင်းမှလွဲ၍ ကျန်ခုနစ်သင်း စုစုပေါင်း ၁၇ သင်းမှာ ကလပ်လိုင်စင်ပြုလုပ်ခဲ့ရာ ၁၅ သင်း အောင်မြင်ခဲ့ခြင်းဖြစ်သည်။ အာရှဘောလုံးအဖွဲ့ချုပ်သည် ကလပ်လိုင်စင်ကို ပြိုင်ပွဲများတွင် အောင်မြင်မှု၊ ကလပ်အသင်းများ၏ စွမ်းဆောင်ရည်များအပေါ်ကြည့်ကာ ကလပ်လိုင်စင်အောင်မြင်ခြင်း ရှိ၊ မရှိ သတ်မှတ်ခြင်းမဟုတ်ဘဲ သတ်မှတ်ထားသည့် အချက်များအား ပြည့်စုံအောင် လုပ်ဆောင်နိုင်ခြင်း ရှိ မရှိအပေါ် မူတည်၍ သတ်မှတ်ခြင်းဖြစ်သည်။ ကလပ်လိုင်စင်ပြုလုပ်ရာတွင် အချက်ပေါင်း ၂၀၀ နီးပါးအား ပြည့်စုံအောင်ဆောင်ရွက်ရခြင်းဖြစ်ပြီး ယင်းအချက်များတွင် နည်းပြလိုင်စင်များ ပြည့်စုံမှု၊ အခြေခံအဆောက်အအုံ၊ ငွေကြေးရှင်းတမ်းများ၊ အသုံးစရိတ်၊ ကလပ်အသင်း၏ လိုင်စင်စသည့် အချက်များလည်း ပါဝင်ကြောင်း သိရသည်။ အာရှဘောလုံးအဖွဲ့ချုပ်သည် ကလပ်လိုင်စင်ကို နှစ်စဉ် ပြုလုပ်စေခြင်းဖြစ်ပြီး အာရှအဆင့်ကလပ်ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရသည့် အသင်းများ အနေဖြင့် ကလပ်လိုင်စင်ရရှိထားမှသာ ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။

၂၀၂၁ ခုနှစ်အတွက် ကလပ်လိုင်စင်ရရှိသည့် အာဆီယံနိုင်ငံများမှ ကလပ်အသင်းများတွင် ၇၁ သင်း အောင်မြင်ခဲ့ပြီး မြန်မာနိုင်ငံမှာ စုစုပေါင်း ၁၅ သင်းဖြင့် အရေအတွက်အများဆုံး ဦးဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။ အာဆီယံဒေသအတွင်း ကလပ်အသင်းများတွင် အာရှချန်ပီယံလိဂ်ပြိုင်ပွဲ ယှဉ်ပြိုင်နိုင်သည့် ကလပ်လိုင်စင်ရရှိသည့် နိုင်ငံခုနစ်နိုင်ငံရှိပြီး မြန်မာကလပ် ၁၅ သင်း၊ ထိုင်းကလပ် ၁၂ သင်း၊ ဗီယက်နမ်ကလပ် ၁၀ သင်း၊ မလေးရှားကလပ် ရှစ်သင်း၊ အင်ဒိုနီးရှားကလပ် ခုနစ်သင်း၊ စင်ကာပူကလပ် ငါးသင်း၊ ဖိလစ်ပိုင်ကလပ် သုံးသင်း၊ AFC Cup ပြိုင်ပွဲယှဉ်ပြိုင်နိုင်သည့် ကလပ်လိုင်စင်ရရှိသည့် နိုင်ငံလေးနိုင်ငံရှိပြီး ကမ္ဘောဒီးယားကလပ် ငါးသင်း၊ ဘရူနိုင်းကလပ် သုံးသင်း၊ လာအိုကလပ် နှစ်သင်းနှင့် တီမောကလပ် တစ်သင်းတို့ ပါဝင်နေသည်။

အာရှဘောလုံးအဖွဲ့ချုပ်သည် လာမည့်နှစ်တွင် အာရှအဆင့် ကလပ်ပြိုင်ပွဲနှစ်ခု ကျင်းပမည်ဖြစ်ပြီး မြန်မာကလပ်နှစ်သင်း ယှဉ်ပြိုင်ခွင့်ရထားသည်။ အာရှချန်ပီယံလိဂ် အကြိုခြေစစ်ပွဲတွင် ရှမ်းယူနိုက်တက် အသင်း၊ AFC Cup ပြိုင်ပွဲအုပ်စုအဆင့်တွင် ရှမ်းယူနိုက်တက်အသင်း၊ ခြေစစ်ပွဲအဆင့်တွင် ဟံသာဝတီအသင်းတို့ ယှဉ်ပြိုင်ခွင့်ရထားသည်။

**ညီမြတ်သော်တာ**

## တိမ်အသင့် အတင့်မှ တိမ်ထူထပ်နေ

**နေပြည်တော် ဒီဇင်ဘာ ၂၀**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

# မန္တလေး၌ ဂျပန်နိုင်ငံသားတစ်ဦးထံမှ ပိုက်ဆံအိတ်လုယူသွားသူများအား ဖမ်းဆီးရမိ

**မန္တလေး ဒီဇင်ဘာ ၂၀**

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၆၈လမ်းနှင့် လမ်း ၇၀ကြား လမ်း ၃၀တွင် နိုဝင်ဘာ ၁၁ရက် ညနေ ၃ နာရီ ၄၅ မိနစ်ခန့်က စက်ဘီးစီးနင်းသွားလာနေသော ဂျပန်နိုင်ငံသား Yui To Ku ထံမှ ပိုက်ဆံအိတ်လုယူသွားသူများကို ဒီဇင်ဘာ ၁၆ ရက်က ဖမ်းဆီးရမိသည်။

ပိုက်ဆံအိတ်လုယူခံရမှုကြောင့် ဂျပန်နိုင်ငံ ငွေထုတ်ကတ်၊ ဘဏ်ကတ်၊ ယန်းငွေ၊ အမေရိကန်ဒေါ်လာနှင့် မြန်မာငွေကျပ် စုစုပေါင်း ကျပ်သိန်း ၆၀ ကျော်ပါရှိ သွားပြီး အဆိုပါလုယက်ခံရမှုနှင့် ပတ်သက်၍ အမှတ်(၃) နယ်မြေရဲစခန်းက အမှုဖွင့်လှစ်ခဲ့သည်။ အမှုအား ခရိုင်မှုခင်းနှိမ်နင်းရေးအဖွဲ့မှ ရဲအုပ်မြစိုးနှင့်အဖွဲ့၊ အမှတ်(၉) မြို့မရဲစခန်းနှင့် အမှတ်(၃) နယ်မြေရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်ခဲ့ရာ ပြစ်မှုကျူးလွန်သူများဖြစ်သော မဟာအောင်မြေမြို့နယ်နေသူများဖြစ်ကြသည့် နေမျိုးကျော် (၁၈ နှစ်)၊ အောင်မြင်သူ (၁၇ နှစ်)၊ ဇော်မင်းမြတ် (၁၇ နှစ်)တို့ သုံးဦးအား လုယူသွားသော သက်သေခံပစ္စည်းများနှင့်အတူ ဒီဇင်ဘာ ၁၆ ရက်က ဖော်ထုတ်ဖမ်းဆီးရမိသည်။

၎င်းတို့အား ချမ်းအေးသာစံမြို့နယ် အမှတ်(၃)နယ်မြေရဲစခန်းတွင် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မန်း(ကိုယ်ပွား)**

# ပျဉ်းမနားမြို့နယ်ရှိ တရားမဝင်စက်သုံးဆီ အရောင်းဆိုင်တစ်ဆိုင်အား အရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၂၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏခရိုင် ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးချိုဝင်း၊ ပျဉ်းမနားနယ်မြေ ရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများပါဝင်သည့် စစ်ဆေးရေးအဖွဲ့သည် ဒီဇင်ဘာ ၂၀ ရက်က ပျဉ်းမနားမြို့ ကင်ပွန်းတန်းအုပ်စု အာဟာရ သုခဈေးအနီး တရားမဝင်ဖွင့်လှစ်ရောင်းချနေသည့် "ဗိုလ်" စက်သုံးဆီအရောင်းဆိုင်ပိုင်ရှင် ဦးကိုလေး (ခ) ကိုငယ်လေးအား ဥပဒေအရ အရေးယူထား ကြောင်းသိရသည်။

**ဇော်မျိုးနိုင်**



နတ်တလင်း မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ကျော်နိုင် ဦးဆောင်သော တပ်ဖွဲ့ဝင်များ ဒီဇင်ဘာ ၁၉ ရက်က နတ်တလင်း - တာပွန်လမ်းရှိ အာသောက ဘုန်းကြီးကျောင်းနှင့် စေတီတော်တို့၏ ပတ်ဝန်းကျင် ချုံနွယ်၊ အမှိုက်များကို စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။

တင်မြင့် (နတ်တလင်း)

# ၂၀၂၁ ရာသီအတွက် ဟံသာဝတီအသင်း ဒုတိယမြောက်ကစားသမား ခေါ်ယူ

**ရန်ကုန် ဒီဇင်ဘာ ၂၀**

၂၀၂၁ ရာသီအတွက် ပြင်ဆင်မှုများစတင်ပြုလုပ်နေပြီဖြစ်သည့် ဟံသာဝတီယူနိုက်တက်အသင်းသည် ရာသီသစ်အတွက် ဒုတိယမြောက် ကစားသမားခေါ်ယူခဲ့ပြီဖြစ်သည်။

ဟံသာဝတီအသင်းသည် ခံစစ်ပိုင်းအားဖြည့်ရန်အတွက် ရတနာပုံအသင်း၏ လူငယ်လက်ရွေးစင်နောက်ခံလူ ရဲရင့်အောင်ကို ခေါ်ယူရန် သဘောတူညီမှုရခဲ့ပြီး လာမည့်ရက်ပိုင်းအတွင်း အပြီးသတ်စာချုပ် ချုပ်ဆိုမည်ဖြစ်သည်။ ဟံသာဝတီအသင်းသည် လာမည့်ရာသီအတွက် ပြည်တွင်းကစားသမားသစ်များ ဆက်တိုက်ခေါ်ယူလျက်ရှိပြီး Southern အသင်း၏ ဂိုးသမား ပြည့်ဖြိုးအောင်အား သုံးနှစ်စာချုပ်ဖြင့် ခေါ်ယူပြီးနောက် ရဲရင့်အောင်ကို ခေါ်ယူခဲ့ခြင်းဖြစ်သည်။ ရဲရင့်အောင်သည် သက်တမ်းအလိုက်လူငယ်လက်ရွေးစင်အသင်းများတွင် အဆင့်ဆင့်ကစားခဲ့သူဖြစ်ပြီး ၂၀၁၉ ဖိလစ်ပိုင်ဆီးဂိမ်းပြိုင်ပွဲ ကြေးတံဆိပ်ဆုရ မြန်မာ ယူ-၂၂ အသင်းတွင်လည်း ပါဝင်ခဲ့သူဖြစ်သည်။

ဟံသာဝတီအသင်းသည် ပြည်တွင်းကစားသမားသစ်များကို ယခုလအတွင်း ထပ်မံခေါ်ယူမည်ဖြစ်ပြီး နောက်တန်းနှင့် အလယ်တန်းကစားသမားများ ပါဝင်မည်ဖြစ်သည်။


**ညီမြတ်သော်တာ**

# ကိုဗစ် -၁၉ ကူးစက်ခံထားရသည့် ပြင်သစ်သမ္မတ မက်ခရွန်၏အခြေအနေ တည်ငြိမ်လျက်ရှိ

**ပါရီ ဒီဇင်ဘာ ၂၀**

ပြင်သစ်သမ္မတ အီမန်နျူရယ် မက်ခရွန်သည် ကိုဗစ် -၁၉ ကူးစက်ခံရပြီးနောက် သီးခြား နေထိုင်ခဲ့ရာ သုံးရက်မြောက် ရှိလာပြီဖြစ်ပြီး အခြေအနေမှာ တည်ငြိမ်လျက်ရှိသည်ဟု ဒီဇင်ဘာ ၁၉ ရက်တွင် ၎င်း၏ ဆရာဝန်က ပြောကြားခဲ့သည်။

ကိုဗစ် -၁၉ ရောဂါ လက္ခဏာများဖြစ်သည့် ချောင်းဆိုးခြင်း၊ ပင်ပန်းခြင်းနှင့် ကိုက်ခဲခြင်းလက္ခဏာများကိုမူ ခံစားရဆဲဖြစ်သည်ဟု သိရသည်။ သို့သော်လည်း တာဝန်များကို ဆက်လက် ထမ်းဆောင်ဆဲဖြစ်သည်ဟု ဒေါက်တာ ခရစ်စတိုဖီ ပယ်ရော့ချွန်က သတင်းထုတ်ပြန်ခဲ့သည်။ သမ္မတ မက်ခရွန်က ၎င်း၏ ရောဂါအခြေအနေနှင့်ပတ်သက်ပြီး နေ့စဉ်တင်ပြသွားရန် ဒီဇင်ဘာ ၁၉ ရက်က ကတိပြုခဲ့သည်။



ပြင်သစ်သမ္မတ အီမန်နျူရယ် မက်ခရွန် နိုင်ငံခြားရေးဝန်ကြီးဌာနတွင် ကျင်းပသည့် အစည်းအဝေးကို အွန်လိုင်းမှ တစ်ဆင့်တက်ရောက်စဉ်။

ဒီဇင်ဘာ ၁၈ ရက်တွင်လည်း စလိုဗက်ကီးယားဝန်ကြီးချုပ် အီဂေါ မာတိုဗစ်တွင် ကိုဗစ် -၁၉ ကူးစက်ခံရကြောင်းကြေညာခဲ့သည်။ ၎င်းသည်လည်း ပြီးခဲ့သည့်သီတင်းပတ်အတွင်းက ဥရောပကောင်စီအစည်းအဝေးသို့ တက်ရောက်ခဲ့သူဖြစ်သည်။

ပြင်သစ်နိုင်ငံတွင် ကိုဗစ် -၁၉ ကူးစက်မှုများမှာ များပြားနေပြီး ကိုဗစ် -၁၉ ကူးစက်မှုမှာ ပြန်လည် ခေါင်းထောင်လာပြီဖြစ်သည့်အတွက် ပြည်သူများ အထူးဂရုစိုက်ကြရန် ပြင်သစ်သမ္မတက ဒီဇင်ဘာ ၁၈ ရက်တွင် သတိပေး ပြောကြားခဲ့သည်။

**နယူးယောက်တိုင်းမ်**

# ကမ္ဘောဒီးယားတွင် ကိုဗစ် -၁၉ ကူးစက်မှုအန္တရာယ်မှ တားဆီးနိုင်ရေးအတွက် ထိုင်းနယ်စပ်ကိုတင်းကျပ်

**ဖနောင်ပင် ဒီဇင်ဘာ ၂၀**

အိမ်နီးချင်းထိုင်းနိုင်ငံရှိ ဆမတ်ဆာခွန်ပြည်နယ်တွင် ကိုဗစ် -၁၉ ကူးစက်ခံရသူ ၅၀၀ ကျော် တွေ့ရှိခဲ့ပြီးနောက် ကမ္ဘောဒီးယားနှင့်ထိုင်းနယ်စပ်ကို တင်းကျပ်ရန် ကမ္ဘောဒီးယားအစိုးရက ဒီဇင်ဘာ ၂၀ ရက်တွင် ဒေသခံအာဏာပိုင်များကို ညွှန်ကြားခဲ့ကြောင်း သိရသည်။

**သေချာစွာ စစ်ဆေးရမည်**

အဆိုပါပြည်နယ်သည် ကမ္ဘောဒီးယားနယ်စပ်မှ ၃၀၀ ကီလိုမီတာအကွာတွင် တည်ရှိသည်။ ထိုင်းနှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသည့် ကမ္ဘောဒီးယားနယ်စပ်မှ အာဏာပိုင်များအနေဖြင့် နိုင်ငံအတွင်း ဝင်ရောက်လာသည့် ခရီးသွားများကို သေချာစွာ စစ်ဆေးရမည်ဖြစ်ပြီး အပူချိန်တိုင်းတာရန်၊ ကျန်းမာရေးဆေးစစ်ချက်ပုံစံ ဖြည့်သွင်းမှုများပြုလုပ်ရန် ကမ္ဘောဒီးယားကျန်းမာရေးဝန်ကြီး မန်ဘန်ဟန်က ပြောကြားခဲ့သည်။

ကမ္ဘောဒီးယားသို့ ဝင်ရောက်လာမည့် ခရီးသွားများအားလုံး ၁၄ ရက် သီးခြား ကန့်သတ်စောင့်ကြည့်ခံရမည်ဖြစ်သည်။ တစ်စုံတစ်ယောက်တွင် ကိုဗစ် -၁၉ ရောဂါလက္ခဏာများ ပြသနေပါက အရေးပေါ်နံပါတ် ၁၁၅ သို့ ဆက်သွယ်နိုင်ကြောင်း ကြေညာထားသည်။ ပြီးခဲ့သည့် ငါးရက်တာအတွင်း ကမ္ဘောဒီးယား၌ ကိုဗစ် -၁၉ ကူးစက်ခံရသူ မတွေ့ရှိခဲ့ရပေ။ ကမ္ဘောဒီးယားနိုင်ငံတွင် ဒီဇင်ဘာ ၂၀ ရက်အထိ လူပေါင်း ၃၆၂ ဦး ကိုဗစ် -၁၉ ကူးစက်ခံထားရပြီး သေဆုံးသူမရှိဟု သိရသည်။

**ဆင်ဟွာ**

# လန်ဒန်မြို့တွင် ကူးစက်မှုများသဖြင့် အသွားအလာပိတ်ဆို့ ကန့်သတ်ထား

**လန်ဒန် ဒီဇင်ဘာ ၂၀**

ကိုရိုနာဗိုင်းရပ်စ် မျိုးဗီဇအသစ် လျင်မြန်စွာ ကူးစက်ပျံ့နှံ့နေသည့်အတွက် အင်္ဂလန်တောင်ပိုင်းနှင့် လန်ဒန်တို့တွင် ကန့်သတ်ချက်များ တင်းကျပ်မည်ဟု ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်က ကြေညာခဲ့သည်။

ဒီဇင်ဘာ ၁၉ ရက်က ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် ယခုလို ကြေညာခဲ့ခြင်းဖြစ်သည်။ ယင်းမျိုးဗီဇအသစ်မှာ အင်္ဂလန်တောင်ပိုင်းတွင် ကူးစက်မှုမြင့်နေမှုနှင့် ဆက်စပ်မှုရှိနိုင်သည်ဟု ကျန်းမာရေးဝန်ကြီး မက်ဟန်ကော့က ဒီဇင်ဘာ ၁၄ ရက်က ပြောကြားခဲ့သည်။

အသစ် ထုတ်ပြန်ထားသည့် စည်းကမ်းချက်အရ ဒေသခံများသည် ကျိုးကြောင်းဆီလျော်သည့် အကြောင်းပြချက် မရှိဘဲ နေအိမ်မှ ထွက်ခွာခွင့်ရမည်မဟုတ်ပေ။ အရေးမကြီးသည့် ဈေးဆိုင်များအားလုံးကို ပိတ်ထားရမည်ဖြစ်သည်။

လွန်ခဲ့သည့်လက အင်္ဂလန်တွင် ချမှတ်ခဲ့သည့် အသွားအလာပိတ်ဆို့ ကန့်သတ်မှု စည်းကမ်းများနှင့် အတူတူပင်ဖြစ်သည်။ မူရင်းဗိုင်းရပ်စ်ထက် ယခုတွေ့ရှိသည့် မျိုးဗီဇအသစ်မှာ ၇၀ ရာခိုင်နှုန်းခန့် ကူးစက်မှု ပိုမို လျင်မြန်နိုင်ဖွယ်ရှိကြောင်း ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်က ပြောသည်။



လန်ဒန်မြို့တွင် လမ်းသွားလမ်းလာတစ်ဦးကို တွေ့ရစဉ်။

အတိအကျ မသိရသေးသော်လည်း နောက်ထပ်တွေ့ရှိရသည့် မျိုးဗီဇအသစ်မှာ ကိုဗစ်-၁၉ ကာကွယ်ဆေး၏ အကျိုးသက်ရောက်မှုကို လျော့နည်းစေခြင်း သို့မဟုတ် ပြင်းထန်စွာဖျားနာစေခြင်း အစရှိသည်တို့အတွက် သက်သေပြချက် မရှိသေးဟု ဝန်ကြီးချုပ်က ပြောသည်။ လာမည့် ဒီဇင်ဘာ ၂၃ ရက်မှစတင်ကာ အင်္ဂလန်တွင် ငါးရက် စည်းကမ်းတင်းကျပ်မှုများကို ဖြေလျှော့ပေးရန် အစိုးရက စီစဉ်ထား သည်။

သို့သော်လည်း အရှေ့တောင်ပိုင်းတွင်မူ ယင်းအစီအစဉ်မှာ အထမြောက်မည် မဟုတ်ပေ။ ဝေဖန်သူများကမူ ဆုံးဖြတ်ချက်မှာ နောက်ကျလွန်းသည်ဟု ပြောဆိုကြသည်။ ဝေလပြည်နယ်တွင်လည်း ဒီဇင်ဘာ ၂၀ ရက်မှ စတင်ကာ အလားတူ ကန့်သတ်ချက်များ ပြုလုပ်မည်ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

# ပြန်လွတ်လာသည့် နိုင်ဂျီးရီးယားကျောင်းသားများ မိသားစုများနှင့်တွေ့ဆုံ

**အဘူဂျာ ဒီဇင်ဘာ ၂၀**

ဖမ်းဆီးခံထားရသည့် နိုင်ဂျီးရီးယားကျောင်းသား ၃၀၀ ကျော်မှာ မိသားစုများနှင့် ပြန်လည်ဆုံစည်းခွင့်ရရှိပြီဟု သိရသည်။ အဆိုပါ ကျောင်းသားများမှာ စာသင်ကျောင်းတိုက်ခိုက်ခံရပြီးနောက် ပြန်ပေးဆွဲခံရသည့် ကျောင်းသားများဖြစ်သည်။

ဒီဇင်ဘာ ၁၁ ရက်တွင် လက်နက်ကိုင်အုပ်စုတစ်စုက နိုင်ဂျီးရီးယားနိုင်ငံ မြောက်ပိုင်း ကက်ဆီနာပြည်နယ်ရှိ စာသင်ကျောင်းတစ်ကျောင်းကို ဝင်ရောက်တိုက်ခိုက်ခဲ့ပြီးနောက် ကျောင်းမှကျောင်းသားများကို ပြန်ပေးဆွဲ ခေါ်ဆောင်သွားခဲ့သည်။ ယင်းပြန်ပေးဆွဲမှုမှာ ဘိုကိုဟာရမ် အစွန်းရောက်အုပ်စု၏ လက်ချက်ဟု သိရသည်။ ဒီဇင်ဘာ ၁၇ ရက်တွင် ကျောင်းသား ၃၄၄ ဦးကို ကယ်တင်နိုင်ခဲ့ပြီဟု အစိုးရက ကြေညာခဲ့သည်။

ဒီဇင်ဘာ ၁၈ ရက်တွင် ကျောင်းသားကလေးများသည် ဖမ်းဆီးခံထားရသည့် တောတွင်းနေရာမှ နိုင်ဂျီးရီးယားမြို့တော်သို့ ရောက်ရှိလာကြသည်။ ၎င်းတို့မှာ ပင်ပန်းနွမ်းနယ်နေသည့်ပုံရှိသော်လည်း မိသားစုနှင့်တွေ့ဆုံရသည့်အတွက် ဝမ်းမြောက်နေကြသည်။ ဖမ်းဆီးခံထားရစဉ်အတွင်း အစားအသောက်နှင့် ရေ မရခဲ့ဟု သိရသည်။ ကျောင်းသားများပြန်လွတ်လာသည့် သတင်းကို မကြားရသေးသရွေ့ စိတ်ပူပန်မှုများမပြေပျောက်နိုင်ဟု မိသားစုဝင်တစ်ဦးက ပြောသည်။ ဘိုကိုဟာရမ်အစွန်းရောက်သမားများသည် နိုင်ဂျီးရီးယားနိုင်ငံမြောက်ပိုင်းတွင် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လေ့ရှိသည်။ ၂၀၁၄ ခုနှစ်ကလည်း နိုင်ငံအရှေ့မြောက်ပိုင်းရှိကျောင်းမှ ကျောင်းသူ ၂၀၀ ကျော်ကို အကြမ်းဖက်သမားများက ပြန်ပေးဆွဲမှု ဖြစ်ပေါ်ခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# ကိုဗစ် -၁၉ ကာကွယ်ဆေးထိုးထားသည့် ခြောက်ဦးတွင် ဓာတ်မတည့်မှုဖြစ်ပေါ်

**ဝါရှင်တန် ဒီဇင်ဘာ ၂၀**

အမေရိကန် ရောဂါ ထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ (စီဒီစီ)၏ ပြောကြားချက်အရ ဖိုက်ဇာ ကိုဗစ် -၁၉ ကာကွယ်ဆေးထိုးသည့်အခါ လူခြောက်ဦးတွင် ဓာတ်မတည့်မှု ဖြစ်ပေါ်ခဲ့သည်ဟု သိရသည်။

ဒီဇင်ဘာ ၁၉ ရက်တွင် ကျွမ်းကျင်သူများကိုဖိတ်ခေါ်ကာ စီဒီစီက အစည်းအဝေး ကျင်းပခဲ့သည်။ ဒီဇင်ဘာ ၁၄ ရက်မှ ၁၉ ရက်အထိ ဖိုက်ဇာနှင့် ဘိုင်အိုအင်န်တက်ချ်တို့ ပူးတွဲ ထုတ်လုပ်ထားသော ကာကွယ်ဆေးကို အမေရိကန်တွင် ပထမအကျော့အဖြစ် လူပေါင်း ၂၇၀၀၀၀ ကျော်ကို ထိုးပေးခဲ့သည်။

ဒီဇင်ဘာ ၁၈ ရက်က ကာကွယ်ဆေးထိုးခဲ့သည့် လူခြောက်ဦးတွင် ပြင်းထန်သည့် ဓာတ်မတည့်မှု တုံ့ပြန်ပြသနေကြောင်း ပြောဆိုခဲ့သည်။ အဆိုပါ ခြောက်ဦးထဲမှ တစ်ဦးမှာ ယခင်ကလည်း ကာကွယ်ဆေးထိုးလျှင် ဓာတ်မတည့်သည့် ရာဇဝင်ရှိပြီး ကျန်လူများမှာမူ ယင်းသို့ ရာဇဝင်မရှိပေ။ အမေရိကန်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနကမူ ကာကွယ်ဆေးတွင် ပါဝင်သည့် ပိုလီအီသိုင်းလင်း ဂလိုင်ကောဆိုသည့် ဓာတုပစ္စည်းကြောင့် ယင်းသို့တုံ့ပြန်မှု ပေါ်ပေါက်လာခြင်းဖြစ်သည်ဟု သံသယရှိကြောင်း ဒီဇင်ဘာ ၁၈ ရက်တွင် ပြောကြားခဲ့သည်။

အမေရိကန်တွင် မော်ဒါနာမှ ထုတ်သည့် ကာကွယ်ဆေးကို အရေးပေါ်အခြေအနေ အသုံးပြုခွင့်အတွက် ခွင့်ပြုပေးခဲ့ပြီး အသက် ၁၈ နှစ်နှင့်အထက် လူများအား ယင်းဆေး အသုံးပြုခွင့်ပေးရန် စီဒီစီက အကြံပြုပေးထားသည်။

**အင်န်အိတ်ချ်ကေ**


အရီဇိုးနားတွင် ကိုဗစ် -၁၉ ကာကွယ်ဆေးထိုးပေးနေစဉ်။

# ကနေဒါနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ခံရသူ အရေအတွက် ၅၀၀၀၀၀ ကျော်အထိ ရှိလာ



ကနေဒါနိုင်ငံ တိုရွန်တို၌ ပါးစပ်နှာခေါင်းစည်းတပ်ဆင်သွားလာနေကြသည့် ပြည်သူများကို တွေ့ရစဉ်။

အော့တဝါ ဒီဇင်ဘာ ၂၀

**ကနေဒါနိုင်ငံ၌ ဒီဇင်ဘာ ၁၉ ရက်ညနေပိုင်းတွင် ကိုဗစ်-၁၉ ကူးစက်ခံရသူ အရေအတွက် စုစုပေါင်း ၅၀၀၂၄၂ အထိ ရှိလာခဲ့ပြီး သေဆုံးသူ အရေအတွက်စုစုပေါင်း ၁၄၁၂၈ ဦးအထိ ရှိလာခဲ့သည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကာကွယ်ဆေး ဖြန့်ဝေမှုများကို လုပ်ဆောင်နေပြီဖြစ်ကြောင်း စီတီဗွီသတင်းက ဖော်ပြသည်။**

ကနေဒါနိုင်ငံတစ်ဝန်း ၁၅ ရက်အတွင်း ရောဂါကူးစက်ခံရသူ ၁၀၀၀၀၀ အထိ ရှိခဲ့ရာ ယင်းပမာဏသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ စတင်ကူးစက်ပျံ့နှံ့ခဲ့သည့် မတ်လ မှစတင်ကာ အချိန်တိုအတွင်း ရောဂါကူးစက်မှု အမြင့်ဆုံး ပမာဏဖြစ်ခဲ့သည်။

ဒီဇင်ဘာ ၁၉ ရက်အစောပိုင်းက လူဦးရေ အထူထပ်ဆုံးဖြစ်သည့် အွန်တာရီယိုနှင့် ကွီဘက်ပြည်နယ်များတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အဆိုးဆုံးဖြစ်ခဲ့ကာ နေ့စဉ် ကူးစက်ဖြစ်ပွားသူ ၂၀၀၀ ကျော်အထိ ရှိခဲ့သည်။

အွန်တာရီယိုပြည်နယ်၌ ကိုဗစ်- ၁၉ ထပ်မံကူးစက်ခံရသူ အရေအတွက် ၂၀၀၀ ကျော်လွန်ခဲ့သည်မှာ ငါးရက်ဆက်တိုက်ရှိပြီဖြစ်ပြီး ဒီဇင်ဘာ ၁၉ ရက်က ၂၃၅၇ ဦးအထိ ရှိခဲ့သည်။

အွန်တာရီယိုရှိ ဒေသငါးခုတို့ကို ဒီဇင်ဘာ ၂၁ ရက်တွင် အဝင်အထွက်ကန့်သတ်ပိတ်ဆို့မှုချမှတ်ရန် ပြည်နယ်အစိုးရက စီစဉ်လျက်ရှိသည်။

ကွီဘက်ပြည်နယ်၌ ရောဂါထပ်မံကူးစက်ခံရသူ ၂၀၃၈ ဦး ရှိပြီး ရောဂါကြောင့် သေဆုံးသူ ၄၄ ဦး ထပ်တိုးခဲ့ကြောင်း သိရသည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ခံရမှုကြောင့် ဆေးရုံတက်ရောက်ကုသနေရသူ ၇၅၆၉၅ ဦးရှိပြီး အသက်အရွယ်အုပ်စုအားလုံးတွင် ရောဂါကူးစက်ပျံ့နှံ့လျက်ရှိကြောင်း သိရသည်။

**ဆင်ဟွာ**

## ထိုင်းနိုင်ငံ ဘန်ကောက်မြို့အနီး စမတ်ဆာခွန်ပြည်နယ်တွင် ရောဂါကူးစက်မှုနှုန်းမြင့်လာသည့်အတွက် ညမထွက်ရအမိန့်ထုတ်

**ဘန်ကောက် ဒီဇင်ဘာ ၂၀**

ထိုင်းနိုင်ငံ မြို့တော်ဘန်ကောက်အနီးရှိ စမတ်ဆာခွန်ပြည်နယ်တွင် ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားမှု အရှိန်မြင့်လျက်ရှိပြီး မကြာသေးမီက ရောဂါထပ်မံကူးစက်ခံရသူ ၅၄၈ ဦးရှိခဲ့ရာ အဆိုပါပြည်နယ်တွင် ညမထွက်ရအမိန့် ထုတ်ပြန်လိုက်ကြောင်း သိရသည်။

စမတ်ဆာခွန်ပြည်နယ်တွင် ဒီဇင်ဘာ ၁၉ ရက်မှ ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၃ ရက်အထိ ညမထွက်ရအမိန့်သက်ရောက်မည်ဖြစ်ပြီး ည၁၀နာရီမှ နံနက် ၅ နာရီအထိ ညမထွက်ရအမိန့် ထုတ်ထားကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူး ဗီရာဆက် ဗီချစ်ဆန်ဆရီက ကြေညာခဲ့သည်။

ပြည်နယ်အတွင်းရှိ စာသင်ကျောင်းများ၊ အားကစားရုံများနှင့် လက်ဝှေ့ရုံများကို ပိတ်ထားမည်ဖြစ်ပြီး ဈေးဆိုင်များကို ည ၁၀နာရီမှ နံနက် ၅ နာရီအထိ ပိတ်ထားရမည်ဖြစ်ကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူးက ပြောသည်။

စားသောက်ဆိုင်များတွင် ပါဆယ်စနစ်ဖြင့်သာ ရောင်းချခွင့်ပေးမည်ဖြစ်သည့်အပြင် ကန့်သတ်ပိတ်ဆို့မှုပြုလုပ်ထားသည့်ကာလအတွင်း ပြည်နယ်ရှိ ဒေသခံပြည်သူများအနေဖြင့် ပြည်နယ်ပြင်ပသို့ ဝင်ထွက်သွားလာခွင့် တားမြစ်ထားမည်ဖြစ်ကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူး ဗီရာဆက် ဗီချစ်ဆန်ဆရီက ပြောသည်။

**ဆင်ဟွာ**

## အင်ဒိုနီးရှားနိုင်ငံတွင် ကိုဗစ်-၁၉ ကန့်သတ်ချက်များ ပိုမိုတင်းကျပ်စွာ ဆောင်ရွက်

**ဂျကာတာ ဒီဇင်ဘာ ၂၀**

အင်ဒိုနီးရှားနိုင်ငံတွင် ခရစ္စမတ်နှင့် နှစ်သစ်ကူးအားလပ်ရက် ကာလအပြီး ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားမှုနှုန်း ထပ်မံမြင့်မားလာနိုင်သည့် အခြေအနေကို တားဆီးကာကွယ်နိုင်ရန် ဒီဇင်ဘာ ၁၈ ရက်မှ ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၈ ရက်အထိ ပိုမိုတင်းကျပ်သည့်ကန့်သတ်ချက်များ ချမှတ်လိုက်ကြောင်း အာဏာပိုင်များက ပြောကြားခဲ့သည်။

**ထပ်မံတိုးပွားလာ**

ယခုနှစ် အောက်တိုဘာလကုန် အားလပ်ရက်ရှည်အပြီးတွင် ဂျကာတာ၊ အနောက်ဂျာဗား၊ ဂျာဗားအလယ်ပိုင်း၊ အရှေ့ဂျာဗား ၊ ဆူလာဝေစီတောင်ပိုင်း၊ စူမားတြားမြောက်ပိုင်း၊ ဘာလီနှင့် ကာလီမန်တန်တောင်ပိုင်းတို့တွင် ကိုဗစ်-၁၉ နေ့စဉ် ကူးစက်ဖြစ်ပွားသူအရေအတွက်နှင့် သေဆုံးသူအရေအတွက် ထပ်မံတိုးပွားလာခဲ့သည်။ ယခင်က အဆိုပါနေရာများတွင် ရောဂါကူးစက်မှုလျော့ကျခဲ့ပြီးနောက် ပြန်လည်မြင့်တက်လာခြင်းဖြစ်ကြောင်း သိရသည်။

**အချိန်ကန့်သတ်**

ကိုဗစ်-၁၉ ကာလအတွင်း လူစုလူဝေးဖြစ်ပေါ်မှုကို ဖြေရှင်းရန် အစိုးရက အများပြည်သူဆိုင်ရာနေရာများတွင် လူငါးဦးအထက်စုဝေးခြင်းနှင့် ပွဲလမ်းသဘင်များကျင်းပခြင်းကို ပိတ်ပင်ခဲ့ကာဝန်ဆောင်မှုပေးသည့် လုပ်ငန်းများကိုလည်း အချိန်ကန့်သတ်ခဲ့သည်။

ဂျကာတာမြို့ ဒုတိယအုပ်ချုပ်ရေးမှူး အာမက်ရီဇာ ပက်ထရီယာက ယခုနှစ်တွင် မြို့တော်အတွင်း နှစ်သစ်ကူးအခမ်းအနားကျင်းပမှုများ မရှိအောင် အလေးထားလုပ်ဆောင်မည်ဖြစ်ကြောင်း ပြောကြားသည်။

**ဆင်ဟွာ**

## အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟု ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးပြီးပြီဖြစ်

**ဂျေရုဆလင် ဒီဇင်ဘာ ၂၀**

အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟု ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးခဲ့သည့် ရုပ်သံကို ဒီဇင်ဘာ ၁၉ ရက်တွင် တိုက်ရိုက် ထုတ်လွှင့်ပြသခဲ့ကြောင်း သိရသည်။

ဝန်ကြီးချုပ် နေတန်ယာဟုနှင့် ကျန်းမာရေးဝန်ကြီး ယူလီအက်ဒယ်လ်စတိန်းတို့သည် တယ်အာဗစ်ရှိ ရှီဘာ ဆေးဝါးဌာနတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံခဲ့ကြသည်။

အစ္စရေးနိုင်ငံတွင် ဝန်ကြီးချုပ် နေတန်ယာဟုသည် ကိုဗစ်-၁၉ ကာကွယ်ဆေးကို ပထမဆုံးထိုးနှံသည့် အစ္စရေးနိုင်ငံသားဖြစ်သည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကာကွယ်ဆေးကို ပြည်သူလူထုအတွင်း စတင်ထိုးနှံခြင်း မပြုခင် နာရီအနည်းငယ်အလိုတွင် ဝန်ကြီးချုပ်က ဦးစွာထိုးနှံခဲ့ခြင်း ဖြစ်သည်။

ဝန်ကြီးချုပ်က ကာကွယ်ဆေးထိုးသည့်နေ့သည် ထူးမြတ်သည့်နေ့တစ်နေ့ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ကာကွယ်ဆေးကို ပြည်သူတစ်ရပ်လုံး ထိုးနှံကြရန် တွန်းအားပေးသည့်အနေဖြင့် ယင်းကဲ့သို့ ရှေ့ဆုံးမှ ကာကွယ်ဆေး ထိုးနှံပြခဲ့ခြင်းဖြစ်ကြောင်း သတင်းထောက်များသို့ ပြောကြားခဲ့သည်။

ဒီဇင်ဘာ ၂၀ ရက်တွင် ကာကွယ်ဆေးထိုးနှံခြင်းကို ဆေးဝန်ထမ်းများ၊ သက်ကြီးပုဂ္ဂိုလ်များနှင့် ရောဂါကူးစက်နိုင်ခြေမြင့်မားသည့် ကျန်းမာရေးဆိုင်ရာ အားနည်းသူများကို စတင်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။ မကြာသေးမီရက်သတ္တပတ်များက အစ္စရေးနိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ အရေအတွက် ထပ်မံတိုးပွားလာခဲ့ချိန်တွင် အစိုးရက ကာကွယ်ဆေး အမြောက်အမြား ထိုးနှံမည့် အစီအစဉ်ကို စတင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**




အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟု။

## ဂျပန်နိုင်ငံ၌ ကိုဗစ်- ၁၉ ကာကွယ်ဆေးကို ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် ထိုးနှံမည်

**တိုကျို ဒီဇင်ဘာ ၂၀**

ဂျပန်နိုင်ငံ၌ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးခြင်းကို လာမည့်နှစ် ဖေဖော်ဝါရီလတွင် ဆောင်ရွက်မည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ကျန်းမာရေးဝန်ကြီးဌာနသည် လာမည့် ဖေဖော်ဝါရီလအတွင်း နိုင်ငံအတွင်းရှိ ဆေးဝန်ထမ်းများကို ကာကွယ်ဆေး ထိုးနှံခွင့်ရရှိစေရေး စီစဉ်ထားရန် ဒေသအုပ်ချုပ်ရေး အဖွဲ့များသို့ ညွှန်ကြားထားကြောင်း သိရသည်။

ကာကွယ်ဆေး ထိုးနှံမည့် အစီအစဉ်မူကြမ်းကို နိုင်ငံတစ်ဝန်းရှိ ခရိုင်နှင့် အုပ်ချုပ်ရေးအဖွဲ့များသို့ ဒီဇင်ဘာ ၁၈ ရက်တွင် တင်ပြခဲ့ရာ အဆိုပါမူကြမ်း၌ ကျန်းမာရေးဝန်ထမ်း ၁၀၀၀၀ လောက်အထိ ကာကွယ်ဆေး ထိုးနှံခွင့်ရရှိမည့် အစီအစဉ်ပါဝင်ကြောင်း သိရသည်။




ကျန်သည့် ကျန်းမာရေးဝန်ထမ်းပေါင်း ၃၀၀၀၀၀၀ အတွက် ကာကွယ်ဆေးထိုးနှံခြင်းကို လာမည့် ၂၀၂၁ ခုနှစ် မတ်လလယ်လောက်တွင် စတင်ဆောင်ရွက်ရန် မျှော်မှန်းထားသည်။ သက်ကြီးပုဂ္ဂိုလ်များကို မတ်လလယ်လောက်တွင် ကာကွယ်ဆေးထိုးပေးနိုင်ရန်မျှော်မှန်းထားကြောင်း အစိုးရအရာရှိများက ပြောကြားသည်။

ကျန်ပြည်သူများ အနေဖြင့် ဧပြီလနှင့် ဧပြီလနှောင်းပိုင်းတွင် ကာကွယ်ဆေးထိုးနှံခွင့်ရမည် ဖြစ်ပြီး ရောဂါအခံရှိသူများကို ဦးစားပေး ထိုးနှံပေးမည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြသည်။

**အင်န်အိတ်ချ်ကေ**

# ဥရောပမှာ ကိုဗစ်- ၁၉ တိုက်ပွဲနဲ့ ရင်ဆိုင်နေရသလို ခရစ္စမတ်ကာလမှာ ကန့်သတ်ပိတ်ဆို့မှုတွေ လုပ်လိုက်တဲ့ အင်္ဂလန်နဲ့ အီတလီ

**ထွန်းသစ်စ**

ဥရောပမှာ ဆောင်းရာသီကာလ ကိုဗစ်- ၁၉ ကူးစက်မှု တိုးလာသော်လည်း အင်္ဂလန်နဲ့ အီတလီနိုင်ငံမှာရှိတဲ့ သန်းချီတဲ့လူတွေဟာ တင်းကျပ်တဲ့ ကိုဗစ်-၁၉ ကန့်သတ်ချက်အသစ်တွေအောက်မှာ ခရစ္စမတ်ပွဲတော်ကို ဆင်နွှဲကြဦးမှာပါ။



ခရစ္စမတ်ကာလအတွက် ပြင်ဆင်နေကြတဲ့ အီတလီပြည်သူများကို တွေ့ရစဉ်။

### ပထမဆုံးဒေသဖြစ်လာ

လွန်ခဲ့တဲ့တစ်နှစ် ကိုဗစ်-၁၉ ဖြစ်ပွားခဲ့တဲ့အချိန်ကတည်းက စကာ ဥရောပဟာ ကမ္ဘာပေါ်မှာ ကိုဗစ်-၁၉ကြောင့်သေဆုံးသူ ၅၀၀၀၀၀ ကျော်လာခဲ့တဲ့ ပထမဆုံးဒေသဖြစ်လာပါတယ်။ ကိုဗစ်-၁၉ ကြောင့်ကမ္ဘာတစ်ဝန်းမှာ သေဆုံးခဲ့သူပေါင်း ၁ ဒသမ ၆ သန်း ကျော်လွန်ရောက်ရှိခဲ့သလို ကမ္ဘာ့စီးပွားရေးလည်း ပျက်စီးမှုအပေါင်း ကြုံတွေ့ခဲ့ရပါတယ်။

အင်္ဂလန်နိုင်ငံမှာ ကန့်သတ်ပိတ်ဆို့မှုကို စိတ်ကုန်နေတဲ့ ပြည်သူလူထုဟာ ခရစ္စမတ်ပွဲတော်ပြီးသွားတဲ့အခါ ငါးရက်တာ ဗိုင်းရပ်စ်ကန့်သတ်ဖြေလျှော့မှုကို ခံစားရဖို့ မျှော်လင့်လျက်ရှိပါတယ်။ သို့သော်လည်း ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်ဟာ အဲဒီအစား လန်ဒန်နဲ့ အင်္ဂလန်နိုင်ငံ အရှေ့တောင်ပိုင်းဒေသကို အိမ်မှာပဲနေဖို့ ကြေညာခဲ့ပါတယ်။ အဲဒီဒေသမှာ အင်္ဂလန်နိုင်ငံရဲ့ လူဦးရေ သုံးပုံတစ်ပုံလောက် နေထိုင်ကြပါတယ်။

### ကူးစက်မှုပိုမိုမြန်တဲ့ ကိုဗစ်-၁၉ မျိုးဗီဇသစ်တစ်မျိုး

ကိုဗစ်-၁၉ မျိုးဗီဇသစ်တစ်မျိုးဟာ ၇၀ ရာခိုင်နှုန်းအထိ ပိုမိုကူးစက်နိုင်ခြေရှိတယ်လို့ ဂျွန်ဆင်က ပြောကြားလိုက်ပြီးတဲ့နောက် အခုလို ဆောင်ရွက်လိုက်တာဖြစ်ပါတယ်။

မိမိတို့စီစဉ်ထားတဲ့အတိုင်း ခရစ္စမတ်ပွဲတော်ကို ဆက်လက် မဆင်နွှဲနိုင်တော့တဲ့အတွက် နှလုံးမသာမယာဖြစ်ရပါတယ်လို့ ဂျွန်ဆင်က ရုပ်မြင်သံကြားမိန့်ခွန်းမှာ ပြောကြားလိုက်ပါတယ်။ အကယ်၍ ကိုဗစ်-၁၉ ဆိုင်ရာ အခြေအနေအကြောင်းအရာ အချက်အလက်တွေ ပြောင်းလဲသွားပြီဆိုတာနဲ့ မိမိတို့ရဲ့ လှုပ်ရှားဆောင်ရွက်မှုတွေလည်း ပြောင်းလဲသွားမှာဖြစ်တယ်လို့ ဂျွန်ဆင်က ဆက်လက် ပြောကြားလိုက်ပါတယ်။

ရောဂါကူးစက်မှုပြင်းထန်တဲ့ ဒေသမှာနေထိုင်ကြတဲ့ ပြည်သူတွေအနေနဲ့ အနည်းဆုံး ဒီဇင်ဘာ ၃၀ ရက်အထိ အသွားအလာကန့်သတ်ပိတ်ဆို့မှုအောက်မှာ နေရမှာဖြစ်ပါတယ်။ အရင်ကပြောခဲ့တဲ့ မိသားစုသုံးစုအထိ စုဝေးခွင့်ပြုလိုက်တဲ့ အစီအစဉ်ကိုလည်း စိတ်မကောင်းစွာနဲ့ ပယ်ဖျက်လိုက်ရပါတယ်လို့ သူကဆက်ပြောလိုက်ပါတယ်။

အင်္ဂလန်နိုင်ငံမှာ အဲဒီလို ကိုဗစ်-၁၉ မျိုးရိုးဗီဇသစ်တစ်မျိုး ကူးစက်ဖြစ်ပွားခဲ့တာကိုတွေ့ရှိခဲ့ပြီး နာရီအနည်းငယ်အကြာမှာတော့ နယ်သာလန်နိုင်ငံမှာလည်း ဗြိတိန်ကလာတဲ့ ခရီးသည်လေယာဉ်တွေကို တားမြစ်လိုက်ပါတယ်။ အဲဒီတားမြစ်ချက်ဟာ ဂရင်းနစ်စံတော်ချိန် ၀၅၀၀ နာရီမှ ဇန်နဝါရီ ၁ ရက်နေ့အထိ ဖြစ်ပါတယ်။

### နယ်သာလန်မှာ ကန့်သတ်ပိတ်ဆို့မှုတွေ ချမှတ်

နယ်သာလန်နိုင်ငံဟာ ဇန်နဝါရီလလယ်အထိ သီတင်းပတ်ငါးပတ်ကြာ ကန့်သတ်ပိတ်ဆို့မှုချမှတ်ထားပါတယ်။ ကိုဗစ်-၁၉ ကူးစက်မှုနှေးကွေးအောင် ကျောင်းတွေနဲ့ အရေးမကြီးတဲ့ဆိုင်တွေကို ပိတ်ထားပါတယ်။

အလားတူ အီတလီနိုင်ငံမှာလည်း ဇန်နဝါရီ ၆ ရက်အထိ ကန့်သတ်ပိတ်ဆို့မှုအသစ်ကို ကြေညာခဲ့ပါတယ်။ အဲဒီကန့်သတ်ပိတ်ဆို့မှုမှာတော့ နေအိမ်ထဲကသူတွေဟာ အပြင်ကို တစ်ရက်မှာ တစ်ကြိမ်ထက်ပိုထွက်ခွင့် မရှိပါဘူး။ ထို့အတူ အရေးမကြီးတဲ့စျေးဆိုင်တွေ၊ အရက်ဆိုင်တွေ၊ စားသောက်ဆိုင်တွေနဲ့ ဒေသတွင်း ခရီးသွားလာမှုတွေကိုလည်း တားမြစ်ထားပါတယ်။

### ကာကွယ်ဆေးမျှော်လင့်ချက်က လက်ယပ်ခေါ်

ယခုနှစ်အစောပိုင်းမှာ ကူးစက်ရောဂါရဲ့ ဗဟိုချက်ဖြစ်ခဲ့တဲ့ ဥရောပဟာ အခုဆိုရင်တော့ ကိုဗစ်-၁၉ ကူးစက်မှု ပြန်လည်တိုးလာခဲ့ပါတယ်။ မိသားစုတွေ ပြန်လည်ဆုံတွေ့ကြမယ့် ခရစ္စမတ်အားလပ်ရက်ပြီးနောက်မှာ ကိုဗစ်-၁၉ ကူးစက်မှု အဆမတန်ဖြစ်ပွားလာတာကို အရာရှိတွေကလည်း စိုးရိမ်နေကြပါတယ်။

တရုတ်နိုင်ငံ ဝူဟန်မြို့မှာ ကူးစက်ရောဂါ စတင်ဖြစ်ပွားလာပြီး တစ်နှစ်ကြာပြီးတဲ့နောက်မှာ ကိုဗစ်-၁၉ ကာကွယ်ဆေးကို လျင်လျင်မြန်မြန် စျေးကွက်တင်ဖြန့်ဖြူးထုတ်လုပ်ခြင်းဟာ ကိုဗစ်-၁၉ ကပ်ရောဂါ အကျပ်အတည်းကို အဆုံးသတ်စေမယ့် ထိရောက်တဲ့ နည်းလမ်းတစ်ခုဖြစ်ပါတယ်။ ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်ပျံ့နှံ့မှုကို တားဆီးဖို့ စီးပွားရေးကို ယိမ်းယိုင်စေတဲ့ ကန့်သတ်ထိန်းချုပ်မှုတွေလည်း အသုံးပြုခဲ့ရပါတယ်။

### ကာကွယ်ဆေးအများအပြား စတင်ထိုးနှံတော့မယ်

အမေရိကန်ပြည်ထောင်စုနဲ့ ဗြိတိန်ပြီးရင် ဥရောပဟာ ခရစ္စမတ်အားလပ်ရက်ပြီးတဲ့နောက်မှာ ကိုဗစ်-၁၉ ကာကွယ်ဆေးအများအပြားထိုးနှံမှုဆိုင်ရာ လှုပ်ရှားမှုတွေကို စတင်လုပ်ဆောင်တော့မှာ ဖြစ်ပါတယ်။ အမေရိကန်နဲ့ ဗြိတိန်နိုင်ငံတွေမှာ ကိုဗစ်-၁၉ ကာကွယ်ဆေး ဦးဆောင်ထုတ်လုပ်တဲ့ကုမ္ပဏီတွေထဲမှာ တစ်ခုအပါအဝင်ဖြစ်တဲ့ ဖိုက်ဇာ-ဘိုင်အိုအင်န်တက်ချ်တို့ရဲ့ ကိုဗစ်-၁၉ ကာကွယ်ဆေးကို စတင်ထိုးနှံပေးနေပြီဖြစ်ပါတယ်။

ရုရှားနဲ့ တရုတ်နိုင်ငံတို့ဟာ သူတို့ရဲ့ ပြည်တွင်းမှာ ထုတ်လုပ်ထားတဲ့ ကိုဗစ်-၁၉ ကာကွယ်ဆေးကို စတင်ထိုးနှံပေးနေပြီဖြစ်ပါတယ်။

အမေရိကန်ပြည်ထောင်စုဟာ မော်ဒါနာ ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဒီဇင်ဘာ၁၈ ရက်က အရေးပေါ်သုံးစွဲခွင့်ပေးလိုက်ပါတယ်။ သန်းချီတဲ့ မော်ဒါနာကာကွယ်ဆေးတွေကို ကိုဗစ်-၁၉ အဆိုးဆုံးခံစားနေရတဲ့ နိုင်ငံတွေမှာ ဒုတိယအကြိမ် ကာကွယ်ဆေးထိုးနှံပေးနိုင်ဖို့အတွက် သင်္ဘောနဲ့တင်ပို့ဖို့ လုပ်ဆောင်နေကြပါတယ်။

> **“အင်္ဂလန်နိုင်ငံမှာ ကန့်သတ်ပိတ်ဆို့မှုကို စိတ်ကုန်နေတဲ့ ပြည်သူလူထုဟာ ခရစ္စမတ်ပွဲတော်ပြီးသွားတဲ့အခါ ငါးရက်တာ ဗိုင်းရပ်စ်ကန့်သတ်ဖြေလျှော့မှုကို ခံစားရဖို့ မျှော်လင့်လျက်ရှိပါတယ်။ သို့သော်လည်း ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်ဟာ အဲဒီအစား လန်ဒန်နဲ့ အင်္ဂလန်နိုင်ငံ အရှေ့တောင်ပိုင်းဒေသကို အိမ်မှာပဲနေဖို့ ကြေညာခဲ့ပါတယ်။ အဲဒီဒေသမှာ အင်္ဂလန်နိုင်ငံရဲ့ လူဦးရေ သုံးပုံတစ်ပုံလောက် နေထိုင်ကြ”**

### ကိုဗစ်ကာကွယ်ဆေးနှစ်မျိုးကို အသုံးပြုခွင့်ပေးလိုက်တဲ့ ကမ္ဘာ့ပထမဆုံးနိုင်ငံ

အမေရိကန်နိုင်ငံဟာ ဖိုက်ဇာနဲ့ ဘိုင်အိုအင်န်တက်ချ်တို့ရဲ့ ကိုဗစ်-၁၉ ကာကွယ်ဆေးနဲ့ မော်ဒါနာရဲ့ ကိုဗစ်-၁၉ ကာကွယ်ဆေး နှစ်မျိုးကို အသုံးပြုခွင့်ပေးလိုက်တဲ့ ကမ္ဘာ့ပထမဆုံးနိုင်ငံတစ်နိုင်ငံဖြစ်လာပါတယ်။ အမေရိကန်နိုင်ငံမှာ ကိုဗစ်-၁၉ ကြောင့်တစ်နေ့ကို လူပေါင်း ၂၅၀၀ ကျော်လောက်သေဆုံးခဲ့ပါတယ်။ အမေရိကန် ဒုတိယသမ္မတ မိုက်ပန့်စ်အပါအဝင် အမေရိကန်အဆင့်မြင့်အရာရှိကြီးတွေဟာ အစောဆုံးကာကွယ်ဆေး ထိုးနှံနိုင်အောင် အရှိန်အဟုန်မြှင့်လုပ်ဆောင်ခဲ့ပါတယ်။

မိုက်ပန့်စ်ရဲ့အများပြည်သူဆိုင်ရာ ကာကွယ်ဆေးထိုးနှံခြင်းဟာ အမေရိကန်ပြည်သူတွေကို ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ကူးစက်ခံရသူ ၇၄ သန်းကျော်ရှိလာတဲ့ ကပ်ရောဂါကို တားဆီးရာမှာ အမျိုးသားရေးလှုပ်ရှားမှုဆိုင်ရာ ကြိုးပမ်းမှုအနေနဲ့ပူးပေါင်းပါဝင်နိုင်ရန် ထင်ရှားကျော်ကြားတဲ့ ကြိုးစားမှုတစ်ခုဖြစ်ချင်ဖြစ်ပါလိမ့်မယ်။

### တင်းကျပ်တဲ့ဆောင်ရွက်ချက်တွေ ချမှတ်

ထို့အတူပဲ ဇန်နဝါရီ ၂၀ မှာ အမေရိကန်သမ္မတတာဝန်ယူမယ့် အမေရိကန်ရွေးကောက်ခံသမ္မတ ဂျိုးဘိုင်ဒင်ဟာ အများပြည်သူဆိုင်ရာကာကွယ်ဆေးထိုးနှံမှုကို ဒီဇင်ဘာ ၂၁ ရက်မှာ ဆောင်ရွက်မှာဖြစ်ပါတယ်။

ဥရောပမှာလည်း ဆလိုဗက်ကီးယား ဝန်ကြီးချုပ် အီဂေါမက်တိုဗစ်ဟာ ဘရပ်ဆဲလ်မှာ ကျင်းပတဲ့ ဥရောပသမဂ္ဂအစည်းအဝေးတက်ရောက်ပြီးနောက် ကိုဗစ်-၁၉ တွေ့ရှိခဲ့တဲ့ ခေါင်းဆောင်တစ်ဦး ဖြစ်လာခဲ့ပါတယ်။ အဆိုပါအစည်းအဝေးမှာ ပြင်သစ်သမ္မတ မက်ခရွန်လည်း ကိုဗစ်-၁၉ ကူးစက်ခဲ့ပါတယ်။ မက်ခရွန်မှာ ကိုဗစ်-၁၉ တွေ့ရှိခဲ့တဲ့အတွက် အစည်းအဝေးတက်ရောက်လာကြတဲ့ ဥရောပခေါင်းဆောင်တွေဟာ သူတို့ဟာသူတို့ သီးသန့်ခွဲခြားစောင့်ကြည့်မှုတွေ အလျင်အမြန်လုပ်ဆောင်ကြပါတော့တယ်။ နှစ်သစ်ကူးကာလမှာ ကိုဗစ်-၁၉ ကူးစက်မှု ပြန်လည်တိုးလာမှာကို စိုးရိမ်နေတဲ့ ဥရောပနိုင်ငံတွေဟာ ကိုဗစ်-၁၉ နဲ့ ပတ်သက်ပြီးတော့ တင်းကျပ်တဲ့ ဆောင်ရွက်ချက်တွေ ချမှတ်ထားပါတယ်။ ။

ကိုးကား- အေအက်ဖ်ပီ

---

**နိုင်ငံတကာသတင်းတိုထွာ**

## မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ ၁၃၄၀ တွေ့ရှိ

**ကွာလာလမ်ပူ ဒီဇင်ဘာ ၂၀**

မလေးရှားနိုင်ငံ၌ ဒီဇင်ဘာ ၂၀ ရက်တွင် ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ ၁၃၄၀ စစ်ဆေးတွေ့ရှိခဲ့ရာ တစ်နိုင်ငံလုံး ရောဂါကူးစက်ခံရသူ အရေအတွက်စုစုပေါင်း ၉၃၃၀၉ ဦးအထိ ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြသည်။

ရောဂါကူးစက်ခံရသူများအနက် သုံးဦးမှာ ပြည်ပမှ ကူးစက်ခံခဲ့ရခြင်းဖြစ်ပြီး ၁၃၃၇ ဦးမှာ ပြည်တွင်းကူးစက်ခံရမှုများဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန အထွေထွေညွှန်ကြားရေးမှူး နော်ဟီရှမ် အဗ္ဗဒူလာက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

သေဆုံးသူ လေးဦးထပ်မံပေါ်ထွက်လာသည့်အတွက် တစ်နိုင်ငံလုံးသေဆုံးသူ အရေအတွက်စုစုပေါင်း ၄၃၇ ဦး ရှိပြီဖြစ်သည်။ ရောဂါပျောက်ကင်းသွားပြီး ဆေးရုံမှပြန်ဆင်းလာသူ ၁၀၆၇ ဦး ရှိကြောင်း သိရသည်။

ဆင်ဟွာ

## အာဖဂန်နစ္စတန်မြို့တော် ကဘူးလ်တွင် ပေါက်ကွဲမှုဖြစ်ပွားရာ ၁၅ ဦး သေဆုံး

**ကဘူးလ် ဒီဇင်ဘာ ၂၀**

အာဖဂန်နစ္စတန်နိုင်ငံ မြို့တော်ကဘူးလ်ရှိ အမှတ်(၅)ရဲစခန်းနယ်မြေတွင် ပေါက်ကွဲမှုဖြစ်ပွားရာ ၁၅ ဦး သေဆုံးပြီး ရှစ်ဦးဒဏ်ရာရရှိခဲ့သည်ဟု ဒီဇင်ဘာ ၂၀ ရက်တွင်ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်သည်။

အမှတ်(၅)ရဲစခန်းနယ်မြေ ဆင်ခြေဖုံးရပ်ကွက်ဖြစ်သော စပင်ကူလီတွင် ဒီဇင်ဘာ ၂၀ ရက် နံနက်ပိုင်းက ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ သေဆုံးဒဏ်ရာရရှိသူများထဲတွင် အမျိုးသမီးများနှင့် ကလေးများလည်း ပါဝင်ကြောင်း သိရသည်။ ပေါက်ကွဲမှု၏ လက်သည်တရားခံမှာ မည်သည့်အဖွဲ့အစည်းဖြစ်သည်ကိုမူ မသိရသေးပေ။

သို့သော်လည်း အပြစ်မဲ့သည့် ပြည်သူများအပေါ် ပစ်မှတ်ထားကာ တိုက်ခိုက်ခြင်းမှာ အာဂန်နစ္စတန်၏ ရန်သူပင်ဖြစ်သည်ဟု ကြေညာခဲ့သည်။

ဆင်ဟွာ

# အထူးသတိထား၊ အထူးဂရုစိုက်ပါ



စောစောစီးစီးပြန်ပြီးတော့ သာမန်လည်ပတ်မှုဖြစ်သွားချင်ရင် အထူးသတိထားဖို့ လိုပါတယ်၊ အထူးဂရုစိုက်ပါ၊ ဒီအချိန်မှာ။ ဒီအချိန်မှာ ဂရုစိုက်ပါဆိုတာ ထပ်တလဲလဲ ပြောနေရတဲ့အခါကျတော့ တချို့ကတော့ သေချာတောင် နားထောင်ပါဦးမလားတော့မသိပါဘူး။ ဒါပေမယ့်လည်း ထပ်တလဲလဲလည်း သတိပေးဖို့လိုလို့ သတိပေးပါရစေ။ Mask တပ်တာ၊ လက်ကိုကောင်းကောင်းမွန်မွန်ဆေးတာ ဒီနှစ်ခုတည်းကို လုပ်မယ်ဆိုရင် တောင်မှ ရောဂါကူးစက်နိုင်တဲ့နှုန်း အင်မတန်မှ ကျသွားပါတယ်။ လုံးဝလုံခြုံမယ်လို့ ပြောတာမဟုတ်ပါဘူး။ သို့သော်ငြားလည်း Mask လည်းတပ်ထားတယ်၊ လက်ကိုလည်း စင်စင်ဆေးတယ်၊ ပိုးသန့်အောင်ပေါ့။ ကိုယ့်လက်ကိုကိုယ်ပိုးသန့်အောင် ထားတယ်ဆိုရင်တော့ ရာခိုင်နှုန်းက အင်မတန်မှ ကျသွားမှာဖြစ်ပါတယ်။ အကောင်းဆုံးကတော့ ထိတွေ့မှု၊ ပြင်ပကပေါ့၊ ကိုယ့်မိသားစု၊ ကိုယ့်အိမ်သူအိမ်သားများကလွဲလို့ ပြင်ပက သူတွေနဲ့ထိတွေ့မှု အနည်းဆုံးဖြစ်အောင်နေတာကတော့ အကောင်းဆုံးပေါ့။ ကိုယ့်အိမ်ထဲမှာဆိုရင်တောင်မှ သတိထားရပါတယ်။ တချို့အိမ်သားတွေက အပြင်ထွက်တယ်၊ အပြင်ထွက်ပြီးတော့ ပြန်လာတယ်။ ကျွန်မလည်း သတိပေးပြီးပါပြီ။ အဲဒီတော့ ကိုယ်ကိုယ်တိုင်က နေပြီးတော့ အရွယ်ကောင်းမို့လို့၊ အခြေခံကျန်းမာရေး ကောင်းမို့လို့ ဘာမှမဖြစ်ဘူး ဆိုပေမယ့်လည်း ကိုယ့်အိမ်က မိဘအိုကြီးတွေရှိရင်၊ အဘိုးအဘွားတွေ ရှိရင်၊ ဒါမှမဟုတ် ကျန်းမာရေးအရ အခြေခံအားနည်းချက်ရှိတဲ့ မိသားစုဝင်တွေရှိရင် သူတို့တွေအတွက် အများကြီး အန္တရာယ်ရှိတယ်ဆိုတာကို ထပ်ပြီးတော့လည်း စဉ်းစားစေချင်ပါတယ်။

**(Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁၁–၁၂–၂၀၂၀ ရက်နေ့တွင် ကိုဗစ်–၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့် စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)**

# COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၉၄၇ ဦး တွေ့ရှိ

## COVID–19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၀–၁၂–၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

(၁၉–၁၂–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၀–၁၂–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၂၀,၅၂၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ **COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၉၄၇) ဦး တွေ့ရှိ**ရပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၂၀–၁၂–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) | (၁,၉၂၄) ခု | (၁၂၂) ဦး |
| ဆေးသုတေသနဦးစီးဌာန (ရန်ကုန်) | (၆၉၉) ခု | (၄၅) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) | (၉၁၈) ခု | (၅၆) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မူဆယ်) | (၃၀၉) ခု | (၁၃) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅၃၈) ခု | (၂၃) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၀) ခု | (၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၉၁) ခု | (၇) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၀၂၅) ခု | (၂၁၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၅,၀၀၂) | (၄၆၆) ဦး |
| **စုစုပေါင်း** | (၂၀,၅၂၆) ခု | (၉၄၇) ဦး |

- Rapid Antigen Diagnostic Test Kit များဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံကြီးများနှင့် မြို့နယ်များတွင် ဆက်လက်စစ်ဆေးလျက်ရှိပြီး အဆိုပါစစ်ဆေးမှုများတွင် အနံ့မရရှိသူများလည်း ပါဝင်ပါသည်။
- ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့သူများ၊ အသွားအလာကန့်သတ်ထားရှိသူများနှင့် စောင့်ကြည့်လူနာများ၏ ဓာတ်ခွဲနမူနာများအား ရယူစစ်ဆေးလျက်ရှိရာတွင် COVID–19 နေ့စဉ် စမ်းသပ်တွေ့ရှိရမှုနှုန်းမှာ အောက်ပါအတိုင်းဖြစ်ပါသည် –

| | ၁၁–၁၂–၂၀ | ၁၂–၁၂–၂၀ | ၁၃–၁၂–၂၀ | ၁၄–၁၂–၂၀ | ၁၅–၁၂–၂၀ | ၁၆–၁၂–၂၀ | ၁၇–၁၂–၂၀ | ၁၈–၁၂–၂၀ | ၁၉–၁၂–၂၀ | ၂၀–၁၂–၂၀ |
|---|---|---|---|---|---|---|---|---|---|---|
| ပိုးတွေ့ရှိမှု ရာခိုင်နှုန်း | ၆.၆ | ၅.၆ | ၆.၁ | ၆.၁ | ၄.၈ | ၅.၃ | ၅.၁ | ၄.၆ | ၄.၄ | ၄.၆ |

မှတ်ချက်။ COVID–19 စမ်းသပ်တွေ့ရှိရမှုနှုန်းမှာ ဓာတ်ခွဲစစ်ဆေးသည့်အရေအတွက်ပေါ်၌လည်း မူတည်နေပါသည်။ (၁၁–၁၂–၂၀၂၀) ရက်နေ့မှ (၂၀–၁၂–၂၀၂၀) ရက်နေ့အထိ နေ့စဉ်စစ်ဆေးသော ဓာတ်ခွဲ နမူနာအရေအတွက်မှာ အနည်းဆုံး (၁၈,၅၆၄) ခုမှ အများဆုံး(၂၄,၅၀၁) ခု အထိ ဖြစ်ပြီး ပျှမ်းမျှအရေအတွက်မှာ (၂၂,၀၅၀)ခု ဖြစ်ပါသည်။

* ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို ယခုထက် ပိုမိုတိကျစွာ လိုက်နာဆောင်ရွက်ကြမှသာလျှင် ရောဂါဖြစ်ပွားမှုနှုန်း ကျဆင်းလာပါမည်။

**မြန်မာနိုင်ငံတွင် COVID–19 လူနာဖြစ်ပွား၊ သေဆုံးမှုအခြေအနေ**
**(၂၀–၁၂–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် (လွန်ခဲ့သော ၂၄ နာရီအတွင်း) | ယခုအထိ စုစုပေါင်း |
|---|---|---|
| စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၂၀,၅၂၆) ဦး | (၁,၅၉၄,၆၅၄) ဦး |
| COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၉၄၇) ဦး | (၁၁၆,၁၃၄) ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | (၁,၂၆၉) ဦး | (၉၅,၃၈၇) ဦး |
| သေဆုံးလူနာ | (၁၉) ဦး | (၂,၄၄၃) ဦး |

- ယနေ့ သေဆုံးသူ (၁၉) ဦးမှာ ပြည်သူ့ဆေးရုံများ၊ COVID–19 ရောဂါ ကုသရေးဌာနများနှင့် တပ်မတော်ဆေးရုံများမှ ဖြစ်ပြီး ၎င်းတို့အနက် ရောဂါအခံရှိသူ (၁၅) ဦး ပါဝင်ပါသည်။
- တိုင်းဒေသကြီး/ ပြည်နယ်များရှိ ဆေးရုံများနှင့် ရန်ကုန်မြို့ရှိ COVID–19 ရောဂါ ကုသရေးဌာနများ၊ တပ်မတော် ဆေးရုံများမှ ဆေးရုံဆင်းခွင့်ရရှိသူ စုစုပေါင်း (၁,၂၆၉) ဦးတွင်–
  - ပြည်သူ့ဆေးရုံများ – (၇၃၃) ဦး
  - COVID–19 ရောဂါကုသရေးဌာနများ (ရန်ကုန်မြို့) – (၅၃၆) ဦး ပါဝင်ပါသည်။
- ရန်ကုန်တိုင်းဒေသကြီးအတွင်း အသွားအလာကန့်သတ်ထားရှိရာ နေရာများမှ ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့ခဲ့သူများအနက် Negative အဖြေထွက်ရှိခဲ့ပြီး နေအိမ်များတွင် အသွားအလာကန့်သတ်ထားရှိသူ စုစုပေါင်း (၁,၂၉၅) ဦးတွင်–
  - Hotel Quarantine – (၄၃၆) ဦး
  - Facility Quarantine – (၃၂၇) ဦး
  - Community Based Facility Quarantine – (၄၈၅) ဦး
  - Anosmia Center – (၄၇) ဦး

  ပါဝင်ပြီး ၎င်းတို့အား နေအိမ်များတွင် အသွားအလာဆက်လက်ကန့်သတ်ထားရှိပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၂၀-၁၂-၂၀၂၀) ရက်နေ့၊ ညနေ (၄:၀၀)နာရီ

၁။ (၁၉-၁၂-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ (၉၈၉) ဦး၏ မြို့နယ်အလိုက် တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မြို့နယ် | အတည်ပြုလူနာ (ဦးရေ) |
|---|---|---|---|
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | ဒဂုံမြို့သစ် (တောင်ပိုင်း) | ၄၂ |
| | | မြောက်ဥက္ကလာပ | ၄၁ |
| | | လှိုင်သာယာ | ၃၉ |
| | | မရမ်းကုန်း | ၃၂ |
| | | အင်းစိန် | ၂၉ |
| | | ရွှေပြည်သာ | ၂၆ |
| | | တောင်ဥက္ကလာပ | ၂၆ |
| | | မင်္ဂလာဒုံ | ၂၅ |
| | | မှော်ဘီ | ၂၄ |
| | | ဒဂုံမြို့သစ် (မြောက်ပိုင်း) | ၁၈ |
| | | သာကေတ | ၁၆ |
| | | ကမာရွတ် * | ၁၄ |
| | | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၁၄ |
| | | စမ်းချောင်း | ၁၄ |
| | | ကျောက်တံတား | ၁၃ |
| | | တိုက်ကြီး | ၁၂ |
| | | တာမွေ | ၁၀ |
| | | ကော့မှူး | ၉ |
| | | ကျောက်တန်း | ၈ |
| | | သဃ်န်းကျွန်း | ၇ |
| | | ကြည့်မြင်တိုင် | ၇ |
| | | လှည်းကူး | ၆ |
| | | ဗိုလ်တထောင် * | ၆ |
| | | သုံးခွ | ၆ |
| | | ပုဇွန်တောင် | ၅ |
| | | သန်လျင် | ၄ |
| | | အလုံ | ၄ |
| | | ရန်ကင်း | ၄ |
| | | ဒဂုံ | ၄ |
| | | ထန်းတပင် | ၄ |
| | | မင်္ဂလာတောင်ညွန့် | ၃ |
| | | ဒေါပုံ | ၃ |
| | | လှိုင် | ၂ |
| | | ဒဂုံမြို့သစ် (ဆိပ်ကမ်း) | ၂ |
| | | ခရမ်း | ၂ |
| | | လသာ | ၂ |
| | | ဒလ | ၁ |
| | | ပန်းဘဲတန်း | ၁ |
| | | ဆိပ်ကြီးခနောင်တို | ၁ |
| | | တွံတေး | ၁ |
| | | စုစုပေါင်း | ၄၈၇ |
| ၂။ | မန္တလေးတိုင်းဒေသကြီး | ချမ်းမြသာစည် | ၆၄ |
| | | ချမ်းအေးသာစံ | ၅၁ |
| | | အောင်မြေသာစံ | ၄၃ |
| | | မဟာအောင်မြေ | ၂၈ |
| | | အမရပူရ | ၂၅ |
| | | စဉ့်ကိုင် | ၁၁ |
| | | ကျောက်ဆည် | ၁၀ |
| | | တောင်သာ | ၉ |
| | | ပုသိမ်ကြီး | ၉ |
| | | ပြည်ကြီးတံခွန် | ၈ |
| | | မြင်းခြံ | ၆ |
| | | ကျောက်ပန်းတောင်း | ၄ |
| | | ပြင်ဦးလွင် | ၃ |
| | | နွားထိုးကြီး | ၃ |
| | | ရမည်းသင်း | ၁ |
| | | ဝမ်းတွင်း | ၁ |
| | | မိုးကုတ် | ၁ |
| | | ငါန်းဇွန် | ၁ |
| | | ညောင်ဦး | ၁ |
| | | စုစုပေါင်း | ၂၇၉ |
| ၃။ | ပဲခူးတိုင်းဒေသကြီး | ပဲခူး | ၃၀ |
| | | ကျောက်တံခါး | ၇ |
| | | မင်းလှ | ၅ |
| | | သဲကုန်း | ၅ |
| | | သာယာဝတီ | ၄ |
| | | ပြည် | ၃ |
| | | မိုးညို | ၃ |
| | | ရွှေကျင် | ၂ |
| | | သနပ်ပင် | ၂ |
| | | ကဝ | ၁ |
| | | ကျောက်ကြီး | ၁ |
| | | ပန်းတောင်း | ၁ |
| | | ရွှေတောင် | ၁ |
| | | စုစုပေါင်း | ၆၅ |
| ၄။ | မကွေးတိုင်းဒေသကြီး | အောင်လံ | ၁၂ |
| | | ဂန့်ဂေါ | ၅ |
| | | မင်းလှ | ၄ |
| | | မင်းဘူး | ၃ |
| | | စလင်း | ၃ |
| | | ပွင့်ဖြူ | ၂ |
| | | မကွေး | ၂ |
| | | တောင်တွင်းကြီး | ၂ |
| | | ချောက် | ၁ |
| | | ကံမ | ၁ |
| | | မြို့သစ် | ၁ |
| | | ဆော | ၁ |
| | | သရက် | ၁ |
| | | စုစုပေါင်း | ၃၈ |
| ၅။ | ဧရာဝတီတိုင်းဒေသကြီး | မော်လမြိုင်ကျွန်း | ၉ |
| | | ပုသိမ် | ၉ |
| | | ဟင်္သာတ | ၃ |
| | | ဘိုကလေး | ၂ |
| | | ကျိုက်လတ် | ၁ |
| | | လပွတ္တာ | ၁ |
| | | မြောင်းမြ | ၁ |
| | | ပန်းတနော် | ၁ |
| | | စုစုပေါင်း | ၂၇ |
| ၆။ | စစ်ကိုင်းတိုင်းဒေသကြီး | ကလေး | ၈ |
| | | ကန့်ဘလူ | ၃ |
| | | တမူး | ၃ |
| | | ရွှေဘို | ၂ |
| | | ဟုမ္မလင်း | ၁ |
| | | အင်းတော် | ၁ |
| | | ကျွန်းလှ | ၁ |
| | | စစ်ကိုင်း | ၁ |
| | | ဆားလင်းကြီး | ၁ |
| | | ယင်းမာပင် | ၁ |
| | | စုစုပေါင်း | ၂၂ |
| ၇။ | နေပြည်တော် | ဇေယျာသီရိ | ၁၂ |
| | | ပုဗ္ဗသီရိ | ၂ |
| | | ဇမ္ဗူသီရိ | ၂ |
| | | ဥတ္တရသီရိ | ၂ |
| | | လယ်ဝေး | ၁ |
| | | ပျဉ်းမနား | ၁ |
| | | စုစုပေါင်း | ၂၀ |
| ၈။ | မွန်ပြည်နယ် | ပေါင် | ၅ |
| | | မော်လမြိုင် | ၂ |
| | | သထုံ | ၂ |
| | | ဘီးလင်း | ၁ |
| | | ကျိုက်မရော | ၁ |
| | | ကျိုက်ထို | ၁ |
| | | သံဖြူဇရပ် | ၁ |
| | | စုစုပေါင်း | ၁၃ |
| ၉။ | ရခိုင်ပြည်နယ် | အမ်း | ၃ |
| | | ကျောက်ဖြူ | ၃ |
| | | စစ်တွေ | ၂ |
| | | ကျောက်တော် | ၁ |
| | | မင်းပြား | ၁ |
| | | သံတွဲ | ၁ |
| | | စုစုပေါင်း | ၁၁ |
| ၁၀။ | ကချင်ပြည်နယ် | ဖားကန့် | ၄ |
| | | မြစ်ကြီးနား | ၃ |
| | | ဗန်းမော် | ၁ |
| | | စုစုပေါင်း | ၈ |
| ၁၁။ | ရှမ်းပြည်နယ် | တောင်ကြီး | ၂ |
| | | မူဆယ် | ၂ |
| | | ကျောက်မဲ | ၁ |
| | | နမ့်ဆန် | ၁ |
| | | စုစုပေါင်း | ၆ |
| ၁၂။ | ချင်းပြည်နယ် | တွန်းဇံ | ၃ |
| | | တီးတိန် | ၂ |
| | | စုစုပေါင်း | ၅ |
| ၁၃။ | ကရင်ပြည်နယ် | မြဝတီ | ၂ |
| | | ဖာပွန် | ၁ |
| | | ကော့ကရိတ် | ၁ |
| | | စုစုပေါင်း | ၄ |
| ၁၄။ | တနင်္သာရီတိုင်းဒေသကြီး | ပုလော | ၂ |
| | | ကျွန်းစု | ၁ |
| | | စုစုပေါင်း | ၃ |
| ၁၅။ | ကယားပြည်နယ် | လွိုင်ကော် | ၁ |
| | | စုစုပေါင်း | ၁ |
| | (၁၉-၁၂-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | | (၉၈၉) ဦး |

* ကမာရွတ်မြို့နယ်မှ (၅) ဦးနှင့် ဗိုလ်တထောင်မြို့နယ်မှ (၁) ဦးတို့သည် ပြည်ပနိုင်ငံမှ ပြန်လည်ရောက်ရှိလာသဖြင့် အသွားအလာ ကန့်သတ်ထားရှိခြင်းဖြစ်ပါသည်။

မှတ်ချက်။ (၁၉-၁၂-၂၀၂၀)ရက်နေ့တွင် စစ်ဆေးတွေ့ရှိခဲ့သော ဓာတ်ခွဲအတည်ပြုလူနာ (၉၈၉)ဦးတွင် အနံ့မရရှိသူ (၁၈၇)ဦး ပါရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## COVID-19 Call Center ကို နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ထား

**နေပြည်တော် ဒီဇင်ဘာ ၂၀**

COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန်အတွက် COVID – 19 Call Center ကို ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာလေးခု၊ Blue Ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID-19 Call Center (ဖုန်းနံပါတ် ၂၀၁၉) အား ဧပြီ ၈ ရက်မှစ၍ နံနက် ၈ နာရီမှ ည ၈ နာရီအထိ ဖွင့်လှစ်ခဲ့ပြီး ယခုအခါ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်း ဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဖွင့်လှစ်ထားရှိသည်။

**သတင်းစဉ်**

## ၂၀-၁၂-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၁၈၀၇၈၉၂၅ | ၁၀၅၄၆၇၀၇ | ၃၂၃၄၀၄ |
| ၂။ | အိန္ဒိယ | ၁၀၀၃၅၀၁၂ | ၉၅၈၃၀၆၈ | ၁၄၅၅၅၉ |
| ၃။ | ဘရာဇီး | ၇၂၁၃၁၅၅ | ၆၂၂၂၇၆၄ | ၁၈၆၃၅၆ |
| ၄။ | ရုရှား | ၂၈၄၈၃၇၇ | ၂၂၇၅၆၅၇ | ၅၀၈၅၈ |
| ၅။ | ပြင်သစ် | ၂၄၆၀၅၅၅ | ၁၈၃၅၇၁ | ၆၀၄၁၈ |
| ၆။ | တူရကီ | ၂၀၀၄၂၈၅ | ၁၇၇၉၀၆၈ | ၁၇၈၅၁ |
| ၇။ | ဗြိတိန် | ၂၀၀၄၂၁၉ | စိစစ်ဆဲ | ၆၇၀၇၅ |
| ၈။ | အီတလီ | ၁၉၃၈၀၈၃ | ၁၂၄၉၄၇၀ | ၆၈၄၄၇ |
| ၉။ | စပိန် | ၁၈၁၇၄၄၈ | စိစစ်ဆဲ | ၄၈၉၂၆ |
| ၁၀။ | အာဂျင်တီးနား | ၁၅၃၇၁၆၉ | ၁၃၆၂၆၁၇ | ၄၁၇၆၃ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၂၀-၁၂-၂၀၂၀

| | COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၆၆၄၉၃၀ | ၅၄၁၈၁၁ | ၁၉၈၈၀ |
| ဖိလစ်ပိုင် | ၄၅၉၇၈၉ | ၄၂၉၁၃၄ | ၈၉၄၇ |
| မြန်မာ | ၁၁၆၁၃၄ | ၉၅၃၈၇ | ၂၄၄၃ |
| မလေးရှား | ၉၃၃၀၉ | ၇၇၃၀၉ | ၄၃၇ |
| စင်ကာပူ | ၅၈၄၂၂ | ၅၈၂၇၄ | ၂၉ |
| ထိုင်း | ၄၉၀၇ | ၄၀၄၁ | ၆၀ |
| ဗီယက်နမ် | ၁၄၁၃ | ၁၂၆၉ | ၃၅ |
| ကမ္ဘောဒီးယား | ၃၆၂ | ၃၄၅ | ၀ |
| ဘရူနိုင်း | ၁၅၂ | ၁၄၉ | ၃ |
| လာအို | ၄၁ | ၃၆ | ၀ |

## ကိုဗစ်-၁၉ အလွန်ကာလတွင် ခရီးသွားဧည့်သည်များ လည်ပတ်နိုင်ရန် တံတားဦးမြို့နယ်ရှိ ပြူကန်ကျေးရွာကို ခရီးစဉ်ဒေသအသစ်ဖော်ဆောင်မည်

**မန္တလေး ဒီဇင်ဘာ ၂၀**

ကိုဗစ်-၁၉ အလွန်ကာလတွင် မန္တလေးတိုင်းဒေသကြီးသို့ ခရီးသွားဧည့်သည်များ ပိုမိုလာရောက်လည်ပတ်နိုင်ရန်အတွက် တံတားဦးမြို့နယ်အတွင်းရှိ ပြူကန်ကျေးရွာကို ခရီးစဉ်ဒေသသစ်အဖြစ် ဖော်ဆောင်သွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဇော်မျိုးလတ်က ပြောကြားသည်။



အဆိုပါ ပြူကန်ကျေးရွာကို ခရီးစဉ်ဒေသသစ်အဖြစ် ဖော်ဆောင်ရာတွင် ကျေးလက်နေပြည်သူများ၏ လူနေမှုဘဝများကို လေ့လာနိုင်မည့် ခရီးစဉ်များ၊ ခရီးသွားဧည့်သည်များ အနားယူအပန်းဖြေနိုင်မည့် ခရီးစဉ်များ၊ စိုက်ပျိုးရေးကို အခြေခံသည့် ခရီးသွားလုပ်ငန်းများ၊ ပြူကန်ကို လာရောက်ဆောင်းခိုသည့် ငှက်များကို ကြည့်ရှုရမည့် ငှက်ကြည့်ခရီးစဉ်များကို ခရီးသွားဧည့်သည်များအတွက် ဖော်ထုတ်သွားမည်ဖြစ်ကြောင်း သိရသည်။

"ခရီးသွားလုပ်ငန်းတွေအနေနဲ့ ကိုဗစ်အလွန်ကာလမှာ ပြန်လည်ဖွံ့ဖြိုးလာစေဖို့ စီမံဆောင်ရွက်နေပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာ ကိုဗစ်-၁၉ ကာလအတွင်းမှာလည်း လိုအပ်တဲ့ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် သင်တန်းတွေပေးပြီး ဆောင်ရွက်နေသလို ကိုဗစ်အလွန်မှာ ခရီးသွားတွေလည်ပတ်တဲ့အခါမှာလည်း ဘေးအန္တရာယ်ကင်းရှင်းစွာ လည်ပတ်နိုင်ဖို့ ကိုဗစ်-၁၉ လမ်းညွှန်ချက်ထုတ်ပြန်ပြီး ဆောင်ရွက်နေပါတယ်။ ဒီလမ်းညွှန်ချက်တွေကိုလည်းပဲ ခရီးသွားလုပ်ငန်းနဲ့ ဆက်စပ်တဲ့အဖွဲ့အစည်းတွေ လိုက်နာကြဖို့ကို ဆောင်ရွက်ထားပါတယ်။ ကျွန်တော်တို့ဌာနအနေနဲ့ တိုင်းဒေသကြီးအတွင်းရှိ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း၊ ဧည့်လမ်းညွှန်များအသင်းနဲ့ ဟိုတယ်လုပ်ငန်းရှင်များအသင်းစသဖြင့် ဆက်စပ်အသင်းအဖွဲ့တွေနဲ့ ပူးပေါင်းပြီးတော့ ခရီးစဉ်ဒေသအသစ်တွေကိုဖော်ထုတ်ပြီး ဆောင်ရွက်နေပါတယ်"ဟု ၎င်းက ရှင်းပြသည်။

ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ကိုဗစ်အလွန်ကာလများတွင် လာရောက်လည်ပတ်ကြမည့် ခရီးသွားဧည့်သည်များအတွက် ခရီးစဉ်ဒေသအသစ်များကို ဖော်ထုတ် ဆောင်ရွက်လျက်ရှိသည့်အပြင် ရှိပြီးသားခရီးစဉ်များကိုလည်း မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခု ခရီးစဉ်ဒေသသစ်အဖြစ် ဖော်ထုတ်မည့် ပြူကန်ကျေးရွာသည် တံတားဦးမြို့နယ်တွင် တည်ရှိပြီး မန္တလေး၊ မြို့သာနှင့် မြင်းခြံလမ်းအတိုင်းသွားရောက်ပြီး တံတားဦးမြို့နယ် မြို့ပြဖွံ့ဖြိုးရေးနှင့် ဟိုတယ်ဇုန်စီမံကိန်း၏ ဘယ်ဘက်ခြမ်း ပြူကန်ဆိုင်းဘုတ်မှ ၁၀ မိနစ်အတွင်း ရောက်ရှိကြောင်း၊ အဆိုပါ ပြူကန်၌ ကမ္ဘာပေါ်တွင် အရှားပါးဆုံးဖြစ်ပြီး မျိုးသုဉ်းပျောက်ကွယ်ရန် စိုးရိမ်ရသည့် ပွတ်ချပ် ငှက်များ၊ ဘဲခေါင်းစိမ်း၊ ရေဘဲငှက်တို့ လာရောက်ကျက်စားလေ့ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## မျက်နှာနှင့် နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက်

တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ "နေအိမ်တွင်သာ နေထိုင်ရေးအစီအစဉ် (Stay at home)"တွင် အကျုံးဝင်သော မြို့နယ်များနှင့် ရောဂါဖြစ်ပွားမှုများသော မြို့နယ်များတွင် တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များ၏ ဦးဆောင်မှုဖြင့် တိုင်းဒေသကြီး/ ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနများသည် လူမှုရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ **"COVID-19 ရောဂါ ကာကွယ်ခြင်းဆိုင်ရာ ကျန်းမာရေး အသိပညာမြှင့်တင်ရေးနှင့် ပြုမူပြောင်းလဲရေး ဆက်သွယ်ပညာပေး မျက်နှာနှင့် နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှု စီမံချက် (Mask and Face Shield Campaign)"** ကို ဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါ လူထုလှုပ်ရှားမှုစီမံချက်တွင်

- ပါးစပ်နှင့် နှာခေါင်းစည်း (Mask)၊ မျက်နှာအကာ (Face shield) မဖြစ်မနေတပ်ဆင်ရေးအတွက် အသိပေးစည်းရုံး လှုံ့ဆော်ခြင်း၊ ပေးဝေခြင်းနှင့် တပ်ဆင်စေခြင်း၊
- လက်ကိုင်အသံချဲ့စက်များဖြင့် လှည့်လည် အသိပေးပြောကြားခြင်းနှင့်
- ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များ ပေးဝေခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

ရောဂါကူးစက်ပြန့်ပွားမှုကွင်းဆက်ကို ဖြတ်တောက်ပြီး ထိရောက်စွာ ကာကွယ်ထိန်းချုပ်နိုင်မှသာ စီးပွားရေး၊ ပညာရေးနှင့် လူမှုရေးလုပ်ငန်းများကို ပုံမှန်အနေအထားအတိုင်း အမြန်ဆုံး ပြန်လည်လုပ်ကိုင်လာနိုင်မည်ဖြစ်သည့်အတွက် ပြည်သူလူထုအနေဖြင့် ပူးပေါင်းပါဝင် လိုက်နာဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော် ပန်ကြားအပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

## လဲချားတွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရန် ပါးစပ်နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေ

**လဲချား ဒီဇင်ဘာ ၂၀**

ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင် လဲချားမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရန် ပါးစပ်နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေခြင်းကို ယနေ့ နံနက် ၈ နာရီက မြို့မဈေးအတွင်းနှင့် ပျံကျဈေးတန်းတို့တွင် ဆောင်ရွက်သည်။ **(ယာပုံ)**



ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ ပြည်သူ့ကျန်းမာရေးဌာနမှ မြို့နယ်ဆရာဝန်ကြီးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနမှ အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများ ပူးပေါင်းပါဝင်ပြီး နေအိမ်ပြင်ပထွက်ခွာရာတွင် ပါးစပ်နှာခေါင်းစည်းများ တပ်ဆင်စေရန်၊ ဈေးရောင်းသူ/ ဈေးဝယ်သူများအား ပါးစပ်နှာခေါင်းစည်း တပ်ဆင်ပြီးမှ ဈေးရောင်း၊ ဈေးဝယ်ပြုစေရန် အသိပညာပေးခြင်း၊ ရောဂါ ကူးစက်မှုမဖြစ်ပေါ်စေရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ လမ်းညွှန်ချက်များကို စနစ်တကျလိုက်နာစေရန် အသိပညာပေးဆောင်ရွက်ပြီး ပါးစပ်နှာခေါင်းစည်းနှင့် မျက်နှာအကာများကို အခမဲ့ဖြန့်ဝေပေးသည်။

လဲချားမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှု မဖြစ်ပေါ်စေရန်အတွက် ပြည်သူလူထုက ကာကွယ်ရေး နည်းလမ်းများကို ပိုမိုအလေးထားဂရုစိုက်စေရန် ရည်ရွယ်၍ ပါးစပ်နှာခေါင်းစည်းနှင့် မျက်နှာအကာများ ဖြန့်ဝေခြင်း၊ အသိပညာပေးလုပ်ငန်းများကို ပြုလုပ်ရခြင်းဖြစ်ကြောင်း သိရသည်။ **လွှမ်းသူနောင်(ပြန်/ဆက်)**

## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဒီဇင်ဘာ ၂၀**

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် အနုတ် ၀၁ ဒီဂရီစင်တီဂရိတ်၊ ရမ်ကလောင်းတွင် ၃ ဒီဂရီစင်တီဂရိတ်၊ မင်းတပ်မြို့တွင် ၄ ဒီဂရီစင်တီဂရိတ်၊ ကျောက်မဲမြို့၊ ဟဲဟိုးမြို့နှင့် မိုးကုတ်မြို့တို့တွင် ၅ ဒီဂရီစင်တီဂရိတ်စီနှင့် ပူတာအိုမြို့၊ တီးတိန်မြို့၊ တွန်းဇံမြို့နှင့် ပြင်ဦးလွင်မြို့တို့တွင် ၆ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ **မိုး/ဇလ**

# ချောင်းမငယ်ရေလှောင်တမံကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၂၀**

နေပြည်တော် လယ်ဝေးမြို့နယ်အတွင်းရှိ ချောင်းမငယ် ရေလှောင်တမံနှင့် ဆည်ရေသောက်စနစ်အတွင်း တမံကြံ့ခိုင်မှုအတွက် ထိန်းသိမ်းဆောင်ရွက်ထားရှိမှု၊ တမံအတွင်း ရေသိုလှောင်ထားရှိမှု၊ နွေစပါးစိုက်ပျိုးရေအဆင်ပြေစွာပေးနိုင်ရေးအတွက် ရေပေးတူးမြောင်းများ ပြင်ဆင်ထိန်းသိမ်းဆောင်ရွက်ထားရှိမှုတို့ကို ယနေ့နံနက်ပိုင်းတွင် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဗိုလ်ဗိုလ်ကျော်နှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးကြသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် တည်ဆောက်ရေး(၅) ညွှန်ကြားရေးမှူး၊ နေပြည်တော် (ထိန်းသိမ်းရေး) ညွှန်ကြားရေးမှူးနှင့်တာဝန်ရှိသူများက တမံကြံ့ခိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှုများကို လိုက်လံရှင်းလင်းပြသကြရာ ညွှန်ကြားရေးမှူးချုပ်က ပြောင်းလဲလာသော ရာသီဥတုနှင့်အညီ ဆည်ရေအား အလေအလွင့်နည်းပါးစွာဖြင့် အကျိုးရှိရှိ ထိထိရောက်ရောက် အသုံးပြုနိုင်ရန်အတွက် ဖွဲ့စည်းပြီးဖြစ်သော ရေအသုံးချသူများအဖွဲ့ (WUG)များနှင့် ပူးပေါင်းပြီး စနစ်တကျ စီမံခန့်ခွဲ ဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

**ထက်လျှံ**



ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့ ချောင်းမငယ်ရေလှောင်တမံအတွင်း ရေသိုလှောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

❖ *ကျောဖုံးမှ*

အပတ်စဉ်ပြေးဆွဲပေးသွားမှာ ဖြစ်ပါတယ်။ ထိုင်ခုံလက်မှတ်ခ နှုန်းထားက တစ်ဦးကို ငွေကျပ်တစ်သောင်းခွဲလို့ အကြမ်းဖျင်းသတ်မှတ်လျာထားတယ် ဆိုပေမယ့် လက်မှတ်ခနှုန်းထား အတိအကျကို ဒီဇင်ဘာ ၂၁ ရက်မှာ အများပြည်သူသိအောင် ကြေညာပေးသွားမှာဖြစ်ပါတယ်'' ဟု မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များ အသင်း ဥက္ကဋ္ဌ ဦးနောင်နောင်းဟန်က ပြောသည်။ အဆိုပါ အပျော်စီးသင်္ဘောပေါ်တွင် ခရီးသည် ၁၂၀ လိုက်ပါစီးနင်းနိုင်မည် ဖြစ်သော်လည်း လိုက်နာရမည့် ကျန်းမာရေးဆိုင်ရာစံသတ်မှတ်ချက်များနှင့်အညီ ခရီးသည် ၃၀ ကိုသာတင်ဆောင်၍ အပျော်စီးသင်္ဘောခရီးစဉ်ကို ပြေးဆွဲပေးမည်ဖြစ်ကြောင်း၊ ခရီးသည်များအတွက် လာမည့် ဒီဇင်ဘာ ၂၅ ရက်(ခရစ္စမတ်) ညနေပိုင်းခရီးစဉ်ကို စတင်ပြေးဆွဲမည်ဖြစ်၍ ဒီဇင်ဘာ ၂၆ ရက်နှင့် ၂၇ ရက် ညနေပိုင်းခရီးစဉ်များကိုလည်း ပြေးဆွဲပေးရန် လျာထားကြောင်း သိရသည်။ နှစ်ထပ်အပျော်စီး သင်္ဘောခရီးစဉ် စတင်ပြေးဆွဲပြီဆိုပါက ခရီးသည်များအနေဖြင့် ညနေ ၃ နာရီ ၄၅ မိနစ်တွင် သင်္ဘောပေါ်သို့ တက်ကြရမည်ဖြစ်ပြီး ညနေ ၃ နာရီခွဲတွင် ကောင်တာပိတ်မည်ဖြစ်ကြောင်း၊ ပြေးဆွဲပေးမည့် ခရီးစဉ်အရ ကျန်းမာရေးဆိပ်ကမ်းမှ တစ်ဆင့် ညနေ ၄ နာရီတွင် စတင်ထွက်ခွာ ပြေးဆွဲမည်ဖြစ်ပြီး ရန်ကုန်မြစ်တွင်းမှထွက်ကာ ဗိုလ်တထောင်ဘုရားအနီးတစ်ဝိုက်၊ ထိုမှတစ်ဆင့် သန်လျက်စွန်းသို့ပြေးဆွဲ၍ သန်လျက်စွန်းမှပြန်ကွေ့ကာ တောက်လျှောက် ရန်ကုန်မြစ်အတိုင်း ပြေးဆွဲမည်ဖြစ်သည်။ ယင်းနောက် တွံတေးမြစ်ဝရှိ မြစ်သုံးစင်းဆုံရာနေရာသို့ ဆက်လက်ပြေးဆွဲကာ ထိုမှတစ်ဆင့် ကြည့်မြင်တိုင်ကမ်းနားလမ်း တောက်လျှောက် ဘုရင့်နောင်တံတားအနီးထိ ပြေးဆွဲ၍ ကျန်းမာရေးဆိပ်ကမ်းသို့ ပြန်လည်မောင်းနှင် ရောက်ရှိလာမည်ဖြစ်သည်။ ညနေ ၄ နာရီတွင် စတင်ထွက်ခွာပြေးဆွဲမည်ဖြစ်သည့်အတွက် နေဝင်ချိန် ဆည်းဆာအလှကို နှစ်ထပ်အပျော်စီး သင်္ဘောပေါ်မှတစ်ဆင့် ကြည့်ရှုခံစားနိုင်ကြမည်ဖြစ်သည်။

**သတင်းနှင့်ဓာတ်ပုံ – အာကာစိုး**



## သီပေါမြို့နယ်မှ နာနတ်တောင်သူများအထွက်တိုးစေရန် စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများ စိုက်ကွင်းပြပွဲကျင်းပ

**သီပေါ ဒီဇင်ဘာ ၂၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ကြီးမှူး၍ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများရရှိရေးအကြောင်း ဆွေးနွေးခြင်းနှင့် တောင်သူနည်းပညာပေးသင်တန်း စိုက်ကွင်းပြပွဲကို ယနေ့နံနက်ပိုင်းက နမ့်ရမ်းကျေးရွာ နာနတ်တောင်သူ ဦးစိုင်းစံလင်း၏ နာနတ်ခြံ၌ ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

အခမ်းအနားတွင် ကျောက်မဲခရိုင် စိုက်ပျိုးရေးဦးစီးဌာန၊ ဦးစီးမှူး ဦးဝင်းထင်စိုးနှင့် သီပေါမြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဦးထွန်းမင်းဦးတို့က နာနတ်ခြံများ စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများ (GAP) လက်မှတ် လျှောက်ထားခြင်းဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

**GAP လက်မှတ်ရရှိ**

ထို့နောက် တက်ရောက်လာသည့် တောင်သူများက သိရှိလိုသည်များကို မေးမြန်းကြရာ ခရိုင်စိုက်ပျိုးရေးဦးစီးမှူးနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။ သီပေါမြို့နယ်သည် နာနတ်သီးနှံအများဆုံးစိုက်ပျိုးထွက်ရှိရာဒေသဖြစ်ပြီး စိုက်ဧက ၃၀၂၁ ဧကအနက် ၁၁၇၇ ဧကအတွက် တောင်သူ ၁၀၂ ဦးမှာ GAP လက်မှတ်ရရှိကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## ထိုင်ဝမ်(တရုတ်–တိုင်ပေ) ဒေသတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာသင်္ဘောသားများအား ပြန်လည်ခေါ်ဆောင်ခဲ့

**နေပြည်တော် ဒီဇင်ဘာ ၂၀**

နိုင်ငံတကာခရီးသည်တင် လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် ထိုင်ဝမ်(တရုတ်–တိုင်ပေ) ဒေသတွင် စာချုပ်သက်တမ်းကုန်ဆုံး၍ သင်္ဘောဆင်းခွင့်ရရှိရန် အခက်အခဲကြုံတွေ့နေရသည့် မြန်မာသင်္ဘောသား အများစုအပါအဝင် မြန်မာနိုင်ငံသား စုစုပေါင်း ၁၄၇ ဦးကို ဟောင်ကောင်မြို့ရှိ မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ စီစဉ်သည့် China Airlines လေကြောင်းလိုင်း ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေး၊ သီးသန့်စီစဉ်ပေးသည့်နေရာ / သတ်မှတ်ဟိုတယ်များ၌ အသွားအလာကန့်သတ်မှု ခုနစ်ရက်နှင့် နေအိမ်တွင် အသွားအလာကန့်သတ်မှု ခုနစ်ရက်နေထိုင်စေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာ အခန်းကဏ္ဍ အလိုက် တာဝန်ယူ ဆောင်ရွက်ပေးခဲ့ကြသည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာသင်္ဘောသားများအား ပြန်လည်ခေါ်ဆောင်ရန် ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေး ဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ သက်ဆိုင်ရာ နိုင်ငံများရှိ မြန်မာသံရုံးများ၊ သင်္ဘောကုမ္ပဏီများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## မြေဩဇာသုံးစွဲမှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုဆိုင်ရာ သင်တန်းကို အခမဲ့သင်ကြားပေးမည်

**မန္တလေး ဒီဇင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီးအတွင်း သီးနှံများကို ဥယျာဉ်ခြံဖြင့် စိုက်ပျိုးရေးပြုလုပ်နေကြသည့် လုပ်ငန်းရှင်များအနေဖြင့် မြေဩဇာသုံးစွဲမှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုဆိုင်ရာ အသိပညာပေးသင်တန်းကို လာမည့် ၂၀၂၁ ခုနှစ် လဆန်းပိုင်းမှစ၍ အွန်လိုင်းမှ အခမဲ့သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှ သိရသည်။

အဆိုပါ သင်တန်းကို ဂျာမနီနိုင်ငံမှ IHK အဖွဲ့၊ မြန်မာနိုင်ငံ စက်မှုကုန်သည်များအသင်းချုပ် (UMFCCI) နှင့် မန္တလေးတိုင်းဒေသကြီး စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း(MRCCI)တို့ ပူးပေါင်း၍ ပြင်ဦးလွင်မြို့နယ်မှ သီးနှံများအား ဥယျာဉ်စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်နေကြသည့် လုပ်ငန်းရှင်များအတွက် မြေဩဇာသုံးစွဲမှု၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုနှင့် ပတ်သက်၍ အသိပညာပေးသည့်အနေဖြင့် ယခုအွန်လိုင်းသင်တန်းကို ပို့ချပေးသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှ အထွေထွေအတွင်းရေးမှူး ဦးဥက္ကာကျော်က ပြောသည်။

'' လက်ရှိထွက်ပေါ်လာတဲ့ သီးနှံတွေမှာ Chemical သုံးစွဲမှုပမာဏတွေ များနေတာကြောင့် နိုင်ငံတကာဈေးကွက်ကိုတင်ပို့တဲ့နေရာမှာ အခက်အခဲ ရှိပါတယ်။ ဒါကြောင့် စိုက်ပျိုးထုတ်လုပ်တဲ့ အချိန်ကာလမှာကတည်းက ဆောင်ရန်၊ ရှောင်ရန်တွေနဲ့ ဘယ်လိုဆေးမျိုးတွေ သုံးစွဲသင့်တယ်ဆိုတဲ့ အချက်တွေကို ပို့ချသွားမှာပါ'' ဟု ၎င်းက ရှင်းပြသည်။

အဆိုပါ သင်တန်းကို ဂျာမနီနိုင်ငံမှ ပညာရှင်များနှင့် ပြည်တွင်းပညာရှင်များ ပူးပေါင်း၍ သင်ကြားပေးမည်ဖြစ်ပြီး ယင်းစိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးသင်တန်းကို တက်ရောက်လိုသူများ အနေဖြင့် MRCCI ၏ ရုံးဖုန်း၊ ၀၂–၄၀၆၉၃၂၊ Email – MRCCI MDY@gmail.com သို့ စာရင်းပေးပို့နိုင်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



# ကိုဗစ် - ၁၉ ကာလအတွင်း သွင်းအားစုကုန်ကျစရိတ် သက်သာစေမည့် တီမွေးမြူခြင်းနှင့် တီကျစ်စာမြေဆွေးပြုလုပ်ခြင်းဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၂၀**
စိုက်ပျိုးရေးသုတေသန ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ လမ်းညွှန်မှုဖြင့် စပါးဇီဝဥယျာဉ်ဌာနစု တာဝန်ခံ ဒေါက်တာဥမ္မာခင်နှင့် သုတေသနပညာရှင်များသည် စပါးပင်တစ်ပင်လုံး အကျိုးရှိစွာအသုံးချရေး သုတေသနလုပ်ငန်းစဉ်များထဲမှ တီမွေးမြူခြင်းနှင့် တီကျစ်စာ မြေဆွေးပြုလုပ်ခြင်း သုတေသနကို ဆောင်ရွက်လျက်ရှိသည်။

ယင်းသုတေသနတွင် Red-Worm တီကောင်ကို အသုံးပြုမွေးမြူထားခြင်းဖြစ်ပြီး တီကောင်၏ အစားအစာအဖြစ် ကောက်ရိုးကျွေးခြင်း၊ ကောက်ရိုးနှင့် နွားချေး (၃ :၂) ကျွေးခြင်း၊ ကောက်ရိုးနှင့် နွားချေးဆတူရောကျွေးခြင်း၊ ကောက်ရိုးဆွေးကျွေးခြင်း၊ ကောက်ရိုးဆွေးနှင့် နွားချေး (၃ :၂) ကျွေးခြင်း၊ ကောက်ရိုးဆွေးနှင့် နွားချေး ဆတူရောကျွေးခြင်းနှင့် စပါးခွံနှင့် နွားချေးဆတူရောကျွေးခြင်း စမ်းသပ်ချက်များ ပြုလုပ်ဆောင်ရွက်လျက်ရှိသည်။

ယင်းသုတေသနမှ တီကောင်၏ အစာအဖြစ် အသုံးပြုသည့် အစားအစာအချိုးအစားပေါ် မူတည်၍ တီကောင်အရေအတွက် ပွားများမှု၊ တီကျစ်စာ မြေဆွေးထုတ်လုပ်နိုင်မှု ပမာဏတို့ကို ရှာဖွေဖော်ထုတ်မည် ဖြစ်သည်။

ထိုသုတေသနမှ တီမွေးမြူခြင်းနှင့် တီကျစ်စာ မြေဆွေးပြုလုပ်ခြင်း ရလဒ်ကောင်းများကို စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများအား နည်းပညာများ ဖြန့်ဝေမည်ဖြစ်ခြင်းကြောင့် ကိုဗစ်-၁၉ ကာလအတွင်း တောင်သူများအနေဖြင့် သဘာဝမြေဩဇာကို သုံးစွဲခြင်းဖြင့် သွင်းအားစု ကုန်ကျစရိတ် သက်သာစေခြင်း၊ ရေရှည်တည်တံ့သော စိုက်ပျိုးထုတ်လုပ်မှု ကျင့်သုံးခြင်းဖြင့် ဘေးကင်းလုံခြုံစိတ်ချရသည့် အာဟာရပြည့်ဝသော သီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်မည် ဖြစ်သည်။

ယင်းကဲ့သို့ စပါးပင်၏ အစိတ်အပိုင်းများအားလုံး အကျိုးရှိစွာ အသုံးချနိုင်ရေးအတွက် သုတေသနနှင့် နည်းပညာ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် ရရှိလာသည့် သုတေသနရလဒ်များကို ပညာပေးဖြန့်ဝေခြင်းဖြင့် လုပ်ကွက်ငယ်တောင်သူလယ်သမားများ၊ အထူးသဖြင့် အမျိုးသမီးလယ်သမားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုများပြား၍ အသက်မွေးဝမ်းကျောင်းအတွက် အထောက်အကူရစေမည်ဖြစ်ကာ အပိုဝင်ငွေလည်း ရရှိမည်ဖြစ်ကြောင်း သိရသည်။

**မေမိုးသဲ**

# မိုးကုတ်မြို့၌ ကျောက်မျက်ရတနာဈေး(ထာပွဲ)များ ပြန်လည်ဖွင့်လှစ်တော့မည်

**မိုးကုတ် ဒီဇင်ဘာ ၂၀**
မိုးကုတ်မြို့၌ ယာယီပိတ်ထားသော ကျောက်မျက်ရတနာများ ရောင်းဝယ်ရာ အဓိကနေရာများဖြစ်ကြသည့် ပန်းခြံထာပွဲဈေးနှင့် မဏိမင်္ဂလာ ကျောက်မျက်ဈေးတို့ကို မြို့နယ် ကိုဗစ်-၁၉ တားဆီး၊ ကာကွယ်ရေးနှင့် အရေးပေါ် တုံ့ပြန်မှုကော်မတီနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီတို့၏ ခွင့်ပြုချက်ဖြင့် ယနေ့တွင် ပြန်လည်ဖွင့်လှစ်နိုင်တော့မည်ဖြစ်သည်။

ဖွင့်လှစ်ရာတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ တားဆီးရေးအတွက် ကျောက်မျက်ရတနာ ရောင်းချသည့် ဆိုင်ခန်းများကို စုံ/မ ခွဲခြား၍ တစ်ရက်ခြား ရောင်းချစေရေး၊ ရောင်းချသည့်ဆိုင်များတွင် လက်သန့်ဆေးရည်ဘူး ထားရှိသုံးစွဲရေး၊ နှာခေါင်းစည်းနှင့် မျက်နှာဖုံးအကာများ တပ်ဆင်အသုံးပြုရေး၊ လက်အိတ်များ အသုံးပြုကာ ရောင်းဝယ်ရေး တို့ကိုလည်း တိုက်တွန်း နှိုးဆော်ထားကြောင်း သိရသည်။

အဆိုပါ ထာပွဲများအတွင်း ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် မြန်မာနိုင်ငံ လူမှုကယ်ဆယ်ရေးအဖွဲ့ (မိုးကုတ်)မှ ပိုးသတ်ဆေး ဖျန်းခြင်းများ လုပ်ဆောင်ကြကြောင်း သိရသည်။

**ဖြိုးမမ**
**(မိုးကုတ်)**

# အမာမြို့နယ်အတွင်းရှိ ငါး၊ ပုစွန်မွေးမြူရေးကန်များ စာရင်းဇယား မှန်ကန်မှုရှိစေရေး ကွင်းဆင်း

**အမာ ဒီဇင်ဘာ ၂၀**
ရောဝတီတိုင်းဒေသကြီး ငါးလုပ်ငန်း ဦးစီးဌာန ဖျာပုံခရိုင် အမာမြို့နယ် ငါးလုပ်ငန်းဦးစီးမှူး ဦးသန်းဦးသည် ခတ်တာကျွန်း(ဂရက်ကြီးလိပ်သောင်ကျွန်း) စခန်းတာဝန်ခံ ဦးထွန်းထွန်းဝင်းနှင့်အတူ မြို့နယ်အတွင်းရှိ သမိန်ပုလဲ၊ ထောင်ကြီး၊ အရှေ့ကမ်း၊ ခတ်တာကျွန်း၊ နောက်မီး၊ အောင်လှိုင်ကျေးရွာရှိ ငါး၊ ပုစွန်မွေးမြူရေးကန် စာရင်းဇယားများ မှန်ကန်မှုရှိစေရေး အတွက် ကွင်းဆင်းစစ်ဆေးသည်။

လက်ရှိ ငါးမွေးမြူနေသည့် ကန်များနှင့် ငါးမွေးမြူခြင်းမရှိသော ငါးကန်များကို ဒေသခံကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့်အတူ တွေ့ဆုံပြီး စာရင်းဇယားများ မှန်ကန်စေရေး၊ ကောင်းမွန်သော ရေသတ္တဝါ မွေးမြူရေးကျင့်စဉ်ဖြင့် ငါးမွေးမြူနိုင်ရေး၊ တရားမဝင်ငါးဖမ်းဆီးမှုများ လျော့နည်းပပျောက်စေရေး၊ ငါးသယံဇာတများ ထိန်းသိမ်းစောင့်ရှောက်ရေးတို့ကို ဆွေးနွေးပြောကြားကြောင်း သိရသည်။

**သတင်းစဉ်**




အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့် သတင်းစာ မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာပါ


မြန်မာ့အလင်း

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - ဝင်းကျော် |
| သတင်းထောက်ချုပ် | - မြင့်ဆွေ |
| စာတည်းများ | - ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊ |
| ဘာသာပြန် စာတည်း | - ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်း သတင်းထောက်များ | - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး၊ မိမိဖြိုး |
| ဓာတ်ပုံ သတင်းထောက် | - တင်စိုး |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News Presented by NPE www.mdn.gov.mm

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၀ - ၁၂ - ၂၀၂၀

### ရွှေ

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၃၁၉၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် ၁၃၁၄၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် ၁၂၄၁၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ဈေးပိတ် |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် ဈေးပိတ် |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် ဈေးပိတ် |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

### စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၆၀၀/၆၅၅ ကျပ် | ၆၅၀/၆၅၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၆၁၀/၆၇၀ ကျပ် | ၆၆၅/၆၈၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၇၅/၆၁၅ ကျပ် | ၆၄၅/၆၅၅ ကျပ် |
| အောက်တိန်း ၉၅ | ၆၉၅/၇၃၀ ကျပ် | ၇၇၅/၇၉၀ ကျပ် |

(Yangon Petrol မှ ရယူပါသည်)

### နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၄၈ . ၉ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၅၃ . ၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၁၆ . ၈ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၈၂၆ . ၉ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၀၃ . ၀ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၁၀၂၆ . ၄ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၀၆ . ၁၆ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၃၅၄ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၂၂ . ၉၅ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၃၄ . ၃၄ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၅ . ၃၀၃ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

### စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၈၀၀ | ၉၉၀၀ | ၁၂၄၂ | ၁၂၁၇၃၆၀၀ |
| MTSH | ၃၈၀၀ | ၃၈၀၀ | ၆၂၈ | ၂၃၆၆၄၀၀ |
| MCB | ၈၃၀၀ | ၈၃၀၀ | ၂ | ၁၆၆၀၀ |
| FPB | ၂၂၅၀၀ | ၂၂၅၀၀ | ၁၀၀၀ | ၂၂၅၀၀၀၀၀ |
| TMH | ၂၈၀၀ | ၂၈၀၀ | ၁၂၃ | ၃၄၅၁၅၀ |
| EFR | ၃၇၀၀ | ၃၆၅၀ | ၁၇၁၇ | ၆၃၀၂၉၀၀ |

ခင်ရတနာ - စုစည်းသည်

# ကျွန်တော်နဲ့ အဂတိလိုက်စားမှုတိုက်ဖျက်ရေး



ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်

**“မင်းမှာ သစ္စာ၊ လူမှာ ကတိ” ငယ်ငယ်တုန်းက ကြားဖူးတဲ့ စကားပုံဟာ အလွန်တန်ဖိုးရှိလာပါတယ်။ ကြီးပြင်းလာတဲ့အခါ အဓိပ္ပာယ်ကို ပိုပြီးသဘောပေါက်နားလည်လာခဲ့တယ်။ တစ်ချိန်က အမှုမဲ့အမှတ်မဲ့အရာဟာ အခုတော့ အလေးအနက်ထားရမယ့်အကြောင်း သိနားလည်ခဲ့ပါတယ်။ ကတိကို လွယ်လွယ် မပေးသင့်ဘူး။ ပေးခဲ့ရင်လည်း ကတိကိုတည်ရမယ်။ အခုချိန်မှာ ဒီအတွေးတွေကို ဆင်ခြင်သင့်တယ်။ နေရာတိုင်းလိုလို ကတိကိုလွယ်လွယ်ပေးနေကြတာ တွေ့မြင်ရတယ်။ တစ်ဖက်သားကျေနပ်အောင် ခပ်လွယ်လွယ်ပေးလေ့ရှိကြတယ်။ ပေးပြီးတဲ့ ကတိကို မတည်နိုင်တာကိုလည်း ခပ်ပေါ့ပေါ့တွေးတတ်ကြတယ်။ ဒီအမူအကျင့်ကို နေရာတိုင်းမှာ တွေ့ရတယ်။ သူငယ်ချင်းအပေါင်းအသင်းတွေထဲမှာ၊ လုပ်ငန်းခွင်မှာ၊ အုပ်ချုပ်ရေးနဲ့နိုင်ငံရေးနယ်ပယ်တွေမှာ ကတိလွယ်လွယ်ပေးပြီး ကတိမတည်ရင် သိက္ခာထိခိုက်တာကို သတိမပြုကြတာ တွေ့ရတယ်။ အမှန်တော့ လူ့တန်ဖိုးဟာ သိက္ခာပဲဖြစ်တယ်။ ဂုဏ်သိက္ခာလို့ပြောရင် ရာထူး၊ ငွေကြေး၊ ကျော်ကြားမှုနဲ့ တိုင်းတာမှုဟာ မပြည့်စုံပါဘူး။ ဒါတွေဟာ အပေါ်ယံပကာသနတွေသာ ဖြစ်ပါတယ်။ တန်ဖိုးစစ်စစ်ကတော့ သိက္ခာ၊ သမာဓိပဲဖြစ်တယ်။ ဖြောင့်မတ်တည်ကြည်မှုဟာ တန်ဖိုးမဖြတ်နိုင်တဲ့အရာ ဖြစ်ပါတယ်။**

ကတိတည်ရမယ်ဆိုတဲ့ အသိကို မိဘနှစ်ပါးက အမြဲသွန်သင်ခဲ့တယ်၊ နမူနာပြခဲ့တယ်။ ဖခင်လုပ်သူဟာ စစ်သားတစ်ဦး။ ဖြောင့်တယ်၊ တည်ကြည်တယ်၊ ရိုးသားတယ်၊ စကားများများ မပြောတတ်ဘဲ တာဝန်ကျေပွန်အောင် အမြဲကြိုးစားအားထုတ်တယ်။ ကျွန်တော်တို့ မောင်နှမတွေကိုလည်း သစ္စာရှိဖို့၊ ကတိတည်ဖို့ မကြာခဏဆုံးမတယ်။ ဒါကြောင့်လည်း အစမှာ တင်ပြခဲ့တဲ့ ဆောင်ပုဒ်ကို စွဲနေတာ။

**အဂတိတရားလေးပါး**

အဂတိနဲ့ ပတ်သက်လာရင် အဂတိတရားလေးပါးကို ဆင်ခြင်ရမှာ ဖြစ်တယ်။ ဆန္ဒာဂတိ၊ ချစ်ခင်သဖြင့် မလိုက်သင့်တဲ့ဘက်သို့ လိုက်ခြင်း၊ မပြုသင့်သည်ကိုပြုခြင်း။ လူသားတွေ ဖြစ်တာမို့ ရင်းနှီးတဲ့သူ၊ ပတ်သက်တဲ့သူကို မျက်နှာလုပ်ချင်ကြတယ်၊ ဘက်လိုက်ကြတယ်။ ဒီအဂတိတရားကို သတိပြုရမယ်။ တစ်ဖက်သတ် ဘက်လိုက်မှုတွေကြောင့် ပြဿနာတွေများခဲ့တာကို တွေ့ကြုံခဲ့ရတယ်။ ဒုတိယအဂတိတရားကတော့ ဒေါသာဂတိ။ စိတ်ဆိုးသဖြင့် မလိုက်သင့်သည်ဘက်သို့ လိုက်ခြင်း၊ မပြုသင့်သည်ကို ပြုခြင်း။ မောဟာဂတိကတော့ ဆင်ခြင်တရားမရှိဘဲ မိုက်မဲတွေဝေသဖြင့် မလိုက်သင့်ဘက်သို့လိုက်ခြင်း၊ မပြုသင့်သည်ကို ပြုခြင်း။ နောက်ဆုံးအဂတိတရားကတော့ ဘယာဂတိ။ ကြောက်ရွံ့သဖြင့် မလိုက်သင့်သည်ဘက်လိုက်ခြင်း၊ မပြုသင့်သည်ကို ပြုခြင်း။ ကျွန်တော်တို့အနေနဲ့ ဒီအဂတိတရားလေးပါးကို အမြဲဂရုထားပြီး ရှောင်ရမှာ ဖြစ်တယ်။

အဂတိလိုက်စားမှု တိုက်ဖျက်ရေးနဲ့ပတ်သက်ပြီး ကုလသမဂ္ဂမှာ တာဝန်ယူစဉ်ကတည်းက စိတ်ဝင်စားခဲ့တယ်။ အလုပ်တာဝန်အရလည်း သုတေသနတွေ လုပ်ခွင့်ရခဲ့တယ်။ နိုင်ငံအသီးသီးရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေမယ့်အကြောင်းအရာ၊ အချက်အလက်တွေကို ရှာဖွေဖော်ထုတ်ခဲ့ရာမှာ ထူးခြားချက်တစ်ရပ်အနေနဲ့ အဂတိလိုက်စားမှုဟာ အရေးပါကြောင်း တွေ့ရှိခဲ့ရပါတယ်။ အဂတိလိုက်စားမှုပေါများတဲ့ နိုင်ငံတွေဟာ ဖွံ့ဖြိုးမှုနှောင့်နှေးပြီး အဂတိလိုက်စားမှုနည်းတဲ့နိုင်ငံတွေက တိုးတက်မှုမြင့်မားကြောင်း တွေ့ခဲ့ရတယ်။ ဥပမာအားဖြင့် စင်ကာပူနိုင်ငံဟာ အဂတိလိုက်စားမှုကင်းခြင်းကို ဦးတည်ချက်အဖြစ် သတ်မှတ်ခဲ့တာဖြစ်တယ်။ ဝန်ကြီးချုပ် လီကွမ်ယူက သန့်ရှင်းတဲ့ အစိုးရဖော်ထုတ်မှုကို ဦးဆောင်ခဲ့တယ်။ ဥပမာတစ်ခုအနေနဲ့ လွန်ခဲ့တဲ့ သုံးနှစ်ကာလက စင်ကာပူနိုင်ငံမှာ အစည်းအဝေးတစ်ခုတက်ရင်း သူတို့ရဲ့နိုင်ငံသား အာဆီယံအဖွဲ့ အထွေထွေအတွင်းရေးမှူးချုပ် တာဝန်ယူထားသူနဲ့ တွေ့ဆုံရင်း သူတို့ရဲ့ဝန်ကြီးချုပ် လီကွမ်ယူရဲ့ သားအကြောင်း ပြောပြခဲ့တယ်။ ရုံးချိန်မှာ နိုင်ငံကပေးထားတဲ့ကားကို အသုံးပြုပြီး ရုံးချိန်ပြီးတဲ့အခါ ရုံးကားကို အသုံးမပြုဘဲ သူ့ကိုယ်ပိုင်ကားမောင်းပြီး ဈေးဝယ်ထွက်တာကို ဖောက်သည်ချခဲ့တယ်။ အလွန်အားကျစရာ အပြုအမူတစ်ရပ်။

**မြန်မာနိုင်ငံ၏ အဂတိကင်းစင်မှု**

အဂတိလိုက်စားမှုအနေအထားကို တစ်နှစ်တစ်ကြိမ် စနစ်တကျတိုင်းထွာပြီး အစီရင်ခံစာလုပ်တဲ့ နိုင်ငံတကာ အရပ်ဘက် လူ့အဖွဲ့အစည်းက Transparency International(TI) နိုင်ငံတကာ ပွင့်လင်းမြင်သာမှုအဖွဲ့ ဖြစ်တယ်။ ဂျာမနီနိုင်ငံမှာ အခြေစိုက်တယ်။ ထုတ်လုပ်တဲ့ အစီရင်ခံစာကို နိုင်ငံတကာအသိုင်းအဝိုင်းက လေးစားစွာ အသိအမှတ်ပြုပြီး အလေးထားတယ်။ ကုလသမဂ္ဂ ဝန်ထမ်းကောလိပ်မှာ တာဝန်ယူစဉ် အဆိုပါအစီရင်ခံစာကို အမြဲလေ့လာသုံးသပ်ခဲ့တယ်။ ကိုယ့်နိုင်ငံရဲ့ အနေအထားကိုလည်း သုံးသပ်မိတယ်။ စင်ကာပူနိုင်ငံဟာ အဂတိကင်းစင်မှုတန်းစီဇယားမှာ ထိပ်ပိုင်းမှာ ပါဝင်ခဲ့ပြီး မြန်မာနိုင်ငံကတော့ အဆင့်အားဖြင့် အခြေအနေက မကောင်းလှတာကို တွေ့ရတယ်။ တစ်နေ့ကျရင် ဒီအစီရင်ခံစာကို နိုင်ငံအတွင်းမှာ အများသိအောင်ဖြန့်ဖြူးဖို့ ဆုတောင်းခဲ့တယ်။ ကျွန်တော်မှတ်မိသလောက် ယခင်အစိုးရ လက်ထက် သမ္မတကြီးဦးသိန်းစိန် လက်ထက်ကစပြီး ပြည်တွင်းမှာ လက်ခံခဲ့တာကို ဝမ်းသာ စရာ တွေ့ရတယ်။

နိုင်ငံအတွင်း အဂတိလိုက်စားမှု တိုက်ဖျက်ရေးအတွက် ကော်မရှင်တစ်ရပ်ကို ဖွဲ့စည်းခဲ့တယ်။ တစ်ချိန်က ကော်မရှင်ရဲ့ လုပ်ငန်းစဉ်တွေဟာ လူအသိမများလှခဲ့ဘူး။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အစိုးရတက်လာပြီး ကော်မရှင်ဥက္ကဋ္ဌအဖြစ် ဦးအောင်ကြည်ကို ခန့်အပ်တာဝန်ပေးခဲ့တယ်။ ဦးအောင်ကြည်ရဲ့ ဦးဆောင်မှုအောက်မှာ ကော်မရှင်ရဲ့လှုပ်ရှားမှုတွေဟာ ထိရောက်မှုရှိလာခဲ့တယ်။ စီမံခန့်ခွဲမှုအတွေးအခေါ်အနေနဲ့ လူပုဂ္ဂိုလ်နဲ့အဖွဲ့အစည်း အရေးပါမှုကို သုံးသပ်ရာမှာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အနေနဲ့ လူပုဂ္ဂိုလ်ဦးဆောင်မှုရဲ့ အရေးပါမှုကို ထင်ရှားပေါ်လွင်စွာ ဖော်ပြနိုင်ခဲ့တယ်။ သူတာဝန်ယူတဲ့ သုံးနှစ်ကာလအတွင်း ကော်မရှင်ရဲ့ ဆောင်ရွက်ချက်များဟာ သိသာထင်ရှားစွာ မြင်တွေ့ရပါတယ်။ ဒါကြောင့်လည်း မကြာသေးမီရက်များအတွင်း မြန်မာနိုင်ငံဟာ အာရှနိုင်ငံ ၁၇ နိုင်ငံအနက် အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ငန်းတွေမှာ နံပါတ် ၁ နေရာမှာ ရပ်တည်ခဲ့ကြောင်း အစီရင်ခံစာတစ်ခုမှာ ဖော်ထုတ်ခဲ့ပါတယ်။ အလွန်ဂုဏ်ယူရမယ့် ကိစ္စတစ်ရပ်ဖြစ်တယ်။ ဦးအောင်ကြည်ရဲ့ တိုက်တွန်းအားပေးမှုများကြောင့် ကော်မရှင်ရဲ့ လုပ်ငန်းများမှာ ကျွန်တော် ပါဝင်ခွင့်ရခဲ့ပါတယ်။ ဟောပြောပွဲတွေကို တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ ကျင်းပနိုင်ခဲ့သလို ကိုဗစ်-၁၉ ကာလအတွင်းမှာ အွန်လိုင်းကတစ်ဆင့် တစ်ပတ်တစ်ကြိမ် ဟောပြောပွဲတွေ လုပ်ပေးခွင့်ရခဲ့ပါတယ်။ ဦးအောင်ကြည်ဟာ ကော်မရှင်ဥက္ကဋ္ဌအဖြစ်ကနေ ပြီးခဲ့တဲ့ ရက်ပိုင်းအတွင်းက အနားယူခဲ့ပါတယ်။ နိုင်ငံတော်အတွက် ကြီးမားတဲ့ ဆုံးရှုံးမှုတစ်ရပ် ဖြစ်ပါတယ်။

**အဂတိလိုက်စားမှု တိုက်ဖျက်ရေး အထိမ်းအမှတ်နေ့**

ဒီဇင်ဘာလ ၉ ရက်နေ့ဟာ နိုင်ငံတကာအဂတိလိုက်စားမှု တိုက်ဖျက်ရေးအထိမ်းအမှတ်နေ့ဖြစ်တယ်။ ၂၀၁၇ ခုနှစ်က စတင်ပြီး နှစ်စဉ်ကျင်းပခဲ့ခြင်းဖြစ်တယ်။ ဒီနှစ်မှာ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် အွန်လိုင်းက Zoom Meeting လုပ်ခဲ့ပါတယ်။ အခမ်းအနားမှာ နိုင်ငံတော်သမ္မတကြီး ဦးဝင်းမြင့်၊ ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်၊ တရားသူကြီးချုပ် ဦးထွန်းထွန်းဦးတို့က မိန့်ခွန်းတွေ ပြောခဲ့ပါတယ်။ အုပ်ချုပ်ရေးမဏ္ဍိုင်၊ ဥပဒေပြုရေးမဏ္ဍိုင်၊ တရားရေးမဏ္ဍိုင်တို့မှ အကြီးအကဲသုံးဦး တက်ရောက်ချီးမြှောက်မှုဟာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကို နိုင်ငံတော်အနေနဲ့ အရေးတယူ အလေးထားမှုကို ဖော်ထုတ်ခြင်းဖြစ်ပါတယ်။ ကော်မရှင်ရဲ့ ခေတ္တဥက္ကဋ္ဌတာဝန်ယူထားသူ ဦးဆန်းဝင်းက ကော်မရှင်ရဲ့ လုပ်ငန်းဆောင်ရွက်မှုများကို အသေးစိတ်တင်ပြခဲ့ပါတယ်။ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ရဲ့ မိန့်ခွန်းကို ကုလသမဂ္ဂဌာနေကိုယ်စားလှယ်က ဖတ်ကြားခဲ့ပြီး မြန်မာပြည်မှာ အခြေစိုက်နေတဲ့ ကုလသမဂ္ဂအဖွဲ့အစည်းများရဲ့ကိုယ်စားလှယ်များကလည်း မိန့်ခွန်းတွေ ပြောကြားခဲ့ပါတယ်။ အခမ်းအနားကို ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ အစိုးရဌာနအကြီးအကဲများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အရပ်ဘက်လူ့အဖွဲ့အစည်းမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသား အဂတိလိုက်စားမှု တိုက်ဖျက်ရေး မဟာဗျူဟာပြုစုရေးဆွဲရာမှာ နည်းပညာပိုင်းဆိုင်ရာ အထောက်အကူပြုသူအနေနဲ့ တက်ရောက်ခဲ့ပါတယ်။ အခမ်းအနားမှာ လူကြီးများရဲ့ မိန့်ခွန်းများ ကြားရတဲ့အတွက် အားရကျေနပ်မိသလို တစ်ဖက်မှာလည်း အခမ်းအနားမှာ လူငယ်တွေရဲ့ အသံတွေကို ကြားရလို့ မျှော်လင့်ချက်အပြည့်အဝ ရရှိခဲ့ပါတယ်။ လူငယ်တွေအနေနဲ့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းတွေမှာ စိတ်ဝင်တစားပါဝင်နေတာဟာ နိုင်ငံအနာဂတ်အတွက် အင်အားတစ်ရပ် ဖြစ်ပါတယ်။

**ငါးကြီး၊ ငါးလတ်၊ ငါးငယ် အားလုံးကြော်ဖို့လို**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးနဲ့ ပတ်သက်ပြီး ကျွန်တော့်အနေနဲ့ လုံးဝသည်းခံခွင့်လွှတ်ဖို့မသင့်ဘူးလို့ ယုံကြည်မိပါတယ်။ Zero Tolerance လုံးဝလက်မခံကြောင်း အတိအလင်းကြေညာသင့်ပါတယ်။ တချို့က အနည်းအများ ပမာဏအပေါ် အခြေခံပြီး သည်းခံခွင့်လွှတ်သင့်တယ်လို့ ယူဆနေကြတယ်။ ကျွန်တော့်အနေနဲ့က ပမာဏနဲ့မဆိုင်ဘူးလို့ မြင်မိတယ်။ အသေးစားအဂတိလိုက်စားမှုကို သည်းခံခွင့်လွှတ်ခဲ့ရင် အကြီးစားအဂတိလိုက်စားမှုကို ကြိုဆိုခြင်းဖြစ်တယ်။ တစ်ချိန်က “ငါးကြီးတွေ ကြော်ရမယ်”ဆိုပြီး ကြွေးကြော်ကြတယ်။ အမှန်တော့ ငါးကြီးရော၊ ငါးလတ်ရော၊ ငါးငယ်တွေရော အားလုံးကို ကြော်ဖို့ လိုအပ်တယ်။ အခက်အခဲတစ်ခုက ကိုယ်ကျိုးစီးပွားပဋိပက္ခရဲ့သဘောကို နားမလည်မှုဖြစ်တယ်။

Conflict of Interest (COI)လို့ ပြောရင် မသိတာလား၊ မသိချင်ယောင်ဆောင်နေကြသလားဆိုတာကို ဝေခွဲလို့ မရဖြစ်နေတယ်။ ဒီအကြောင်းအရာကို တင်ပြတဲ့အခါ “ဖိတ်ခြင်းဖိတ် ကိုယ့်အိတ်ထဲဖိတ်” ဆိုတဲ့ ငြင်းဆိုမှုကို ကြားရတယ်။ အမှန် ဖိတ်ကိုမဖိတ်ရဘူးဆိုတာကို မသိကြဘူး။ ကိုဗစ်-၁၉ နဲ့ ပတ်သက်ပြီး ငွေကြေးထောက်ပံ့မှုတွေ ဖြန့်ဝေပေးရာမှာ တာဝန်ရှိသူတွေနဲ့ ပတ်သက်တဲ့သူတွေ ဝင်လျှောက်ထားကြပြီး အခွင့်အရေးတွေရခဲ့ကြောင်း ဂျာနယ်တွေမှာ ဝေဖန်တာတွေကို ဖတ်ခဲ့ရတယ်။ အမှန်တော့ တာဝန်ရှိတဲ့သူတွေဟာ ပတ်သက်စရာအကြောင်း မရှိပါဘူး။ မိမိရဲ့မိသားစုသားချင်းအသိုင်းအဝိုင်း မပါဝင် မပတ်သက်အောင် သတိပြုရမှာဖြစ်တယ်။ မိမိမှာရှိတဲ့ ရာထူးအာဏာကြောင့် အခွင့်အရေးယူတဲ့ အသွင်မဆောင်ဖို့ အလွန်အရေးကြီးလှတယ်။

တာဝန်ရှိသူတွေရဲ့ ပိုင်ဆိုင်မှုကို ကြေညာခြင်းဟာ ဖြစ်သင့်တဲ့အရာသာဖြစ်တယ်။ ဝင်ငွေ၊ ထွက်ငွေကို အခြေခံပြီး ရရှိတဲ့ပိုင်ဆိုင်မှုအတိုင်းအတာကို အလွယ်တကူ ဖော်ထုတ်နိုင်မှာသာ ဖြစ်တယ်။ ပိုင်ဆိုင်မှု အဆမတန်ကြီးထွားမှုတွေဟာ သံသယဖြစ်စရာကိစ္စတွေ ဖြစ်တယ်။ မေးခွန်းထုတ်စရာတွေ ဖြစ်တယ်။ ၂၀၂၀-နိုင်ငံတကာ အဂတိလိုက်စားမှုတိုက်ဖျက်ရေး အထိမ်းအမှတ်နေ့ အခမ်းအနားရဲ့ဆောင်ပုဒ်မှာ ‘Recover with integrity’ ဖြောင့်မတ်တည်ကြည်မှုနဲ့ ပြန်လည်နာလန်ထမှု အဓိပ္ပာယ်ဆောင်ခြင်းဖြစ်တယ်။ ကိုဗစ် -၁၉ ကြောင့် မြန်မာနိုင်ငံအပါအဝင် နိုင်ငံတိုင်းမှာ စီးပွားရေးအကျပ်အတည်းတွေ၊ စိန်ခေါ်မှုများနဲ့ ရင်ဆိုင်နေကြရတယ်။ ဒီအခြေအနေကို ကုစားဖို့ နိုင်ငံတော်အစိုးရအနေနဲ့ အစီအစဉ်တွေ ရေးဆွဲချမှတ်ခဲ့တယ်။ အစီအစဉ်အသစ်တွေကိုလည်း အခြေအနေနဲ့ ကိုက်ညီအောင်ဖော်ထုတ်ဖို့ ကြိုးစားနေကြတယ်။ စီးပွားရေးလုပ်ငန်းများကို လိုအပ်တဲ့အထောက်အပံ့တွေပေးဖို့ စီစဉ်လျက်ရှိတယ်။ အခုလို ဆောင်ရွက်ရာမှာ ဖြောင့်မတ်တည်ကြည်မှုရှိပြီး အဂတိလိုက်စားမှု ကင်းဝေးအောင် ဆောင်ရွက်ဖို့လိုကြောင်းကို သတိပေးခြင်းဖြစ်တယ်။ ငွေကြေးအထောက်အပံ့တွေ ပါဝင်တဲ့အတွက် ပိုပြီးသတိထားဖို့ လိုအပ်ပါတယ်။

**သိက္ခာ၊ သမာဓိနဲ့ အဂတိကင်းအောင် ဆောင်ရွက်**

အထူးသဖြင့် ကိုယ်ကျိုးစီးပွား ပဋိပက္ခကင်းဝေးအောင် ဆောင်ရွက်ဖို့ လိုအပ်တယ်။ စောစောက တင်ပြခဲ့တဲ့ အဂတိတရား လေးပါးကို ဆင်ခြင်ဖို့ အရေးကြီးလှပါတယ်။ အကျပ်အတည်း ရင်ဆိုင်နေကြရတဲ့အခါ လိုချင်မှု၊ တပ်မက်မှုတွေများပြီး လောဘတက်ကြမှာ သေချာလှတယ်။ စီးပွားရေးလုပ်ငန်းတွေ နာလန်ထူအောင် ကြိုးစားတဲ့အခါ သိက္ခာ၊ သမာဓိနဲ့ ဆောင်ရွက်နိုင်ပြီး အဂတိကင်းဖို့ လိုအပ်လှပါတယ်။

ကျွန်တော့်အနေနဲ့ တစ်ဖက်က အဂတိလိုက်စားမှုကို တိုက်ဖျက်ဖို့ လိုအပ်သလို ကတိတရားကို တန်ဖိုးထားတဲ့ လူ့အသိုင်းအဝိုင်း ပေါ်ပေါက်လာအောင် ပြုစုပျိုးထောင်သွားရမှာ ဖြစ်တယ်။ တစ်ဦး တစ်ယောက်ချင်းက ဖြောင့်မတ်တည်ကြည်မှု၊ ရိုးသားမှုကို တန်ဖိုးထားရမယ်။ မိသားစုအတွင်း နမူနာပြရမှာသာ ဖြစ်တယ်။ အမှန်တရားဘက်က ရပ်တည်နိုင်တဲ့ သတ္တိ၊ စိတ်မွေးဖို့ လိုအပ်ပါတယ်။ နိုင်ငံကြီးသားပီသဖို့ အရေးကြီးလှပါတယ်။ ။

> **“ကိုဗစ်- ၁၉ ကြောင့် မြန်မာနိုင်ငံအပါအဝင် နိုင်ငံတိုင်းမှာ စီးပွားရေးအကျပ်အတည်းတွေ၊ စိန်ခေါ်မှုများနဲ့ ရင်ဆိုင်နေကြရတယ်။ ဒီအခြေအနေကို ကုစားဖို့ နိုင်ငံတော်အစိုးရအနေနဲ့ အစီအစဉ်တွေ ရေးဆွဲချမှတ်ခဲ့တယ်။ အစီအစဉ်အသစ်တွေကိုလည်း အခြေအနေနဲ့ ကိုက်ညီအောင်ဖော်ထုတ်ဖို့ ကြိုးစားနေကြတယ်။ စီးပွားရေးလုပ်ငန်းများကို လိုအပ်တဲ့အထောက်အပံ့တွေပေးဖို့ စီစဉ်လျက်ရှိတယ်။ အခုလို ဆောင်ရွက်ရာမှာ ဖြောင့်မတ်တည်ကြည်မှုရှိပြီး အဂတိလိုက်စားမှု ကင်းဝေးအောင် ဆောင်ရွက်ဖို့လိုကြောင်းကို သတိပေးခြင်းဖြစ်တယ်”**

# ပွင့်ဖြူမြို့နယ် ကုန်းဇောင်းတိုက်နယ်စံကိုက်ဆေးရုံနှင့် ဝန်ထမ်းအိမ်ရာအဆောက်အအုံဖွင့်ပွဲ ကျင်းပ

**ပွင့်ဖြူ ဒီဇင်ဘာ ၂၀**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ကုန်းဇောင်းတိုက်နယ် စံကိုက်ဆေးရုံ နှင့် ကျန်းမာရေးဝန်ထမ်းအိမ်ရာ အဆောက်အအုံ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၇ ရက်က အဆိုပါ ကုန်းဇောင်းတိုက်နယ် စံကိုက်ဆေးရုံဝင်း၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို တက်ရောက်ဖွင့်လှစ်ပေးသည်။ **(ယာပုံ)**

တည်ဆောက်ပြီးစီးသည့် ကုန်းဇောင်းတိုက်နယ် စံကိုက်ဆေးရုံနှင့် ကျန်းမာရေး ဝန်ထမ်းအိမ်ရာ အဆောက်အအုံဖွင့်ပွဲ ဆိုင်းဘုတ်ကို တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးအလုပ်သမားရေးရာ ဝန်ကြီး ဦးမြင့်ဆွေ၊ တိုင်းဒေသကြီးဥပဒေချုပ် ဦးဆန်းလင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင့်ဆန်း၊ မင်းဘူးခရိုင်အုပ်ချုပ်ရေးမှူး ဦးစန်းဋ္ဌေးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆေးရုံအဆောက်အအုံအား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ ပြီးနောက် တိုင်းဒေသကြီး တာဝန်ရှိသူများက တိုက်နယ်ဆေးရုံ အဆောက်အအုံအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

အဆိုပါ စံကိုက်ဆေးရုံမှာ အလျား ၁၄၁ ပေ၊ အနံပေ ၁၁၀ ၆ လက်မ၊ အမြင့် ၁၃ ပေ အာစီ တစ်ထပ်ဖြစ်ကာ မိုးရာသီတွင် ရေဝပ်မှုများ ကင်းဝေးစေရန်အတွက် Print Level အမြင့် ၅ ပေ ထည့်သွင်း၍ တည်ဆောက်ထားခြင်းဖြစ်ကြောင်း၊ ထို့အပြင် ကျန်းမာရေးဝန်ထမ်းများ အဆင်ပြေစွာ နေထိုင်နိုင်ရေးအတွက် လေးခန်းတွဲ တစ်ထပ်အဆောက်အအုံ နှစ်လုံး၊ သုံးခန်းတွဲ တစ်ထပ်အဆောက်အအုံတစ်လုံး၊ နှစ်ခန်းတွဲ တစ်ထပ် အဆောက်အအုံ တစ်လုံးတို့ကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပြည်ထောင်စု ဘတ်ဂျက်ခွင့်ပြုရန်ပုံငွေကျပ် သိန်း ၆၃၀၀ ဖြင့် တင်ဒါအောင်မြင်သော ကုမ္ပဏီမှ တာဝန်ယူ၍ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလဆန်းပိုင်းက စတင်တည်ဆောက်ခဲ့ရာ ယခုလဆန်းပိုင်းတွင် ရာနှုန်းပြည့် တည်ဆောက်ပြီးစီးကြောင်း သိရသည်။

**ရဲဝင်းနိုင် ( ပြန်/ဆက် )**



# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် စစ်တောင်းမြစ်ကမ်း ရေတိုက်စားသည့်နေရာ ကြည့်ရှုစစ်ဆေး

**ပဲခူး ဒီဇင်ဘာ ၂၀**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ယမန်နေ့က ညောင်လေးပင်မြို့နယ် မဒေါက်မြို့ ဘုရားစုကျေးရွာအနီး စစ်တောင်းမြစ်ကမ်းရေတိုက်စားသည့်နေရာကို ကြည့်ရှုစစ်ဆေးသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့အား ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ပဲခူးတိုင်းဒေသကြီး ဦးစီးမှူးဦးရဲသွေးအောင်၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တိုင်းဒေသကြီး ညွှန်ကြားရေးမှူး ဦးကိုကိုဦးတို့က စစ်တောင်းမြစ်တိုက်စားမှုကြောင့် ကမ်းပါးပြိုကျမှုဖြစ်ပေါ်နေသည့် အခြေအနေများ၊ ကာကွယ်ဟန့်တားနိုင်မည့် နည်းလမ်းများကို ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က မဒေါက်မြို့တာ ရေတိုက်စားမှု ကာကွယ်ရန်နှင့် မဒေါက်မြို့ ရေတိုက်စားမှု ကာကွယ်ရန်တို့အတွက် စစ်တောင်းမြစ် ရေလွှဲတူးမြောင်း တူးဖော်ရေးနှင့် ရေကြောင်းပြုပြင် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရန်၊ အသေးစိတ်ကွင်းဆင်း တိုင်းတာ၍ ဆောင်ရွက်သင့်သည့်လုပ်ငန်း အစီအမံများ ပြန်လည်တင်ပြသွားရန် မှာကြားသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် လယ်မြေ ၅၆၇ ဒသမ ၆၇ ဧကခန့် နှစ်စဉ်ရေနစ်မြုပ်မည့်ဘေးမှ လွတ်ကင်းရန် ရေထုတ်ပေါက်တစ်ခု တည်ဆောက်ပေးရန် တင်ပြတောင်းခံမှုအရ ညောင်လေးပင်မြို့နယ် သောင်ကြီးကျေးရွာ ရေကြီးနစ်မြုပ်မှုမှ လျော့ပါး သက်သာစေရေးအတွက် စစ်တောင်းတာမိုင်(၄၃/၀)နေရာတွင် ရေထုတ်ပေါက် တည်ဆောက်ရန် လျာထားသည့်နေရာကို သွားရောက်ကြည့်ရှုရာ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန တိုင်းဒေသကြီး ညွှန်ကြားရေးမှူး ဦးကိုကိုဦးက မြေပြင်အနေအထား အခြေအနေကို ရှင်းလင်းတင်ပြခဲ့ပြီး ဝန်ကြီးချုပ်က တာဝန်ရှိသူများအား လုပ်ငန်းဆောင်ရွက်မည့်အနေအထားကို မှာကြားကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**



တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း မြစ်ရေတိုက်စားမှု ကာကွယ်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးစဉ်။

# ချင်းပြည်နယ်အစိုးရအဖွဲ့က ဦးစီးကျင်းပသည့် ခရစ္စမတ်အကြို ဝတ်ပြုဆုတောင်းခြင်းအခမ်းအနားကျင်းပ

**ဟားခါး ဒီဇင်ဘာ ၂၀**

ချင်းပြည်နယ်အစိုးရအဖွဲ့က ဦးစီးကျင်းပသည့် ခရစ္စမတ်အကြို ဝတ်ပြုဆုတောင်းခြင်း အခမ်းအနားကို ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသည့် ကာလဖြစ်သည့်အတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ ဒီဇင်ဘာ ၁၈ ရက်က ဟားခါးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွှယ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး ဦးတိုးဝင်းနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် သိက္ခာတော်ရဆရာတော် Rev, Van Tiamက ကျမ်းစာဖတ်ရှုပြီးနောက် သိက္ခာတော်ရဆရာတော် မောင်ငွေက အဖွင့်ဆုတောင်းပေးခဲ့ကာ တက်ရောက်လာသူများက "လောကဝမ်းမြောက် ဘုရားကြွလာကျူး"သီချင်းဖြင့် ခရစ္စမတ်ဂုဏ်တော်ချီးမွမ်းခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွှယ်က "ကျွန်တော်တို့ ပြည်ထောင်စုအတွင်း ရင်ဆိုင်တွေ့ကြုံနေရတဲ့အခက်အခဲ၊ အတားအဆီးများကို ခရစ်တော်၏ ကောင်းချီးမင်္ဂလာ ခွန်အားပေးမှုရယူပြီး တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံး တစ်စိတ်တစ်ဝမ်းတည်း ဖြေရှင်းကျော်လွှားကာ အောင်မြင်သည်အထိ ပူးပေါင်းဆောင်ရွက်ကြရန်နှင့် ခရစ္စမတ်၏ ကောင်းချီးမင်္ဂလာ ခံစားကြပါစေကြောင်း" ပြောကြားသည်။

ဆက်လက်၍ သိက္ခာတော်ရဆရာတော် Dr.စတီဗင်လျန်ဟုပ်လိန်းက ခရစ္စမတ်အတွက် အထူးဆုတောင်းပေးကာ သိက္ခာတော်ရဆရာတော် ဆရာ Dr. Za Kharက ခရစ္စမတ်ဒေသနာတော်ဖြင့် ခွန်အားပေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က သိက္ခာတော်ရဆရာတော်များအား လက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်ကာ တက်ရောက်လာကြသူများက ထောမနာသီချင်းကျူးကြေပြီးနောက် သိက္ခာတော်ရ ဆရာတော် Ceu Bik Lianက ကောင်းချီးမင်္ဂလာပေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ရုံးသစ်ဖွင့်လှစ်

**ရန်ကုန် ဒီဇင်ဘာ ၂၀**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှု၊ ပြည်သူလူထု၏ ထည့်ဝင်လှူဒါန်းမှုတို့ဖြင့် We Love Yangon လူထုအခြေပြုပရဟိတအသင်းမှ ဦးဆောင်တည်ဆောက်သွားမည့် "ပြည်သူ့ပရဟိတ ဆေးရုံသစ်ကြီး" ပန္နက်တင်မင်္ဂလာကို ယမန်နေ့က အဆိုပါ ဆေးရုံတည်ဆောက်မည့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ၁၄၆ ရပ်ကွက်၊ လှော်ကားလမ်းနှင့် သိန်းတစ်ရာလမ်းထောင့်တွင် ကျင်းပသည်။

ရှေးဦးစွာ မင်္ဂလာအချိန်တွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်း၊ ဆေးတက္ကသိုလ် (၁) ပါမောက္ခ ဒေါက်တာဇော်ဝေစိုးနှင့် လွှတ်တော်ကိုယ်စားလှယ်များက သတ်မှတ်နေရာများတွင် ပန္နက်တင်ပေးကြသည်။

ထို့နောက် ဆေးရုံတည်ဆောက်မည့် စီမံကိန်းကို ရှင်းလင်းဆောင်တွင် တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြန်လည် ဆွေးနွေးပြီး အလှူရှင်များ၏ အလှူငွေ လှူဒါန်းမှုများကို လက်ခံကာ ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် နံနက် ၉ နာရီခန့်တွင် အလုံမြို့နယ် စောရန်ပိုင် အနောက်ရပ်ကွက် အာသာဝတီလမ်းရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူးရုံး၊ ရုံးသစ်အဆောက်အအုံဖွင့်ပွဲသို့ တက်ရောက်သည်။ ရုံးသစ်အဆောက်အအုံကို တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဝန်ကြီး ဒေါ်မိုးမိုးစုကြည်တို့က ဖဲကြိုးဖြတ်၍ ရုံးဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးကြသည်။ **(ဝဲပုံ)**



အဆိုပါ ရုံးသစ်အဆောက်အအုံကို ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ် ပြည်ထောင်စုဘတ်ဂျက်ဖြင့် တည်ဆောက်ခြင်းဖြစ်ပြီး ဝန်ထမ်းအိမ်ရာပါတွဲလျက် အခန်းခြောက်ခန်းရှိ လေးထပ်အဆောက်အအုံ ဖြစ်ကြောင်း သိရသည်။

**ဆန်းကျော်ဦး (ပြန်/ဆက်)**

# မွန်ပြည်နယ်ဝန်ကြီးချုပ် ကျိုက်မရောမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**မော်လမြိုင် ဒီဇင်ဘာ ၂၀**

မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ၊ လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဦးထွန်းမင်းအောင်၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ယမန်နေ့က ကျိုက်မရောမြို့နယ်သို့ သွားရောက်၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ကြည့်ရှုစစ်ဆေးသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျိုက်မရော-စံပယ်ဂူ-ကော့ပနော လမ်းရှိ အတ္ထရံ မြစ်ကူး(စံပယ်ဂူ)တံတားသို့ ရောက်ရှိကာ တံတားသန့်ရှင်း သာယာလှပရေးနှင့် လာရောက်လည်ပတ်သူများ အပန်းဖြေနားခိုနိုင်ရေး ပန်းခြံငယ်တစ်ခုနှင့် မော်တော်ယာဉ်များထားရှိမည့် ကားပါကင်ပြုလုပ်နိုင်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံကာ မှာကြားပြီး ကျိုက်မရောမြို့နယ် လမုခိုကျေးရွာရှိ ဖားဘောင်လိုဏ်ဂူတော်အဝင်လမ်း ကျောက်ချောလမ်း အဆင့်မြှင့်တင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျိုက်မရောမြို့နယ် ရေပူ(ကော့စပ်)ကျေးရွာရှိ သဘာဝရေပူကန်သို့ရောက်ရှိရာ ရေပူကန်နှင့် ပတ်သက်၍ လမ်း၊ တံတားလုပ်ငန်းများ၊ စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ၊ လျှပ်စစ်မီးရရှိ သွယ်တန်းရေးလုပ်ငန်းများ စသည့်ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံမေးမြန်းခဲ့ပြီး သဘာဝရေပူကန်နှင့် ပတ်သက်၍ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားကာ ချောင်းနှစ်ခွကျေးရွာရှိ ချောင်းနှစ်ခွဈေး(သီရိမင်္ဂလာဈေး)နှင့် ချောင်းနှစ်ခွဆိပ်ကမ်းဟောင်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **ဝေလင်း(ပြန်/ဆက်)**

# ကန့်ဘလူမြို့၌ ဆီးပန်းသီးပင်များ တစ်ပိုင်တစ်နိုင် စိုက်ပျိုးဖြစ်ထွန်း

**ကန့်ဘလူ ဒီဇင်ဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့ အမှတ်(၂)ရပ်ကွက်၌ ဆီးပန်းသီးပင်များ တစ်ပိုင်တစ်နိုင်စိုက်ပျိုးကြသူများမှာ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး မိသားစုအတွက် တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိကာ အဆင်ပြေလျက်ရှိကြောင်း စိုက်ပျိုးသူတောင်သူများထံမှ သိရသည်။ အဆိုပါ ဆီးပန်းသီးပင်များကို မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့မှ ဝယ်ယူစိုက်ပျိုးကြခြင်းဖြစ်သည်။

"ဒီ ဆီးပန်းသီးပင်မျိုးတွေကို မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့မှမျိုးများကို ကြိုက်နှစ်သက်တဲ့အတွက် တစ်ပင်ကို ငွေကျပ် ၁၅၀၀ နဲ့ ဝယ်ယူစိုက်ပျိုးတာဖြစ်ပါတယ်။ စိုက်တဲ့အခါမှာလည်း ကျင်းကို အကျယ် တစ်ပေခွဲ နှစ်ပေ အနက်တူးပြီးတော့ မြေအောင်းပိုးသတ်ဆေး၊ သဘာဝမြေဩဇာတွေ ထည့်သွင်းစိုက်ပျိုးပါတယ်။ တစ်ပင်နဲ့တစ်ပင်ကြား ပေ ၂၀ ခန့်အကွာ စိုက်ပျိုးထားပြီး အခုဆိုရင် သက်တမ်းသုံးနှစ်ခန့် ရှိပါပြီ။ ဆီးပန်းသီးများကို ကြိုက်နှစ်သက်ကြတဲ့အတွက် ကျွန်တော်တို့ ကန့်ဘလူမြို့နဲ့ အနီးဝန်းကျင်ကျေးရွာတွေ၊ ကျွန်းလှမြို့သို့ ၂ ကီလို(၅၀ ကျပ်သား)ရှိတဲ့ ဆီးပန်းသီးတစ်အိတ်ကို ငွေကျပ် ၄၀၀ နှုန်းနဲ့ ဖောက်သည်ပေးရောင်းချတာဖြစ်ပါတယ်"ဟု ကန့်ဘလူမြို့ အမှတ်(၂)ရပ်ကွက်နေ ကိုယ်တိုင်စိုက်ပျိုးသူ ဦးမြင့်စိုးက ပြောသည်။

ယခုအခါ ဆီးပန်းသီးပင်များကို ငှက်များ၏ စားသုံးမှုရန်မှ ကာကွယ်ရန်အတွက် ပိုက်များဖြင့် ဖုံးအုပ်ထားရကြောင်း သိရသည်။



ဆီးပန်းသီးပင်များကို ပိုက်များဖြင့် ဖုံးအုပ်ထားစဉ်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# ထောပတ် Hass မျိုး စိုက်ပျိုးရာတွင် အအေးဓာတ်ပိုမိုများပြားသည့် ဒေသများ၌ စိုက်ပျိုးသင့်

**တောင်ကြီး ဒီဇင်ဘာ ၂၀**

ကမ္ဘာတွင် အကြီးဆုံးဈေးကွက်ဝေစု ရရှိထားသည့် ထောပတ်မျိုး Hass မျိုးကို စိုက်ပျိုးရာတွင် အအေးဓာတ်ပိုမိုများပြားသည့် ဒေသများတွင် စိုက်ပျိုးသင့်ကြောင်း ထောပတ်စိုက်ပျိုးရေးကျွမ်းကျင်သူများထံမှ သိရသည်။

"Hass ကို စိုက်သင့်သလားလို့မေးရင် စိုက်သင့်ပါတယ်လို့ ပြောရမှာပါ။ Hass က နေရာတိုင်းတော့ စိုက်မရဘူး။ ထောပတ်မျိုးထဲမှာ အအေးပိုကြိုက်လို့ပါ။ အသီးသီးချိန်နဲ့ ပန်းပွင့်ချိန်မှာ အအေးချိန် 20C ° ပတ်ဝန်းကျင်ကို အကြိုက်တွေ့ပါတယ်။ 25C° ကနေ 30C° အတွင်းမှာဆို အသီးနည်းပြီး အသီးအရည်အသွေး ကျဆင်းနိုင်ပါတယ်။ 37C° လောက်ရောက်ရင်တော့ ပန်းပွင့်တွေ ပျက်စီးနိုင်ခြေများပြီး ဝတ်မှုန်ကူးနိုင်ရင်တောင် အသီးက တစ်ပင်ကို ဆယ်ဂဏန်းလောက်ပဲ သီးမှာပါ" ဟု မြန်မာနိုင်ငံ ထောပတ်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း တွဲဖက်အတွင်းရေးမှူး ဦးကျော်စိုးမင်းက ပြောသည်။

အချို့မြန်မာတောင်သူများအကြား Hass မျိုးသည် အပင်အသေအပျောက် များပြားသည်၊ မြန်မာနိုင်ငံ ရေ၊ မြေ၊ အနေအထားနှင့် မကိုက်ညီဟု ဆိုနေကြသည်များလည်းရှိပြီး အဓိကအကြောင်းရင်းမှန်မှာ ထောပတ်ပျိုးခြံနှင့် ကိုင်းဆက်ပင်၏ အရည်အသွေးများအပေါ်တွင်သာ များစွာမူတည်နေကြောင်း သိရသည်။

"ထိုင်းနိုင်ငံက ထောပတ်ခြံတစ်ခြံဆိုရင် နည်းနည်းပိုပူတဲ့နေရာမှာ စိုက်မိလို့ ကိုင်းဆက်ပင် ရှစ်နှစ်သားကို အလုံးတစ်ရာပိုပိုပဲ သီးပြီး ထွက်ရှိချိန်ကလည်း တစ်လလောက် စောပါတယ်။ မသီးတာတော့ မဟုတ်ပါဘူး။ စီးပွားမဖြစ်ဘူးလို့ ပြောချင်တာပါ။ ကျွန်တော်တို့ရှမ်းပြည်နယ်မှာတောင် နည်းနည်းပူတဲ့ နေရာတွေမှာစိုက်ရင် အဲဒီပြဿနာတွေရှိနိုင်လို့ အပူနည်းနည်း ပိုကြိုက်တဲ့ (Buccanear, pinkerton, Boot7, peterson, 034)မျိုးတွေကို အကြံပေးဖြစ်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

အခြား ထောပတ်မျိုးများနှင့် နှိုင်းယှဉ် စိုက်ပျိုးပါက Hass မျိုးသည် အပင်ရောဂါဒဏ် ပိုမိုခံနိုင်ခြင်း၊ အရည်အသွေးပြည့်မီစွာ စိုက်ပျိုးနိုင်ပါက ဈေးကွက်ထိုးဖောက်နိုင်ခြင်း စသည့် အားသာချက်များ ရှိသော်လည်း Hass မျိုးကို စိုက်ပျိုးလိုသည့် ထောပတ်စိုက်တောင်သူများက မိမိစိုက်ပျိုးမည့် ပျိုးပင်၏ အရည်အသွေးကို မစိုက်ပျိုးမီ သေချာစိစစ်ဝယ်ယူသင့်ကြောင်း သိရသည်။



ထောပတ်ပျိုးခြံ၌ တွေ့ရသော ထောပတ် Hass မျိုးများ။

**နန်းထက်ထက်ချစ်**

# မြန်မာဘက်မှ ဖရဲများ တရုတ်ဈေးကွက်အတွင်း ဈေးနှုန်းအနည်းငယ် ပြန်လည်ကျဆင်းနေ

**မူဆယ် ဒီဇင်ဘာ ၂၀**

မြန်မာဘက်မှ ဖရဲသခွားများမှာ တရုတ်ဈေးကွက်အတွင်း ယခုရက်ပိုင်း ဈေးနှုန်းအနည်းငယ်ပြန်လည်ကျဆင်းနေကြောင်း သိရသည်။

ကိုဗစ်ရောဂါမဖြစ်ပွားမီ မြန်မာဘက်မှ ဖရဲစိုက်ပျိုးရောင်းချသူများပြားသော်လည်း ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားသည့် အချိန်စ၍ တရုတ်နယ်စပ်ဂိတ်များ အဝင်အထွက်အခက်အခဲများကြောင့် မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်နယ်မြေအတွင်းရှိသည့် အရှေ့မြောက်တံခါးများနှင့် သက်ဆိုင်သော နှစ်နိုင်ငံ သစ်သီးရောင်းဝယ်ကွင်းမှ တရုတ်နိုင်ငံဘက်ကို ပြောင်းရွှေ့ရောင်းချနေရခြင်းကြောင့် ယခုနှစ် ဖရဲသခွားစိုက်ပျိုးသူသိသိသာသာလျော့နည်းကြောင်း သိရသည်။ ယခင်နှစ်များက ယခုအချိန် ယခုရာသီအစဆိုလျှင် မူဆယ်နယ်စပ်ကို ဖရဲသခွားကား အစီးရေ ၅၀၀ ကျော် ၁၀၀၀ ဝန်းကျင်ခန့် နှစ်စဉ်ပုံမှန်ဝင်ရောက်နေခြင်းဖြစ်ပြီး ယခုနှစ် ရာသီအစမှာ ဖရဲသခွားယာဉ်ဝင်ရောက်မှုမှာ ယခင်နှစ်များထက် သုံးပုံ နှစ်ပုံ လျော့နည်းသည်။

ဝင်ရောက်လာသော ဖရဲသီးကားများသည် ယခင်က ကျင်စန်းကျော့လမ်းမှလည်းကောင်း၊ ပန်ဆိုင်း(ကြူကုတ်) လမ်းဘက်မှလည်းကောင်း တရုတ်နိုင်ငံ ဝမ်တိန်မြို့ရှိ နှစ်နိုင်ငံအသီးရောင်းဝယ်ကွင်းကို ဝင်ရောက်ခြင်းဖြစ်ပြီး ဖရဲသီးကားဆရာများ အပါအဝင် ကုန်သည်ပွဲစားများ သွားလာရေးတွင် အခက်အခဲမရှိခဲ့ကြောင်း၊ ယခု ကိုဗစ်ဖြစ်ပြီးနောက် တရုတ်နိုင်ငံဘက်မှ ဂိတ်အဝင်အထွက်များ တားဆီးပိတ်ပင်ခြင်း၊ ကျန်းမာရေးစစ်ဆေးဆောင်ရွက်ခြင်း၊ ယာဉ်မောင်း အချိန်းအပြောင်းလုပ်ခြင်း စတဲ့အကြောင်းအမျိုးမျိုးကြောင့် ကုန်တင်ယာဉ်တစ်စီးကို အနည်းဆုံး ၁၀ မိနစ်လောက် အချိန် ကြန့်ကြာမှုများဖြစ်ပြီး တရုတ်ဘက်ကို ဖရဲကားဝင်ရောက်မှု တစ်ရက်လျှင် အစီးရေ ၁၀၀ ဝန်းကျင်လောက်သာ ဝင်ခွင့်ရသဖြင့် မူဆယ်နှင့်ကျင်စန်းကျော့ကျောက်တိုင်လမ်းခွဲ ပြည်ထောင်စုကားလမ်းမကြီးပေါ်တွင် ဖရဲကားအစီးရေ ၃၀၀ ကျော် ၄၀၀ ဝန်းကျင်လောက် တရုတ်ဘက် ဝင်ဖို့အတွက် အချိန်ကြာစွာ စောင့်ဆိုင်းနေသည်ဟု သိရသည်။

အသီးအေးဂျင့်ဥက္ကဋ္ဌ ဦးစိန်မောင်က "အစောပိုင်း ဝင်ရောက်လာတဲ့ ဖရဲသီးတွေက ဈေးကောင်းရခဲ့ပါတယ်။ အခုကျတော့ ဖရဲကားဝင်ရောက်မှုက တဖြည်းဖြည်း များလာပါတယ်။ အရည်အသွေးကြောင့်လားတော့ မသိဘူး။ တရုတ်ဘက်က အခုရက်ပိုင်း ဈေးသိပ်မပေးတဲ့အတွက် ဖရဲဈေးက အနည်းငယ် လျော့သွားခဲ့ပါတယ်။ လျော့သွားရတဲ့အကြောင်းရင်းကလည်း ကိုယ့်ဘက်က အရောင်အသွေးမရှိတဲ့ အသီးတွေ၊ အသီးနုတွေ ကြားညှပ်ပြီး တင်လာခဲ့တာတွေလည်း ရှိလို့ပေါ့၊ တရုတ်ဘက်ကလည်း အသီးကားဝင်ရောက်မှု များလာတာနဲ့ အွမ်ဈေးကစားနေကြတာ ဖြစ်ပါတယ်။ ဒါကြောင့် အခုရက်ပိုင်း ဖရဲသခွားဈေးက သိသိသာသာ လျော့ကျသွားခဲ့တာဖြစ်ပါတယ်"ဟု ပြောသည်။

**သန့်ဇင်(မူဆယ်)**

# ပြည်ပသို့ ကျွဲ၊ နွားတင်ပို့မှု တရားမဝင်ဈေးကွက် မြင့်တက်လျက်ရှိ

**မန္တလေး ဒီဇင်ဘာ ၂၀**

ပြည်ပသို့ ကျွဲ၊ နွားတင်ပို့မှု တရားမဝင်ဈေးကွက် မြင့်တက်လျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး ကျွဲ၊ နွားတင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးစိုးနိုင်က ပြောသည်။

လက်ရှိ တရားဝင် ကျွဲ၊ နွား တင်ပို့မှုထက် တရားမဝင်တင်ပို့မှုမှာ နှစ်ဆသုံးဆခန့် မြင့်တက်နေကြောင်း၊ ထိုသို့ တရားမဝင် တင်ပို့နေသောကြောင့် နိုင်ငံအတွက် အခွန်ငွေများ ဆုံးရှုံးလျက်ရှိကြောင်း ၎င်းက ဆက်ပြောသည်။

"ဝန်ကြီးဌာနတွေနဲ့လည်း ကျွန်တော်တို့ တိုင်ပင်ဆွေးနွေးနေပါတယ်၊ ဒီဘက်က တရားဝင်သွားတဲ့ဟာ ပုံမှန်ကောင်းတယ်ဆိုရင် တရားမဝင်က တဖြည်းဖြည်း လျော့သွားမှာပါ"ဟု ၎င်းက ပြောသည်။

လက်ရှိ ဗန်းမော်၊ လွယ်ဂျယ်တစ်ဝိုက်၊ မိုင်းလား၊ ကျိုင်းတုံ၊ တာချီလိတ်နှင့် မူဆယ်၊ နာမ်ပေါင်ဘက်တို့တွင် ကျွဲ၊ နွား များ တရားမဝင် တင်ပို့လျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး ကျွဲ၊ နွား တင်ပို့ရောင်းချသူများအသင်းထံမှ သိရသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကျွဲ၊ နွားများ ပြည်ပသို့ တရားမဝင်တင်ပို့ခြင်းကို တရားဝင်လမ်းကြောင်းပေါ် ရောက်လာစေရန်နှင့်မွေးမြူရေး တောင်သူများ ဝင်ငွေနှင့် အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိစေပြီး တောင်သူများ စီးပွားရေး ပိုမိုတိုးတက်လာစေရန် ရည်ရွယ်၍ ကျွဲ၊ နွားအရှင်များကို ၂၀၁၇ ခုနှစ် နှစ်ကုန်ပိုင်းမှစကာ ပြည်ပသို့ တရားဝင်တင်ပို့ခွင့်ပြုခြင်းဖြစ်သည်။

သို့သော် လက်ရှိ မူဆယ်နယ်စပ်မှတစ်ဆင့် တရုတ်သို့ တရားဝင်တင်ပို့ရန် ကုမ္ပဏီ ၁၅၀ ခန့်မှ ကျွဲ၊ နွားအကောင်ရေ ၁၅၀၀၀ ခန့် မူဆယ်နယ်စပ်တွင် ရောက်ရှိနေပြီး တရုတ်အဝယ်မရှိသဖြင့် တင်ပို့၍မရကြောင်း၊ သို့ဖြစ်၍ မူဆယ်နယ်စပ်တွင် ကျွဲ၊ နွားများအတွက် အစာစရိတ်ကြီးမြင့်မှုအပြင် ၎င်းတို့အား အစာကျွေးမွေးရန် လူငှားစရိတ်တို့ကြောင့် မူဆယ်တွင် ပိတ်မိနေသည့် ကျွဲ၊ နွား ကုမ္ပဏီများအနက် ကုမ္ပဏီ ၇၀ ခန့်မှာ မူလနေရာသို့ပြန်ရန် မန္တလေးတိုင်းဒေသကြီး ကျွဲ၊ နွားတင်ပို့ရောင်းချသူများအသင်းထံ တင်ပြထားကြောင်း သိရသည်။ လက်ရှိတရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံမှ ကျွဲနွားများကို ဝယ်ယူရာတွင် လျှာနာခွာနာ အပါအဝင် ရောဂါအမျိုး ၂၀ ဝန်းကျင်အထိ စိစစ်ပြီးမှသာ တင်သွင်းခွင့်ပြုသောကြောင့် သက်ဆိုင်ရာ နှစ်ဖက်တာဝန်ရှိသူများ ညှိနှိုင်းနေကြကြောင်း ၎င်းက ဆက်ပြောသည်။

ယခင်က တစ်နေ့လျှင် မူဆယ်မှ တရုတ်နိုင်ငံသို့ ကျွဲ၊ နွား အကောင်ရေ ၁၅၀၀ မှ ၂၀၀၀ ဝန်းကျင်အထိ အရောင်းအဝယ်ရှိနေသော်လည်း ယခုအခါ ကိုဗစ်-၁၉ အပါအဝင် အခြားသောအချက်များကြောင့် တရုတ်နိုင်ငံမှ ကျွဲနွား ဝယ်ယူမှု သုံးလခန့် ရပ်ဆိုင်းနေကြောင်း ၎င်းက ဆက်ပြောသည်။

လက်ရှိ တရုတ်နိုင်ငံ၏ ကျွဲ၊ နွား ဝယ်ယူမှုမှာလည်း ဝယ်လိုအားနည်းပြီး မြန်မာပြည်ဘက်မှ ရောင်းလိုအား များခြင်းကြောင့် ဈေးနှိမ်ခံရမည်ကို စိုးရိမ်ကြောင်း၊ အခြားနိုင်ငံများဖြစ်သည့် လာအို၊ ထိုင်း၊ မလေးရှား၊ ဘင်္ဂလားဒေ့ရှ် နိုင်ငံတို့မှ ဝယ်ယူမည့် ဈေးကွက်ရှိသော်လည်း တရုတ်နိုင်ငံကပေးသည့် ဈေးကွက်ကို မမီကြောင်း ၎င်းက ဆက်ပြောသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့်လည်း ကျွဲ၊ နွားကုန်သည်များအား ပါမစ်ခွင့်ပြုပေးရာတွင် သုံးလသက်တမ်းဖြင့် ကုမ္ပဏီတစ်ခုလျှင် ကျွဲ၊ နွားကောင်ရေ ၁၀၀ သတ်မှတ်ကာ တင်ပို့ရောင်းချခွင့်ပေးထားပြီး ယင်းသက်တမ်း သုံးလအတွင်း မရောင်းချပါက အရေးယူခြင်းခံရနိုင်မည်ဖြစ်သည်။ လက်ရှိ မြန်မာနိုင်ငံမှ နှစ်စဉ် ကျွဲ၊ နွား တင်ပို့မှုမှာ အကောင်အရေအတွက် ၅၀၀၀၀၀ ဝန်းကျင်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး ကျွဲ၊ နွားတင်ပို့ရောင်းချသူများအသင်းထံမှ သိရသည်။

**ငြိမ်းငြိမ်း**

# မိတ္ထီလာမြို့နယ် သီတက္ကန်(မြောက်)ကျေးရွာ၌ အိုးလုပ်ငန်းကို ကျေးရွာ၏ အဓိကထုတ်ကုန် တစ်မျိုးအဖြစ် တွင်ကျယ်စွာလုပ်ကိုင်

**မိတ္ထီလာ ဒီဇင်ဘာ ၂၀**

မိတ္ထီလာမြို့နယ် သီတက္ကန်(မြောက်)ကျေးရွာ၌ အိုးလုပ်ငန်းကို ကျေးရွာ၏ အဓိကထုတ်ကုန်တစ်မျိုးအဖြစ် တွင်ကျယ်စွာ လုပ်ကိုင်လျက်ရှိသည်။

သီတက္ကန်(မြောက်)ကျေးရွာတွင် အိမ်ခြေ ၈၃ အိမ်၊ လူဦးရေ ၄၀၀ ကျော်ရှိရာ အိမ်ခြေ ၇၀ ကျော်က အိုးလုပ်ငန်းကို လုပ်ကိုင်လျက်ရှိပြီး ယင်းအိုးလုပ်ငန်းတွင် လိုအပ်သောမြေများကို အမျိုးသားများက တောမှ လှည်းများဖြင့် သယ်ယူခြင်း ဆောင်ရွက်ပေးပြီး အမျိုးသမီးများက အိုးပုံသွင်းခြင်း၊ နေလှန်းခြင်း၊ မီးဖုတ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ သီတက္ကန်(မြောက်)ကျေးရွာမှ လုပ်ကိုင်လျက်ရှိသော အိုးများမှာ သောက်ရေအိုး၊ ဘုရားပန်းအိုး၊ ဆွမ်းလောင်းအိုး၊ ပန်းစိုက်အိုး၊ စလောင်းဖုံး၊ ဆီမီးခွက်၊ ထန်းမြေအိုးများကို လုပ်ကိုင်ကြသည်။ ထိုသို့လုပ်ကိုင်ကြသည့် အိုးများကို မိတ္ထီလာ၊ မလှိုင်၊ တောင်သာမြို့နယ်များမှ အိုးကုန်သည်များက ကျေးရွာအရောက် ဝယ်ယူလျက်ရှိကြရာ အဆိုပါ လုပ်ငန်းကို သီတက္ကန်(မြောက်)ကျေးရွာသာမက အနီးအနားကျေးရွာများကပါ လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# ကိုဗစ်-၁၉ အလွန်ကာလ အစားအစာလေလွင့်ဆုံးရှုံးမှုများလျှော့ချရေး အတွေးအမြင်သစ်များ

ဒေါက်တာတင်ဥမ္မာဝင်း(စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ ရေဆင်း)

**နည်းပညာနဲ့ မူဝါဒပိုင်းဆိုင်ရာ အမြင်သစ်များ**

အတွေးအမြင်အသစ်တွေဟာ အနာဂတ် အောင်မြင်မှုတွေအတွက် မောင်းနှင်အားတွေ ဖြစ်ပါတယ်။ ကိုဗစ်-၁၉ ကာလအတွင်းနဲ့ ကိုဗစ်အလွန်ကာလတွေမှာ အဝေးမှ အလုပ်လုပ်ခြင်း၊ မိမိအိမ်မှ အလုပ်လုပ်ခြင်း၊ လူမှုရေးဆိုင်ရာ ထီးတည်းဖြစ်ခြင်း၊ လူမှုဝေးကွာစနစ်များ ကျင့်သုံးခြင်းတို့ကြောင့် စိတ်ပိုင်းဆိုင်ရာ လုံခြုံရေးနဲ့အတူ ကျန်းမာရေးစောင့်ရှောက်မှုစနစ်တွေ၊ စားနပ်ရိက္ခာ လုံခြုံစိတ်ချရေးတွေကို ပိုမိုသတိမူမိပြီး ဂရုစိုက်ဆောင်ရွက်မှုတွေ တိုးလာစေပါတယ်။

ဒါတင်မကဘဲ ကိုဗစ်-၁၉ ကပ်ရောဂါဟာ စားနပ်ရိက္ခာ လည်ပတ်စီးဆင်းမှု စနစ်သစ်တစ်ခု ထူထောင်ရာမှာ ပါဝင်ရမယ့် ကျွန်မတို့ရဲ့ တောင်သူဦးကြီးများနဲ့ စားသောက်ကုန် ကုန်ချောပစ္စည်းများဆိုင်ရာ လုပ်ငန်းစဉ် (Farmers and Agri-food Processors) အခွင့်အလမ်းသစ်တွေကို ဖန်တီးပေးမှာဖြစ်ပါတယ်။ ကိုဗစ်-၁၉ ကြောင့် လိုက်ပါပြောင်းလဲလာတဲ့ စိုက်ပျိုးရေး ကုန်စိမ်းတွေနဲ့ စားသောက်ကုန်တွေရဲ့ လည်ပတ်စီးဆင်းမှုချောမွေ့စေဖို့နဲ့ စားနပ်ရိက္ခာများ လေလွင့်ဆုံးရှုံးမှုတွေ လျော့နည်းသက်သာစေဖို့ နည်းပညာပိုင်းဆိုင်ရာ၊ မူဝါဒပိုင်းဆိုင်ရာ အမြင်သစ်တွေ ပေါင်းစပ်ဖော်ထုတ်ဖို့ လိုအပ်လာမှာဖြစ်ပါတယ်။

စပါး၊ ပဲမျိုးစုံ၊ ပြောင်း၊ နှမ်း၊ မြေပဲ၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများ စတဲ့ သီးနှံတွေရဲ့ မူရင်းကုန်စည်ထုတ်လုပ်မှုနဲ့ ဆင့်ပွားဖြစ်စဉ်တွေ အပါအဝင် ဝယ်ယူစားသုံးသူတွေကို ဆွဲဆောင်နိုင်မယ့် နည်းလမ်းအသစ်တွေကို ဖော်ထုတ်ဖို့ ဖြစ်လာပါတယ်။ **"နည်းပညာ တီထွင်ဆန်းသစ်မှုဟာ စားနပ်ရိက္ခာ လေလွင့်ဆုံးရှုံးမှု (Food Loss and Waste) တွေကို လျှော့နည်းစေနိုင်တယ်။"**

ကိုဗစ်-၁၉ ကာလ အလွန်မှာ တီထွင်ဆန်းသစ်မှု အများအပြား လိုအပ်လာမှာဖြစ်ပြီး ပုံမှန် သက်သောင့်သက်သာ စိုက်ပျိုး၊ ထုတ်လုပ်၊ ရောင်းဝယ်၊ ဖောက်ကားမှု အခြေအနေကနေ ပျက်စီးဆုံးရှုံးမှု လျင်မြန်တဲ့ စိုက်ပျိုးရေးထွက်ကုန်(Perishable Products)တွေကို ကြာရှည်ထားသိုစားသုံးနိုင်တဲ့ ကုန်ချောအဖြစ် ပြုပြင်ပြောင်းလဲ ထုတ်လုပ်မှု နည်းပညာသစ်တွေကို ယနေ့အချိန်အခါမှာ လက်တွေ့ အသုံးချလာကြပါတယ်။ တောင်သူဦးကြီးတွေ၊ သီးနှံဝယ်/ရောင်း ပွဲစားတွေ၊ ပြည်တွင်း/ပြည်ပဈေးကွက်တွေကို ထိုးဖောက်တင်ပို့ ရောင်းချနေကြတဲ့ အသင်းအဖွဲ့တွေဟာ လုပ်နည်းကိုင်နည်း စနစ်တွေကို လိုက်လျောညီထွေ ပြောင်းလဲဆန်းသစ်မှု မရှိဘူးဆိုရင် ဆက်လက်ရပ်တည်ဖို့ အခက်အခဲ၊ အကျပ်အတည်းတွေနဲ့ ရင်ဆိုင်ရမှာ ဖြစ်ပါတယ်။

**စားသောက်ကုန်သယ်ယူပို့ဆောင်ရေးစနစ်များ**

ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးကာလအတွင်းမှာ ကုန်စည်ဒိုင်တွေ၊ နယ်မြေနဲ့ ဆိပ်ကမ်း ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းတွေဟာ ကုန်ဈေးနှုန်းတည်ငြိမ်ရေးနဲ့အတူ ဒေသတွင်း အစားအစာများစုပုံနေပြီး ပျက်စီးဆုံးရှုံးမှုတွေ လျော့နည်းစေဖို့ အထူး အားစိုက်ကြရပါတယ်။ စစ်တွေ၊ မြိတ်၊ ဖျာပုံ၊ ဒေးဒရဲနဲ့ လပွတ္တာ စတဲ့ မြို့တွေက ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက် စသည့်ရေထွက်ပစ္စည်းနဲ့ ဒေသထွက်ကုန်များကို ရန်ကုန်၊ ပဲခူး၊ မော်လမြိုင်၊ မန္တလေး စတဲ့မြို့ကြီးတွေကို ကုန်စည်မပြတ်လပ်သွားရေးအတွက် ပို့ပေးကြရပါတယ်။

အရင်လို အများကြီးကို နေ့စဉ်ရက်ဆက် ကုန်စိမ်း မရနိုင်တော့ နယ်မြေ/ ဆိပ်ကမ်း ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းတွေအနေနဲ့ သဘော်ာအဝင်အထွက်တွေမှာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ ကိုဗစ်-၁၉ စည်းကမ်းသတ်မှတ်ချက်တွေအတိုင်း လိုက်နာဆောင်ရွက်ကြရပါတယ်။

ဒီလို ကုန်စည်စီးဆင်းမှုတွေ နှောင့်နှေးသွားနိုင်တဲ့ ကာလတွေမှာ ဟင်းသီးဟင်းရွက်နဲ့ သစ်သီးဝလံ ကုန်စိမ်းများ၊ အထားမခံတဲ့ သား/ငါးနဲ့ ရေထွက်ပစ္စည်းများ၊ နို့နဲ့ နို့ထွက်ပစ္စည်းများကို ပျက်စီးဆုံးရှုံးမှုများ သက်သာစေဖို့ "အသုံးချ ရိတ်သိမ်းချိန်လွန် စီမံခန့်ခွဲမှုနည်းလမ်းသစ်များ" (Innovative Applied Postharvest and Food Handling Technology)ဟာ အရေးပါလာပါတော့တယ်။

**ကိုဗစ်-၁၉ အလွန် ထောက်ပံ့မှုတွေ လိုအပ်**

သစ်သီးဝလံတွေကို ပုပ်သိုးပျက်စီးမှု သက်သာစေတဲ့ Modified Atmosphere Packaging(MAP)လို့ခေါ်တဲ့ ပါကင်အိတ်အတွင်း အောက်ဆီဂျင်ကိုလျှော့ချထားသော ခေတ်မီထုပ်ပိုးမှုစနစ်တွေ အစားထိုးသုံးစွဲလာဖို့ လိုသလို သား/ငါးနဲ့ ရေထွက်ပစ္စည်းတွေအတွက် Vacuum Pac-kaging(လေစုပ်ထုပ်ပိုးစနစ်သစ်)တွေ ပြောင်းလဲအသုံးချလာကြဖို့ အရေးကြီးလာပါတယ်။ ဂေါ်ဖီထုပ်၊ မုန်လာဥ၊ ဟင်းနုနယ်၊ မုန်ညင်းစိမ်း အစရှိတဲ့ ဟင်းသီးဟင်းရွက်စိမ်းများကိုတော့ အခြောက်ခံ နည်းလမ်းအမျိုးမျိုး(Dehydra-tion & Forced Air Drying)၊ ခေတ်မီရိတ်သိမ်းချိန်လွန် နည်းလမ်းတွေ၊ ဆားရည်စိမ်ခြင်း/အချဉ်တည်ခြင်း(Fer-mentation)စတဲ့ စားသောက်ကုန်ချော ပြုပြင်ပြောင်းလဲထုတ်လုပ်မှု Food Technology နည်းလမ်းတွေကို လမ်းပန်းဆက်သွယ်ရေး ခက်ခဲဝေးလံတဲ့ ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေ၊ ခရိုင်/မြို့နယ်တွေက တောင်သူ အစုအဖွဲ့များ၊ ကုန်စိမ်းပွဲရုံ ပိုင်ရှင်များနဲ့ အသေးစားနဲ့ အလတ်စား ကုန်ချောထုတ်လုပ်မှုလုပ်ငန်းရှင်များအတွက် ကိုဗစ်-၁၉ အလွန် နည်းပညာနဲ့ ရန်ပုံငွေ ရင်းနှီးထောက်ပံ့မှုတွေ တိုးမြှင့်ပေးဖို့ နိုင်ငံတော်အပိုင်းက လိုအပ်လာမှာ ဖြစ်ပါတယ်။

> **"ခေတ်မီတိုးတက်တဲ့ နိုင်ငံတွေမှာတော့ ဆန်လုံးညိုကွတ်ကီး၊ နှံစားပြောင်းကိတ်မုန့်၊ ဆပ်ဆန်ကလုပ်တဲ့ ကိတ်မုန့်တွေ၊ ပဲစင်းငုံ၊ နှမ်း၊ ပဲတီစိမ်းနဲ့ မတ်ပဲ စတဲ့ လယ်ယာသီးနှံတွေကနေ ထုတ်လုပ်တဲ့ ကုန်ချောပစ္စည်းများနဲ့ အစားအစာအမျိုးမျိုး (Smart Food) တွေကို ပုံစံမျိုးစုံ ပြုပြင်ပြောင်းလဲ ထုတ်နေကြတာ တွေ့ရပါတယ်။ မြန်မာနိုင်ငံမှာလည်း စားသောက်ကုန်ချောပစ္စည်းအမျိုးမျိုး ပြုပြင်ထုတ်လုပ်မှု နည်းပညာတွေကို တီထွင်ဖော်ထုတ်ပေးနေတဲ့ သုတေသီတွေ ရှိနှင့်နေပြီးဖြစ်သလို တောင်သူတွေနဲ့ အသေးစားလုပ်ငန်းရှင်တွေကို လက်တွေ့သင်တန်းတွေဖွင့်ပြီး သင်ကြားလေ့ကျင့်ပေးတာတွေလည်း ဆောင်ရွက်လာကြပြီ ဖြစ်ပါတယ်"**

**နိုင်ငံတော်အပိုင်းက ထူထောင်ပေးဖို့ လိုအပ်ချက်များ**

တောင်သူတွေဘက်က စပါး၊ ဆန်၊ ပြောင်း၊ မြေပဲ၊ ကောက်ညှင်းငချိပ်၊ နှံစားပြောင်း၊ လူး၊ ဆပ်၊ ပဲစင်းငုံ စတဲ့ စိုက်ပျိုးရေးကုန်ကြမ်းတွေ အလျှံပယ် စိုက်ပျိုးထွက်ရှိနေကြပေမယ့် ကိုဗစ်-၁၉ ကာလ ကုန်စည်စီးဆင်းမှုနဲ့ ခရီးသွားလာရေး ထိန်းချုပ်မှုတွေကြောင့် ကုန်ကြမ်းတွေ တောင်ပုံရာပုံ ဖြုန်းမကုန်ဆိုသလို ဖြစ်နေကြပါတယ်။ ခေတ်မီတိုးတက်တဲ့ နိုင်ငံတွေမှာတော့ ဆန်လုံးညိုကွတ်ကီး၊ နှံစားပြောင်းကိတ်မုန့်၊ ဆပ်ဆန်ကလုပ်တဲ့ ကိတ်မုန့်တွေ၊ ပဲစင်းငုံ၊ နှမ်း၊ ပဲတီစိမ်းနဲ့ မတ်ပဲ စတဲ့လယ်ယာသီးနှံတွေကနေ ထုတ်လုပ်တဲ့ ကုန်ချောပစ္စည်းများနဲ့ အစားအစာအမျိုးမျိုး(Smart Food) တွေကို ပုံစံမျိုးစုံ ပြုပြင်ပြောင်းလဲ ထုတ်နေကြတာတွေ့ရပါတယ်။

မြန်မာနိုင်ငံမှာလည်း စားသောက်ကုန်ချောပစ္စည်းအမျိုးမျိုး ပြုပြင်ထုတ်လုပ်မှု နည်းပညာတွေကို တီထွင်ဖော်ထုတ်ပေးနေတဲ့ သုတေသီတွေ ရှိနှင့်နေပြီးဖြစ်သလို တောင်သူတွေနဲ့ အသေးစား လုပ်ငန်းရှင်တွေကို လက်တွေ့ သင်တန်းတွေဖွင့်ပြီး သင်ကြားလေ့ကျင့်ပေးတာတွေလည်း ဆောင်ရွက်လာကြပြီဖြစ်ပါတယ်။

**ထုပ်ပိုးမှုစနစ်ပိုင်း စိန်ခေါ်မှုတွေ**

စိုက်ပျိုးရေးကုန်ကြမ်းတွေကနေ စားသောက်ကုန် မုန့်အမျိုးမျိုး၊ ယို၊ ဖျော်ရည်ဆီ၊ ကွတ်ကီး၊ ကိတ်မုန့်နဲ့ ဝိုင်အမျိုးမျိုးအဖြစ် ပြုပြင်ထုတ်လုပ်နေကြတဲ့ သမဝါယမ လုပ်ငန်း အစုအဖွဲ့တွေနဲ့ စွန့်ဦးတီထွင်လုပ်ငန်းရှင်တွေ၊ ဒေသအလိုက် အသေးစားနဲ့ အလတ်စား လုပ်ငန်းရှင်တွေ အများအပြားရှိနေကြပါပြီ။ ပြည်ပက တင်သွင်းလာတဲ့ ကုန်စည်တွေနဲ့ အနံ့နဲ့အရသာပိုင်းမှာ ယှဉ်ပြိုင်နိုင်ပေမယ့် ထုပ်ပိုးပစ္စည်းနဲ့ ထုပ်ပိုးမှုနည်းပညာတွေမှာတော့ လိုအပ်ချက်တွေ ရှိနေသေးတာ တွေ့ရပါတယ်။

တရုတ်နိုင်ငံဘက်ကဝင်လာတဲ့ ကုန်စည်တွေထက်တော့ အစားအစာ ဘေးအန္တရာယ်ကင်းရှင်းမှုနဲ့ စားနပ်ရိက္ခာ လုံခြုံစိတ်ချရမှုပိုင်းမှာ ပိုအားကောင်းမှာဖြစ်ပေမယ့် ပြင်ပအသွင်အပြင်ပိုင်းနဲ့ စားသုံးသူကို ဆွဲဆောင်နိုင်တဲ့ ထုပ်ပိုးမှုစနစ်တွေမှာတော့ စိန်ခေါ်မှုတွေရှိနေပါသေးတယ်။

နိုင်ငံတော်အစိုးရအနေနဲ့ စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာ(Food Science & Technology)နဲ့ ထုပ်ပိုးမှု နည်းပညာ(Packaging Technology)ပိုင်းဆိုင်ရာမှာ လူ့စွမ်းအား အရင်းအနှီး၊ ပြည်ပအကူအညီ (Foreign Direct Investment, FDI) တွေ မြှုပ်နှံပေးမယ်ဆိုရင် ကိုဗစ်-၁၉ အလွန်ကာလတွေမှာ အစားအစာများ လေလွင့်ဆုံးရှုံးမှု လျှော့ချရေး အစီအမံတွေ(Reduction of Food Loss and Waste)ကို ကောင်းစွာ ပြုပြင်လာနိုင်မှာ ဖြစ်ပါတယ်။

**မူဝါဒပိုင်း ပြုပြင်ဖို့ လိုအပ်ချက်တွေ**

ကိုဗစ်-၁၉ ရဲ့ အစောပိုင်းကာလဖြစ်တဲ့ ၂၀၂၀ ပြည့်နှစ် နှစ်ဦးပိုင်းတွေမှာ စိုက်ပျိုးထုတ်လုပ်မှု လုပ်ငန်းစဉ်တွေမှာ တောင်သူလယ်သမားတွေအတွက် မျိုးစေ့တွေ၊ သွင်းအားစုတွေ ထောက်ပံ့တာ၊ အသေးစားချေးငွေ မတည်ပေးတာတွေ အတော်အသင့် ဆောင်ရွက်ပေးနိုင်ခဲ့ပေမယ့် စားသောက်ကုန်ထုတ်လုပ်မှု ကွင်းဆက် (Food Supply Chain)တစ်ခုလုံး စောင့်ရှောက်ဖို့တော့ မဖြစ်နိုင်ခဲ့ပါဘူး။

ဈေးရောင်းချသူတွေ၊ စူပါမားကတ်တွေမှာ Mask ဝေငှတာ၊ ပိုးသတ်ဆေး ပက်ဖျန်းပေးတာ၊ အဝင်/အထွက်တွေ ထိန်းချုပ်ပေးတာ စတဲ့ ထုတ်လုပ်ရောင်းချသူအပိုင်းကို ကူညီမှုတွေရှိပေမယ့် ကုန်စည်များ သယ်ယူပို့ဆောင်ရေး၊ ကုန်စည်စီးဆင်းမှု ချောမွေ့ရေး၊ နယ်စပ်ထွက်ပေါက်တွေမှာ ကုန်ကြမ်းတွေ ပုံမနေစေဖို့ အရေးတွေကတော့ စိန်ခေါ်မှုတွေ ရှိနေဆဲပါ။

စိုက်ပျိုးထုတ်လုပ်သူတွေအနေနဲ့ ဆုံးရှုံးမှုတွေ နည်းနိုင်သမျှ လျှော့နည်းစေဖို့ ကိုဗစ်-၁၉ ကပ်ရောဂါကာလအလွန်မှာတော့ အအေးခန်းသိုလှောင်ရုံတွေ၊ အခြောက်ခံစက်တွေ၊ တန်ဖိုးမြှင့်ထုတ်ကုန်တွေ ပြောင်းလဲထုတ်လုပ်ဖို့ လိုအပ်တဲ့ စက်ရုံတွေ တိုးချဲ့ဖန်တီးလာမယ်လို့မျှော်လင့်ချက် ရှိပါတယ်။ အစားအစာ လေလွင့်ဆုံးရှုံးမှုတွေကို ထိထိရောက်ရောက် လျှော့ချနိုင်ဖို့ဆိုရင် စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတစ်ခုတည်းရဲ့ အင်အားအရ တောင်သူတွေနဲ့ ကုန်စိမ်းပွဲရုံတွေအထိ နည်းပညာပိုင်းဆိုင်ရာမှာ ကူညီပေးနိုင်မှာဖြစ်ပေမယ့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန လက်အောက်က ကုန်စည်ဒိုင်တွေနဲ့ အသင်းအဖွဲ့တွေရဲ့ အင်အားကလည်း အရေးကြီးတဲ့ အခန်းကဏ္ဍက ပါဝင်နေပါတယ်။

**ခေတ်စနစ်ကောင်းတစ်ခုဆီသို့**

ထို့အတူပဲ ကုန်စည်များ သယ်ယူပို့ဆောင်ရေး အပိုင်းမှာ နည်းပညာများအရ ရင်းနှီးမြှုပ်နှံမှုတွေ ထပ်မံတိုးမြှင့်ဖို့လည်း လိုအပ်ပါတယ်။ တန်ဖိုးမြှင့်ထုတ်လုပ်မှု ကွင်းဆက်တစ်လျှောက်မှာ ပါဝင်နေကြတဲ့ Value Chain Stakeholder အသီးသီး အားလုံးပူးပေါင်းပါဝင်တဲ့ ဘက်စုံဖွံ့ဖြိုးမှုအစီအမံနဲ့ ပြောင်းလဲဆောင်ရွက်နိုင်ကြမယ်ဆိုရင်တော့ မြန်မာနိုင်ငံဟာ ကိုဗစ်-၁၉ အလွန် ကာလမှာ စိုက်ပျိုးရေးနဲ့ မွေးမြူရေးထုတ်ကုန် ကုန်ကြမ်းတွေရဲ့ လေလွင့်ဆုံးရှုံးမှုတွေကို လျှော့ချနိုင်ပြီး ခေတ်မီ ကုန်ချောပစ္စည်းတွေ ထုတ်လုပ်ဖြန့်ဖြူး၊ ရောင်းချနိုင်တဲ့ ခေတ်စနစ်ကောင်းတစ်ခုဆီသို့ မလွဲမသွေ တက်လှမ်းနိုင်မှာ ကေန်မုချပင် ဖြစ်ပါတော့တယ်။ ။

**ကိုးကား**

**International Food Policy Research Institute ၏ "Impacts of COVID-19 on Myanmar's Agri-Food System: Evidence Base and Policy Implications (2020)"**

# မြောင်မြို့နယ်မှ ရှေးဟောင်းရွှေထည်များတွေ့သည့်နေရာတွင် လာရောက်ရှာဖွေနေသူများကြောင့် လုံခြုံရေးရဲကင်းချ၍ ကြပ်မတ်ထား

**မြောင် ဒီဇင်ဘာ ၂၀**

ရှေးဟောင်းပစ္စည်းဟုယူဆရသည့် ရွှေထည်များ တွေ့ရှိခဲ့သော စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ် ကျောင်းဖြူကျေးရွာ အနောက်ဘက်ရှိ ရေဝတီမြစ်လက်တက် နေရာတွင် လာရောက်၍ မြေများကိုတူးဆွကာ ရှာဖွေနေသူများကြောင့် လုံခြုံရေးရဲကင်းချပြီး ကြပ်မတ်ဆောင်ရွက်နေကြောင်း မြောင်မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတင်ထွန်းအောင်ထံမှ သိရသည်။

"တစ်ပတ်ကျော်လောက်ရှိပြီ။ ကန့်သတ်ထားတာ။ ရွှေရှာတဲ့သူတွေက ကမ်းပါးတွေဖြိုတယ်။ ဖြိုတော့ ဒေသခံတွေက ကမ်းပါးပြိုရင် သူတို့စိုက်ခင်းမြေတွေ ပါသွားနိုင်တယ်ဆိုပြီး အပြန်အလှန် ခိုက်ရန်ဖြစ်ပွားမှာ စိုးရိမ်တဲ့အတွက် ၂၄ နာရီရဲကင်းချထားတာဖြစ်ပါတယ်။ လာတဲ့သူမှန်သမျှ မောင်းထုတ်နေတော့ အခု မလာကြတော့ပါဘူး"ဟု မြို့နယ် စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌက ပြောသည်။



ကျောင်းဖြူကျေးရွာနေ ဦးကျော်မိုးသည် ဒီဇင်ဘာ ၉ ရက်က ကျေးရွာ၏အနောက်ဘက် ပေ ၁၀၀၀ ခန့်အကွာရှိ ချောင်းအတွင်းမှ ချောင်းရေတိုက်စား၍ ကမ်းပါးပြိုကျထားသည့် နေရာတွင် ရှေးဟောင်းပစ္စည်းဟုယူဆရသည့် အလေးချိန် တစ်ကျပ်သားခန့်ရှိသော ရွှေထည်ပစ္စည်းတစ်ခုကို တွေ့ရှိရပြီးနောက် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်မင်းဝေ၊ တစ်ရွာတည်းနေသူများဖြစ်သည့် ဦးချစ်စန်းဦး၊ ဦးလှမင်းဦးတို့အား ပြောပြကာ ကျေးရွာသားအချို့နှင့်အတူ အဆိုပါနေရာ၌ ထပ်မံ ရှာဖွေခဲ့ကြရာ ချောင်းကမ်းစပ်ရှိ ရေထဲမှ အလေးချိန် ငါးမူးသားကျော်ရှိ ရွှေထည်ပစ္စည်း သုံးခုကို ထပ်မံတွေ့ရှိခဲ့သည်။ ထို့နောက် တွေ့ရှိသော ရွှေထည်ပစ္စည်း ခြောက်ခုနှင့် ကြေးဟင်္သာအလေး တစ်ခုတို့ကို မြောင်မြို့နယ် စီမံခန့်ခွဲမှုကော်မတီသို့ အပ်နှံခဲ့ရာ တာဝန်ရှိသူများက ဒီဇင်ဘာ ၁၄ ရက်တွင် တိုင်းဒေသကြီးဝန်ကြီးချုပ်ထံ ပေးပို့အပ်နှံခဲ့ပြီးနောက် ဝန်ကြီးချုပ်က ပစ္စည်းတွေ့ရှိသူ ဒေသခံများအတွက် ကြိုတင်ဆုကြေးငွေ ကျပ် ၅၁ သိန်းကို ချီးမြှင့်ခဲ့သည်။

ယင်းနောက်တွင် ဒေသခံငါးဦးက အဆိုပါနေရာ၌ ရှေးဟောင်းပစ္စည်းဟု ယူဆရသည့် ရွှေထည်ပစ္စည်း ငါးမျိုးနှင့် ဟင်္သာရုပ်တစ်ခုတို့ကို ထပ်မံတွေ့ရှိခဲ့ကြပြီး မြို့နယ်စီမံခန့်ခွဲမှု ကော်မတီ ဥက္ကဋ္ဌမှတစ်ဆင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်ထံ ဒီဇင်ဘာ ၁၈ ရက်တွင် ဒုတိယအကြိမ်အပ်နှံခဲ့ရာ ဝန်ကြီးချုပ်က ပစ္စည်းတွေ့ရှိခဲ့သူ ဒေသခံ ငါးဦးအတွက် ကြိုတင်ဆုကြေးငွေ ကျပ် ၄၄၈၀၀၀၀ ကို ပေးအပ်ချီးမြှင့်ခဲ့သည်။

"တိုင်းဒေသကြီးအစိုးရကို အပ်တာနှစ်ကြိမ်ရှိပြီ။ ပထမအကြိမ်က ပစ္စည်းခြောက်မျိုး၊ ဒုတိယအကြိမ်က ပစ္စည်းငါးမျိုး၊ စုစုပေါင်း ၁၁ မျိုး အပ်ထားတယ်။ တွေ့တဲ့သူတွေကိုလည်း တိုင်းဒေသကြီးအစိုးရက ကာလပေါက်စျေးနဲ့ အပ်တဲ့ရွှေအလေးချိန်အတိုင်း တန်ဖိုးဖြတ်ပြီး ကနဦးချီးမြှင့်ငွေ ပေးထားတယ်။ ပစ္စည်းတွေကို ရှေးဟောင်းသုတေသနဌာနကို အပ်လိုက်လို့ ရှေးဟောင်းသုတေသနက စစ်ဆေးပြီးရင် သက်ဆိုင်ရာ ခေတ်အလိုက် လက်ရာကြေး စတာတွေ ထပ်ရဖို့ရှိတာပေါ့။ ဒီနေရာမှာ လာပြီးရှာတာတွေ၊ မှတ်တမ်းတင်တာတွေ လုပ်ပေးဖို့လည်း စာတင်ထားတယ်။ ရှေးဟောင်းသုတေသနက လာစစ်ဆေးပေးမယ်။ မြစ်ကမ်းပါးထိန်းသိမ်းရေးတွေ လုပ်ပေးဖို့လည်း စာတင်ထားတယ်။ သူတို့ဆက်လုပ်ပါလိမ့်မယ်"ဟု မြို့နယ် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌက ဆက်ပြောသည်။

တိုင်းဒေသကြီးအစိုးရသို့ အပ်နှံထားသော ပစ္စည်းများကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ ပေးပို့သွားမည်ဖြစ်ပြီး ဦးစီးဌာနရှိ ပညာရှင်များက ပစ္စည်းအမျိုးအစားနှင့် ခေတ်ကာလသတ်မှတ်ချက်တို့ကို စစ်ဆေးပေးမည်ဖြစ်ကြောင်းနှင့် ဆက်လက်၍လည်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ ပေးပို့၍ အရည်အသွေးနှင့် အလေးချိန်တို့ကို စစ်ဆေးမည်ဖြစ်ကာ မူလရွှေထည်တန်ဖိုးအပြင် ခေတ်ကာလတန်ဖိုးနှင့် အနုစိတ်လက်ရာတို့ကို ဖြည့်စွက်ပေါင်းထည့်၍ တွေ့ရှိသူ ဒေသခံပြည်သူများအား ထိုက်တန်စွာ ဆုချီးမြှင့်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မျိုးဝင်းထွန်း(မုံရွာ)

# မင်းတပ်မြို့နယ်အတွင်းမှ ကျေးရွာသုံးရွာ၌ ဆိုလာမီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီး

**မင်းတပ် ဒီဇင်ဘာ ၂၀**

ချင်းပြည်နယ် မင်းတပ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသည် ကျေးလက်နေပြည်သူများအတွက် မီးလင်းရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ မဒပ်ကျေးရွာ၊ ပူကွန်ကျေးရွာနှင့် ကီးသာကျေးရွာတို့၌ ရှေ့ပြေးတပ်ဆင် ဆောင်ရွက်မှုအနေဖြင့် ဆိုလာမီးများ တပ်ဆင်ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို တာဝန်ရှိသူများက ဒီဇင်ဘာ ၁၈ ရက်က ကွင်းဆင်းစစ်ဆေးခဲ့သည်။

မင်းတပ်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးမင်းရောထိုက်၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဦးအောင်လွင်နှင့် ဝန်ထမ်းများအဖွဲ့က ကျေးရွာသုံးရွာ၌ ရှေ့ပြေးအဖြစ် တပ်ဆင်ပြီးစီးနေပြီဖြစ်သော တစ်အိမ်သုံးဆိုလာ ခြောက်ယူနစ်၊ ပညာရေးဆိုင်ရာ အဆောက်အအုံများဖြစ်သော အထက်တန်းကျောင်းတွင် ၄၈၀ ဝပ် ဆိုလာတစ်စုံ၊ အလယ်တန်းကျောင်းတွင် ၃၈၀ ဝပ် ဆိုလာ တစ်စုံနှင့် မူလတန်းကျောင်းတွင် ၁၈၀ ဝပ်ဆိုလာ တစ်စုံ၊ ကျေးလက်ကျန်းမာရေးဌာနနှင့် ဘာသာရေးအဆောက်အအုံ တစ်ခုတွင် ဆိုလာ တစ်စုံစီ တပ်ဆင်ထားမှုတို့ကို ကွင်းဆင်းစစ်ဆေးခဲ့ခြင်းဖြစ်သည်။

မင်းတပ်မြို့နယ်၌ ကျေးရွာပေါင်း ၂၃ ရွာတွင် တစ်အိမ်သုံးဆိုလာ ၇၄၃ စုံ၊ စာသင်ကျောင်းများတွင် ၁၉ စုံ၊ ကျေးလက် ဆေးပေးခန်းများတွင် နှစ်စုံ၊ ဘာသာရေးကျောင်းများတွင် ၂၈ စုံနှင့် လမ်းမီးတိုင် ၇၇ တိုင်တို့ကို တပ်ဆင်သွားမည်ဖြစ်ကြောင်း သိရသည်။ လက်ရှိအချိန်တွင် မင်းတပ်မြို့နယ်အတွင်း ကျေးရွာပေါင်း ၁၉၆ ရွာရှိသည့်အနက် ကျေးရွာပေါင်း ၈၀ ၌ တစ်အိမ်သုံးဆိုလာ ၂၃၄၅ စုံ၊ ပညာရေးကျောင်းများတွင် ၆၈ စုံ၊ ဘာသာရေးအဆောက်အအုံများတွင် ၁၂၇ စုံ၊ ကျေးလက်ကျန်းမာရေးဌာနများတွင် ၂၇ စုံနှင့် လမ်းမီးတိုင် ၃၅၉ တိုင်တို့ကိုလည်း တပ်ဆင်ပေးထားပြီးဖြစ်ကြောင်း မင်းတပ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူးထံမှ သိရသည်။

သျှားညီ



ကျေးရွာစာသင်ကျောင်းတစ်ကျောင်း၌ ဆိုလာစနစ်ဖြင့် မီးရရှိနေမှုကို ကြည့်ရှုစစ်ဆေးနေစဉ်။

# နေရပ်စွန့်ခွာပြည်သူများစခန်းမှ အမျိုးသမီးများအတွက် အခြေခံစက်ချုပ်သင်တန်းဖွင့်လှစ်

**လှိုင်းဘွဲ့ ဒီဇင်ဘာ ၂၀**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် မြိုင်ကြီးငူ အထူးဒေသအတွင်းရှိ နေရပ်စွန့်ခွာပြည်သူများ စခန်းမှ အမျိုးသမီးများအတွက် လူမှုဝန်ထမ်းဦးစီးဌာန၊ UN Woman အဖွဲ့နှင့် သံတောင်ကြီး အမျိုးသမီးများ အဖွဲ့တို့ ပူးပေါင်း၍ အခြေခံ စက်ချုပ်သင်တန်းကို ဒီဇင်ဘာ ၁၈ ရက်မှစ၍ အေးလင်းသာယာကွင်းအတွင်းရှိ စာသင်ကျောင်းဆောင်၌ ဖွင့်လှစ်လျက်ရှိသည်။



စက်ချုပ်သင်တန်းဖွင့်ပွဲတွင် ပြည်နယ်ဝန်ကြီးက အမှာစကားပြောကြားစဉ်။

သင်တန်းဖွင့်ပွဲတွင် ကရင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်နှင့် ကရင်ပြည်နယ် လူမှုရေးဝန်ကြီး ဦးစောဘိုဘိုဝေမောင်တို့က အမှာစကားပြောကြားပြီး ကရင်ပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်မြမာလာစိုးက အခြေခံစက်ချုပ်သင်တန်း ဖွင့်လှစ်ပေးခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် UN Woman အဖွဲ့မှ တာဝန်ခံ ဒေါ်စန္ဒာဝင်းက အမျိုးသမီးများဘ၀ ဖွံ့ဖြိုးတိုးတက်ရေးအတွက် UN Woman အဖွဲ့အနေဖြင့် ဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းပြောကြားပြီးနောက် သံတောင်ကြီးအမျိုးသမီးများအဖွဲ့မှ ဒေါ်မာမာချိုက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

အဆိုပါ အခြေခံစက်ချုပ်သင်တန်းကို ၂၀၂၁ ဇန်နဝါရီ ၁၀ ရက်အထိ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကာ သင်တန်းသို့ နေရပ်စွန့်ခွာပြည်သူများစခန်းမှ အမျိုးသမီးငယ် ၂၀ တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# လှိုင်ကော်မြို့၌ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေအကြောင်း အသိပညာပေး ဆွေးနွေး

**လှိုင်ကော် ဒီဇင်ဘာ ၂၀**

ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေအသိပညာပေးခြင်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်း သင်တန်းကို လှိုင်ကော်မြို့ရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ၁၈ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းတွင် ပြည်နယ် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီအတွင်းရေးမှူး ပြည်နယ်လူမှုဝန်ထမ်းရုံး ညွှန်ကြားရေးမှူး ဒေါ်သိန်းသိန်းမြင့်က ခရိုင်နှင့် မြို့နယ်များမှ ကော်မတီဝင်များအနေဖြင့် ကလေးသူငယ်အခွင့်အရေး ဥပဒေဆိုင်ရာများနှင့်စပ်လျဉ်း၍ ယနေ့ ဆွေးနွေးပို့ချချက်များမှ ရရှိမည့် အသိပညာများကို မိမိတို့မြို့နယ်များတွင် ကျယ်ကျယ်ပြန့်ပြန့် ပြန်လည်ဖြန့်ဝေပေး၍ အသိပညာပေးမှုများ ဆောင်ရွက်သွားကြရန် အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်လူမှုဝန်ထမ်းရုံး ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဇော်၊ ပြည်နယ်ရဲတပ်ဖွဲ့မှ ရဲမှူးသန်းဦးနှင့် ပြည်နယ်ဥပဒေချုပ်ရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်နန္ဒာနှင်းတို့က ၂၀၁၉ ခုနှစ် ကလေးသူငယ် အခွင့်အရေးဆိုင်ရာဥပဒေအကြောင်း သိကောင်းစရာများကို ခရိုင်နှင့် မြို့နယ်များမှ ကော်မတီဝင်များအား ဆွေးနွေးပို့ချခဲ့ပြီး တက်ရောက်လာသော ကော်မတီဝင်များကလည်း သိရှိလိုသည်များကို ပြန်လည် မေးမြန်းဆွေးနွေးခဲ့သည်။

စိုးလှိုင်ငွေး(ပြန်/ဆက်)

# မိုးညှင်းမြို့နယ်ရှိ တိုက်ပွဲရှောင်စခန်းသုံးခုမှ ပြည်သူများအား တစ်ကိုယ်ရေသုံး သန့်ရှင်းရေးပစ္စည်းများ ထောက်ပံ့ပေးအပ်

**မိုးညှင်း ဒီဇင်ဘာ ၂၀**

မိုးညှင်းမြို့နယ်အတွင်းရှိ တိုက်ပွဲရှောင်စခန်း သုံးခုမှ အိမ်ထောင်စု ၄၅ စုအတွက် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ထောက်ပံ့ပေးအပ်သော တစ်ကိုယ်ရေသုံး သန့်ရှင်းရေးပစ္စည်းများဖြစ်သည့် Individual Hygiene Kits , Dignity Kits နှင့် နှာခေါင်းစည်းများကို မြို့နယ်ကြက်ခြေနီသင်းမှ တာဝန်ရှိသူများက ဒီဇင်ဘာ ၁၈ ရက်နှင့် ၁၉ ရက်တွင် ပေးအပ်ခဲ့သည်။

ကိုဗစ်-၁၉ရောဂါဖြစ်ပွားနေစဉ်ကာလအတွင်း ရောဂါကာကွယ်ရေးအတွက် အသုံးပြုရန် အဆိုပါ ထောက်ပံ့ပစ္စည်းများကို မြန်မာနိုင်ငံ ကြက်ခြေနီအသင်းက ပေးအပ်ခြင်းဖြစ်ပြီး မြို့နယ်ကြက်ခြေနီအသင်းဥက္ကဋ္ဌဦးတင်လှိုင်နှင့် တာဝန်ရှိသူများက ဒီဇင်ဘာ ၁၈ ရက်တွင် အုတ်ကျင်းရပ်ကွက်ရှိ တိုက်ပွဲရှောင်စခန်းမှ အိမ်ထောင်စု ၂၀ နှင့် စိန့်ပက်ထရစ်ဘုရားကျောင်းဝင်းအတွင်းရှိ တိုက်ပွဲရှောင်စခန်းမှ အိမ်ထောင်စု ၁၁ စုထံသို့လည်းကောင်း၊ ဒီဇင်ဘာ ၁၉ ရက်တွင် နန့်မွန်းမြို့ KBC ဘုရားရှိခိုးကျောင်းဝင်းအတွင်းရှိ တိုက်ပွဲရှောင်စခန်းမှ အိမ်ထောင်စု ၁၄ စုထံသို့လည်းကောင်း ပြည်သူများလက်ဝယ်အရောက် သွားရောက်ထောက်ပံ့ပေးအပ်ခြင်းဖြစ်သည်။

ကျော်ကျော်ထွေး(မိုးညှင်း)



## မိုးကောင်းမြို့၌ တိမ်ပင်လယ်ခရီးစဉ်ဒေသသစ် ဖော်ဆောင်နိုင်ရန် တာဝန်ရှိသူများ ကြည့်ရှုလေ့လာ

**မိုးကောင်း ဒီဇင်ဘာ ၂၀**

ကချင်ပြည်နယ် မိုးကောင်းမြို့၌ တိမ်ပင်လယ် ခရီးစဉ်ဒေသသစ် ဖော်ဆောင်နိုင်ရန်အတွက် ကချင်ပြည်နယ် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ပြည်နယ်တာဝန်ခံနှင့် တာဝန်ရှိသူများက ဒီဇင်ဘာ ၁၉ ရက်က လာရောက်လေ့လာခဲ့ကြကြောင်း သိရသည်။



တိမ်ပင်လယ် ခရီးစဉ်ဒေသသစ် ဖော်ဆောင်နိုင်ရေးနှင့်ပတ်သက်၍ ကချင်ပြည်နယ် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ပြည်နယ်တာဝန်ခံ ဦးခိုင်ဝင်းက "မြန်မာနိုင်ငံမှာ တိမ်ပင်လယ်တွေ ရှိပေမယ့် မိုးကောင်းမြို့မှာရှိတဲ့ တိမ်ပင်လယ်ရဲ့ ထူးခြားချက်က ၃၆၀ ဒီဂရီနီးပါး မြင်တွေ့နိုင်ခြင်း ဖြစ်လို့ ပြည်တွင်း ခရီးစဉ်ဒေသသစ်တစ်ခုအဖြစ် ဖော်ဆောင်နိုင်မှာဖြစ်ပြီး ခရီးစဉ်ဒေသ သန့်ရှင်းသာယာလှပရေးနဲ့ ရေရှည် တည်တံ့ခိုင်မြဲရေးတို့အတွက် သက်ဆိုင်ရာဌာနများနဲ့ ပူးပေါင်းဆောင်ရွက်မှာဖြစ်ပါတယ်"ဟု ပြောသည်။

အဆိုပါ တိမ်ပင်လယ်ကို ကြည့်ရှုနိုင်ရန် မိုးကောင်းမြို့မှ အရှေ့ဘက် တောင်ခြေသို့ ကား၊ ဆိုင်ကယ်ဖြင့် မိနစ် ၂၀ ခန့် လာရောက်ရမည်ဖြစ်ပြီး တောင်ခြေမှ တောင်ပေါ်သို့ တစ်နာရီခန့် တက်ရောက်ကြရမည်ဖြစ်သည်။ တိမ်ပင်လယ်မြင်ကွင်းကို နှစ်စဉ် နိုဝင်ဘာလမှ ဖေဖော်ဝါရီလအထိ လေးလကြာ ကြည့်ရှုနိုင်မည်ဖြစ်ပြီး နေ့စဉ် တိမ်ပင်လယ်ကြည့်ရှုနိုင်မည့် ကြာမြင့်ချိန်မှာ သုံးနာရီနီးပါးဖြစ်ကြောင်း သိရသည်။

တိမ်ပင်လယ် ခရီးစဉ်ဒေသသစ် ဖော်ဆောင်နိုင်ရေးအတွက် We Love Mogaung အဖွဲ့နှင့် ရွှေဦးခရီးသွားကုမ္ပဏီတို့က စီစဉ်ဆောင်ရွက်နေခြင်းဖြစ်ပြီး မိုးကောင်းမြို့ရှိ ပရဟိတအဖွဲ့များကလည်း တောင်တက်လမ်းတစ်လျှောက်နှင့် တောင်ပေါ်တွင် စုပေါင်းအမှိုက်ကောက်သည့် လှုပ်ရှားမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

ဝင်းနိုင်(ကချင်မြေ)

## မန္တလေးမြို့ ကျုံးဘေးတွင် လမ်းလျှောက်ခြင်း၊ အားကစားလုပ်ခြင်းနှင့် ဓာတ်ပုံရိုက်ခြင်းများမပြုရန် အသိပေး

**မန္တလေး ဒီဇင်ဘာ ၂၀**

မန္တလေးမြို့ရှိ ပြည်သူများအနေဖြင့် အောင်မြေသာစံမြို့နယ်ရှိ ကျုံးဘေးတွင် လမ်းလျှောက်ခြင်း၊ အားကစားပြုလုပ်ခြင်း၊ ဓာတ်ပုံရိုက်ခြင်းများ မပြုလုပ်ကြရန် ကာလာကြိုးများတားခြင်းနှင့် မေတ္တာရပ်ခံချက် ဗီနိုင်းများချိတ်ဆွဲ၍ အသိပေးခြင်းများကို ဒီဇင်ဘာ ၁၉ ရက် ညနေ ၆ နာရီမှစတင်၍ မြောက်ဘက်ကျုံးဘေး(၁၂)လမ်းတစ်လျှောက်နှင့် အရှေ့ဘက် ကျုံးဘေး(၆၆)လမ်းတစ်လျှောက်တို့တွင် ဆောင်ရွက်ကြသည်။

ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု ကာကွယ်ရေးနှင့် ကျုံးဘေးတွင် လူစုလူဝေးများ မဖြစ်စေရေးအတွက် ရည်ရွယ်လျက် ကာလာကြိုးများဖြင့် တားဆီးခြင်းနှင့် မေတ္တာရပ်ခံချက် ဗီနိုင်း အခုရေ ၄၀ ကပ်ခြင်းကို အောင်မြေသာစံမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမြို့ဆောင် ဦးဆောင်သည့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ရာအိမ်မှူးများက ပူးပေါင်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

ဇော်လင်းဦး(အောင်စံ)




ရောဂါကာကွယ်ရေးအတွက် မန္တလေးမြို့ခံ ပြည်သူများအား အသိပေး မေတ္တာရပ်ခံထားသည့် ဗီနိုင်းတစ်ခုကို တွေ့ရစဉ်။

## ကျောက်ဆည်မြို့နယ်မှ ကျေးရွာနှစ်ရွာတွင် သောက်သုံးရေရရှိရေးလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး

**ကျောက်ဆည် ဒီဇင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်အတွင်း ကြက်သားဟင်းကျေးရွာအုပ်စု ပျားကျေးရွာနှင့် တောင်နောက်ကျေးရွာအုပ်စု သီးပင်ကျေးရွာတို့တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ရန်ပုံငွေများဖြင့် ဆောင်ရွက်ပေးခဲ့သော သောက်သုံးရေရရှိရေးလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ပျားကျေးရွာ၌ သောက်သုံးရေရရှိရေးလုပ်ငန်းများဖြစ်သည့် ဂါလန် ၂၀၀၀ ဆံ့ အုတ်ရေကန်တစ်ကန်၊ ဂါလန် ၁၀၀၀၀ ဆံ့ အုတ်ရေကန်တစ်ကန်တည်ဆောက်ခြင်း၊ အလျား ၅ ပေ၊ အနံ ၅ ပေ၊ အမြင့် ၇ ပေရှိ ရေစက်ရုံတစ်ရုံ တည်ဆောက်ခြင်း၊ အရှည် ပေ ၁၅၂၀ ရှိ ရေပိုက်လိုင်းသွယ်တန်းခြင်း၊ မီတာနှင့် လေမှုတ်စက်တပ်ဆင်ခြင်း လုပ်ငန်းများကို ခွင့်ပြုရန်ပုံငွေ ကျပ် ၈ ဒသမ ၂၂ သန်းဖြင့်လည်းကောင်း၊ သီးပင်ကျေးရွာတွင် အိမ်တိုင်ရာရောက် ရေမီတာစနစ်ဖြင့် သောက်သုံးရေရရှိရေး ဆောင်ရွက်ရန်အတွက် သုံးလက်မပိုက်လိုင်း ပေ ၅၃၀ နှင့် နှစ်လက်မပိုက်လိုင်း ပေ ၂၅၅၀ သွယ်တန်းခြင်းလုပ်ငန်းများကို ရန်ပုံငွေ ကျပ် ၄ ဒသမ ၇၅ သန်းဖြင့်လည်းကောင်း နိုဝင်ဘာလအတွင်းက စတင် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ သောက်သုံးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ကျောက်ဆည်မြို့နယ် တည်ဆောက်ရေးကော်မတီဝင်များဖြစ်သည့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်လွင်၊ မြို့နယ် စည်ပင်သာယာရေးကော်မတီမှ ဦးစီးအရာရှိ(နည်းပညာ) ဦးသိန်းနိုင်နှင့် တာဝန်ရှိသူများက ဒီဇင်ဘာ ၂၀ ရက်က ကွင်းဆင်းစစ်ဆေးသည်။ ယင်းကျေးရွာနှစ်ရွာမှ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီဖြစ်၍ အိမ်ခြေ ၂၀၀ ကျော်မှ လူဦးရေ ၈၀၀ ကျော်အတွက် သောက်သုံးရေ လုံလောက်စွာရရှိစေရန် အကျိုးပြုမည်ဖြစ်ကြောင်း ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဒေါ်ထိုက်ထိုက်စိုးက ပြောသည်။

ငြိမ်းသူ

## ရှေးဟောင်းရွှေထည်ဝယ်ယူထားသည့် ရွှေဆိုင်ရှင်က ရွှေတန်ဖိုးကို ကိုဗစ်-၁၉ ကာကွယ်ရေးအတွက်လှူဒါန်း

**မြောင် ဒီဇင်ဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ် ကျောင်းဖြူကျေးရွာအနီးရှိ ချောင်းအတွင်းမှ ပထမဆုံး တွေ့ရှိခဲ့ရသော ရှေးဟောင်းရွှေထည်ပစ္စည်းတစ်ခုကို လက်ခံဝယ်ယူထားသူ မြင်းခြံမြို့မှ ရွှေဆိုင်ပိုင်ရှင်က အဆိုပါ ရှေးဟောင်းရွှေထည် ဝယ်ယူခြင်းအတွက် နိုင်ငံတော်က ပြန်လည်ပေးအပ်ငွေ ကျပ် ၁၈ သိန်းကို ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် လှူဒါန်းခဲ့ကြောင်း မြောင်မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတင်ထွန်းအောင်ထံမှ သိရသည်။

ကျောင်းဖြူကျေးရွာ၌ ရှေးဟောင်းရွှေထည်ပစ္စည်းတစ်ခုကို နိုဝင်ဘာ ၂၈ ရက်က ပထမဆုံး ကောက်ရခဲ့သူသည် မသိနားမလည်ဘဲ မြင်းခြံမြို့ရှိ မြင့်မဟာရွှေဆိုင်တွင် သွားရောက်ရောင်းချခဲ့ရာ ရွှေဆိုင်ပိုင်ရှင် ဒေါက်တာသန်းဝင်းက ကျပ် ၁၈ သိန်းဖြင့် ဝယ်ယူခဲ့ပြီး သိမ်းဆည်းထားခဲ့ကြောင်း၊ ယင်းရွှေထည်ပစ္စည်းသည် ကျောင်းဖြူကျေးရွာအနီးမှ တွေ့ရှိထားသည့် ရွှေထည်ပစ္စည်း ၁၂ မျိုးအနက် လက်ရာအကောင်းဆုံးဖြစ်ကြောင်းနှင့် အလေးချိန်မှာ ၁ ကျပ် ၁၂ ပဲကျော်ရှိကြောင်း သိရသည်။

အဆိုပါ ရွှေထည်ပစ္စည်းကို နိုင်ငံတော်သို့ အပ်နှံရမည်ဖြစ်သည့်အတွက် ဝယ်ယူစဉ်က ပေးချေခဲ့သည့် ကျပ် ၁၈ သိန်းကို ရွှေဆိုင်ပိုင်ရှင် ဒေါက်တာသန်းဝင်းထံ ပြန်လည်ပေးအပ်ရာ ဒေါက်တာသန်းဝင်းက ထိုငွေကို ပြန်မယူတော့ဘဲ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် လှူဒါန်းခဲ့ခြင်းဖြစ်သည်။

ရွှေဆိုင်ပိုင်ရှင် ဒေါက်တာသန်းဝင်းက "ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးအတွက် ငွေလှူရတာကို ဝမ်းသာပါတယ်။ နိုဝင်ဘာ ၂၈ ရက်က ရှေးဟောင်းပစ္စည်းရတာကို ဘာမှမလုပ်ဘဲ သိမ်းထားလိုက်တယ်။ ပစ္စည်းဝယ်တဲ့ဈေး ကျပ် ၁၈ သိန်းကို ပြန်ပေးတာလည်း မယူတော့ဘဲ ကိုဗစ်-၁၉ ထိန်းချုပ်ရေးအတွက် မြင်းခြံကို ၁၀ သိန်းနဲ့ မြောင်ကို ရှစ်သိန်း လှူလိုက်ပါတယ်"ဟု ပြောသည်။

မြောင်မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌကလည်း "ရွှေဆိုင်ပိုင်ရှင်ဟာ ရှေးလက်ရာမပျက် ထိန်းသိမ်းထားခဲ့တာဖြစ်ပြီး လိုလိုလားလားနဲ့ ပြန်လည်အပ်နှံပေးခဲ့ပါတယ်"ဟု ပြောသည်။ ကျောင်းဖြူကျေးရွာ၌ ရှေးဟောင်းပစ္စည်းဟု ယူဆရသည့် ရွှေထည်နှင့် ကြေးထည် ၁၁ မျိုးကိုလည်း ထပ်မံတွေ့ရှိထား၍ တိုင်းဒေသကြီးအစိုးရထံ အပ်နှံထားပြီးဖြစ်ကာ ယခု ရွှေဆိုင်ရှင်က ပြန်လည်အပ်နှံခဲ့သည့် ရှေးဟောင်းရွှေထည်ပစ္စည်း **(ယာပုံ)** ကိုလည်း မြောင်မြို့နယ် စီမံခန့်ခွဲမှုကော်မတီမှတစ်ဆင့် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ထံသို့ ဆက်လက်အပ်နှံသွားမည်ဖြစ်ကြောင်း သိရသည်။

မျိုးဝင်းထွန်း(မုံရွာ)



## မြဝတီမြို့နယ်မှ ရွှေကုက္ကိုလ်-ထီးကော်ထော-မော်ဖားသူ တောင်ခြေလမ်းကို ကွင်းဆင်းစစ်ဆေး

**မြဝတီ ဒီဇင်ဘာ ၂၀**

နယ်စပ်ရေးရာဝန်ကြီးဌာန၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်းမှ ရွှေကုက္ကိုလ်-ထီးကော်ထော-မော်ဖာသူတောင်ခြေလမ်း ၂၂ မိုင်အနက် ၁ မိုင် ၄ ဖာလုံတွင် ကျောက်ခင်းခြင်းနှင့် ပေ ၃၀ ကွန်ကရစ်တံတား တစ်စင်း၊ သုံးပေ ကွန်ကရစ်ရေပြွန်တစ်ခု တည်ဆောက်ခြင်း လုပ်ငန်းများကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြဝတီမြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကျော်ဇောနှင့် တာဝန်ရှိသူများက ဒီဇင်ဘာ တတိယပတ်အတွင်းက ကွင်းဆင်းစစ်ဆေးသည်။

အဆိုပါလမ်းကို နယ်စပ်ရေးရာဝန်ကြီးဌာန၏ ပြည်ထောင်စုရန်ပုံငွေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှ စတင်ဆောင်ရွက်ခဲ့ရာ နှစ်အလိုက် ကျောက်ရောမြေလမ်းနှင့် မြေသားလမ်းခင်းခြင်း၊ ပေ ၅၀ ကွန်ကရစ်တံတား တစ်စင်း၊ ၃၅ ပေ ကွန်ကရစ်တံတား တစ်စင်း၊ ပေ ၂၀ ကွန်ကရစ်တံတား ၁၂ စင်းနှင့် ကွန်ကရစ်ရေပြွန်များ တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် မိုးရာသီက တောင်ကျရေတိုက်စားမှုကြောင့် ပြိုကျပျက်စီးခဲ့သည့် ပေ ၂၀ တံတားတစ်စင်းနေရာတွင်လည်း ၃၅ ပေ ကွန်ကရစ်တံတား တစ်စင်းကို အစားထိုးတည်ဆောက်ခဲ့သည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း၌လည်း နယ်စပ်ရေးရာဝန်ကြီးဌာန၏ ပြည်ထောင်စုရန်ပုံငွေဖြင့် ကျောက်လမ်းခင်းခြင်း၊ ကရင်ပြည်နယ်အစိုးရအဖွဲ့၏ (ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် မော်ဖာသူတောင်ခြေမှ လှိုင်းဘွဲ့မြို့နယ် မဲလကျေးရွာသို့ ဆက်သွယ်သော လမ်းအရှည် ၁၀ မိုင်၌ မြေလမ်း ငါးမိုင် ခင်းခြင်းနှင့် ကွန်ကရစ်တံတား၊ Box Culvert များ တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင်လည်း ကရင်ပြည်နယ်အစိုးရ၏ (ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် မော်ဖာသူတောင်ခြေ-မဲလလမ်းတွင် မြေသားလမ်း နှစ်မိုင် ဖောက်လုပ်ခြင်းနှင့် ပေ ၃၀ ကွန်ကရစ်တံတား တစ်စင်း၊ ပေ ၂၀ ကွန်ကရစ်တံတား တစ်စင်း၊ ၁၀ ပေ ကွန်ကရစ်တံတားတစ်စင်း၊ ငါးပေ ရေထုတ်တံတားပြွန်သုံးခု တည်ဆောက်ခြင်းတို့ကို ဆက်လက်ဆောင်ရွက်နေကြောင်း သိရသည်။

အဆိုပါလမ်းသည် မြဝတီမြို့နယ် ရွှေကုက္ကိုလ်ကျေးရွာမှ လှိုင်းဘွဲ့မြို့နယ် မဲလကျေးရွာအထိ အရှည် ၃၂ မိုင်ရှည်ပြီး အဆိုပါလမ်း ဖောက်လုပ်ပေးခြင်းကြောင့် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံ နယ်နိမိတ်ပိုင်းခြားထားသည့် သောင်ရင်းမြစ်ကမ်းတစ်လျှောက်ရှိ နယ်စပ်ဒေသ ကျေးရွာ ၁၄ ရွာမှ အိမ်ခြေ ၂၆၄၅ အိမ်၊ လူဦးရေ ၁၅၈၀၀ ကျော်အတွက် လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့လာစေရန် အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

ထိန်လင်းအောင်(ပြန်/ဆက်)

## အမ်းမြို့နယ် မအီမြို့အနီး၌ ကွန်ကရစ်တံတားတစ်စင်းကို နယ်စပ်ရေးရာဝန်ကြီးဌာနက တည်ဆောက်ပေးလျက်ရှိ

**အမ်း ဒီဇင်ဘာ ၂၀**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသည် အမ်းမြို့နယ် မအီမြို့အနီးရှိစနဲအောက်စက်တော်ရာ၊ အထက်စက်တော်ရာလမ်း အရှည်ကိုးမိုင်ကျော်၌ အရှည် ပေ ၆၀ ရှိ ကွန်ကရစ်တံတားတစ်စင်းကို နယ်စပ်ဒေသဖွံ့ဖြိုးရေး(ပြည်ထောင်စု) ရန်ပုံငွေ ကျပ် ၁၁၉ ဒသမ ၉၁၁ သန်းဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ကွန်ကရစ်တံတားကို ဒေသခံပြည်သူများနှင့် ရပ်ဝေးရပ်နီးမှ ဘုရားဖူးလာမည့်ပြည်သူများ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေစေရန်အတွက် အောက်တိုဘာလအတွင်းက စတင်တည်ဆောက်ပေးနေခြင်းဖြစ်ကာ ၂၀၂၁ စက်တင်ဘာလတွင် ပြီးစီးမည်ဖြစ်ကြောင်းနှင့် လက်ရှိအချိန်တွင် တည်ဆောက်ရေးလုပ်ငန်းများကို မြို့နယ်ခေတ္တအုပ်ချုပ်ရေးမှူး ဦးရွှေအေးနှင့် အမ်းမြို့နယ် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးလှဝင်းတို့က ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဝင်းအိမွန်(ပြန်/ဆက်)

# ပြည်ပတင်ပို့မည့်ဈေးကွက် ခိုင်မာမှုရှိပါက ပြောင်းကို တိုးချဲ့စိုက်ပျိုးမည်

**ရန်ကုန် ဒီဇင်ဘာ ၂၀**
ပြည်ပတင်ပို့မည့်ဈေးကွက် ခိုင်မာမှုရှိပါက ပြောင်းကို တိုးချဲ့စိုက်ပျိုးမည်ဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံအနေဖြင့် ပြောင်းတိုးချဲ့စိုက်ပျိုးရန် မြေလွတ်မြေရိုင်းများရှိသော်လည်း ဈေးကွက်ခိုင်မာမှုမရှိဘဲ တိုးချဲ့စိုက်ပျိုးပါက တောင်သူများအတွက် အဆင်မပြေနိုင်ကြောင်း မြန်မာနိုင်ငံ ပြောင်းလုပ်ငန်းအသင်း ဥက္ကဋ္ဌ ဦးမင်းခိုင်က ပြောသည်။

"ပြောင်းကို တိုးချဲ့ပြီးစိုက်တာက လွယ်တယ်၊ တချို့ကျတော့ ပြောင်းက ဈေးကွက်ရှိတယ်၊ ဈေးကွက် ကောင်းတယ်၊ အဲဒီတော့ ပြောင်းကို များများစိုက်မယ်၊ ပိုပြီးထုတ်လုပ်မယ်ဆိုတာက အာမခံချက် မရှိဘူး။ ဒီနေ့ ကျွန်တော်တို့ တန်ချိန် သုံးသန်း စိုက်ပျိုးထုတ်လုပ်တယ်၊ တစ်ခုခုကြောင့် ဈေးကွက်ပျောက်သွားရင် ဘယ်သူတာဝန်ယူမလဲဆိုတဲ့အချိန်မှာ ဘယ်သူမှ တာဝန်ခံမယ့်သူမရှိဘူး။ အဓိက ပြဿနာက ဈေးကွက်ခိုင်မာမှုကို အရင်လုပ်ရမယ်၊ တရုတ်က ဝယ်မယ်ဆိုရင် ဈေးကွက်ခိုင်မာသွားပြီ၊ တရုတ်က တရားဝင်ဝယ်မယ်၊ ဘယ်လို အရည်အသွေးမျိုးကို ဘယ်လိုစက်ရုံတွေနဲ့ အခြောက်ခံပြီး ဘယ်လိုဂိုဒေါင်တွေမှာ သိုလှောင်ထားရင်တော့ ဝယ်မယ်လို့ အစိုးရချင်း ညှိနှိုင်းထားပြီးတော့ တို့ဘက်ကလည်း Hazard Analysis and Critical Control Points (HACCP) လက်မှတ်ကိုင်ထားတယ်ဆိုရင် ဘာပဲပြောပြော တရားဝင်ရောင်းလို့ရတဲ့ အနေအထားလည်းဖြစ်ပြီး ဈေးကွက်ကလည်း ခိုင်ပြီဆိုရင် စိုက်ရတာ လွယ်လွယ်လေးရယ်။ စိုက်မယ်ဟော့ဆိုရင် တစ်ရာသီပဲ စောင့်ရတာ၊ သီးနှံတစ်ခုစိုက်ဖို့တော့ လေးလပဲ စောင့်ရတာ"ဟု ဦးမင်းခိုင်က ပြောသည်။

လက်ရှိတွင် ပြောင်းကို အဓိက တင်ပို့လျက်ရှိသည့် တရုတ်နိုင်ငံသို့လည်း တရားဝင်တင်ပို့ခွင့် မရရှိသေးသဖြင့် အမြန်ဆုံးရရှိစေရန် နှစ်ဖက်နိုင်ငံမှ တာဝန်ရှိသူများက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"အဓိကကတော့ Food Safety ပေါ့၊ Food Safety အတွက် သူတို့ဘက်ကနေပြီး ပြောင်းထုတ်လုပ်မှုနဲ့ ပတ်သက်လို့ စိုက်ပျိုးမှုနောက်က Background ပေါ့၊ ဘာတွေသုံးထားလဲ၊ ဘယ်အချိန်စိုက်လဲ၊ ဘယ်လို သိုလှောင်လဲ၊ ဘယ်လို ရိတ်သိမ်းလဲ။ အဲဒါတွေအတွက် တရုတ်နိုင်ငံက လက်ခံတာကတော့ Hazard Analysis and Critical Control Points(HACCP) ပေါ့။ HACCP လက်မှတ်တွေ၊ GAP လက်မှတ်တွေ အဲဒါတွေကလည်း နှစ်နိုင်ငံ ပေးဖို့အတွက် ဟိုဘက်အစိုးရဘက်ကရော ဒီဘက်အစိုးရဘက်ကရော နှစ်နိုင်ငံ သဘောတူညီမှု ရှိပြီးသား၊ ခက်တာက တို့နိုင်ငံမှာက ထုတ်လုပ်မှုအပိုင်းမှာ ပြဿနာမရှိပေမယ့် ဒီဘက်မှာ ရိတ်သိမ်းချိန်လွန်နည်းပညာအရ တို့က ရိတ်ပြီးသွားရင် ဘယ်လိုအခြောက်ခံလဲ၊ ဘယ်လို သိုလှောင်လဲ၊ တို့ဆီမှာက အခြောက်ခံစနစ်တွေ သိုလှောင်စနစ်တွေ လိုအပ်ချက်ရှိနေတယ်။ အဲဒါတွေကိုလည်း အစိုးရရယ်၊ ရင်းနှီးမြှုပ်နှံသူတွေရယ်၊ ကျွန်တော်တို့အသင်းရယ် ပေါင်းပြီး နောင်နှစ်အနည်းငယ် အတောအတွင်းမှာ အဆင်ပြေအောင် ကြိုးစားနေတယ်"ဟု ဦးမင်းခိုင်က ပြောသည်။

လက်ရှိအခြေအနေမှာ တရုတ်နိုင်ငံအနေဖြင့် ပြောင်းလိုအပ်ချက်ရှိပါက နားလည်မှုဖြင့် ရောင်းဝယ်နေရသောကြောင့် အာမခံချက်မရှိကြောင်း ၎င်းက ဆက်ပြောသည်။ "ဒါကတော့ Border Trade ရဲ့ ထုံးစံပေါ့၊ ဟိုဘက်က လိုအပ်ချက်ရှိလာရင် မသိချင်ယောင်ဆောင်တယ်၊ သူတို့နိုင်ငံမှာ လိုအပ်ချက် အလွန်များလာပြီ။ မြန်မာပြည်ကပြောင်းကို မဖြစ်မနေ ဝယ်ရမယ်ဆိုပါတော့။ အဲဒီလိုအချိန်တွေကျ မသိချင်ယောင်ဆောင်တယ်၊ တကယ်လို့ မဝယ်ဘဲ နေလို့ရရင် ဖမ်းလိုက်တယ်၊ ပိတ်လိုက်တယ်ပေါ့။ ကုန်သည်တွေ နစ်နာတာပေါ့၊ တရားဝင်ဖြစ်သွားရင် ဘာပဲပြောပြော အာမခံချက် ကောင်းတာပေါ့၊ ကိုယ့်ဟာကို ရဲရဲတင်းတင်း ရောင်းရဲတယ်၊ ရဲရဲတင်းတင်း ကုန်သွယ်လို့ရတာပေါ့၊ အခုဟာက တရားမဝင်ကုန်ဖြစ်နေတော့ ဟိုဘက်ကလိမ်ရင်တောင် ကိုယ့်ဘက်က အားနည်းချက်ဖြစ်နေတယ်"ဟု ဦးမင်းခိုင်က ဆက်လက်ပြောကြားသည်။

ထို့ကြောင့် ပြောင်းလောက တိုးတက်ဖွံ့ဖြိုးရန်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် ခိုင်မာသည့် ဈေးကွက်ရရှိရေးကို ဆောင်ရွက်ပေးရမည့်အပြင် အရည်အသွေးမီသော မျိုးစေ့များ ဖော်ထုတ်ပေးရန်၊ လိုအပ်သည့် ဓာတ်မြေဩဇာကို ပြည်တွင်း၌ပင် လုံလောက်စွာ ထုတ်ပေးရန်၊ စိုက်ပျိုးရေး ပညာရှင်များနှင့် တောင်သူများ ထိတွေ့ရန်၊ တောင်သူများအတွက် ချေးငွေများ ထုတ်ချေးပေးရန်၊ ရိတ်သိမ်းချိန်အလွန်အတွက် ဂိုဒေါင်နှင့် အခြောက်ခံစက်များကို ရင်းနှီးမြှုပ်နှံမှု ကုမ္ပဏီများ ဖိတ်ခေါ်၍ ထောက်ပံ့ကူညီပေးရန် လိုအပ်ကြောင်း မြန်မာနိုင်ငံ ပြောင်းလုပ်ငန်းအသင်းထံမှ သိရသည်။

လက်ရှိအချိန်တွင် မြန်မာ့ပြောင်းကို နယ်စပ်ကုန်သွယ်ရေးဖြင့် အဓိက တင်ပို့သည့် တရုတ်နိုင်ငံအပြင် လာအို၊ ထိုင်း စသော နိုင်ငံများသို့လည်း တင်ပို့နိုင်ခဲ့ပြီး ပင်လယ်ရေကြောင်းမှလည်း စင်ကာပူ၊ မလေးရှား၊ ဗီယက်နမ်တို့ကို တင်ပို့နေကာ ပြောင်းတစ်တန်ဈေးနှုန်းမှာ အမေရိကန်ဒေါ်လာ ၂၃၀ မှ ၂၄၀ ကြား ရရှိကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ပြောင်းကို ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးတို့တွင် စိုက်ပျိုးပြီး တစ်နှစ်လျှင် ဆောင်းပြောင်း၊ နွေပြောင်းနှင့် မိုးပြောင်းဟူ၍ လေးလတစ်ကြိမ် ထွက်ရှိကာ တစ်နှစ်အတွင်း ပြောင်းစိုက်ပျိုးထုတ်လုပ်မှုသည် တန်ချိန် နှစ်သန်းခွဲမှ သုံးသန်းကျော် ရှိသည်။

ပြီးခဲ့သည့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်က ပြည်ပသို့ ပြောင်း တန်ချိန် ၂ ဒသမ ၂ သန်းကျော် တင်ပို့နိုင်ခဲ့ပြီး တင်ပို့မှုမှ အမေရိကန်ဒေါ်လာ သန်း ၃၆၀ ကျော်အထိ ရရှိခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၏ ကုန်သွယ်မှု စာရင်းများအရ သိရသည်။ ယခု ဘဏ္ဍာနှစ်တွင်မူ ပြည်တွင်း ပြောင်းသုံးစွဲမှုမှာလည်း ယခင်နှစ်များထက် များလာသဖြင့် ပြည်ပသို့ ပြောင်း တန်ချိန် ၁ ဒသမ ၆ သန်းခန့် တင်ပို့နိုင်ရန် ခန့်မှန်းထားကြောင်း မြန်မာနိုင်ငံ ပြောင်းလုပ်ငန်းအသင်းထံမှ သိရသည်။ **ငြိမ်းငြိမ်း**

# ယင်ဖြူပိုးနှင့် ဈေးကွက်အခြေအနေကြောင့် မင်းဘူးမြို့နယ်မှ ဂန္ဓမာပန်းစိုက်ပျိုးသူများ အခက်ကြုံနေ

**မင်းဘူး ဒီဇင်ဘာ ၂၀**
ဂန္ဓမာပန်းများ လှိုင်လှိုင်ပွင့်နေချိန်တွင် ယင်ဖြူပိုးကျရောက်မှုနှင့်အတူ ကပ်ရောဂါကာလ အရောင်းအဝယ်ဈေးကွက် ကျဆင်းနေသည့် အခြေအနေတို့ကြောင့် မင်းဘူးမြို့နှင့် အနီးတဝိုက်ရှိ ကျေးရွာများမှ ဂန္ဓမာပန်း စိုက်ပျိုးရောင်းချသူများအနေဖြင့် အခက်ကြုံနေရကြောင်း သိရသည်။

"ဂန္ဓမာပန်းက ဘုရားပန်းကပ်ဖို့အတွက်ပဲ အဓိက ရောင်းရတာပါ။ ဒီနှစ် ယင်ဖြူတွေကျတော့ ပန်းရဲ့ လှပမှုကိုလည်း ထိခိုက်တယ်။ ကိုဗစ်ကာလဆိုတော့ ပန်းဈေးကလည်း အရင်နှစ်တွေကလောက် မရဘူး။ ပိုးသတ်ဖို့အတွက် ကုန်ကျစရိတ်တွေလည်းရှိတော့ ပန်းစိုက်ရတာ ဒီနှစ် တွက်ခြေမကိုက်ဘူး"ဟု ပန်းစိုက်ပျိုးသူ ကိုဇော်မင်းက ပြောသည်။



မင်းဘူးမြို့နယ်ရှိ ကျေးရွာများအနက် ရေတွင်းကုန်းကျေးရွာအုပ်စုမှာ ဂန္ဓမာပန်းကို အဓိကထား စိုက်ပျိုးသည့် ဒေသဖြစ်ပြီး ဇွန်လမှ ဧပြီလအတွင်း ပန်းစိုက်ပျိုးရောင်းချမှုများ လုပ်ဆောင်ကြကြောင်း၊ ရွှေဝါဝင်း၊ လပ်ကီး၊ ရွှေစိမ်း၊ ငုရွှေဝါ စသည့် ဂန္ဓမာပန်းအမျိုးအစားများကို စိုက်ပျိုးကြကြောင်း စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်နေသူများထံမှ သိရသည်။

"ကိုဗစ်ကာလဆိုတော့ အသွားအလာကန့်သတ်ထားတဲ့ ဒေသတွေလည်း ရှိတယ်။ စိုက်ခင်းတွေကနေဝယ်ပြီး ဈေးတွေမှာ ပြန်ရောင်းတဲ့အခါ အခက်အခဲတွေ ဖြစ်ကုန်တာပေါ့။ ပန်းက အရင်လိုလည်း ရောင်းမကောင်းဘူး"ဟု ပန်းဖောက်သည်ယူ၍ ရောင်းချသူ မမွန်မွန်က ပြောသည်။

ယခုနှစ်တွင် မိုးဦးကာလက နှမ်းမကောင်း၍ ပန်းစိုက်ပျိုးမှုဘက်သို့ ပြောင်းလဲလုပ်ကိုင်သူများလည်းရှိခဲ့ပြီး ဇွန်လအတွင်း ဂန္ဓမာပန်း စိုက်ပျိုးခဲ့ကြသူများမှာ မိုးများမှုဒဏ်ခံရကာ ပျက်စီးဆုံးရှုံးမှုများလည်း ကြုံခဲ့ရသေးကြောင်း စိုက်ပျိုးရေး လုပ်ကိုင်သူများထံမှ သိရသည်။

**ဇေယျာတု(မကွေး)**

# ရန်ကုန်ဈေးကွက်တွင် မတ်ပဲနှင့် ပဲစင်းငုံများ ဈေးနှုန်းသိသိသာသာကျလာ

**ရန်ကုန် ဒီဇင်ဘာ ၂၀**
ရန်ကုန်ပဲဈေးကွက်တွင် ဒီဇင်ဘာ တတိယပတ်အတွင်း မတ်ပဲနှင့် ပဲစင်းငုံဈေးနှုန်းများ သိသာစွာကျဆင်းလာသည်ဟု နေ့စဉ်ထုတ်ပြန်သော ပဲဈေးနှုန်းစာရင်းနှင့် ပဲလုပ်ငန်းလုပ်ကိုင်နေသူများ၏ ပြောကြားချက်များအရ သိရသည်။

မြန်မာနိုင်ငံထွက် ပဲအမျိုးမျိုးကို အဓိကတင်ပို့နေသော အိန္ဒိယနိုင်ငံ၌ ၂၀၂၀ နှစ်လယ်နောက်ပိုင်း မိုးများသဖြင့် ပဲမျိုးစုံအပါအဝင် သီးနှံအချို့ပျက်စီးမှုများ ရှိခဲ့၍ မြန်မာ့ပဲဈေးကွက်မှ မတ်ပဲနှင့် ပဲစင်းငုံများကို တင်ပို့နိုင်ခွင့်ရှိလာသည့်အတွက် အောက်တိုဘာလဆန်းတွင် မတ်ပဲ(RC) တစ်တန်လျှင် ကျပ် ၁၂ သိန်း၊ အောက်တိုဘာ ၂၂ ရက်တွင် ပဲစင်းငုံနီ(RC) တစ်တန်လျှင် ကျပ် ၁၀၆၀၀၀၀ နှုန်းအထိ ဈေးမြင့်တက်ခဲ့ကာ ၂၀၂၀ အတွင်း အမြင့်ဆုံးဈေးများဖြစ်ခဲ့သည်။ သို့သော် အောက်တိုဘာလကုန်ပိုင်းမှစတင်၍ အိန္ဒိယနိုင်ငံအတွင်း ပဲဈေးနှုန်းများ ကျဆင်းလာခြင်းနှင့်အတူ ရန်ကုန်ပဲဈေးကွက်တွင်လည်း ပဲဈေးများ တဖြည်းဖြည်း ကျလာခဲ့ရာ ဒီဇင်ဘာ ၁၉ ရက်တွင် မတ်ပဲ(RC)တစ်တန်ဈေး ကျပ် ၉၆၂၅၀၀ နှင့် ပဲစင်းငုံ(RC)တစ်တန်ဈေး ကျပ် ၇၁၂၅၀၀ အထိ ကျဆင်းခဲ့ပြီး ပဲစင်းငုံဈေးမှာ ရှစ်လအတွင်း အနိမ့်ဆုံးဈေးနှုန်းသို့ ရောက်လာခြင်းလည်းဖြစ်သည်။

မြစ်ဝကျွန်းပေါ်ဒေသတွင် မိုးစပါးကြမ်းရိတ်သိမ်းအပြီး သီးထပ်အဖြစ် မတ်ပဲ၊ နွေစပါးနှင့် ငရုတ်များကို စိုက်ပျိုးကြရာ ၂၀၂၁ နှစ်ဆန်းတွင် မြစ်ဝကျွန်းပေါ်ထွက် မတ်ပဲအသစ်များလည်း ရန်ကုန်ဈေးကွက်သို့ စတင်ဝင်ရောက်နိုင်မည်ဟု ကျောင်းကုန်းမြို့နယ်မှ ဆန်စပါးနှင့် ပဲလုပ်ငန်းများ လုပ်ကိုင်နေသူတစ်ဦးက ပြောကြားသည်။ **ခင်ဆိုင်**

# သာစည်မြို့နယ်တွင် မေမြို့ပန်းများထွက်ရှိချိန် ဝယ်သူနည်းပါးသဖြင့် ဈေးနှုန်းကျဆင်းနေ

**မိတ္ထီလာ ဒီဇင်ဘာ ၂၀**
မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်အတွင်း ကျေးရွာများ၌ စိုက်ပျိုးသော မေမြို့ပန်းများ ထွက်ရှိချိန်တွင် ဝယ်ယူသူများ နည်းပါးနေ၍ ဈေးနှုန်းကျဆင်းလျက်ရှိကြောင်း သိရသည်။

သာစည်မြို့နယ်တွင် မေမြို့ပန်းကို နှစ်စဉ်စိုက်ပျိုးပြီး ခုနစ်ရောင်ခြယ်နှင့် ရိုးစိမ်းကျောက်နီ စသည့် ပန်းမျိုးများကို ဝါခေါင်လပြည့်ကျော်တွင် ပျိုးထောင်၍ စိုက်ပျိုးကြခြင်းဖြစ်ကာ စိုက်ပျိုးပြီး နှစ်လကျော်ပါက စတင် ရောင်းချနိုင်ကြောင်း၊ မေမြို့ပန်းများ စိုက်ပျိုးရာတွင် ငါးရက်တစ်ကြိမ် ရေသွင်းပေးရပြီး အပင်များကို ပိုးကျသည့်အခြေအနေအပေါ် မူတည်၍ ပိုးမွှားကာကွယ်ဆေးများလည်း ပက်ဖျန်းပေးရကြောင်း၊ သာစည်မြို့နယ်၌ မေမြို့ပန်းများ စိုက်ပျိုးရောင်းချခြင်းအပြင် မျိုးစေ့ထုတ်ယူခြင်းလုပ်ငန်းများကိုပါ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သာစည်မြို့နယ်မှ စိုက်ပျိုးထွက်ရှိသော မေမြို့ပန်းများကို မိတ္ထီလာဈေးသို့ သွားရောက်ရောင်းချသည့်အပြင် အခြားမြို့နယ်များရှိ ပန်းသည်များကလည်း စိုက်ခင်းအထိ လာရောက်ဝယ်ယူကြရာ ယခင်နှစ်က မေမြို့ပန်းပင် လေးပင် တစ်စည်းကို ကျပ် ၂၀၀ နှုန်း ရောင်းချခဲ့ရသော်လည်း ယခုနှစ် မေမြို့ပန်းများ ထွက်ရှိချိန်တွင် ကိုဗစ် -၁၉ ရောဂါဖြစ်ပွားနေ၍ အခြားမြို့နယ်များမှ ပန်းသည်များ လာရောက်ဝယ်ယူခြင်းမရှိဘဲ မိတ္ထီလာဈေး၌သာ ရောင်းချရပြီး လေးပင် တစ်စည်းလျှင် ကျပ် ၁၀၀ မှ ၁၅၀ သာ ရောင်းချရကြောင်း သာစည်မြို့နယ် ရွှေလုံကျေးရွာမှ မေမြို့ပန်းစိုက်ပျိုးသူ ဦးဝင်းဌေးက ပြောသည်။

သာစည်မြို့နယ်အတွင်း၌ မေမြို့ပန်းများကို ရွှေလုံကျေးရွာတွင် အများဆုံးစိုက်ပျိုးပြီး မေမြို့ပန်းနှင့်အတူ အာဆီယံသပြေနှင့် ရေမွှေးပန်းများကိုလည်း စိုက်ပျိုးနေကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**



# မြန်မာ့စိုက်ပျိုးရေးထုတ်ကုန်များအတွက် ပြည်တွင်းဈေးကွက် အခွင့်အလမ်းများ ဆွေးနွေးပွဲပြုလုပ်

**ရန်ကုန် ဒီဇင်ဘာ ၂၀**
မြန်မာ့စိုက်ပျိုးရေးထုတ်ကုန်များအတွက် ပြည်တွင်းဈေးကွက်အခွင့်အလမ်းများ အကြောင်းမျှဝေခြင်း ခေါင်းစဉ်ဖြင့် အွန်လိုင်းဆွေးနွေးပွဲ(Webinar)တစ်ရပ်ကို USAID ၏ ကူညီပံ့ပိုးမှုဖြင့် Feed the Future Burma စိုက်ပျိုးရေးနှင့် အစားအစာထုတ်ကုန်စနစ် ဖွံ့ဖြိုးမှုစီမံကိန်းက ဒီဇင်ဘာ ၁၇ ရက်က ပြုလုပ်ခဲ့သည်။

"ရည်ရွယ်ချက်ကတော့ ပြည်တွင်းဈေးကွက်အတွက် သတင်းအချက်အလက်နဲ့ အခွင့်အလမ်းတွေ မျှဝေပေးဖို့ပါ။ ပြည်တွင်းဈေးကွက်အလားလာနဲ့ အခြေအနေတွေကို နားလည်စေဖို့ မြန်မာ့စိုက်ပျိုးရေးထုတ်ကုန်တွေရဲ့ ပြည်တွင်းရောင်းအား တိုးတက်စေဖို့ ရည်ရွယ်ပါတယ်။ အဓိကအားဖြင့် သစ်သီးဝလံ၊ ဆီထွက်သီးနှံ၊ ပဲမျိုးစုံ၊ ပြောင်း၊ ဟင်းခတ်အမွှေးအကြိုင်၊ ကော်ဖီနဲ့ လက်ဖက် စတဲ့ သီးနှံတွေကို ဈေးကွက်ဖော်ဆောင်နေသူတွေအတွက် ရည်ရွယ်ပါတယ်"ဟု USAID မှ တာဝန်ရှိသူ Paul Pleva က ပြောသည်။

စိုက်ပျိုးရေးနှင့် အစားအစာထုတ်ကုန်စနစ်ဖွံ့ဖြိုးမှု စီမံကိန်း ဆောင်ရွက်မည့် သက်ဆိုင်ရာဒေသများဖြစ်သော (ကချင်၊ ရှမ်း၊ မန္တလေး၊ စစ်ကိုင်းနှင့် မကွေး) အတွင်းရှိ ဦးစားပေးသီးနှံများဖြစ်သည့် (ဥယျာဉ်ခြံသီးနှံများ၊ ဆီထွက်သီးနှံများ၊ ပြောင်း၊ ပဲအမျိုးမျိုး၊ ကော်ဖီ၊ ဟင်းခတ်အမွှေးအကြိုင်နှင့် လက်ဖက်)တို့နှင့် ပတ်သက်သော ဈေးကွက်သတင်းအချက်အလက်များကိုလည်း ယခုနှစ် ဇွန်လမှ စတင်ကာ အပတ်စဉ် မျှဝေပေးနေကြောင်း သိရသည်။ **နန်းထက်ထက်ချစ်**

# စော်ကဲမြစ်ကူးတံတား ရာနှုန်းပြည့်တည်ဆောက်ပြီးစီး၍ တံတားခံနိုင်ဝန် စမ်းသပ်ခြင်းဆောင်ရွက်နေ

**ရန်ကုန် ဒီဇင်ဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် လမ်းကွန်ရက် အမှတ် ၁၀ ဘိုကလေး၊ မော်လမြိုင်ကျွန်း၊ ကျုံးမငေး၊ ဝါးခယ်မ၊ မြောင်းမြကားလမ်း မိုင်တိုင်အမှတ် (၁၇/၀) စော်ကဲမြစ်ပေါ်၌ ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တံတားတည်ဆောက်ရေးအထူးအဖွဲ့ (၂) က တာဝန်ယူတည်ဆောက်ခဲ့ရာ ယခုရာနှုန်းပြည့်ပြီးစီးသွားပြီဖြစ်၍ တံတားခံနိုင်ဝန်ကို စမ်းသပ်စစ်ဆေးလျက်ရှိသည်။ **(ယာပုံ)**



တံတားအရှည် ၇၅၀ မီတာနှင့် အကျယ် ၉ ဒသမ ၅ မီတာရှိသည်။ တံတားအပေါ်ထည် ၉၀ မီတာ သံမဏိလမ်းသံပေါင်၊ ၃၀ မီတာ ကြိုတင်အားဖြည့် သံကူကွန်ကရစ်ရက်မ၊ သံကူကွန်ကရစ်ကြမ်းခင်း၊ သံကူကွန်ကရစ်လက်ရန်း၊ တံတားအောက်ထည် သံကူကွန်ကရစ် ၁ ဒသမ ၅ မီတာနှင့် ၁ ဒသမ ၂ မီတာအချင်းရှိ သံကူကွန်ကရစ် ဘိုးပိုင်တို့ဖြင့် တည်ဆောက်ထားပြီး လူသွားလမ်းအကျယ် တစ်ဖက်လျှင် ၁ မီတာဖြင့် နှစ်ဖက်၊ ရေလမ်းကင်းလွတ်အမြင့်ပေ ၄၀၊ ရေလမ်းကင်းလွတ် အကျယ်ပေ ၂၄၀ ဖြစ်သည်။

တံတားစီမံကိန်းတန်ဖိုးမှာ (လျာထား) တံတားလုပ်ငန်း ငွေကျပ် ၁၅၈၅၅ သန်း၊ ချဉ်းကပ်လမ်းမြေသားတာပေါင် ငွေကျပ် သန်း ၃၅၀၊ တံတားပေါင်နိုင်လွန်ကတ္တရာခင်း ငွေကျပ် ၂၉၅ သန်းဖြစ်ပြီး တံတားခံနိုင်ဝန်မှာ Design Loading – Hs–25 ဖြစ်သည်။

**ခရမ်းစိုးမြင့်**

---

❒*ကျောဖုံးမှ*

အဆိုပါ ရှစ်ကြိမ်တွင် ဘန်လေအသင်းက သုံးကြိမ်အနိုင်ရရှိပြီး လေးကြိမ်အထိ သရေကျထားကာ ဝုဖ်အသင်းက တစ်ကြိမ်ပြန်လည် အနိုင်ရရှိထားသည်။

အင်္ဂါနေ့နံနက် ၂ နာရီခွဲတွင် ယှဉ်ပြိုင်ကစားမည့် ချယ်ဆီးနှင့် ဝက်စ်ဟမ်းအသင်းတို့ပွဲစဉ်သည် ပွဲကြီးပွဲကောင်းအသွင် မြင်တွေ့ရဖွယ်ရှိနေသည်။ ချယ်ဆီးအသင်းသည် နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့သည့် အဲဗာတန်၊ ဝုဖ်အသင်းတို့နှင့် ပွဲစဉ်တွင် ရှုံးနိမ့်ထားသည့်အတွက် ယခုပွဲစဉ်ကို အနိုင်ရရှိရန် နည်းပြလမ်းပတ်ပြင်ဆင်လာဖွယ်ရှိသည်။ ဝက်စ်ဟမ်းအသင်းက နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့သည့် ပဲလေ့စ်အသင်းနှင့်ပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီ သရေကျထားသည်။ ချယ်ဆီးအသင်းသည် ပရီမီယာလိဂ် ၁၃ ပွဲတွင် ရမှတ် ၂၂ မှတ် စုဆောင်းထားနိုင်ပြီး ဝက်စ်ဟမ်းအသင်းက ၁၃ ပွဲတွင် ၂၁ မှတ်အထိ စုဆောင်းထားနိုင်သည့်အတွက် အဆိုပါနှစ်သင်း၏ ရမှတ်ကွာဟမှုမှာ တစ်မှတ်သာရှိနေသည်။ ယခုပွဲစဉ်ကို ချယ်ဆီးအသင်းမှ အိုဒွိုင်းနှင့် ဇီယက်တို့ ဒဏ်ရာကြောင့် ပါဝင်လာနိုင်ဖွယ်မရှိကြောင်း သိရသည်။ ဝက်စ်ဟမ်းအသင်းတွင်လည်း အာသာ မက်ဆာကူဘိုဝင်တို့ ပါဝင်လာနိုင်ဖွယ်မရှိကြောင်း သိရသည်။

ချယ်ဆီးအသင်းသည် ယခုနှစ်ရာသီတွင် ဇီယက်၊ ဝါနာ၊ ကိုင်ဟာဗက်၊ ဘင်ချီဝဲလ်စသည့် ကစားသမားများအတွက် ငွေကြေးမြောက်မြားစွာသုံးစွဲပြီး အသင်းကိုပြုပြင်ပြောင်းလဲမှုများစွာ ပြုလုပ်ထားသော်လည်း အသင်းရလဒ်ပိုင်းတွင် အားရစရာမရှိဘဲ ဦးဆောင်သူ လီဗာပူးအသင်းနှင့် ကိုးမှတ်အထိ ကွာဟနေသည်။ ထို့ကြောင့် ချယ်ဆီးအသင်းအနေဖြင့် ဦးဆောင်သူလီဗာပူးအသင်းနှင့် ရမှတ်ကွာဟမှုကို လျှော့ချနိုင်ရန်အတွက် ယခုဝက်စ်ဟမ်းအသင်းနှင့် ပွဲစဉ်ကို မဖြစ်မနေအနိုင်ရရှိရန် လိုအပ်နေသည်။ တစ်ဖန် ဒေးဗစ်မိုယက်စ်၏ ဝက်စ်ဟမ်းအသင်းကလည်း ယခုနှစ်ပရီမီယာလိဂ်တွင် ခြေစွမ်းပြသထားနိုင်သည့်အသင်းဖြစ်ကာ ပရီမီယာလိဂ်၌ ယှဉ်ပြိုင်ကစားခဲ့သည့် နောက်ဆုံးငါးပွဲတွင် မန်ယူအသင်းကိုသာ သုံးဂိုး–တစ်ဂိုးဖြင့်ရှုံးနိမ့်ထားသည်။ ထို့ကြောင့် ပြိုင်ဘက်ချယ်ဆီးအသင်းနှင့်ရမှတ်တစ်မှတ်သာကွာဟနေသည့်အတွက် ဝက်စ်ဟမ်းအသင်းအနေဖြင့် ယခုပွဲစဉ်တွင် ချယ်ဆီးအသင်းကိုအနိုင်ယူကာ အမှတ်ပေးဇယားအထက်ပိုင်းသို့ တက်လှမ်းသွားနိုင်မလား စောင့်ကြည့်ရမည်ဖြစ်သည်။

ချယ်ဆီးအသင်းသည် ယခုပွဲစဉ်ကို မန်ဒီ၊ ဂျိမ်းစ်၊ ဇူးမား၊ ဆီးလ်ဗား၊ ချီဝဲလ်၊ ကိုဗာဆစ်၊ ကန်တီ၊ မောင့်၊ ပူလီဆစ်၊ ဂျီရုဒ်နှင့် ဝါနာတို့ကိုအသုံးပြုကာ ပွဲထွက်လာဖွယ်ရှိနေသည်။ ဝက်စ်ဟမ်းအသင်းက ဖေဘီယန်စကီး၊ ကော်ဖယ်လ်၊ ဒီအော့ဖ်၊ အော့ဘွန်နာ၊ ခရက်စ်ဝဲလ်၊ ရိုက်စ်၊ ဆော့ဆက်ခ်၊ စနေ့ဒ်ဂရက်စ်၊ ဘင်ရာမာ၊ မော်နေးလ်နှင့် ဟယ်လာတို့ကိုအသုံးပြုကာ ပွဲထွက်လာဖွယ် ရှိနေသည်။

ချယ်ဆီးအသင်းသည် ယခုဝက်စ်ဟမ်းအသင်းနှင့်ပွဲစဉ်ပြီးလျှင် ဒီဇင်ဘာ ၂၇ ရက်၌ အာဆင်နယ်အိမ်ကွင်းသို့ သွားရောက်ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။ ဝက်စ်ဟမ်းအသင်းက ယခုပွဲစဉ်ပြီးလျှင် ဘရိုက်တန်အသင်းကို လက်ခံယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**အောင်ဇော်**

---


**နေရောင်အောက်က**

**သက်ရှိတွေကို**

**စောင့်ရှောက်ဖို့**

**အိုဇုန်းလွှာကို**

**ထိန်းသိမ်းစို့**


## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၆)၊ ပင်းယ(၁)လမ်း၊မြေကွက်အမှတ်(၉၄၂)၊အကျယ်အဝန်း(၄၀ပေ×၆၀ပေ)ရှိ ဒေါ်ထန့်လျှန်းကျိန် (၁၂/မဂတ (နိုင်) ၀၂၂၉၅၉) အမည်ပေါက် နှစ်(၆၀)ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်စုစုအောင် (၁၄/ကလန(နိုင်)၀၇၆၃၇၁) ထံမှ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန် အတွက် စရန်ငွေပေး ချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက် နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများ သိစေရန်ကြေညာ အပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

**ဦးခင်မောင်ဦး** LL.B, D.B.L, D.I.L, တရားလွှတ်တော်ရှေ့နေ(စဉ်–၈၈၅၂)

**ဦးဇော်မျိုးနိုင်** LL.B,D.B.L, အထက်တန်းရှေ့နေ(စဉ်–၄၅၆၅၃)

**Hein Htet San Law Firm** ဖုန်း–၀၉၅၅၀၆၁၄၆၊ ၀၉၂၅၀၂၉၀၇၈၁

## အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ (၂)ရပ်ကွက်နေ ဦးဝင်းထွန်း ၁၂/ထတပ (နိုင်) ၀၀၁၉၅၀ ၏သား မောင်ဟိန်းခန့်ဇင်အား မောင်သန်းထွဋ်အောင် ဟုပြောင်းလဲခေါ်ပါရန်။

**မောင်သန်းထွဋ်အောင်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မင်းဘူးမြို့နယ်၊အောက်ကျောင်းကျေးရွာနေ ဦးမောင်နိုင် ၈/မဘန(နိုင်)၀၆၄၇၁၂ နှင့် ဦးမောင်မောင်နိုင်တို့မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးမောင်နိုင်(ခ)ဦးမောင်မောင်နိုင်**

## ကန့်ကွက်နိုင်ပါကြောင်း

မိတ္ထီလာမြို့၊ အောင်ဇေယျာရပ်ကွက်၊ နယ်မြေ(၁၃)၊ ပုလဲငွေရောင်လမ်းသွယ်၊ အကွက်အမည်(၉–၅)၊ ဦးပိုင်အမှတ်(၇၃)၊ မြေကွက်အမှတ်(၃၃)ပေါ်တွင် (အလျား ၂၁ပေ ၀လက်မ xအနံ ၁၆ပေ၀လက်မ) အုတ်နံကပ်တစ်ထပ်အဆောက်အအုံ ဆောက်လုပ်ခွင့်ပြုပါရန် ၎င်းမြေကွက်အား ပိုင်ဆိုင်သူ ဒေါ်ဝင်းရီ ၉/မထလ(နိုင်)၁၃၂၃၁၃မှ လျှောက်ထားလာပါသည်။ ယင်းအဆောက်အအုံ ဆောက်လုပ်ခွင့် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ခိုင်လုံသော အထောက်အထားများယူဆောင်၍ မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

## ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်

**နေပြည်တော် ဒီဇင်ဘာ ၂၀–** နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။ **မိုး/ဇလ**

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၄၁)၊ ကြာနီလမ်း၊ မြေကွက်အမှတ်(၁၀၉၂)၊ အကျယ်အဝန်း(၄၀ပေ× ၆၀ပေ)ရှိ ဒေါ်လှချော (DZ-၀၁၈၁၃၇)အမည်ပေါက် နှစ်(၆၀)ဂရန် မြေကွက် အနက်မှ မြေကွက်အမှတ်(၁၀၉၁)နှင့်ကပ်လျက် (၂၀ပေ× ၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင်မိခင်နှင့်ဖခင်တို့ ကွယ်လွန်၍ အမွေဆက်ခံခွင့် ရှိကြောင်းအဆိုပြုသူ သမီးများဖြစ်သော (၁) ဒေါ်မြတ်မြတ်ငြိမ်း (၁၂/မဂဒ (နိုင်) ၀၀၈၀၅၀)၊ (၂) ဒေါ်မြမြစန်း (၁၂/မဂဒ (နိုင်) ၀၀၈၀၄၉) နှင့် (၃) ဒေါ်ခင်ထွေးညွန့် (၁၂/မဂဒ (နိုင်) ၀၉၅၉၅၉) တို့(၃)ဦးထံမှ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန် အတွက် စရန်ငွေပေး ချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့်ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွား မည်ဖြစ်ကြောင်းအများ သိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

**ဦးခင်မောင်ဦး** LL.B, D.B.L, D.I.L, တရားလွှတ်တော်ရှေ့နေ(စဉ်–၈၈၅၂)

**ဦးထိန်လင်းသန်း** LL.B,D.B.L,D.I.L, D.M.L, တရားလွှတ်တော်ရှေ့နေ(စဉ်–၈၈၈၂)

**Hein Htet San Law Firm** ဖုန်း–၀၉၅၅၀၆၁၄၆၊ ၀၉၅၅၀၄၂၆၅

## ကန့်ကွက်နိုင်ပါကြောင်း

(၁) ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ သမ္ဘာန်ချောင်းကျေးရွာအုပ်စု၊ ကွင်းအမှတ်(၂၀၅)၊ ကွင်းအမည်–ဝဲကြီးအနောက်ကွင်း၊ ဦးပိုင်အမှတ်(၇/၃)၊ ပုံစံ–၇ ကျပြီး လယ်မြေ (၄.၇၈)ကေရှိ ဦးတင်လှ (၁၂/တတန(နိုင်) ၀၃၃၇၆၆) အမည်ပေါက်လယ်မြေကိုလည်းကောင်း၊ (၂) ဒလမြို့နယ်၊ ထူးကြီးကျေးရွာအုပ်စု၊ ကွင်းအမှတ်(၁၀၂/က)၊ ကွင်းအမည်– ထူးကြီးကွင်း၊ ဦးပိုင်အမှတ် (၂/ခ/၂)၊ ပုံစံ–၇ ကျပြီး လယ်မြေ (၁၀.၁၁)ကေရှိ ဦးဇော်ငြေး (၁၂/တတန(နိုင်) ၀၀၂၀၉၀)အမည်ပေါက်လယ်မြေကိုလည်းကောင်း၊ (၃) ဒလမြို့နယ်၊ သရေတန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်(၁၀၂/ခ)၊ ကွင်းအမည်– သရေရိုးကွင်း၊ ဦးပိုင်အမှတ် (၁၇/ခ/၂)၊ ပုံစံ–၇ ကျပြီး လယ်မြေ (၁၀.၁၂)ကေ ရှိ ဒေါ်လွင်မာစန်း(၁၂/တတန(နိုင်) ၁၄၄၅၄၈) အမည်ပေါက်လယ်မြေကိုလည်းကောင်း၊ (၄) ဒလမြို့နယ်၊ သရေတန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်(၁၀၂/ခ)၊ ကွင်းအမည်– သရေရိုးကွင်း၊ ဦးပိုင်အမှတ်(၃–က)၊ ပုံစံ–၇ ကျပြီး လယ်မြေ (၁၅.၇၁)ကေအနက်မှ အကွက်အမှတ် (၃၃၂)၊ (၃၃၃)၊ (၃၃၇)၊ (၃၃၈)၊ (၃၃၉)၊ (၃၄၀) စုစုပေါင်း(၆)ကွက် အကျယ်အဝန်း(၈.၆၀)ကေ ရှိ ဦးစိန်ထွေး (၁၂/တတန (နိုင်) ၀၇၄၃၁၀) အမည်ပေါက် လယ်မြေကိုလည်းကောင်း၊(၅) ကော့မှူးမြို့နယ်၊ ကန်သုံးကန်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၂၆၂)၊ ကွင်းအမည်– အဘရုံမြောက်ကွင်း၊ ဦးပိုင်အမှတ်(၂/၃)၊ ပုံစံ–၇ ကျပြီး လယ်မြေ (၁၂.၆၀)ကေရှိ ဦးမြဝင်း (၁၂/ကမန(နိုင်) ၀၃၀၇၃၉) အမည်ပေါက်လယ်မြေကိုလည်းကောင်း၊ (၆) ကော့မှူးမြို့နယ်၊ ကန်သုံးကန်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၂၆၂)၊ ကွင်းအမည်–အဘရုံမြောက်ကွင်း၊ ဦးပိုင်အမှတ်(၂/၂)၊ ပုံစံ – ၇ ကျပြီး လယ်မြေ (၈.၅၆)ကေရှိ ဒေါ်ထားကြည်(ခ) ဒေါ်ဖြူ (၁၂/ကမန(နိုင်) ၀၃၀၆၉၂) အမည်ပေါက်လယ်မြေကွက်များနှင့် ယင်းမြေကွက်များပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အထက်အမည်ဖြင့် ပူးတွဲဖော်ပြထားသော ပုံစံ –၇ အမည်ပေါက်သူများထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

**ဦးခင်မောင်ဦး** LL.B, D.B.L, D.I.L., တရားလွှတ်တော်ရှေ့နေ(စဉ်–၈၈၅၂) **Hein Htet San Law Firm**

**ဦးဇော်ထွန်းအောင်** LL.B, D.B.L, D.M.L, တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၀၃၅) ၀၉ ၅၅၀၆၁၄၆၊ ၀၉ ၉၇၆၄၉၂၀၀၃

အမှတ်(၁၅)၊ ပထမထပ်၊ သံသုမာလမ်း(ရတနာလမ်းဆုံ)၊ (၁၄) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## ကျောက်ဖြူပညာရေးဒီဂရီကောလိပ်
## ပစ္စည်းဝယ်ယူရေးလုပ်ငန်းများဆောင်ရွက်ရန်
## အိတ်ဖွင့်တင်ဒါ(Open Tender )ခေါ်ယူခြင်း

၁။ ရခိုင်ပြည်နယ်၊ ပြည်နယ်အစိုးရအဖွဲ့မှ ကြီးကြပ်ဆောင်ရွက်မည့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်၊ ကျောက်ဖြူပညာရေးဒီဂရီကောလိပ်တွင် အောက်ဖော်ပြပါ ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည် –

| | |
|---|---|
| 1.Mechinery and Equipment | - ၇ မျိုး |
| 2.Office Equipment | - ၆ မျိုး |
| 3.Furniture | - ၁၀ မျိုး |

၂။ အိတ်ဖွင့်တင်ဒါများကို ၁၅-၁၂-၂၀၂၀ရက်မှစ၍ ကျောက်ဖြူပညာရေးဒီဂရီကောလိပ်၊ စီမံ/ဘဏ္ဍာဌာနတွင်(ရုံးချိန်အတွင်း) စတင်ရောင်းချမည်ဖြစ်ပြီး အဆိုပါအိတ်ဖွင့်တင်ဒါများကို ၁၅-၁-၂၀၂၁ရက် (၁၆:၃၀)နာရီနောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်လိပ်စာမှာ စီမံ/ဘဏ္ဍာဌာန၊ ကျောက်ဖြူပညာရေးဒီဂရီကောလိပ်၊ ကျောက်ဖြူမြို့၊ ရခိုင်ပြည်နယ်ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၉-၄၂၁၇၂၈၀၆၄ သို့ (ရုံးချိန်အတွင်း)ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူစိစစ်ရေးကော်မတီ**
**ကျောက်ဖြူပညာရေးဒီဂရီကောလိပ်**

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၆)၊ ပုလဲလမ်းနှင့်တောင်ထိပ်ပန်းလမ်းထောင့်၊ မြေကွက်အမှတ်(၉၅၇)၊ အကျယ်အဝန်း(၄၀ပေ× ၆၀ပေ)ရှိ ဦးညဏ်လင်း (၁၂/ပဘတ(နိုင်) ၀၂၆၄၆၀) အမည်ပေါက် နှစ်(၆၀)ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးညဏ်လင်း (၁၂/ပဘတ(နိုင်) ၀၂၆၄၆၀)ထံမှ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန် အတွက် စရန်ငွေပေး ချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့်ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွား မည်ဖြစ်ကြောင်းအများ သိစေရန်ကြေညာ အပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

**ဦးခင်မောင်ဦး** LL.B, D.B.L, D.I.L, တရားလွှတ်တော်ရှေ့နေ(စဉ်–၈၈၅၂)

**ဦးထိန်လင်းသန်း** LL.B,D.B.L,D.I.L, D.M.L, တရားလွှတ်တော်ရှေ့နေ(စဉ်–၈၈၈၂)

**Hein Htet San Law Firm** ဖုန်း–၀၉၅၅၀၆၁၄၆၊ ၀၉၅၅၀၄၂၆၅

## ဘဝနတ်ထံ ပျံလွန်တော်မူခြင်း

### ဒေးဒရဲတောင်မြေရတနာကျောင်းဆရာတော်၊ သက်န်းကျွန်းကြီး(မြောက်ပိုင်း)

### ဘဒ္ဒန္တဂန္ဓမာ (ပေါက်တူးတောင်ရွာ၊ မြေပုံ)

### သက်တော်(၆၈)နှစ်၊ သိက္ခာတော်(၄၈)ဝါ

ဆရာတော်သည် ၂၀-၁၂-၂၀၂၀ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၂၃-၁၂-၂၀၂၀ ရက် (အင်္ဂါနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်၍ အန္တိမအဂ္ဂိစျာပနပြုလုပ်၍ မီးသင်္ဂြိုဟ်မည်ဖြစ်ကြောင်း ရပ်နီးရပ်ဝေးမှ တပည့် ဒါယကာ ဒါယိကာမများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ဆရာတော်၏ တပည့် ဒါယကာ၊ ဒါယိကာမများ**

---

### ပုလောမြို့နယ်အသင်း(ရန်ကုန်)

## ဦးခွေးငယ်(ခ)ဦးရှင်ယူ(မြိတ်)

### မြိတ်အဝေးရောက်အမှုဆောင်ဟောင်း၊ အသင်းဝင်အမှတ်-၂၈

### အသက်(၉၅)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ ကံဖျားရပ်ကွက်၊ ကံဖျားလမ်းမကြီး၊အမှတ်(၂)နေ (ဒေါ်တင်ဝါ)၏ခင်ပွန်း၊ ဦးဘုန်းဝေ(နာယက၊ ပုလောမြို့နယ်အသင်း-ရန်ကုန်)-ဒေါ်ငွေမြ၊ ဦးဟင်ဂွမ်(ဒု-ဥက္ကဋ္ဌ ပုလောမြို့နယ်အသင်း၊ မြိတ်အဝေးရောက်)-ဒေါ်အင်ယုတို့၏အစ်ကိုသည် ၂၀-၁၂-၂၀၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၃:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁၂-၂၀၂၀ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် နေအိမ်မှ ကလွင်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

အမှုဆောင်အဖွဲ့

---

## ဦးခင်မောင်ဌေး

### အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ လမ်းသစ်ရိပ်သာ၊ တိုက်(၄)၊ အခန်း(၇)နေ (ဦးခင်-ဒေါ်ဖွားသစ်)တို့၏သား၊ (ဦးသာထွန်း-ဒေါ်စိန်ဖွား)တို့၏သားသမက်၊ (ဒေါ်ရင်ရင်မြ)(အထက-၂၊ လမ်းမတော်-ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးခင်မောင်ကြီး-ဒေါ်ခင်မေမေ)၊ (ဒေါ်ခင်သိန်းသိန်း)၊ (ဦးခင်မောင်ကြွယ်)-ဒေါ်ထွေးထွေး၊ (ဦးခင်မောင်စိုး)-ဒေါ်ရီရီမြင့်၊ (ဦးခင်မောင်မြင့်-ဒေါ်ခင်မေဝင်း)၊ ဦးအောင်မင်းခင်-ဒေါ် Chiyoko၊ ဦးမင်းအောင်-ဒေါ်စုစုခင်၊ ဦးဌေးလင်းခင်-ဒေါ်ခင်စိန်လင်းတို့၏ဖခင်၊ မောင်လင်းထက်အောင်၊ ခိုင်စုအောင်၊ မ mio၊ မောင်ကောင်းထက်လင်းတို့၏အဘိုးသည် ၁၉-၁၂-၂၀၂၀ရက် ည ၁၀:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်တင်တင်ဝင်း(ခ)ဒေါ်တင်တင်အေး(ခ)ဒေါ်ဒက်ဖနီတင်တင်ဝင်း

### အသက်(၈၀)

ရန်ကုန်မြို့နေ [ဦးလူဖေဝင်း(ကျောက်စာဝန်၊ သီရိပျံချီ၊ နိုင်ငံ့ဂုဏ်ရည် ပထမဆင့်)-ဒေါ်ကြည်ကြည်]တို့၏သမီး၊ (ဦးသာဦး)၏ဇနီး၊ ကိုကျော်မင်း-မနွယ်နွယ်လတ်ဟန်၊ ကိုသောင်းထွန်းလင်း-မမြင့်သီရိကျော်တို့၏မိခင်၊ မောင်ထက်ဝေယံမင်း၊ မနွေးနေခြည်မင်း၊ မမေသီရိလင်း၊ မောင်အောင်ဘုန်းလင်းတို့၏ချစ်လှစွာသောဘွားဘွားကြီးသည် ၂၀-၁၂-၂၀၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့မွန်းလွဲ ၁၂:၃၀ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးခင်မောင်ထွန်း

### B.E(Civil) 73 Batch

### လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)

### အသက်(၇၄)နှစ်

ဝန်းသိုမြို့နေ (ဦးထွန်းဉာဏ်-ဒေါ်ခင်ကြည်)တို့၏သား၊ ရန်ကုန်မြို့နေ (ဦးတက်စိန်-ဒေါ်လှကြည်)တို့၏သားသမက်၊ ဒေါ်ခင်မေမြင့်၏မောင်၊ (ဦးခင်မောင်ဆွေ)-ဒေါ်ခင်မေတင့်၊ ဦးခင်မောင်လေး-ဒေါ်ခင်သန်းနွဲ့၊ ဦးခင်မောင်ဝေ၊ ဦးမောင်မောင်ကြီး-ဒေါ်ပါဆယ်၊ ဒေါ်မမလေး တို့၏အစ်ကို၊ ရန်ကုန်မြို့နေ ဒေါ်မိမိစိန်၏ခင်ပွန်း၊ ကိုဇော်လွင်ထွန်း-မမြင့်သီတာဦး၊ ကိုဇေယျာကျော်-မသန္တာထွန်း၊ မသဲသိမ့်သိမ့်ထွန်းတို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၂၀-၁၂-၂၀၂၀ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၆-၁၂-၂၀၂၀ ရက်တွင် ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ ဝါယာလက်(၁)လမ်း၊ အမှတ်(၃၅၉)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ သိမ်ကျောင်းဒါယကာကြီး

## ဦးမောင်ကြိုင်

### အသက် (၈၂)နှစ်

### (အရာခံဗိုလ် - ငြိမ်း၊ အမှတ်(၁) / (၂) မော်တော်ယာဉ်တပ်ရင်း)

ရှမ်းပြည်နယ်၊ မိုင်းဆတ်ခရိုင်၊ ပုံပါကျင်မြို့နယ်နေ (ဦးစံစော-ဒေါ်နန်းကျင်) တို့၏သား၊ ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နေ (ဦးဖိုးငယ်-ဒေါ်စိမ်း)တို့၏သမက်၊ ဒေါ်ဝင်းတင်၏ခင်ပွန်း၊ ဦးစန်းဝင်း(ခေတ်သစ်ဦးကုမ္ပဏီ)-ဒေါ်သိန်းသိန်း၊ ဦးငွေထွန်း (ပြန်ကြားရေးဝန်ကြီးဌာန)-ဒေါ်မြင့်မြင့်အေး၊ ဦးသန်းလွင်(ခေတ္တစင်ကာပူ)-ဒေါ်သင်းသင်းခိုင်၊ (ဦးမင်းထွန်း)၊ ဦးသက်နိုင်ဦး (ခေတ္တစင်ကာပူ) - ဒေါ်ယဉ်ယဉ်ထွေးတို့၏ဖခင်၊ ကိုသူရဇော်-မနန္ဒာဝင်း၊ ဒေါက်တာဝင်းလဲ့ဖြိုး၊ မောင်ကောင်းထက်လွင်၊ မောင်အောင်သက်ဖြိုး၊ မဝတ်မှုန်ထွန်း၊ မောင်အောင်ထက်အောင်၊ မောင်ထက်အောင်ရဲရင့် တို့၏အဘိုး၊ မောင်ထက်လျှံရဲရင့် ၏ဘိုးဘိုးကြီးသည် ၂၀ - ၁၂ - ၂၀၂၀ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီ မိနစ် ၅၀ ၌ လူကြီးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### အထူးဝမ်းနည်းကြေကွဲခြင်း

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်သက်သက်(ညောင်လေးပင်)

### အသက်(၇၈)နှစ်

Myanmar Voyages International Tourism မှ Managing Director ဖြစ်သူ ဦးသက်လွင်တိုး-ဒေါ်လွင်လွင်ကျော်တို့၏ ချစ်လှစွာသောမိခင်ကြီး၊ မြေး ကိုးယောက် တို့၏ဖွားဖွားကြီးသည် ၁၉-၁၂-၂၀၂၀ရက်(စနေနေ့) နံနက် ၉:၀၅နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**Myanmar Voyages ဝန်ထမ်းမိသားစု**

---

## ဒေါ်မြသန်းကြည်

### အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၀)ရပ်ကွက်၊ နောင်ချိုလမ်း၊ အမှတ်(၉၀၅)နေ ဦးသန်းထွန်း၏ဇနီး၊ ဦးတင်အောင်မိုး-ဒေါ်မြင့်မြင့်ဝင်း၊ ဒေါ်စန္ဒာဝေ-ဦးမျိုးဝင်းနိုင်၊ ဦးကျော်ဇေယျ-ဒေါ်သန်းသန်းဆွေတို့၏မိခင်၊ မြေးခြောက်ယောက်တို့၏ အဘွားသည် ၁၉-၁၂-၂၀၂၀ရက် (စနေနေ့) ညနေ ၃:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁၂-၂၀၂၀ရက် (တနင်္ဂနွေနေ့)တွင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### အထူးဝမ်းနည်းကြေကွဲခြင်း

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း၊ ဒါယိကာမကြီး

## ဒေါ်ခင်မိမိခိုင်(ခ)ဒေါ်တင့်တင့်

### အသက်(၆၂)နှစ်

Matrix Strategic Holding Co.,Ltd၏ Founder/Principal ဒေါက်တာ မေပြည့်စုံကြွယ်နှင့် Founder/Managing Director ဒေါ်မေစိုပြေဉာဏ်တို့၏ ကျေးဇူးရှင်မွေးသမိခင်ကြီး ဒေါ်ခင်မိမိခိုင်သည် ၁၉-၁၂-၂၀၂၀ရက် မွန်းလွဲ ၂:၁၁နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**Matrix Strategic Holding Co.,Ltd**
**မိသားစု**

---

## သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမို စီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်း မပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ**

---

## ကာကွယ်ရေးနည်းလမ်းများဆိုင်ရာ အသိပေးကြေညာချက်

COVID-19 ကူးစက်မြန်ရောဂါကို ကာကွယ်ဖို့ အကောင်းဆုံးနည်းလမ်းတွေကတော့-

- နေထိုင်သွားလာရာတွင် လူတစ်ဦးနှင့်တစ်ဦး အနည်းဆုံး သုံးပေအကွာ ခပ်ခွာခွာ ရှိနေစေရန် သတိပြုပါ။
- လက်ကို စနစ်တကျဆေးပါ၊ မကြာခဏဆေးပါ၊ သတိရတိုင်းဆေးပါ။
- တတ်နိုင်သလောက် မိမိလက်နဲ့မျက်နှာကို မထိတွေ့စေဖို့ သတိပြုပါ။
- နှာချေလျှင်၊ ချောင်းဆိုးလျှင် နှာခေါင်းနှင့်ပါးစပ်တို့ကို တစ်ရှူးဖြင့်အုပ်၍ ဆိုးပါ။ တစ်ရှူးမရနိုင်ပါက လက်မောင်း၊ တံတောင်ကွေးကို အသုံးပြုပါ။
- မိမိပတ်ဝန်းကျင်၊ အိမ်၊ အလုပ်နေရာများတွင် သန့်ရှင်းရေးကို စနစ်တကျ ပုံမှန်ပြုလုပ်ပါ။ သန့်ရှင်းရေး ပြုလုပ်နေစဉ် လေဝင်/လေထွက်ကောင်းအောင် ဆောင်ရွက်ထားပါ။
- မျှတသော အာဟာရကို ရွေးချယ်စားသုံးပါ။
- အိပ်ချိန်လုံလောက်စွာ အိပ်စက်အနားယူကြပါရန် အသိပေးနှိုးဆော်အပ်ပါတယ်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

---

### အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးမောင်မောင်သောင်း(ရာ-၉)

### နာယကကြီး၊ သက်ကြီးကန်တော့ခံ၊ ပညာအလင်းပြပုံနှိပ်တိုက်

### အသက်(၉၃)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၄၈)လမ်းနေ အသင်းတည်ထောင်သူ ပညာအလင်းပြ (ဆရာဖြိုး-ဒေါ်မြရင်)တို့၏သား၊ အသင်းဝင် ဦးခင်မောင်အေး(ခ)ကိုပု၏အစ်ကို ၊ အသင်းနာယကကြီး ဆရာမကြီး ဒေါ်ဝင်းကြည်၏ခင်ပွန်း၊ အသင်းဝင် ကိုလွင်မိုး-မရတနာကျော်တို့၏ ဖခင်သည် ၁၉-၁၂-၂၀၂၀ရက် နံနက် ၇:၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အမှုဆောင်အဖွဲ့**
**နတ်တလင်းမြို့နယ်အသင်း(ရန်ကုန်)**

---

### အထူးကျေးဇူးတင်ရှိခြင်း

## ဒေါ်ခင်နှင်းယု(ခ)မကဲနီ(မြင်းခြံ)

### အသက်(၇၅)နှစ်

၁၅-၁၂-၂၀၂၀ရက်တွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားသော ဒေါ်ခင်နှင်းယု(ခ)မကဲနီအား မကျန်းမာစဉ် ကာလ၌ ပြုစုစောင့်ရှောက်ကုသပေးခဲ့သည့် Grand Hantha ဆေးရုံမှပါမောက္ခများနှင့် ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ သွေးလှူရှင်များ၊ နာရေးကိစ္စအဝဝကို အဘက်ဘက်မှ မေတ္တာ၊ စေတနာရှေ့ထား၍ ကူညီဆောင်ရွက်ပေးခဲ့ကြသည့် ဆွေမျိုး၊ မိတ်ဆွေ၊ သူငယ်ချင်းများ၊ Aprial သောက်ရေသန့်မိသားစု၏ လုပ်ငန်းမိတ်ဖက်များ၊ နာရေးကူညီမှုအသင်း(ရန်ကုန်)ကြီးလေးကြီးအသင်းအစရှိသော ပရဟိတ အသင်းများနှင့် အသင်းအဖွဲ့အစည်းများ၊ ရပ်နီးရပ်ဝေးမှ တယ်လီဖုန်းဖြင့်သော်လည်းကောင်း၊ လူမှုကွန်ရက်စာမျက်နှာများ မှတစ်ဆင့်သော်လည်းကောင်း၊ လူကိုယ်တိုင်သော်လည်းကောင်း ဆက်သွယ်မေးမြန်း အားပေးစကားပြောကြားပေးကြသူများအားလုံးကို အထူးပင် ကျေးဇူးတင်ရှိအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း ဒါယိကာမကြီး

## ဒေါ်ခင်မိမိခိုင်(ခ)ဒေါ်တင့်တင့်

### အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ပညာ့ဝတီရိပ်သာနေ ဦးစိုင်းဘဉာဏ် မန်နေဂျင်းဒါရိုက်တာ(မောဝ်ဥဿျောင်အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်)၏ ချစ်လှစွာသောဇနီး၊ ဦးစည်သူကျော်-ဒေါ်မေသက်ခိုင်၊ ဒေါက်တာ မေပြည့်စုံကြွယ်၊ ဒေါ်မေစိုပြေဉာဏ်၊ ဦးစိုင်းဉာဏ်လင်းအောင်(ခေတ္တ-AUSTRALIA)တို့၏မိခင်သည် ၁၉-၁၂-၂၀၂၀ရက် (စနေနေ့) မွန်းလွဲ ၂:၁၁နာရီတွင် ကွယ်လွန်သွားပါသ ဖြင့် ၂၇-၁၂-၂၀၂၀ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၉-၁၂-၂၀၂၀ရက် (အင်္ဂါနေ့)တွင် နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း ဒါယိကာမကြီး

## ဒေါ်ခင်မိမိခိုင်(ခ)ဒေါ်တင့်တင့်

### အသက်(၆၂)နှစ်

မန္တလေးမြို့နေ (ဦးသက်ရှည်-ဒေါ်ထားထား)တို့၏သမီး၊ တောင်ကြီးမြို့နေ (ဦးလှမောင်-ဒေါ်သန်း)တို့၏သမီးချွေးမ၊ ဦးစိုင်းဘဉာဏ်(မောဝ်ဥဿျောင်အင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်)၏ ချစ်လှစွာသောဇနီး၊ (ဦးတင်မောင်ဦး)-ဒေါ်မေညွန့်လွင်၊ ဦးမြင့်ဦးသာ-ဒေါ်အမာကြည်၊ (ဦးကျော်ကျော်မင်း)-ဒေါ်ခင်သန်းစု၊ ဒေါက်တာမောင်မောင်-ဒေါ်မြင့်မြင့်၊ ဦးကျော်မြင့်-(ဒေါ်ခင်မမိုး)တို့၏ချစ်လှစွာသောညီမ၊ (ဦးထွန်းတင့်ဝေ)၊ ဦးညီညီလွင်-ဒေါ်မော်မော်လွင်တို့၏အစ်မ၊ ဦးစည်သူကျော်-ဒေါ်မေသက်ခိုင်၊ ဒေါက်တာ မေပြည့်စုံကြွယ်၊ ဒေါ်မေစိုပြေဉာဏ်၊ ဦးစိုင်းဉာဏ်လင်းအောင်(ခေတ္တ-AUSTRALIA)တို့၏ ချစ်လှစွာသောမိခင်၊ တူ၊ တူမ ၂၀ယောက်တို့၏အဒေါ်၊ မြေးကိုးယောက်တို့၏အဘွားသည် ၁၉-၁၂-၂၀၂၀ရက် (စနေနေ့) မွန်းလွဲ ၂:၁၁နာရီတွင် ကွယ်လွန်သွားပါသ ဖြင့် ၂၇-၁၂-၂၀၂၀ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကွယ်လွန်သူအားရည်စူး၍ ၂၉-၁၂-၂၀၂၀ရက် (အင်္ဂါနေ့)တွင် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# ဥတ္တရခရိုင်တရားရုံး အဆောက်အဦ ပန္နက်တော်တင် တွင်းတော်ဝန်း မင်္ဂလာအခမ်းအနား ကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၂၀**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ဥတ္တရခရိုင်တရားရုံး အဆောက်အဦ ပန္နက်တော်တင် တွင်းတော်ဝန်း မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၈ နာရီက နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ချင်းတွင်းလမ်းနှင့် ပုဗ္ဗသီရိမြို့နယ်တရားရုံးလမ်းထောင့်ရှိ အဆိုပါအဆောက်အဦ တည်ဆောက်မည့်နေရာ မင်္ဂလာမဏ္ဍပ်၌ ကျန်းမာရေး နှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ ကျင်းပရာ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး တက်ရောက်သည်။

အခမ်းအနားတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသည့် ဦးသာဋ္ဌေး၊ ဦးမြင့်အောင်၊ ဦးအောင်ဇော်သိန်း၊ ဦးမြဟန်၊ ဦးမျိုးတင့်၊ ဦးစိုးနိုင်၊ ဦးခင်မောင်ကြည်၊ ဦးမျိုးဝင်းတို့က သတ်မှတ်နေရာအသီးသီးတွင် နေရာယူကာ ပန္နက်တော်တင် တွင်းတော်ဝန်းပြီး အမွှေးနံ့သာများ ပက်ဖျန်းပေးကြသည်။

ထို့နောက် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးက ပန္နက်တော်တင် တွင်းတော်ဝန်း အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် ထုံးတမ်းအစဉ်အလာအတိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုတရားသူကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ အဆောက်အဦဆောက်လုပ်မည့် ပရိဝုဏ်အတွင်း လှည့်လည်ကြည့်ရှုသည်။

အဆိုပါ အဆောက်အဦကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ၂၀၁၈-၂၀၂၂ (၅) နှစ်တာ တရားစီရင်ရေး မဟာဗျူဟာစီမံကိန်း၊ တတိယနှစ် လုပ်ငန်းအစီအစဉ် (၂၀၂၀) ၏ မဟာဗျူဟာလုပ်ငန်း နယ်ပယ်(၁)၊ မဟာဗျူဟာ ရည်မှန်းချက် ၁.၄၊ မဟာဗျူဟာ အစီအစဉ် ၁,၄,၁ နှင့်အညီ စီမံကိန်းချမှတ်၍ ဦးစားပေးအဆင့် (၁) အနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ အဆောက်အဦမှာ အလျား ပေ ၂၀၀၊ အနံ ပေ ၁၄၀ ရှိ သံကူကွန်ကရစ် နှစ်ထပ်အဆောက်အဦဖြစ်ပြီး ဖွဲ့မာန်ဟုန် ကုမ္ပဏီက တာဝန်ယူတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ဥတ္တရခရိုင်တရားရုံး အဆောက်အဦ ပန္နက်တော်တင် တွင်းတော်ဝန်း မင်္ဂလာအခမ်းအနားသို့ တက်ရောက်၍ အမွှေးနံ့သာများ ပက်ဖျန်းပေးစဉ်။ သတင်းစဉ်

## ယနေ့ မာတိကာ


ပြန်လွှတ်လာသည့် နိုင်ဂျီးရီးယား ကျောင်းသားများ မိသားစုများနှင့်တွေ့ဆုံ စာ ၁၂

ထိုင်းနိုင်ငံ ဘန်ကောက်မြို့အနီး စမတ်ဆာခွန်ပြည်နယ်တွင် ရောဂါကူးစက်မှုနှုန်း မြင့်လာသည့်အတွက် ညမထွက်ရအမိန့်ထုတ် စာ ၁၃

မိုးကုတ်မြို့၌ ကျောက်မျက်ရတနာဈေး (ထာပွဲ)များ ပြန်လည်ဖွင့်လှစ်တော့မည် စာ ၁၉


# ရန်ကုန်မြစ်အတွင်း အပျော်စီးသင်္ဘောခရီးစဉ် စတင်မိတ်ဆက်

**ရန်ကုန် ဒီဇင်ဘာ ၂၀**

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ ညွှန်ကြားမှုဖြင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းကစီစဉ်သော နှစ်ထပ် အပျော်စီးသင်္ဘောခရီးစဉ်ဖွင့်ပွဲကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့ ပန်းဆိုးတန်းဆိပ်ကမ်းအနီးရှိ ကျန်းမာရေး ဆိပ်ကမ်း၌ ကျင်းပသည်။

အဆိုပါ အပျော်စီးသင်္ဘောခရီးစဉ်ကို ရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး နော်ပန်းသဇ္ဇာမျိုး၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးနောင်နောင်ဟန်နှင့် ရန်ကုန်တိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနရုံးခွဲ ညွှန်ကြားရေးမှူး ဦးနိုင်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

"ကျွန်တော်တို့ ခရီးသွားလုပ်ငန်းတွေ ပြန်လည်မြှင့်တင်ဖို့ ဖြစ်ပါတယ်။ ဌာနအနေနဲ့ ရေယာဉ်စီစဉ်ပေးတာ ဖြစ်ပါတယ်။ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနနဲ့ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းတို့ ပေါင်းစပ်ပြီးတော့မှ ဒီခရီးကို စီစဉ်တာပါ။ အဲဒီမှာလေယာဉ်၊ ရထား၊ ရေယာဉ်ခရီးစဉ် စီစဉ်တာပါ။ နောက်ပိုင်းမှာ မော်တော်ယာဉ်ခရီးစဉ်တွေလည်း ပါမှာဖြစ်ပါတယ်။ ဒီနေ့က ရန်ကုန်မြစ်အတွင်း အပျော်စီးသင်္ဘောခရီးစဉ် စတင်မိတ်ဆက်တာ ဖြစ်ပါတယ်" ဟု ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဒုတိယအထွေထွေမန်နေဂျာ ဦးဝင်းကိုအောင်က ပြောသည်။

"အပန်းဖြေခရီးစဉ်ဖြစ်တဲ့အတွက်ကြောင့် သင်္ဘောက ကြီးတယ်။ ပြီးတော့ Social Distancing နဲ့အညီလည်း ဖြစ်ဖို့၊ လိုက်ပါစီးနင်းတဲ့ ခရီးသည်တွေ လေကောင်းလေသန့်လည်းရအောင် သင်္ဘောရဲ့အပေါ်ထပ်မှာ ထိုင်ခုံနေရာတွေကို တစ်နေရာနဲ့တစ်နေရာ ခွဲထားပါတယ်။ ဒီကာလအတွင်းမှာ ခရီးသွားပြည်သူတွေကလည်း တောင်းဆိုတယ်ဆိုရင် ခရီးသည်ရှိသလောက်နဲ့ စိတ်ဝင်စားတဲ့သူ ရှိသလောက်ကို စနေနဲ့ တနင်္ဂနွေရက်တွေမှာ

*စာမျက်နှာ ၁၈ ကော်လံ ၁* ❖



တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် သမုတ်ကျေးရွာအုပ်စု မြိတ်-ထားဝယ်-ရန်ကုန် ပြည်ထောင်စုလမ်းမကြီး ပေါ်ရှိ သမုတ်- လွတ်လွတ် တံတားသစ်ကြီးကို ဒီဇင်ဘာ၂၀ ရက်က ဖွင့်လှစ်အပြီး မော်တော်ယာဉ်များ ဖြတ်သန်းမှုကို တွေ့ရစဉ်။ *(သတင်း - စာ - ၁၀)* ဓာတ်ပုံ- မြင့်ဦး(မြိတ်)



# ပုံစံကောင်းရရှိနေသည့် မိုယက်စ်၏ ဝက်စ်ဟမ်းအသင်း လမ်းပတ်၏ ချယ်ဆီးအသင်းကို ကျော်ဖြတ်သွားနိုင်မလား

ပရီမီယာလိဂ် ပွဲစဉ် (၁၄) မှ လက်ကျန်နှစ်ပွဲဖြစ်သည့် ဘန်လေနှင့် ဝုဖ်၊ ချယ်ဆီးနှင့် ဝက်စ်ဟမ်းအသင်းတို့ ဆက်လက်ယှဉ်ပြိုင် ကစားကြမည်ဖြစ်သည်။ ပရီမီယာလိဂ် အမှတ်ပေးဇယားကို လီဗာပူး အသင်းက ၁၄ ပွဲ ကစားအပြီး ရမှတ် ၃၁ မှတ်ဖြင့် ဦးဆောင်လျက် ရှိသည်။

ဘန်လေအသင်းနှင့် ဝုဖ်အသင်းတို့ပွဲစဉ်ကို အင်္ဂါနေ့ နံနက် အစောပိုင်းတွင် ဘန်လေအိမ်ကွင်း၌ အကြိတ်အနယ် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ဘန်လေအသင်းသည် ပရီမီယာလိဂ် ၁၂ ပွဲကစားပြီး ရမှတ် ၁၀ မှတ်သာ ရရှိထားသည်။ ၎င်းနှင့် ယှဉ်ပြိုင်ကစားမည့် ဝုဖ်အသင်းက ၁၃ ပွဲကစားပြီး ရမှတ် ၂၀ အထိ စုဆောင်းထားနိုင်သည်။ ဘန်လေအသင်းသည် နောက်ဆုံးယှဉ်ပြိုင် ကစားခဲ့သည့် ပွဲစဉ် (၁၃) တွင် အက်စ်တွန်ဗီလာအသင်းနှင့် ယှဉ်ပြိုင်ကစားပြီး ဂိုးမရှိ သရေကျထားသည်။ ဝုဖ်အသင်းက ပွဲစဉ် (၁၃) တွင် နာမည်ကြီး ချယ်ဆီးအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ပြီး နှစ်ဂိုး-တစ်ဂိုးဖြင့် ချယ်ဆီးအသင်းကို အနိုင်ရရှိအောင် စွမ်းဆောင်ထားနိုင်သည်။ သို့သော်လည်း ဘန်လေအသင်းနှင့် ဝုဖ်အသင်းတို့ ထိပ်တိုက်တွေ့ဆုံမှု ရှစ်ကြိမ်တွင် ဘန်လေအသင်းက အသာရထားသည်ကို တွေ့ရသည်။

*စာမျက်နှာ ၂၇ ကော်လံ ၁* ❐